
ဝန်ဝင်း
စမ်းစမ်းနွဲ့ (သာယာဝတီ)
ဒေါက်ထီးကလေး
မလုံ့တလုံ

# အခန်း (၁)

## ၁၉၇၇ ခုနှစ် ဝန်းကျင်ကာလ

"ကဲ...ဒေါ်ရွှေစင်မွန်၊ မေးစရာများ ရှိရင်...."

တရားစီရင်ရေး အဖွဲ့ နာယက၏ ပကတိတည်ငြိမ်သော အသံက တရားခွင်ကို ထွင်းဖောက်လိုက် သည်။

အမွန်သည် ဣန္ဒြေမပျက်ရအောင် အတတ်နိုင်ဆုံး ချုပ်ထိန်းရင်း ထိုင်ရာမှထကာ တရားသူကြီး အဖွဲ့ကို အရိုအသေပြုလိုက်၏ ။

တရားလိုပြသက်သေ ထွက်ချက်ကို အဆုံးသတ်ရိုက်နေသည့် ရှေ့ဖတ်စာရေး ၏ လက်နှိပ်စက်သံ တချောက်ချောက်မှတစ်ပါး တရားခွင်သည် စောစောကထက် သိသိသာသာကြီးတိတ်ဆိတ်နေ၏ ။

အားလုံးကပင် အစိုးရရှေ့နေကြီး ဒေါ်ရွှေစင်မွန် မေးခွန်းထုတ်တော့မည့် ကို အာရုံစိုက်နေကြဟန် ရှိသည်။ အမွန်သည် တရားခွင်ကိုတစ်ချက်မျှ မျက်လုံးဝေ့၍ အကဲခတ်လိုက်၏ ။ ခုံတန်းလျားပေါ်တွင် ခပ်တောင့်တောင့် ထိုင်နေသော တရားခံအဘွားကြီးက လှမ်း၍ ပြုံး ပြလိုက်လေရာအ မွန့်ရင်ထဲမှာ ဖျတ်ခနဲ လှုပ်သွားရပြန်လေသည်။

တရားရုံးမျက်နှာစာ စကြံတစ်လျှောက်မှာ ပြည့်ကျပ်နေရုံမက တရားရုံးတံခါးပေါက်များ တွင် ပါ ပြွတ်သိပ်တိုးဝှေ့နေကြသော လူထုပရိသတ်ကိုလည်း အမွန်စိတ်ပျက်လှသည်။ တရားလိုပြသက်သေ မိန်းကလေးကိုတော် တော် အနှောင့်အယှက် ဖြစ်စေသည့် ပရိသတ်။

အမွန်သည် ပျံ့လွင့်နေသော အာရုံကို

အတတ်နိုင်ဆုံး စုစည်းလိုက်ကာ သက်သေမိန်းကလေး၏ မျက်နှာကို ဖျတ်ခနဲစိုက်ကြည့်လိုက်သည်။

"မသီတာစိမ့်၊ အသက်က ဆယ့်ရှစ်နှစ် နော်"

"ဟုတ်ကဲ့ရှင့်"

သီတာစိမ့်ဆိုသူမှာ အရွယ်နှင့် မလိုက်အောင် အံ့စဖွယ်ရဲတင်းလှစွာ ရောင်စုံဆေးဆိုးပန်းရိုက် မျက်နှာလေးကို ခပ်မော့မော့ပင့်ကာ မျက်စနစ် ဖက်ချီ၍ မေးသမျှဖြေမည် ဆိုသည့် မျက်နှာပေးမျိုးနှင့် ရက်ရွံ့တုန်လှုပ်ဟန် ရှိုးတိုးရှန့်တန့်အမူအရာ လုံးဝမရှိ။

"တရားခံဒေါ်ခင်မေကို အရင်က သိဖူးသလား"

“သိပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ခင်မင်ရင်းနှီးလာတာပဲ”

သီတာစိမ့်သည် မေးခွန်းကို ဖြေရင်းက တရားခံဘက်ကို လှည့်၍ ပြုံး ပြလိုက်သေး၏ ။ အမွန်က လက်နှိပ်စက်ဖြင့် မှတ်တမ်းတင်ထားသည်ကို စောင့်ရင်း ဆက်၍ မေးခွန်းထုတ်လိုက်သည်။

“ရွှေနဂါးဟိုတယ်ကို ရဲကဖမ်းတဲ့ညတုန်းက မသီတာစိမ့်ရှိနေတယ်လို့ ထွက်ဆိုထားတယ်။ အဲဒီညတစ်ညပဲ ရွှေနဂါးဟိုတယ်ကို မသီတာစိမ့်ရောက်ဖူးသလား”

“ဟင့်အင်း...အရင်ကလည်း ခဏခဏလာဖူးတာပဲ။ အန်တီမေမှာ တယ်ဆိုရင် ကျွန်မတို့ လာနေ ကျပဲ”

ငယ်ရွယ်နုနယ်သလောက်၊

သွက်လက်ဖျတ်လတ်သလောက် တရားရုံးအတွေ့အကြုံနည်းဟန် တူ၏ ။ တရားခံနှင့် ရင်းနှီးကြောင်း၊ တရားခံ၏ ဩဇာကို မလွန်ဆန်နိုင်ကြောင်း၊ ညှိမှုရဲရဲတင်းတင်း ထွက်ဆိုနေခြင်းဖြင့် တရားခံအပေါ် ပို၍ ပြစ်မှု ထင်ရှားစေသည်ကို နားမလည်ရှာ။

"ကဲ...စာရေး ကြီးရေ၊ တိတိကျကျလေး ဖြစ်အောင် လုပ်ပါရှင်၊ ယခင်ကလည်း မကြာခဏ ရောက် ဖူးပါသည် ဟုတ်လား။ အဲ...အနီတီမေ မှာ သည်ဆိုလျှင် ကျွန်မတို့ လာနေကျ ဖြစ်ပါသည်လို့ ရပြီနော်"

အမွန်သည် တရားခွင်မှာ လမိုင်းကပ်စပြု လာ၏ ။ နာယကကြီးကပင်...

"ခပ်အေးအေးသာမေးပါ ဒေါ်ရွှေစင်မွန်၊ မှတ်တမ်းကို တိကျအောင် လုပ်၊ လက်နှိပ်စက်က

ပြည်သူပိုင်သိမ်းတုန်းက ပါလာတဲ့ တကယ့်လက်ဟောင်းအစစ်ဗျ အတော် ထိန်းရိုက်ရတာ"

ဟုလှမ်း၍ သတိပေးလိုက် သည်။ တချောက်ချောက်ရိုက်နေသော လက်နှိပ်စက်ကို အမွန်က အတော် သည်းခံ၍ စောင့်နေရ၏ ။ မေးခွန်းတစ်ခုနှင့် တစ်ခု အချိန်အကြာကြီး မကွာသင့်သည်ကို သိထား တော့လည်း ရှေ့နေဝီဝီ ကြောင့်ကြ မိသည်။

"ရဲကဖမ်းတဲ့ ညတုန်းက ရွှေနဂါးဟိုတယ်ကို မသီတာစိမ့်ရောက်နေတာဟာ တရားခံက မှာ လို့ပဲလား"

"ဟုတ်ပါတယ်၊ အလုပ် ဖြစ်မယ်ဆိုပြီး မှာ လို့လာခဲ့တာ"

တရားရုံးစကြီမှ ပရိသတ်များ လှုပ်လှုပ်ရှရှ ဖြစ်လာသည်။ သီတာစိမ့်၏ ဆေးရောင် စုံမျက်နှာ ကလေးကမူ ဘယ်သူ့ကိုမျှ ထီမထင်သလို ပို၍ ပင် မော့လာ၏ ။ အမွှန်သာလျှင် ရင်ထဲမှာ တဒိတ်ဒိတ် ခုန်စ ပြုလာသည်။

"အလုပ် ဖြစ်တယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

သီတာစိမ့်သည် စိမ်းပြာရောင် မျက်ခွံများ ဖောင်းကြွတက်လာအောင် မျက်တောင်ရှည်များ စင်းစင်း မှေးလိုက်ကာ မထေ့တထေ့ ပြုံး လိုက်သေး၏ ။

"ဒီလိုပါ ရွှေနဂါးဟိုတယ်ကို ကျွန်မရောက်သွားတော့ ဟိုမှာ နိုင်ငံခြားဧည့်သည်တွေ နဲ့ တွေ့တယ်။ အဲဒီ ထဲက ဂရိသင်္ဘောသားလို့

ပြောတဲ့ညော့သည်နှစ် ယောက် နဲ့ ကျွန်မနဲ့အတူတူ အိပ်တာပေါ့"

ဟားခနဲ ရယ်သံများ ထွက်လာ၏ ။

အမွှန့်မျက်လုံးများ ပြာခနဲ ဖြစ်ကာ တရားခွင်တစ်ခုလုံး မှ နှိဝါးသီဝေလာသည်။ ဣန္ဒြေမပျက် အောင် ချုပ်ထိန်းနေသည့်ကြားက မျက်လုံးထားစရာနေရာ မရှိတော့သလောက် အနေရခက်နေ၏ ။

အလိုက်သိသော နာယကကြီးက သက်သေ၏ ဖြေကြားချက်ကို မှတ်တမ်းတင်ရန် ကြားဝင် ကြောင်း ပေးလိုက် ၍ သာ တော် တော့သည်။

"ထိုညက ရွှေနဂါးဟိုတယ်သို့ ကျွန်မရောက်သွားခဲ့ပါသည်။ နိုင်ငံခြားသားဧည့်သည်များ နှင့် တွေ့ဆုံ၍

စကားပြောပါသည်။ ထိုဧည့်သည်များ ထဲမှာ
ဂရိသင်္ဘောသားများ ဟု ကျွန်မသိရသော ...”
ဟုတ်တယ်နော် မသိတာစိမ့်...“အင်း
....ဂရိသင်္ဘောသားများ ဟု ကျွန်မသိရသော
နိုင်ငံခြားသား ဧည့်သည် အမျိုးသားနှစ် ယောက် နှင့်
ကျွန်မအတူအိပ်၍ အလုပ် ဖြစ်ခဲ့ပါသည်။
ဟုတ်သလား..ကဲ..... ဒေါ်ရွှေစင်မွန်က
မေးခွန်းဆိုလိုချက်ကို ပြည့်စုံအောင် ဆက်မေးဦး”

အရေး ထဲမှ လက်နှိပ်စက်ကလည်း
တစ်မှော င့်။ လေးရနေ့းရသည့်အထဲ စာမျက်နှာကုန်၍
စာရွက် သစ် လဲထည့်နေရပြန်သည်။ နာယကကြီးက
ထွက်ချက်ကို ဒုတိယအကြိမ်
ရွတ်ဆိုကြောင်းပေးနေခိုက် ပရိတ်သတ်မှာ
သိသိသာသာတိုး၍ ဆူညံလာသည်။

အမွန်သည် ရပ်စောင့်နေရသော

အချိန်ကာလကို လိုသည်ထက်ပို၍ ကြာလှသည်ထင်၏
။ ထူပူနေသော မျက်နှာကို
ဘယ်လိုမှမပြင်တတ်တော့ဘဲ
ဤမျှကြာကြာမတ်တပ်ရပ်နေသည်မှာ
ညောင်းလွန်းလှချည့်ရဲ့။ ဖြစ်နိုင်လျှင် မိမိကို မြေခွဲ၍ မျို
ပစ်လိုက်စေချင်သည်။

# အခန်း (၂)

တရားခွင်တွင် တည်ကြည်ခဲ့ထည်သော ရှေ့နေမျက်နှာထားဖြင့် အမွန်နေသားကျလာခဲ့သည်မှာ ကြာပြီ။

ခုမှ၊ သည်အမှု ကျမှ မတုန်လှုပ်စဖူး တုန်လှုပ်နေတော့သည်။ မမြင်ဝံ့ဆေးသမား၊ မကြားဝံ့တရား သူကြီးဆိုပေမယ့် သည်အမှု က မလွယ်ပါ။

ပြောရလျှင် သည်မြို့နယ်တရားရုံးမှာ ဥပဒေဝန်ထမ်းအဆင့် (၄)အ ဖြစ် တာဝန်ထမ်းဆောင်လာခဲ့ သော ခြောက်လကျော်၊ ခုနစ်လနီးပါး သက်တမ်းတိုကလေးမှာ ပင် အမှု တစ်ရာမက ကြုံရဖူးပြီ။

ခိုးမှု ၊ လုယက်မှု ၊ ယစ်မျိုးမှု ၊

လောင်းကစားမှု ၊ မှော င်ရိပ်ခိုမှု စသည့်
အသေးအဖွဲ့များ သာမက ဓားပြမှု ၊ လူသတ်မှု ၊ မုဒိမ်းမှု
များ ပင် ကိုင်တွယ်ခဲ့ရဖူးပြီ။

အမျိုးသမီးဥပဒေဝန်ထမ်း တစ်ယောက်
အနေနှင့် ပုဒ်မ ၃၇၆ လို အမှု မျိုးကို ရင်မဆိုင်လို၍
လည်း ရသည်မဟုတ်။ တွေ့ဦးကြုံ
သစ်နံ့ပါတ်တစ်ကြိမ်တွင် တော့ တရားခွင်မှာ
မျက်နှာနည်းနည်း နီခဲ့ဖူးသည်။

နောက်တော့ အလိုလို အသားကျကာ
ယင်းအမှု မျိုးတွင် တရားလို၊ တရားခံများ ကို
ခပ်ဆတ်ဆတ် ကလေးဟောက်၍ ငေါက်၍ ခြောက်၍
များ ပင် မေးခွန်းထုတ်တတ်လာသည်။

တရားစီရင်ရေး အဖွဲ့နှင့် အမွန်တို့ကလည်း
လမိုင်းကပ်လှသည်မို့ သည်ရုံးမှာ အမွန့်အဖို့ အတော်

ကလေး အသက်ရှုချောင်ရခြင်းတည်း။

"မင်းကိုယ်မင်းလည်း

ငါမိန်းကလေးပဲဆိုတာကို မေ့ထားလိုက်။ တို့ကိုလည်း သူစိမ်းပြင်ပြင် မအောက်မေ့နဲ့။ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်ချင်းလို့သာ သဘောထား။ လုပ်စရာရှိတာလုပ်၊ ပြောစရာရှိတာပြော၊ မင်းမှာ းသွားလို့ အထအနကောက်မယ်၊ အဆင်းဘီးတပ်ပေးလိုက် မယ်လို့များ စိတ် မထင့်လေနဲ့။ တို့ကအောက်တန်းကလာတာ၊ တို့မှာ ဂုဏ်သိက္ခာဆိုလို့ လူလူချင်းစာနာတဲ့အထိ၊ ဖြောင့်မတ် ရိုးသားတဲ့အကျင့်သီလနဲ့ တိုင်းပြည်နဲ့လူမျိုး းကိုတိုးတက်ကြီးပွားစေချင်တဲ့ စေတနာဒါတွေ ပဲ ပြစရာရှိပါတယ်။ ဒီတော့ တို့တွေ ပွင့်ပွင့်လင်းလင်း ရိုးရိုးရှင်းရှင်း အလုပ်လုပ်သွားကြရအောင် ဟုတ်လား"

တရားစီရင်ရေး အဖွဲ့နာယကမှာ အပြောနှင့်

အလုပ် တစ်ထပ်တည်းကျသူ ဖြစ်ကြောင်းကို လုပ်ရင်း ကိုင်ရင်း အိုးနင်းခွက်နင်းကပင် အမွှန်နားလည်လာရပေသည်။ သို့ကြောင့် လည်း သည်ရုံးမှာ အမွှန်စိတ် ချမ်းသာသည်။ အလုပ်ခွင်မှာ ပျော်ရွှင်တတ်ကြလာသည်။

ဘယ်မိုးကျရွှေကိုယ်၊ ဘယ်အမှု ပွဲစား၊ ဘယ်မတရားသက်သေကိုမှ မှု စရာမရှိ။ သို့ပါလျက် သည်အမှု မှာ တော့ အမွှန်တုန်လှုပ်ချောက်ချားရဘိသည်။

ဘယ်နေနိုင်ပါလိမ့်။

အမှု ကိုက တိုင်းသိပြည်သိ ဟိုးဟိုးကျော်

တရားခံကလည်း ထိတ်ထိတ်ကြဲ။

ပုဒ်မတွေ ကလည်း တစ်သီကြီးတန်းစီလျက်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၅(၁)။ ၇ (၁)

ဂငယ်၊ င။ ၈ (က)။

အရပ်ပြော ပြောရလျှင် ပြည့်တန်ဆာများ ၏ စီးပွားတစ်စိတ်တစ်ဒေသကို မှီခို၍ အသက်မွေးခြင်း၊ ပြည့်တန်ဆာအိမ်ထားရှိခြင်းစသည့် စွဲချက်များ တည်း။

ကျော်စောသူ တရားခံ တိုင်းသိပြည်သိ။ ကမ္ဘာသိ "ရွှေနဂါး ဒေါ်ခင်မေ"။

အင်းလျားကန်စောင်းတွင် မေးတင်လျက် ရေတစ်ဝက်၊ ကုန်းတစ်ဝက် ဆောက်ထားသော "ရွှေနဂါးဟိုတယ်" ပိုင်ရှင်ဒေါ်ခင်မေ ကမ္ဘာအနှံ့ကျော်သည်ဆိုခြင်းမှာ ဟုတ်တန်ရာသည်။

ရှေ့နေတွေ း တွေ းကြည့်ဦးတော့၊ ဖြစ်နိုင်သည့် သက်သေသက္ကာယ အထောက်အထားများ က အာရုံမြင်ကွင်းမှာ ထင်းခနဲပေါ်လာသည်။

“အခင်း ဖြစ်ပွားသည့်ညက တရားခံ၏ ရွှေနဂါးဟိုတယ်ကို သတင်းအရ တက်ရောက်ရှာဖွေခဲ့ပါသည်။ အိပ်ခန်းငယ်များ အတွင်း ၊ ခုတင်အောက်တွင် တချို့၊ ခေါင်မိုးမျက်နှာကြက်ပေါ်တွင် တချို့၊ အဝတ်အစားမပြည့်စုံဖရိုဖရဲနှင့် ပုန်းအောင်းနေကြသော အမျိုးသမီးခြောက်ယောက် ကို နိုင်ငံခြားသဘော်သား ရှစ်ယောက်၊ ကမ္ဘာလှည့်ခရီးသည်နှစ် ယောက် နှင့် အတူ တွေ့ရပါသည်” စသည့်တရားလိုပြသက်သေ(၁) ရဲစခန်းမှူး ဦးဝင်းမြင့်၏ ထွက်ချက်ကိုကြည့်။

ဘာပဲ ဖြစ် ဖြစ် အများ ပြည်သူကြားမှာ တော့ သတင်းကကျော်နှင့် ပြီ။

ရွှေနဂါးဒေါ်ခင်မေကို ဖမ်းဆီး၍ ရွှေနဂါးဟိုတယ်ကို ချိပ်ပိတ်ပြီးသည့် နောက်တစ်နေ့တွင် သတင်းစာအသီးသီးမှာ သတင်းပါလာကာ ဟိုးလေးတကျော် အုတ်အော်သော

င်းတင်း ဖြစ်ခဲ့သည်။

ရုံးတင်သည့်နေ့တွင် တော့ ပြောမနေနှင့် ။

တရားရုံးဝင်းထဲမှာ ပွဲတော် တမျှ စည်ကားနေနှင့် သည်။ နိုင်ငံကျော် ရွှေနဂါးဒေါ်ခင်မေဆိုသူကို ကြည့်လိုကြ၍ ၊ မြင်လိုကြ၍ ။

သည်တုန်းက တရားရုံး စင်္ကြံတစ်လျှောက်တွင် တိုးဝှေ့အုံခဲနေကြသော လူကန္တာရကြီးကို ခက်ခက်ခဲခဲ ထိုးဖောက် ကျော်ဖြတ်လျှောက်လာရင်း ကိုယ့်ထက် ဗဟုသုတကြွယ်ဝသော လူထုပရိသတ် ကို အမွှန်အုံသြရသေး၏ ။

"အန်တီမေ၊ အန်တီမေနဲ့ ကမ္ဘာကတောင် သိနေတာကွ။ တို့မြန်မာသဘော်သားတွေ နိုင်ငံခြား

ဆိပ်ကမ်းမြို့ကြီးတွေ ရောက်ရင် ဟိုကဖောက်သည်တွေ က ဆီးမေးကြသတဲ့။ အန်တီမေ တစ်ယောက် ရှိသေးလား။ နေကောင်းရဲ့ လား ဘာညာနဲ့”

“ခေါင်းဆိုလို့ အထင်တော့မသေးနဲ့မောင်။ သူ့စီးပွားက ရွှေနဂါးတစ်ခုတည်းမထင်နဲ့။ မြို့ ထဲမှာ တည်းခိုခန်းတွေ ဖွင့်ထားတာ ပွလို့။ “မာလာ”တို့ “တမာ”တို့ဆိုတာ အန်တီမေ ဌာနခွဲတွေ ပေါ့”

“ကြည့်နေပါ။ ဒီကိစ္စ နောက်ဆုံးအဖျားရှူး သွားမှာ ပဲ။ မြို့ နယ်တရားရုံးအဆင့်လောက်က အန်တီမေကို ထောင်မချဝံ့ပါဘူး။ မသကာဒဏ်ငွေပေါ့။ ခေတ်အဆက်ဆက် လူကြီးတွေ ရဲ့ မျက်ခုံးမွေး ပေါ်မှာ စကြီးလျှောက်လာတဲ့ အန်တီမေပဲ။ စောင့်သာကြည့်”

အရပ်စကားမို့ တရားမဝင်ပေမယ့်

အမွန်ရင်ထဲမှာ ဖျတ်ခနဲလှုပ်ခါသွားမိသည်။ ဘုရား...
ဘုရား။ ဘယ်လိုမိုးကျနတ်သားများ
ကြားဝင်ကိုယ်ထင်ပြလာလေမလဲ။ သည်မိန်းမကြီး
ဒုစရိုက်မျိုးစုံဖြင့် ကျော်စော သတင်းရှိသည် ကတော့
အမှန်။

တရားခွင်တင်ထားသည့် အမှု တွဲ ကလည်း
သက်သေခံ အထောက်အထား ခိုင်မာဖွယ်ရှိသည်ဟု
တွက်ဆနိုင်လောက်သည်အမှန်။

ပြီးတော့ သည်အချိန်သည်ကာလတွင်
ဒုစရိုက်ပေါင်းစုံကို စစ်ဆင်ရေး တစ်ရပ်အ ဖြစ် အပြတ်
အသတ် နှိမ်နင်းလျက်ရှိသည်မှာ အမှန်။

သို့သော် "မှု"ဆိုသည်မှာ "လူ"က ဖျက်လျှင်
ဘာခံနိုင်တော့မည် လဲ။ သည်အဖျက်သမားတွေ
ကြောင့် စီမံကိန်းများ တိမ်းပါးချွတ်ချော်ခဲ့ရသည့်

သာဓကေများ အထင်အရှားအများ သိ။ ဆယ်ငါးနှစ်အတွင် ː နေ့စဉ်သတင်းများ ကို တစ်ရွက်ချင်း လှန်၍သာ ကြည့်။ သည်တော့-

တရားကျင့်သော သူကို
တရားသည် စောင့်ရှောက်၏
တရားကိုချစ်သော သူသည်
စည်းစိမ်ချမ်းသာ ဖြစ်ထွန်း၏
တရားကို မုန်းသော သူသည်
စည်းစိမ်ချမ်းသာ ပျက်စီး၏
အကြင်သူသည် တရားကိုသတ်၏
ထိုသူကို သေကျေပျက်စီးသော
တရားသည်သတ်တတ်၏ ။

သည်အဆိုအမိန့်ကို

မပြတ်နလုံးသွင်းလာသော အမွန်ပင် ချောက်ချားစပြု သည်။

တရားခွင်တွင် ရင်ဆိုင်ရပြီဆိုတော့ ဆိုဖွယ်ရာမရှိပြီ။ ဒေါ်ခင်မေဆိုသည်မှာ အသက်ခြောက်ဆယ် ဝန်းကျင် အမေအရွယ်၊ အဘွားအရွယ်ပါတကား။ ဇရာ၏ လက္ခဏာများ ကြားကပင် လောကဓံအတွေ့ အကြုံဖြင့် ထုံ၍ မဖြုံ တော့သော မျက်နှာထားကို အမွန်တအံ့တသြ စိုက်ငေးမိသည်။

သူ့နံဘေးပတ်လည်မှာ ကလည်း အခွေနှင့် အရုံနှင့် ။ အာမခံမည့် သူများ က အဆင်သင့်။ တရားခံ အကျိုးဆောင်များ အ ဖြစ် ပါဝါလွှဲစာတင်သည့် ပုဂ္ဂို လ်များ ကိုလည်းကြည့်။

အိုင်စီအက်စ် ဦးထွန်းမင်း။

ဦးမောင်မောင်ကျော်။

ဇော်မှ တကယ့်ဇော်ချည်း။ သည်ထို

ထိပ်သီးဝတ်လုံတော် ရကြီးများ နှင့်

မျက်နှာချင်းဆိုင်ရပြီဆို တော့ အမွှန့်မှာ ၁

အလိုလိုလိပ်ပြာငယ်ပြီးသား၊ ရှေ့နေသိက္ခာကို

မနည်းကြီး ကြိုး စားဆည်နေရသည်။

သို့ ကြောင့် လည်း

အာမခံလျှောက်ထားသည့် ကိစ္စတွင် မိမိဘက်က

ထွေထွေထူးထူး စကား မဆိုခဲ့။

အာမခံပေးနိုင်သည့်ပုဒ်မ မ ဖြစ်၍ တစ်ကြောင်း၊

တရားခံမှာ အိုမင်းပြီး ကျန်းမာရေး ချို့ တဲ့သူအ ဖြစ်

သက်ဆိုင်ရာဆရာဝန်၏ ဆေးထောက်ခံချက် ပူးတွဲ

တင်ပြနိုင်၍ တစ်ကြောင်း။

ပြီး အမွှန့်အတွေ းအသိထဲမှာ

သည့်မိန်းမကြီးမျိုး ကို အချုပ်ထဲတွင် မရှိစေချင်။ အချုပ်ထဲမှ အခြား အခြားသော အမျိုးကောင်းသမီးများ စွာနှင့် မရောယှက်မိစေချင်။

သည့်မိန်းမကြီး၏ အရှိန်အဝါသြဇာက အချုပ်ထဲမှာ လွှမ်းမိုးပျံ့နှံ့သွားမည် စိုးလှသည်။ အချုပ်အနှောင်ကာလ၊ အကျဉ်းချအပြစ်ဒဏ်ခံဆဲကာလများမှာ စိတ်အင်အားချို့တဲ့နေသည့် မိန်းမငယ်များ ကို စည်းရုံးရေး လုပ်သွားမည် ဆိုလျှင် မခက်ပါလား။

နမ်းတစ်လုံးနှင့် ဆီမ ဖြစ်နိုင်သော် လည်း ပိုရှယ်တက်ကြွသူတို့သဘာဝအတိုင်း အမွှန် ကတော့ တရားဥပဒေလမ်းကြောင်းသာမက လူမှု ရေး ကိုပါ ထည့်၍ တွက်လေ့ရှိသည်။

သည့်လိုအကြောင်းတွေ ရှိထားတော့ အမွှန့်ဘက်က ကန့်ကွက်ရန် မရှိပါဟူ၍ သာ ခပ်တိုတို

လျှောက်လဲ ဖြစ်ခဲ့သည်။ မိမိထက် အပြန်တစ်ရာမက ရင့်ကျက်လှပြီ ဖြစ်သော တရားခံအကျိုးဆောင် ပညာရှိကြီးများ ရှေ့မှာ ကြီးကြီးကျယ်ကျယ် ရှည်ရှည်ဝေးဝေး ပညာပြနေဖို့ မလို။ ပညာပြရန်လည်း မဝံ့။ အချိန်အခါအားဖြင့် လည်းမသင့်။ တိုတိုနှင့် ပြီးရမည့် ကိစ္စ။

သို့သော် မမျှော်လင့်ဘဲ ပြဿနာ ဖြစ်လာသည်။ ထိုနေ့က ရုံးတော်မှ အနိတီမေကို အချုပ်လွတ်ထု ချေရန် အာမခံပေးလိုက် ပြီး အမှု ကို နှစ်ပတ်ခွာရက်ချိန်းပေးလိုက် ကာ တရားခွင်ကို ရုတ်သိမ်းလိုက်သည်။ တရားလိုပြသက်သေများ ကို လာမည့် ရုံးချိန်းတွင် စတင်စစ်ဆေးကြားနာမည် ။

တရားခွင်ပြီးစီး၍ ရှေ့နေများ နားနေခန်းသို့ ပြန်ထွက်အလာ စင်္ကြံလမ်းကူးမှာ အမွန့်အနားကို လှုစိမ်းနှစ် ယောက် ကပ်လာသည်။ နှစ်

လိုဖွယ်ရာမဟုတ်သော် လည်း အောက်ကျို့ ပျငှာသော အပြုံး ဖြင့် အသားကျတပ်ဆင်ထားသော မျက်နှာနစ် ခု။

အန်တီမေက ပြောခိုင်းပါသည်တဲ့။ ဆရာမ လေးကျေးရူးကို တစ်သက်မမေ့ပါ။ ကျေးရူးတရားကို သိတတ်ပါသည်လို့။

ပထမတော့ အမွန်နားမလည်။ ဘာကိုရည်ရွယ်၍ ဆိုလိုသည်မသိ။ ကြောင်စီစီ ယောင်နနနှင့် ပင် ပိုင်းအုံစုစုစမ်းနေကြသော မျက်လုံးပေါင်း အထောင်အသော င်းကြားမှာ အကြာကြီးရပ်နေမိသည်။ နောက်တော့ တစ်ဖက်ကပင် စတင်နှုတ်ဆက်၍ လှူချင်းခွဲသွားသည်။

"ခွင့်ပြုပါဦးခင်ဗျ။ နောက်မှ ဆရာမ လေးကို သီးခြားလာတွေ့ပါဦးမယ်။ အိမ်ကိုပဲ ဖြစ် ဖြစ်ပေါ့"

သည်တော့မှ ဖြုန်းခနဲ

အမွှန်သဘောပေါက်တော့သည်။ တစ်စုံတစ်ရာ ခွန်းတုံ့ပြန်မည် ကြံတော့ တစ်ယောက် မှ အနားတွင် မရှိတော့ပြီ။ ခပ်တည်တည်ဖြင့် အပိုင်ချည်သွားလိုက်ပုံများ ဖြင့် ဟုတ်ပ။

အမွှန်သည် ရှက်ဒေါသဖြင့် နားရွက်ဖျား၊ နှာသီးဖျားဖျား ထူပူလာ၏ ။ နားထင်နားရင်းတွေ မှာ သွေးတဒိတ်ဒိတ်တိုးခုန်သေည်ကို သတိထားမိကာ မျက်လုံးများ ပြာဝေလာသည်။ အနားပတ်လည် ဘာကိုမျှမမြင်။ မြင်လည်းမမြင်ဝံ့တော့။

တရားလိုရှေ့နေ တစ်ယောက် ကို တရားခံက ကျေးဇူးတင်ပါသည်။ ကျေးဇူးတစ်သက်မမေ့နိုင်ပါ တဲ့။ ထားဦး။ ကျေးဇူးသိတတ်ပါသည်။ သီးခြားလာတွေ့ပါဦးမည် ဆိုတာတော့ တဆိတ်လွန်လွန်းပြီ ထင် သည်။

အရာရာကို အပေးအယူသဘောပဲ မြင်တတ်သည်။ ငွေကြေးပမာဏနှင့် သာ ချိန်တိုင်းတာယူ တတ်သည်။

သူတို့မျက်စိထဲမှာ အမွှန့်ကို တမျိုးမြင်သည်။ အမွှန့်လုပ်ရပ်ကို အထင်လွဲသည်။ အာမခံလျှောက်ထားသည့်ကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိသည်ကို အဓိပ္ပာယ်တစ်မျိုးကောက်လိုက် ကြသည်။ အပေးအယူသဘောဖြင့် ချဉ်းကပ်လာသည်။

အမွှန်သည် စိတ်နောက်ကျိစွာ ပင် ရှေ့နေခန်းတွင် းသို့ ကမူးရှူး ထိုး ဝင်လာခဲ့ပြီး မိမိစားပွဲပေါ်သို့ လက်ထဲမှ ဖိုင်တစ်ထပ်ကြီးကို ဗုန်းခနဲမြည် အောင် ပစ်ချလိုက်သည်။ ဘယ်သူ့ကိုမှ ဂရုမစိုက်တော့ဘဲ မလွယ်ပေါက်တံခါးကို တွန်းဖွင့်ကာ တရားသူကြီးများ စဉ်းစားခန်းဘက်သို့ အပြေးတစ်ဝက်

ကူးဝင်လာခဲ့ သည်။

“ဟော...ဟော မမွန်၊ ခင်ဗျားအကြောင်း ကျွန်တော် အခုတင်ပဲ စကားစရုံရှိသေး”

ရော... ခက်ကပြီ။ ကိုကျော်စိုးပါကလား။ သည်လူနှင့် မှုလာ၍ ဆုံရပြန်သည်။ လတ်တလော ကြုံတွေ့လာရသည့် ပြဿနာကို ရင်ထဲမှာ တနုံ့နုံ့မထားချင်၍ တရားသူကြီးအဖွဲ့ဝင်များ ရှေ့တွင် ပွင့်ပွင့် လင်းလင်း ရင်ဖွင့် ချလိုက်မည် ဟု အားခဲလာခဲ့သမျှ အလဟဿ ဖြစ်ရပြီ။

အမောဆို့လာသော တာဝေးအပြေးသမားပမာ နီးရာကုလားထိုင်တစ်လုံးပေါ် ပစ်ထိုင်ချလိုက်ရင်း ကိုကျော်စိုးကို အပြုံး လျော့လျော့ဖြင့် ဝတ်ကျေတမ်းကျေ နှုတ်ဆက်လိုက်ရသည်။

“ကဲ…ဆက်ပါဦးလေ။ ကျွန်မအကြောင်း”

တရားသူကြီးသုံးယောက် က အမွန့်ကို အဓိပ္ပာယ်ပါသော မျက်လုံးများ ဖြင့် လှမ်း၍ ကြည့်ကြသည် ကို အမွန်သတိထားလိုက်မိ၏ ။

“သြော်…အစိုးရရှေ့နေကြီးက ဒီတစ်ခါ တရားခံကို အတော် လိုက်လျှောလိုက်ပါတကားလို့ အံ့သြ မိလို့ပါ”

“ရှင်…”

ပထမတော့ မမျှော်လင့်သော စကားမို့ ရုတ်တရက် ဘာပြန်ပြောရမည် မသိ။ ရင်ဆိုင်ရတော့မည် ကို သိထားနှင့် သော ပြဿ နာမို့လည်း ငယ်ထိပ်မှာ ပူခနဲ သွေးတက်ဆောင့်လာသည်။

ကိုကျော်စိုး၏ ဂနာမငြိမ်သော

ပင်ကိုအမူအရာက အမွှန်ကိုပို၍ စိတ်အနှောင့်အယှက်
ဖြစ်စေ သည်။ ကုလားထိုင်ကို နှဲ့ကာနှဲ့ကာ၊
လက်ချောင်းများ က စားပွဲခုံကို လက်နှိပ်စက်ရိုက်သလို
တဒေါက် ဒေါက် ခေါက်ကာနှင့် တစ်ဖက်သားကို
ဂရုမစိုက်သလိုလို၊ လှောင်သလိုလို၊ ပြောင်သလိုလို၊

"စောစောက ဒေါ်ခင်မေ့လက်ရုံးတွေ နဲ့
ခင်ဗျားအဖွဲ့ကျနေတာ တွေ့ရပါတယ်ဗျာ..ဟဲ..ဟဲ..."

"ဘာ...ရှင့်"

မျက်ခုံးနှစ် ဖက်ကို အထက်ပင့်၍
ပြောင်ချော်ချော် ပြုံး ကျဲကျဲလုပ်နေသော
ကျော်စိုးမျက်နှာကြီးကို လက်ရောက်ကျူး
လွန်ချင်စိတ်တွေ တဖွားဖွားပေါက်လာ၏ ။ အမွှန်က
ဒေါသကို ဖရိုဖရဲသိမ်းဆည်းရင်း ကျော်စိုးအား
ခပ်စူးစူးကြည့်ပစ်လိုက်သည်။

“ရှင်ဘာကို ဆိုလိုချင်တာလဲ ကိုကျော်စိုး”

အမွှန့်အသံက အခန်းထဲမှာ ဟိန်း၍ ထွက်လာသည်။ အမွှန်ဒေါသထွက်နေသည်မှာ သိသာလွန်း လှတော့လည်း ကိုကျော်စိုးက မျက်နှာပိုးသေသေနှင့် ။

“ဘာကိုမှ မဆိုရသေးပါလားဗျာ”

“ကျွန်မကိုတော့ အူကြောင်ကြောင် မလုပ်နဲ့နော် ကိုကျော်စိုး။ ပြောစရာရှိ ရှင်းရှင်းပြော။ ရှင်ဆို ချင်တာ ကျွန်မသိတယ်။ ဘာလဲ ဒေါ်ခင်မေ့ကို အာမခံပေးတဲ့ကိစ္စ ဘာ ဖြစ်သလဲ၊ ရုံးတော် ကပေးတာ။ တရားရုံးရဲ့ သမာဓိကို ရှင်ဘာထိခိုက်အောင် စော်ကားချင်ရတာ လဲ”

ရုတ်ခြည်း မည်းခနဲပျက်သွားသော မျက်နှာထားကို ကျော်စိုးပြန်ချိန်မရလိုက်။

တရားသူကြီးကို မလုံမလဲဝေ့ကြည့်ရင်း သူ့စကားကို ပြန်၍ ဖာသည်။

"မမွန်ရယ်၊ ရှေ့နေပီပီ စကားတတ်တိုင်း မြားဦးကို တစ်ဖက်လှည့်မပစ်ပါနဲ့ဗျာ။ ကျွန်တော် ပြောတာက တရားရုံးဆုံးဖြတ်ချက်ကိုမှ မဟုတ်ဘဲ။ ခင်ဗျားလုပ်ရပ်ကိုပြောတပါ။ ဘယ့်နှယ့်ဗျာ...အစိုးရနဲ့ ပြိုင် ဖြစ်ရတဲ့ တရားခံ တစ်ယောက် ကို အစိုးရရှေ့နေက အာမခံကိစ္စမှာ လုံးဝ ဝင်မကန့်ကွက်ဘူးဆို တော့..."

"ဒီမှာ ကိုကျော်စိုး"

အမွန့်အသံသည် နဂိုကထက်ပို၍ ဟိန်းထွက်လာသည်။

"ရှင်က ဘာလဲ။ အထူးအာဏာရစုံထောက်လား။ ကျွန်မအလုပ် ကျွန်မလုပ်နေတဲ့ကိစ္စ။ ရှင်နဲ့ လုံးဝမပတ်သက်တဲ့

တရားရေး ကိစ္စ။ ဘာကြောင့် မဆီမဆိုင်
ဝင်စွက်ဖက်ချင်ရတာ လဲ"

ကုလားထိုင်နောက်မှီတွင် ကိုယ်ကိုပစ်မှီရင်း တလှုပ်လှုပ်တရွရွနဲ့ နေရာက ကျော်စိုးဝှန်းခန့် ကိုယ်ကိုမတ်ပစ်လိုက်သည်။ ညိုသော မျက်နှာသည် မည်း ရုံမက မှော င်လာသည်။

"ဘယ်သူက တာဝန်ပေးပေး မပေးပေး ကျု ပ်သိခွင့်ရှိပြီလားဗျ။ ပြည်သူ တစ်ယောက် ပဲ။ ခင်ဗျားတို့ က ပြည်သူ့ဝန်ထမ်းပဲ။ ပြည်သူ့ဝန်ထမ်း တစ်ယောက် ရဲ့ လုပ်နည်းလုပ်ဟန်ကို ပြည်သူတိုင်းလေ့လာခွင့်၊ ဝေဖန်ခွင့်၊ သက်ဆိုင်ရာကို သတင်းပို့ပိုင်ခွင့်ရှိတယ်။

"ဩော်...ဟော်...ကိုကျော်စိုးရယ်"

အမွန်သည် ဒေါသဖြင့်
ဖိလိုက်နေသည့်ကြားက

ခပ်ဟက်ဟက်ကလေးရယ်ချလိုက်မိ၏ ။ နာယက
ကြီးက မပြုံး မရယ် ခပ်တည်တည်ဖြင့်
ဆေးပြင်းလိပ်ခဲရင်း ကျော်စိုးကို စူးစိုက်ကြည့်နေသည်။
တရားသူကြီးအဖွဲ့ဝင်နစ် ဦးကမူ
ဣန္ဒြေဆည်နေနိုင်ဟန်မတူတော့။ အမွန်နှင့် အတူပင်
ရောနှော၍ တဟား ဟားရယ်ပစ်လိုက်ကြသည်။

မသိလျှင်တော့ ကျော်စိုးဆိုသည့်
ဟိုစပ်စပ်သည်စပ်စပ် အရပ်ရှစ်မျက်နှာ
နေရာတကာဝင်ဝင် နှောက်တတ်သည့် "ရောဆရာ" မှာ
လန့်ချင်စရာတည်း။

ကြီးလေး၍ အရေး ပါအရာရောက်သော
တာဝန်တစ်ရပ်ကို ထမ်းဆောင်ထားရသူပမာ အရေး
တကြီး ကိစ္စတွေ အစဉ်ထွေပြားနေသော
မျက်နှာထားနှင့် ။

ပါတီယူနစ်ရုံးနှင့် ကောင်စီရုံးများ တွင်
လည်း ကျော်စိုး တစ်ယောက် သန်းခေါင်စာရင်းနှင့်
အထိမ်း အမှတ်တံဆိပ်ပါသော လက်ဆွဲအိတ်အစိမ်းကြီး
တယမ်းယမ်းနှင့် ယောက် ယက်ခတ်နေသည်မှာ
နေ့စဉ် နှင့် အမျှ။

သမဝါယမအသင်းဆိုင်မှာ လည်း
သူ့မျက်နှာ၊ ရပ်ကွက်ဆိုင်ရာသာရေး ၊ နာရေး ကိစ္စများ
မှာ လည်း သူ့မျက်နှာ။ ပွဲလမ်းသဘင် လူစည်ကားရာ
နေရာတကာတိုင်းမှာ ကျော်စိုးမျက်နှာကို
မမြင်ချင့်အဆုံး။ လူကြီးမပြောနှင့် ။ ကလေးသိ၊ ခွေးသိ။

ကျော်စိုးမျက်နှာကို ရိပ်ခနဲမြင်ရလျှင်
မြင်ရသူတိုင်း အနည်းအကျဉ်းတော့
စိတ်အနှောင့်အယှက် ဖြစ်ရသည်။ အ နေအထိုင်ကျုံ့
ကြံရသည်။ ဌာနဆိုင်ရာတွေ မှာ ဟိုဝင်ဒီထွက်လုပ်ကာ
စပ်စပ်စပ်စပ် ပါသည်။ မဆီမဆိုင် ဝင်စွက်သည်။

သည်ရပ်ကွက်သို့ အမှန်ရောက်လာစက ဘာမှန်းမသိသော ကျော်စိုးကိုအ များ နှင့် ရောကာ လန့်မိ သေး၏ ။ ပါတီစုံထောက်လား၊ ရဲသတင်းပေးလား။

ကျော်စိုးနှင့် စတင်သိကျွမ်းရသည့်နေ့ကျမှ ကျော်စိုးဆိုတာ သည်လိုလူစားပါကလားဟု ရိပ်ဖမ်းမိတော့သည်။

တစ်ညဦးက လမ်းထိပ်မှာ ၊ ကလေးသံ၊ ခွေးသံနှင့် အသံချဲ့စက်သံတညံညံကို ဘာမှန်းမသိ ကြား လိုက်ရပြီး တစ်ခဏအကြာ လူတစ်သိုက် အိမ်ပေါ် တက်လာ၏ ။

"ဒေါ်ရွှေစင်မွန် ရှိပါသလားခင်ဗျာ"

"ဟုတ်ကဲ့၊ ကျွန်မ ရွှေစင်မွန်ပါ"

မသိကျွမ်းရသေးသည်သာ ရှိသည်။

မြင်ဖူးတွေ့ဖူး၊ ကြုံဖူးနေကျရုပ်ကွက်
ဇာတ်လိုက်ကျော်ကြီးက ပြုံးဖြဲဖြဲ ပြောင်စပ်စပ် သဏ္ဍာန်ပါ
မျက်နှာထားနှင့် ရှေ့သို့ထွက်လာသည်။

"ကျွန်တော် ဗဟိုကော်မတီဝင် ကျော်စိုးပါ"

"ဪ..."

အမှုန်သည် "ဪ" တစ်လုံးမှတစ်ပါး
ရုတ်တရက် စကားမဆက်နိုင်အောင် ကြောင်တောင်ရပ်
နေမိတော့၏ ။ အကြီးအကျယ်လည်း
အံ့အားသင့်နေမိသည်။

ဗဟိုကော်မတီဝင်ဆိုပါကလား။
နယ်နယ်ရရမဟုတ်။ သည်ပုဂ္ဂိုလ်ကြီးတွေ
ဘာကိစ္စကြောင့် များ ရောက်လာကြပါလိမ့်။

"ဒီလိုပါခင်ဗျာ၊ ကျွန်တော် တို့က မြို့
နယ်လုံးဆိုင်ရာ ထုပ်ဆီးတိုးပွဲ ကျင်းပရေး

ကော်မတီကပါ။ ထုပ်ဆီးတိုးပွဲအတွက် ရပ်ကွက်ထဲမှာ ရန်ပုံငွေ လိုက်ကောက်နေပါတယ်။ အဲဒါ...”

ကျောင်းဆရာပုံစံပေါက်နေသော ရည်ရည်မွန်မွန်၊ သားသားနားနား လူရွယ်တစ်ဦးက ဝင်၍ ရှင်းပြ လိုက်မှ အမွန် ပင့်သက်ခိုးချမိတော့သည်။ သိသိသာသာကြီးပင် ဗဟိုကော်မတီဝင် ကျော်စိုးဆိုသူကို လည်း ပြုံး ၍ ကြည့်လိုက်မိသည်။

“သြော်... အလှူငွေ လာကောက်ကြတာကိုး။ ကောင်းပါပြီရှင်။ ကိုယ့်ရပ်ကွက်ကိစ္စပဲ ထည့်ရမှာ ပေါ့”

အမွန်သည် စကားကို ပြေပြစ်အောင် ကြိုး စားပြောလိုက်ကာ ရယ်ချင်တစ်ဝက်ဖြင့် အိမ်ထဲကို သုတ်ခနဲ လှည့်ဝင်ပြေးခဲ့ရ၏ ။

“ဒေါ်ရွှေစင်မွန်တို့ကိုပဲ ရပ်ကွက်အနေနဲ့ အားကိုးရတာ နော်။ ငါးဆယ်လောက်တော့ ထည့်ဖို့

မေတ္တာ ရပ်ခံပါတယ်"

အနှစ် နှစ် အ လလက

ရင်းနှီးကျွမ်းဝင်လာခဲ့သော လေသံမျိုးဖြင့်

ကိုရွှေကျော်စိုးက နောက်မှ လှမ်း၍ အော်လိုက်သေး၏

။ အမွှန်က အသံထွက်၍ ခွက်ထိုးခွက်လန်

မရယ်မိအောင် မနည်းကြီးချုပ် တည်းနေရသည်။

"ဩော်...ဗဟိုကော်မတီဝင်တဲ့။

ထုပ်ဆီးတိုးပွဲကျင်းပရေး ဗဟိုကော်မတီဝင်ကြီးရယ်"

အမွှန်သည် မျက်နှာပိုးသတ်အောင် အတော်

ကြီးကြိုး စားကာ မွေ့ရာခင်းအောက်မှာ နှစ် ဆယ်တန်

တစ်ချပ်ကို နမြောနမဲ့နှင့် ဆွဲထုတ်လာခဲ့၏ ။

ကိုကျော်စိုးက အလှူငွေနည်းလှကြောင်း၊

ငါးဆယ်ကျပ်တော့ အနည်းဆုံးထည့်ဖို့သင့်ကြောင်း၊

လဟာပြင်က ဈေးသည်များ လို အတင်းအဓမ္မချည်း

ဆွယ်နေသည်။ အတူပါလာသူများ ၏ အားနာပါးနာ အနေရခက်နေကြသော မျက်နှာများ ကို ကျော်စိုးမမြင်။ ကျေးရူးတင်စကားဆို၍ အိမ်ပေါ်က ဆင်းသွားကြ မှ ကျော်စိုးမှာ ဟောင်ဖွာဟောင်ဖွာနှင့် နောက်ကဆင်းလိုက်သွားရသည်။ သည်အထဲက ကျော်စိုးကို အမွန် တစ်စိတ်တစ်ဒေသ နားလည်ခဲ့ပြီ။

အမွန်သည် ကျော်စိုးမျက်နှာကို စိတ်ပျက်စွာ ကြည့်ရင်း ထိုင်ရာမှ ထလိုက်၏ ။

"ဒီမှာ ကိုကျော်စိုး၊ ကျွန်မကိုရှင်ထင်ချင်သလိုထင်စမ်း။ ရှင်တစ်ခု သိထားဖို့က ကျွန်မဟာ ဥပဒေ ဝန်ထမ်း တစ်ယောက် ။ အစိုးရရှေ့နေဥပဒေဝန်ထမ်းဆိုတာ ရှင့်ဦးနှောက်ထဲမှာ ကျပ်ခိုးစွဲနေသလို "ဆွဲချ" တစ်ယောက် မဟုတ်ဘူးရှင့်။ အစိုးရရှေ့နေ တစ်ယောက် အ နေနဲ့ အမှု တစ်ခုမှာ တရားခံဟာ အပြစ်ကျူး လွန်ကြောင်း မခိုင်လုံဘူးလို့

ကျွန်မယုံကြည်ရင် ကျွန်မယုံကြည်ချက်အတိုင်း ရုံးတော်ကို တင်ပြနိုင်တယ်။ ခုလိုအာမခံပေးသင့်၊ မပေးသင့်ကိစ္စလောက် မပြောနဲ့၊ ဒါကို ရှင်ဗဟုသုတယူထားလိုက်သိလား”

ကျော်စိုးတော့ ဘာ ဖြစ်ကျန်သည်မသိ။ အမွန်သည် စကားဆုံးဆုံးချင်း ချာခနဲလှည့်ကာ ရှေ့နေခန်းသို့ ပြန်ထွက်လာခဲ့သည်။

လုပ်ရကိုင်ရသည်မှာ တစ်ခါတစ်ခါတော့လည်း စိတ်ရှုပ်စရာကောင်းလှသည်။ အလုပ်မလုပ်ဘဲ နေသူ၊ တာဝန်မဲ့သူကို အလုပ်လုပ်နေသူ၊ တာဝန်ဆောင်ရွက်နေသူက တစ်ပြန်ကြီး လန့်နေရဦးမည့် အ ဖြစ်။

ထိုနေ့က မိမိစားပွဲမှာ စိတ်ပျက်လက်ပျက် ပစ်ထိုင်ကာ ငိုင်နေတုန်း တရားသူကြီးအဖွဲ့ဝင်

ကိုခင်ဇော်ဦး ရောက်လာသည်။

တရားသူကြီးအဖွဲ့ဝင် ကိုခင်ဇော်ဦးကိုတော့
အမွန်အကျွမ်းဝင်ဆုံး အရင်းနှီးဆုံးဟုပင် ဆိုချင်၏ ။
လူငယ်ချင်း ဖြစ်၍ ပြောရဆိုရ၊ ဆက်ဆံရသည်မှာ
လွတ်လွတ်လပ်လပ်ရှိလှသည်။

"မမွန်ရေ၊ သိပ် စိတ်ရှုပ်မနေနဲ့ဗျ၊ ဒီကေ့စ်မျ
းက ဒီအတိုင်းပဲ။ ပတ်ဘာလစ်က အရမ်းစိတ်ဝင်စား
နေတယ်မဟုတ်လား။ စိတ်ဝင်စားတယ်ဆိုတာ
တရားခံနှင့် နှစ် ဖက်သက်သေကိုချည်း မဟုတ်ဘူးဗျ၊
အမှု တစ်ခုလုံးကိုပါ စိတ်ဝင်စားတာ၊ တရားခွင်ကိုပါ
စိတ်ဝင်စားတာ၊ တရားစီရင်ရေး ကိုရော၊ ခင်ဗျားတို့
ကျွန်တော် တို့အားလုံးရဲ့ လုပ်ရပ်ကိုရော။
လာကြည့်ကြတဲ့မျက်လုံးတွေ ကလည်း မျိုးစုံနော်။
ဒီတော့ဝေဖန် ရေး ကိုလည်း ပေါင်းစုံဗျ၊ ခင်ဗျားက အမျ
းသမီးလည်း ဖြစ်ဆိုတော့ အဲ...အရေသာထူနိုင်ဖို့ ကြိုး

စားဗျာ"

"အို...ထူပါတယ်ရှင်။ ဒီအလုပ် လုပ်စားကတည်းက အရေထူပြီးသားပါ။ ဒါပေမယ့် စိတ်တော့ သိပ်ကိုလှုပ်ရှားရတယ်။ ကျော်စိုးလို လူစားမျိုးက စည်းမဲ့ကမ်းမဲ့ ဝင်နှောက်တာကြည့်။ စောစောက စကား မျိုးအရပ်ထဲမှာ လည်း ဝါဒဖြန့်ချိနေမှာ ဘယ်လောက်အန္တရာယ်ကြီးသလဲ။ အရာရောက်တာ၊ မရောက်တာ ထား။ တရားရုံးရဲ့ သမာဓိနဲ့ ကျွန်မရဲ့ သိက္ခာကို ဘယ်လောက် ထိပါးနေပြီလဲ"

"မမှန်ရယ်၊ ဒါတော့ လုံးဝအရေး မစိုက်နဲ့ဗျ။ ခင်ဗျားယုံတာ ခင်ဗျားရဲရဲလုပ်။ ဒီလိုလူမျိုးက ခေတ်တိုင်းခေတ်တိုင်းမှာ ရှိတတ်တာပဲ။ ဒီလိုလူမျိုးတွေ ရှိလို့လည်းပဲ ပဋိပက္ခတရားရဲ့ အနှစ် သာရကို ကျွန်တော် တို့ အတွေ့ အကြုံနဲ့ ရင်းနှီးယူနိုင်တာ မဟုတ်လား။ ကျွန်တော် ကတော့ မောရစ်ကောလစ်ကို

အစဉ်အောက်မေ့ချီးကျူး တယ်။
သူ့ကိုအမြဲစံပြထားတယ်။ ဖြောင့်မတ်သော
တရားစီရင်ရေး နဲ့ တရားသူကြီး တစ်ယောက် ရဲ့
သမာဓိကို ထိန်းသိမ်းဖို့အတွက် ပွက်ပွက်ညံနေတဲ့
အတိုက်အခံ ဝေဖန်ရေး တွေ ကို တည်ငြိမ်ရဲရင့်စွာ
ရင်ဆိုင်သွားတယ် မဟုတ်လား။ မောရစ်ကောလစ်ရဲ့
အတွေ့ အကြုံနဲ့စာရင် ကျွန်တော် တို့ ရင်ဆိုင်နေရတာ
အသေးအဖွဲ့ ဗျ။ သူက သူတို့မျက်နှာဖြူအင်္ဂလိပ်လူမျိုး
ချင်းရဲ့ သဘော ကွဲလွဲမှု ၊ အတိုက်အခံ ဝေဖန်မှု ကို
လူမျိုးခြားတွေ အလယ်မှာ တစ်ယော်တည်း
ငုတ်တုတ်ပစ်ရင်ဆိုင်ရတာ ၊ အဓိကက တရားစီရင်ရေး
စနစ်ရဲ့ အနှစ် သာရနဲ့ တရားရုံးရဲ့ သမာဓိကို ဘယ်သူ့ရဲ့
စွက်ဖက်မှု ကြောင့် နဲ့မှ အငြိအစွန်းမခံရဖို့ပဲ။ ကျွန်တော်
ကတော့ ကျွန်တော့် ယုံကြည်ချက်အတိုင်း
ဘယ်ပယောဂမှ အကပ်မခံ ဘူး"

ကိုခင်ဇော်ဦးကိုတော့ အမွန်ကဆန္ဒစောတတ်သူအ ဖြစ် ကောက်ချက်ချထားမိသည်။ သို့သော် အစဉ်အမြဲ စိတ်အားထက်သန်နေကာ ပြည်သူ့တရားသူကြီးဆိုသည့် ဂုဏ်ပုဒ်ကို မက်မက်မောမော ထိန်းသိမ်းတတ်သူမို့လူငယ်ချင်း ဖြစ်ပါလျက် တလေးတစားဆက်ဆံရသည်။ တရားဥပဒေကိစ္စနှင့် တရားခွင်သာ သူ့ဘဝဟု ယူဆသည်ထင့်။

သူပြောသည့် မောရစ်ကောလစ် အတွေ့အကြုံများ ကိုတော့ အမွန်နလုံးသွင်းဖို့ တယ်ပြီး စိတ်မပါ လှပေ။ ခေတ်ခင်း၊ စနစ်ချင်းက ကွာခြားခဲ့ပြီ။

ဟိုခေတ်၊ ဟိုအခါက ကျော်စိုးတို့လို လူတန်းစားလည်း ပေါ်ပေါက်ခဲ့ဖူးမည် လား။

သည့်လိုလူမျိုးက နံ့ဖြတ်ပိုးလို ရာသီဥတု အကောင်းအဆိုး၊ အကြောင်းအကျိုးပေါ်မှီခို၍ ကျရောက်တတ်သော အန္တရာယ်တစ်မျိုး တည်း။ တစ်ခေတ်တစ်ခါပေါ်သော ကပ် ရောဂါ မျိုး ဟူ၍ သာ တင်စားချင်သည်။

သည့်လူစားတွေ က သည့်လိုအချိန်မျိုးမှာ နေရာလည်းရတတ်သည်။ တွင် လည်း တွင် ကျယ်စွမ်း သည်။ သူတို့ကိုအထင်မကြီးစကောင်းသော် လည်း စိတ်မဝင်စားပဲနေ၍ မ ဖြစ်။

"ရန်သူကို အထင်မသေးရ"ဟုဆိုသည်မဟုတ်လား။

မမျှော်လင့်ဘဲ ရှုပ်ထွေးလာသော ပြဿ နာပေါင်းစုံဖြင့် အမွန်တုန်လှုပ်မိသည်တော့ အမှန်။ အများ စိတ်ဝင်စားသော အမှု ကိုမှ တက်၍

ကိုင်ရသည်ဆိုတော့ လုပ်ရကိုင်ရ၊ ဆုံးဖြတ်ရသည်မှာ စိတ်လွတ် ကိုယ်လွတ် မရှိနိုင်တော့။

ပြီး အမှု ကလည်း တကယ့်အမှု ။

အများ ပြည်သူ ကြားနာရန် မသင့်ဟုဆိုကာ တရားရုံးကိုတံခါးပိတ်၍ သာ စစ်လိုက်ချင်သည်။

ခုတော့ မလွယ်။

သက်သေ တစ်ယောက် စစ်ရရုံနှင့် ပင် အမွှန်ဇောချွေးပြန်လှပြီ။ ထူပူသော မျက်နှာကို လူပုံအလယ် မှာ အထားရခက်လှပြီ။

မြေသာခွဲ၍ မြုပ်လိုက်စေချင်ပါ၏ ။

စကြီဘက်မှ ဟား ခနဲ ရယ်သံတစ်ချက် ထွက်လာတိုင်း ရင်ထဲမှာ "ဒိန်း"ခနဲ သွေးတစ်ချက် ဆောင့်ခုန်သွားရသည်။

နောက်ဆုံးအကြိမ် ရင်ထဲမှာ
ဒိန်းခနဲခုန်သွားတော့ "ဂျိုင်း" ခနဲ
ဆောင့်ရိုက်ချလိုက်သည့် လက်နှိပ် စက်သံကို
အမှန်သတိထားလိုက်မိလေသည်။

# အခန်း (၃)

"ကဲ...ဒေါ်ရွှေစင်မွန် ဆက်ကြရအောင်"

နာယကကြီးက ထပ်၍ သတိပေးလိုက် မှပင် အမွန်က အာရုံပျံ့လွင့်နေမိသည့် မိမိအ ဖြစ်ကို သတိရကာ ရှက်ပြုံး မပွင့်တပွင့်ဖြင့် သက်သေကိုလှမ်းကြည့်လိုက်မိသည်။

စောစောက မေးခွန်း၏ ဦးတည်ချက်ကို ဖြုံ ငုံမိစေမည့် မေးခွန်းသစ်အတွက် စကားလုံးများ ကိုပါ အပူတပြင် ရွေးချယ်လိုက်ရလေသည်။

"ရွှေနဂါးဟိုတယ်မှာ မသီတာစိမ့် အလုပ် ဖြစ်ရင် အခကြေးငွေ ဘယ်လိုရသလဲ"

"ဧည့်သည် တစ်ယောက် တည်းဆိုရင်တော့ တစ်ညကို တစ်ရာရပါတယ်။ အန်တီမေကို ဟိုတယ် အခန်းခအတွက် ငါးဆယ်ပေးရပါတယ်။ ဟိုည ကတော့

ကျွန်မဒေညို့သည့်က နှစ် ယောက် ဖြစ်လို့ တစ်ရှာ့
ငါးဆယ်နဲ့ အ လုပ် ဖြစ်ခဲ့ပါတယ်"

"အခန်းခပေးတဲ့အခါ ဘယ်သူ့လက်ထဲကို
ပေးရသလဲ။ တရားခံဒေါ်ခင်မေ လက်ထဲကို ကိုယ်ထိ
လက်ရောက်ပေးဖူးသလား"

"ပေးဖူးပါတယ်။ ကျွန်မကိုယ်တိုင်
အန်တီမေ့လက်ထဲကို တိုက်ရိုက်ပေးတဲ့အခါလည်း
ပေးပါ တယ်။ တစ်ခါတစ်လေတော့
ဒရဝမ်အာချိုယားက တစ်ဆင့် ပေးရပါတယ်"

ဖြေသည့်သူ ကတော့ ခပ်ပေါ့ပေါ့ပင်။
အမှုန်ရင်ထဲမှာ သာ ဝေဒနာလှိုင်း ရိုက်ခတ်လာသည်။
အလုပ်တာဝန်ကို ငိုစားရယ်စား၊ သဘောထား၍
မရသည်မှာ နုနယ်သည်ဆိုရမလား။ ရင့်ကျက်သည်ဆိုရ
မလား မပြောတတ်။

လက်နှိပ်စက်သမားကို စောင့်စားရင်း အမွန်က သီတာစိမ့်မျက်နှာနုနုကလေးကို ခပ်ငေးငေး စိုက်ကြည့်နေမိသည်။

အသက်ဆယ့်ရှစ်နှစ် ပါဟု ထွက်ဆိုသွားသော သီတာစိမ့်ထွက်ချက်ကိုတော့ အမွန်က သံသယ မရှိ။ ယုံသည်။

သီတာစိမ့်တို့လို မိန်းကလေးများ မှာ အကြောင်းကြောင်းဖြင့် တရားရုံးသို့ ရောက်ရှိလာလျှင် အသက်ကိုမှန်မှန် အစစ်ခံလေ့မရှိ။ များ သော အားဖြင့် တော့ ခုလို တရားလိုပြသက်သေအ ဖြစ် ရောက်လာ ရတတ်သည့် အ ဖြစ်မျိုးကလည်းနည်းသည်။ ပြည့်တန်ဆာနှိပ်ကွပ်ရေး ပုဒ်မ၊ ရန်ကုန်ရဲပုဒ်မ ၁၃ (က) (ခ) စသည်တို့ဖြင့် သာ တပ်စွဲ၍ တရားခံအ ဖြစ် ရောက်လာရသည်ချည်း။ ပြောရလျှင် ဘဝင်မကျစရာ ကတော့ အ မှန်။

ပြည့်တန်ဆာအ ဖြစ် ရှာဖွေရရှိသည့် စီးပွားကို ခေါင်းပုံဖြတ်သူများ အား နှိပ်ကွပ်ရန် အရပ်စကား ဖြင့် ပြောရလျှင် ပြည့်တန်ဆာခေါင်းများ ကို ဥပဒေကြောင်းအရ အရေး ယူနိုင်ရန်အတွက် အဓိကတင်ပြရ မည့် သက်သေများ ကလည်း ပြည့်တန်ဆာများ သာ ဖြစ်ကြသည်။

ပြည့်တန်ဆာကို ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေနှင့် အရေး ယူရမည် မှန်သော် လည်း ပြည့်တန်ဆာခေါင်းကို နှိပ်ကွက်လိုသည့်အခါတွင် တော့ ပြည့်တန်ဆာကိုလွှတ်ပေးလိုက် ရပြန်သည်။ ယခု လည်း သည်အမှု မှာ မသီတာစိမ့်ကို အစိုးရသက်သေ ဖြစ်ရပြီ။

တရားခံဘဝနှင့် တရားခွင်မှာ ရင်ဆိုင်ရသည့်တိုင် သင်းတို့အပြုံး မပျက်လှ။ တရားရုံးကို ကြော်ငြာ ဌာသို့ ပင်

သဘောပိုက်လေရော့သလားမသိ။
သင်းတို့ရှုံးထွက်လာတိုင်း ဝါသနာရှင်ပရိသတ်ကလည်း
အနားမှာ တရှုန်းရှုန်း၊ တအုန်းအုန်း၊ ထုံးစံအတိုင်း
ဂေဟာမှာ အခိုက်အတန့်အနားယူအားမွေးပြီး အပြင်
ပြန်ရောက်သည်နှင့် ဖောက်သည်သစ်တိုးပွားရေး ကို
တရားခံဘဝကပင် ကြိုး စားအားထုတ် သွားတတ်ကြ
သည်မှာ အမွန့်ကိုယ်တွေ့။

တစ်ပတ်နွှမ်းအလှကို အကြော့ဆုံး
အမော့ဆုံး ပြင်ကာ ရဲ့အစောင့်အရှောက်ကြား တရားရုံး
အဆောင်အယောင် အဟန့်ထဲကပင်
တတ်နိုင်သလောက် ကလူ၏ သို့ မြူ၏ သို့ နှယ်
လုပ်သွားတတ်ကြ သည်။

သတင်းစာများ မှာ သတင်းပါလာလျှင်
သင်းတို့ပို၍ သဘောကျသေး၏ ။ "အချို့ သတင်းစာများ
က နာမည် ၊ နေရပ်လိပ်စာအပြည့်အစုံ

ထည့်ပေးတတ်လေရာ အခမဲ့ကြော်ငြာပါသည့်နယ်
လုပ်ငန်းပို၍ တွင် ကျယ်ရပြန်သည်။ ဝါသနာရှင်များ
သာမက ဒေါ်ခင်မေတို့လို "ခေါင်း"တွေ ကလည်း
သတင်းစာကို လက်ညှိုး နှင့် ထောက်၍
ဖွေရှာဆက်သွယ်လာတတ်သည်။

ပြည့်တန်ဆာအမျိုးသမီး တစ်ယောက်
အဖို့ ကလည်း နှိပ်ကွပ်ရေး ဥပဒေနှင့် သာ အရေး
ယူခံရပါက သိကြားမသလောက် ပျော်စမြဲ၊ ယင်းပုဒ်မမှာ
အလုပ်ကြမ်းနှင့် ထောင်ဒဏ်မှမဟုတ်ဘဲ။

သုံးနှစ် ထက် မပိုသော အချိန်ကာလ
အတိုင်းအတာအားဖြင့် ဂေဟာတစ်ခုခုတွင်
အထိန်းသိမ်းခံရ ရုံမျှသာ။ စာရိတ္တပြုပြင်ရေး
ဦးတည်ချက်ဖြင့် ဂေဟာမှာ စည်းကမ်းကလနားနှင့်
နေရစားရတာ တစ်ခုပဲ စိတ်ကျဉ်းကျပ်ရသည်။
အအိပ်အစားမှန်မှန်နှင့် ဆေးဝါးအကုသခံကာ

အနားယူအားမွေးရသည်မို့ အမြတ် တော့ ထွက်သည်ပင်။

သီတာစိမ့်တို့လို အစိုးရသက်သေအ ဖြစ် ပါဝါကြီးတစ်ခွဲသားနှင့် တရားခွင်မှာ ထွက်ဆိုခွင့်ရပြန် တော့ ဘယ်သူ့ကိုမှ တော့မည် လဲ။

သည်အလုပ်မျိုးက ရှက်ကြောက်နေ၍ လည်းမ ဖြစ်။ အရှက်အကြောက်နည်းနိုင်ပါမှ၊ လူပုံအလယ် မှာ မျက်နှာပြောင်ပြောင်နှင့် ကိုယ့်ကိုယ်ကိုယ် ကြော်ငြာနိုင်ပါမှ။

တရားရုံးတွင် ထွက်ဆိုသည်ကအစ ပညာသုံးရသည်။ အသက်ကို ငယ်နိုင်သရွေ့ ငယ်ပြောကြ သည်။ အလုပ် ဖြစ်သည့် အခကြေးငွေနှုန်းထားကိုလည်း တတ်နိုင်သရွေ့ တင်ပြောကြသည်။ ဤနည်းဖြင့် ကြားကြားသမျှကို

လုပ်ငန်းကြော်ငြာလိုက်ခြင်းတည်း။

ခုလည်း ကြည့်။

သီတာစိမ့်လို ကလေးမကလေးကပင် တရားရုံးကို အသုံးချတတ်နေပြီ။ အဆင်အပြင်၊ အထုံးအဖွဲ့၊ အမူအရာတွေ နှင့် သွယ်ဝိုက်သော မြှူဆွယ်နည်းများကို သုံးနေသည်။

တရားခွင်မှာ မမေးမ ဖြစ်၍ မေးရသော မေးခွန်းတွေ ကလည်း သူတို့အဖို့ အကျိုးပြုစရာတည်း။

"ဆယ့်ရှစ်နှစ် "ပါ ဟုထွက်ဆိုသွားသော သီတာစိမ့်ဆိုသည့် ကလေးမကလေးကို အမွန်က ခြေဆုံး ခေါင်းဖျား စေ့စေ့စပ်စပ်ကြည့်မိသည်။ သွယ်သွယ်ကျစ်ကျစ်၊ ကလျာဖူးစသစ်။ မျက်နှာပေးကလည်း အမှတ် တမဲ့ကြည့်လိုက်လျှင် နုပျိုလန်းသစ်သော ကျောင်းသူကလေး တစ်ယောက် လား

ထင်ရမည် ။

သို့သော် နည်းနည်း ကလေးပဲ သတိထား၍ ကြည့်။ အင်္ဂလိဇ္ဇာအတတ်ကို ကျွမ်းကျင်ဖို့မလိုပါ။

ဘယ်လောက်နုနု၊ ဘယ်လောက်လှလှ၊ ဘယ်လောက်သစ်သစ်၊ သင်းတို့မျက်လုံးက သိသာသည်။ ဖိတ်ကြို့ ညှို့ ယူသည့်အကြည့်၊ ရမ္မက်မြူ မေးယုက်ထွေးသည့်အကြည့်၊ အတွေ့အကြုံဖြင့် ထုံ၍ မဖြူတော့သော အကြည့်။

မျက်ခွံစိမ်းပြာ၊ မျက်ရစ်လိုင်းနက်နက်နှင့် နိုင်လွန်မျက်တောင်တုအရှည်ကြီးတို့ မွမ်းမံထားသည့် ကြားကပင် သီတာစိမ့်၏ မျက်လုံးကလေးများ မှာ သိသိသာသာ ဖျော့တော့လွန်းလှ၏ ။

သေပြီ။ အတွေ့အကြုံဖြင့် ထုံ၍ မဖြူ

တော့သော အာရုံကြောများ သန်းယှက်ကာ သီတာစိမ့်
မျက်လုံးကလေးများ အသက်မရှိတော့ပြီ။

အလှုပ်အခတ်မြန်ဆန်လှသော သီတာစိမ့်၏
နှုတ်ခမ်းထောင့်စွန်းကလေးများ လည်း လှုပ်ပေါ်ခြင်း
ကို အထင်းသားအကဲဖြတ်၍ ရသည်။
တစ်ရာတန်အလှ။

အမှန်က ဦးနှောက်ကို အလျင်အမြန်
အလုပ်ပေးလိုက် ကာ နောက်ဆုံးမေးခွန်းတိုတိုများ ကို
ဆက်တိုက်မေးရန် အသင့်ပြင်လိုက်၏ ။

"မသီတာစိမ့်နဲ့အတူ ရွှေနဂါးဟိုတယ်မှာ
အလုပ် ဖြစ်ကြတဲ့ မိန်းကလေးအားလုံး ကိုယ့်အခကြေး
ငွေထဲကကို တရားခံဒေါ်ခင်မေကို အခန်းခ ပေ းရတာ
ပဲလား"

"ပေးရပါတယ်။ အခန်းခ ငါးဆယ် ကတော့

ထုံးစံပဲ"

"ဒေါ်ခင်မေကို ရဲက လာဖမ်းတော့ မသီတာစိမ့်တို့ ဘယ်မှာ ရှိသလဲ"

"အဲဒီ တော့ ကျွန်မတို့ ပြန်ခါနီး ပါပြီ။ ပြန်မယ်လုပ်နေတုန်း ရဲတွေ ရောက်လာတော့ ကျွန်မလည်း ကြောက်ကြောက်နဲ့ ခေါင်းမိုးမျက်နှာကြက်ပေါ် တက်ပုန်းနေပါသေးတယ်။ နောက်တော့ ရဲစခန်းကို ကျွန်မ တို့အားလုံး လိုက်သွားရပါတယ်"

"ရဲကကော မသီတာစိမ့်တို့ကို ဖြိမ်းခြောက်နိုပ်စက်သေးသလား"

"ဟင့်အင်းပါရှင့်။ လုံးဝမခြိမ်းခြောက်ပါဘူး"

"တရားခံဒေါ်ခင်မေနဲ့ကော မသီတာစိမ့်အနေနဲ့

မကျေချမ်းစရာအကြောင်းကြီးငယ်များ ရှိဖူး သလား”

“ဟင့်အင်းပါရှင့်။ လုံးဝမရှိဖူးပါဘူး”

“ဟုတ်ပြီ။ ဒါပါပဲ မသီတာစိမ့်၊ ကျေးဇူးတင်ပါတယ်”

အမွှန်သည် တစ်ဆက်တည်းပင် နာယကကြီးအား မိမိအနေနှင့် မေးမြန်းပြီးဆုံးပြီ ဖြစ်ပါကြောင်း လျှောက်ထားလိုက်ကာ ကုလားထိုင်ပေါ်သို့ ဣန္ဒြေရရပင် ပြန်ထိုင်ချလိုက်လေသည်။

တရားခံအကျိုးဆောင်ကြီးများ ကတော့ ဤသက်သေနှင့် ပတ်သက်၍ မေးမြန်းရန် မရှိပါကြောင်း၊ အစိုးရဥပဒေအကျိုးဆောင်ကြီး ဒေါ်ရွှေစင်မွှန်မေးမြန်းသွားသည့် မေးခွန်းများ ထဲမှာပင် မိမိတို့သိလိုသော အချက်အလက်များ ပါဝင်သွားပြီ

ဖြစ်၍ ပညာရှိအကျိုးဆောင်ကြီး ဒေါ်ရွှေစင်မွန်ကို ကျေးရူးတင်မိပါကြောင်း စသည်ဖြင့် ရုံးတော် သို့ ဖွဲ့.ဖွဲ့.နွဲ့.နွဲ့. လျှောက်ထားနေ၏ ။

စောစောကတစ်ချိန်လုံး ဇောချွေးပြန်နေခဲ့သော အမွန်သည် ယခုလည်း တစ်ကိုယ်လုံး ချွေးစေး များ ဖြင့် အေးအေးမြမြကလေးပင် နေလို့ထိုင်လို့ ကောင်းနေသေးတော့သည်။

အမှန်တော့လည်း အမွန်မေးသွားသည့် နောက်ဆုံးမေးခွန်းနှစ် ခုမှာ တစ်ဖက်က အကျိုး ဆောင်ကြီးများ မှချမလွဲမသွေ မေးကိုမေးတော့မည့် မေးခွန်းများ တည်း။

သို့ သော် မေးခွန်းထုတ်ပုံချင်းတော့ ကွာကောင်းကွာမည် ။ နိမိတ်ပြသဘောဖြင့်

သိုင်းကာဝိုင်းကာ မေးကောင်းမေးမည် ။ သက်သေ၏ စိတ်ထဲတွင် အဓိပ္ပာယ်တစ်မျိုးပေါက်၍ စောစောကနှင့် ဆန့်ကျင်သော အဖြေကို ပေးကောင်းပေးမည် ။ မိမိကအရင်ကိစ္စပြတ်အောင် ဖြတ်ထားလိုက်တော့ ပြဿ

နာတစ်မျိုး ရှင်းသည်။

တရားသူကြီးအဖွဲ့က နောက်သက်သေ တစ်ယောက် ထပ်၍ ခေါ်ရန် ရှေ့ဖတ်စာရေး ကို ညွှန်ကြား နေခိုက်မှာ အမွှန်က စကြီဘက်သို့ လှမ်း၍ ကြည့်လိုက်မိသည်။

အပုံစားပါလား။

ရှားညိုရောင် အင်ဒိုနီးရှားပါတိတ်ကို အထက်အောက်ဆင်တူ ဝတ်ဆင်ထားသော မိန်းမငယ် တစ်ယောက် ၏ ကိုယ်ဟန်မှာ အဝေးကြည့်မြင်ကွင်းတွင် ထင်းခနဲပေါ်နေ၏ ။

အငွေအလိပ်များ စွာ ဖြင့် ခပ်ဖွဖွထုံးထားသော ပြင်သစ်ဆံထုံးနှင့် အညိုရောင် လှည်းဘီးမျက်မှန်ဝိုင်းတို့ တစ်ဝက်တစ်ပျက်ဖုံးထား သော သူမ၏ မျက်နှာကို မလုံ့တလုံ ခပ်အုပ်အုပ်ကလေး ဆောင်းထားသော ခေါက်ထီးပြန့်ကလေး မကွယ့် တကွယ်မှာ ရိပ်ခနဲတွေ့လိုက်ရသည်။

လှလည်းလှမည့် ပုံပါပဲ။

အလှကြီးမဟုတ်တောင် စွဲမက်ဖွယ်၊ စိတ်လှုပ်ရှားဖွယ် ဆွဲဆောင်မှု ရှိသည် တော့ အမှန်ပင်။ ဆင်ယင်ထုံးဖွဲ့မှု နှင့် ကိုယ်ဟန်ကောက်ကြောင်းအလှကိုက အဝေးကြည့်မြင်ကွင်းမှာ ထင်းထင်း ပြတ်ပြတ်ရှိလှသည်။

"ခရေ ခေါ် မနုနုကြွေ"

"ခရေ ခေါ် မနုနုကြွေ"

ပန်းနုရောင် ခေါက်ထီးကလေးသည် ဖျတ်ခနဲ ရပ်သွား၏ ။ အမျိုး သမီးက သူ့အနားလာရပ်၍ စွတ်ရွှတ်အော်ခေါ်နေသော ရှေ့ဖတ်စာရေး ကို မထိတထိ တိုးဝှေ့ကာ ရုံးခန်းအတွင်း းသို့ ဝင်လာသည်။

နဖူးပေါ် အုပ်ကျနေသော ဆံပင်နှင့် မျက်နှာတစ်ဝက်ဖုံးနေသော လှည်းဘီးမျက်မှန်ကြောင့် ထူဝင်းသော နှုတ်ခမ်းအုတ်နီရောင် အစုံကိုသာ စိတ်ဝင်တစားကြည့်စရာရှိတော့၏ ။ နှုတ်ခမ်းများ မှာ နေရာ ချဲ့ကာ ဆေးဆိုးထားသော ကြောင့် နဂိုထက်ပို၍ ထူဝန်းထွေးစုနေသည်။

သည်လို ထွေးထွေးစုနေသည့် နှုတ်ခမ်းထူထူကလေးမျိုး အမှန်ဘယ်မှာ အမှန်ဘယ်မှာ တွေ့ ဖူးပါ လိမ့်။

အမျိုးသမီးသည် ရဲရဲတင်းတင်း

လျှောက်ဝင်လာကာ ကုလားထိုင်တွင်
ခပ်တောင့်တောင့် ဝင်ထိုင် လိုက်၏ ။

“ကတိသစ္စာဆိုရအောင် မတ်တပ်ရပ်ပါ”

အမွန်က ခရေ ခေါ် မနုနုကြွေကို
စေ့စေ့ကြည့်ရင်း ကတိသစ္စာပြုချက်ကို တိုင်ပေးဇုန်
နေရာမှ ဦးစွာ ထရပ်လိုက်သည်။

အမျိုးသမီးက မျက်မှန်ဝိုင်းကြီးကို
အရင်ချွတ်လိုက်သေး၏ ။ ပြီးမှ
နဖူးပေါ်ဝေ့ဝဲအုပ်ကျနေသော ဆံပင်တို့ကို
ခေါင်းတစ်ချက် နှစ် ချက်ဆတ်ကာ တော့ပစ်လိုက်ပြီး
အမွန်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက် သည်။

“ဟင်...”

ရုတ်တရက် မနုနုကြွေ၏ နှုတ်ဖျားမှ
လွတ်ထွက်လာသော အာမေဋိတ်သံမှာ

ခန်းမဆောင်တစ်ခု လုံးတွင် ပဲ့တင်ရိုက်

သွားလောက်အောင် ကျယ်လောင်လှ၏ ။

နှုတ်ခမ်းမှတစ်ပါး သနပ်ခါးနံ့သာ လုံးဝလိမ်

ခြယ်မထားသော မျက်နှာဝါဝါကလေး ရုတ်ခြည်းညို

ညစ်သွားသည်ကို အမွန်သတိထားလိုက်သည်။

နနကြွေသည် တရားသူကြီးစားပွဲကို အားပြု

ထောက်ထားရင်း တစ်ကိုယ်လုံး ဆောက်တည်ရာ

မရအောင် စိတ်လှုပ်ရှားနေ၏ ။

အမွန်က ရုတ်ခြည်းပြောင်းလဲ

ဖြစ်ပေါ်လာသော အခြေအနေကို

ဘယ်လိုအစကောက်ရမည် မသိ ဖြစ်နေသည်။

အခြေအနေပျက်နေသော မိန်းမငယ်၏ မျက်နှာကို

စေ့စေ့ကြည့်ကာ အဖြေရှာနိုင်ရန် ကြိုး

စားကြည့်သည်။

ပြောင်နေအောင် ရိတ်ချပြီးမှ ခဲသားဖြင့် တစ်ကြောင်းဆွဲ ဆွဲထားသော မျက်ခုံး၊ မျက်ရစ်ကောက်ကြောင်းတို့ကို ဆေးတောင့်ဖြင့် ပုံဖော်ရေးဆွဲထားသည့် မျက်လုံးတို့မှာ ပဟေဠိတစ်ပုဒ် ဖြစ်နေ၏ ။

ငုံ့စိုက် ချထားသော မျက်နှာကိုတဖြည်းဖြည်းမော့၍ အမွှန်ရှိရာသို့ နောက်တစ်ကြိမ် မျက်နှာချင်း ဆိုင်လိုက်သည့်အခါတွင်တော့ အမွှန်က သဲလွန်စတစ်ခုကို တွေ့လိုက်ရလေသည်။

ဟုတ်ပါပြီ။

သူမှ သူပါပဲ။

မေးဖျားမှ သည်မှဲ့နက်ကလေးကို အမွှန်ကောင်းကောင်းမှတ်မိသည်။ မှဲ့နက်ကလေး သဲလွန်စ ဖြင့် ဤမှထုဝန်းထွေးစုနေသော

နှုတ်ခမ်းရဲရဲကလေးများ ကို အမွန်သတိရသွားသည်။ ဖြူ
န်းခန့် ရင်ထဲမှာ တလှပ်လှပ် ခုန်လာပြီး မျက်လုံးများ
ပြာဝေလာ၏ ။

“ဟင်… မင်း…မင်း…ကြွေ…ကြွေ…
ခင်ကြွေမြင့်…”

သူ့နာမည် ရင်းကို
သူပြန်မကြားဝံ့တော့ပြီလားမသိ။ အမွန်က နာမည်
ခေါ်လိုက်မိသည်နှင့် မျက်လုံး များ ကို
တအားမှိတ်ပစ်လိုက်ကာမျက်နှာကို
ငုံ့စိုက်ချလိုက်လေသည်။ ဘေးတိုက်မြင်နေရသော
မျက်နှာ တစ်ခြမ်းမှာ ရုတ်ခြည်း သွေးဆုတ်ဖြူ
ဖျော့လာ၏ ။

သည့်နောက် မပီမသစကားတစ်ခွန်းကို
ဗလုံးဗထွေး ရေရွတ်လိုက်ရင်း မတ်တပ်ရပ်နေရာမှ

ဝှန်းခနဲ လဲကျသွားလေသည်။

တရားခွင်သည် မမျှော်လင့်ဘဲ ရုတ်ရုတ်သဲသဲ ဖြစ်သွားရ၏ ။ အမွန်က ကျောက်ရုပ်လို မလှုပ် မယှက် အကြာကြီး ရပ်နေမိသည်။ မိမိရှေ့မှာ ပျားပန်းခပ်သလို လှုပ်ရှားနေသော လူစုလူအုပ်ကိုလည်း မမြင်တစ်ဝက် မြင်တစ်ဝက်ရှိသည်။

"ကြွေရယ်...ခရေတဲ့...နုနုကြွေတဲ့... ဖြစ်မှ ဖြစ်ရလေ မိန်းကလေးရယ်"

# အခန်း (၄)

" ဖြစ်မှ ဖြစ်ရလေ မိန်းကလေးရယ်၊

သူ့နှာမည် ခင်ကြွေမြင့်နော်"

စံရိပ်ငြိမ်ရှိ ပုဂ္ဂလိက

ဘော်ဒါဆောင်တစ်ခုတွင် တစ်ခန်းတည်း တွဲ၍

ကျသည့် အခန်းဖော်အ ဖြစ် ကြွေကို စတင်သိရသည်။

သည့်တုန်းက ကြွေသည်

အကျအနခင်းကျင်းထားသော တစ်ယောက် အိပ်

ခုတင်ကျဉ်းကလေး ပေါ်မှာ ဝမ်းလျားမှော က်၍

တသိမ့်သိမ့် ရှိုက်ငိုနေ၏ ။ အမွှန်ရောက်လာသည်ကို

ခေါင်းထူ၍ မျှ နှုတ်ဆက် ဖော်မရ။

လုံးဝမသိသည်လည်း မဟုတ်။ အခန်းထဲကို လူ

တစ်ယောက် ဝင်လာပြီး နေရာထိုင်ခင်း ပြုပြင်

ခင်းကျင်းနေသည်ကို ခြောက်ပေ၊

ရှစ်ပေအခန်းကျဉ်းကလေးထဲမှာ မျက်စိက
မကြည့်သည်ကို နားဖြင့် ကြားနေရပေမည် ။

သို့ သော် ဝမ်းလျားမှော က်၍
တသိမ့်သိမ့်ရှိုက်ကာ ဘာကိုမှ ဂရုမစိုက်သလို တအိအိ
ငိုမြဲငိုနေ တော့လည်း တစ်ဖက်သားမှာ အလိုလို
အနေရအထိုင်ရ ကျဉ်းကျပ်လာသည်။

ကိုယ်ကပဲ စတင်မိတ်ဆက်၍ အကျူ
းအကြောင်းမေးရကောင်းလေမလား။ သို့ သော်
အမွှန်က လူ တစ်ယောက် မျက်ရည်ကျသည်ကို
မခန့်လေးစားမလုပ်ချင်။ လွယ်လွယ်ကူကူ မချော့တတ်။
မဖျောင်း ဖျတတ်။
ရှိုက်မက်ငိုကြွေးရခြင်းအကြောင်းရင်းမှာ
အချော့အမော့ခံလို၍ အဖျောင်းဖျခံလို၍ မဟုတ်သည်
ကို အမွှန်နားလည်ထားလေသည်။

ချော့မော့ဖျောင်းဖျခြင်းသည်
ငိုကြွေးနေသူကို ဖေးကူရာမရောက်။
မခန့်လေးစားလုပ်ရာ၊ စော်ကားရာရောက်သည်လို့
အမှန်ယူဆထားသည်။

သို့ ကြောင့် လည်း မိမိပစ္စည်းပစ္စယများ
ကိုသာ တတ်နိုင်သလောက် အသံမမြည် ရအောင်
နေရာချ ထားပြင်ဆင်ရင်း ငိုကြွေးနေသူ၏
အရိပ်အကဲကို တစေ့တစောင်း အကဲခတ်နေရသည်။
သူ့ခုတင်အောက် ရှိ သံသေတ္တာမှာ ခင်ကြွေမြင့်ဆိုသော
စာလုံးဖြူဖြူကလေးကို တွေ့ .နေရ၍ နာမည် ကိုတော့
မပြောရဘဲ အမှန် သိနှင့် သည်။

မော င်ရိပ်ပျိုး၍ အခန်းထဲမှ တစ်ယောက်
မျက်နှာ တစ်ယောက် သဲသဲကွဲကွဲ မမြင်ရတော့မှ
မိန်းကလေးကစ၍ စကားဆိုသည်။

“မီးဖွင့်ချင် ဖွင့်နော်။ ပြီးတော့ အဲဒီ စားပွဲကို ယူကြိုက်သလို သုံးပါ။ ကြွေက စားပွဲသိပ်မလိုပါဘူး”

မှော က်လျက်အိပ်နေရာက မော့မကြည့်ဘဲ လှမ်းပြောလိုက်သော မိန်းကလေး၏ အသံမှာ ငိုသံပါ မြဲရှိသည်ကို သတိထားမိသည်။

“စားပွဲက တူတူသုံးကြတာပေါ့။ ကိုယ်ညစာတောင် မစားရသေးဘူး။ ယူကောဟင်... တူတူ စား လှည့်ပါလား”

အမှန်သည် ပြောရာပြေကြောင်း အားရုံပြောင်းသည့်သဘောနှင့် ရောရောဝင်ဝင် စကားဆိုလိုက် သည်။

သည်တော့မှ သူကလည်း အားနာပါးနာ မလွှဲသာဟန်ဖြင့် မျက်နှာတခြမ်းလှည့်ကာ..

“စားပါ...၊ ကိုယ်မစားတော့ပါဘူး။

စားချင်စိတ်လည်း မရှိတော့ဘူးလေ”

သည့်နောက် ခေါင်းအုံးပေါ် မျက်နှာမှောက်ချလိုက်ပြီး တအိအိငိုနေပြန်သည်။ အမွန်သည် ဘာဆက်ပြောရမှန်းမသိဘဲ အလိုလို အနေရအထိုင်ရခက်လာ၏ ။

“ဘာ ဖြစ်လို့လဲကွယ်၊ တိတ်ပါတော့”စသည်ဖြင့် ပခုံးကိုပွေ့ကာ ချော့သင့်သည်လား၊ သည့်အတိုင်း လွှတ်ထားလိုက်ပြီး မိမိဘာသာ တိတ်ဆိတ်စွာ နေထိုင်လိုက်ခြင်းဖြင့် ပို၍ အလိုက်သိရာ ကျမည် လား။

ဘာပဲ ဖြစ် ဖြစ် နှစ် ယောက် တည်းရှိသည့်အခန်းကျဉ်းကလေးထဲမှာ တစ်ယောက်က ဉာ်မျှကြာကြာ ကြီးငိုနေသည်ဆိုတော့လည်း ကျန် တစ်ယောက် မှာ

အလိုလိုစိတ်ညစ်ရှုပ်ထွေးလာရသည်ပင်။ အပူဆို
သည်ကလည်း ကူးစက်မြန်မြ။

အမွန်သည် စိတ်နောက်ကျိုလာကာ ရောဂ်
ပင် ငိုလိုက်ချင်ချင် ဖြစ်လာ၏ ။ ညစာစားရသည်ပင်
စိတ်ပါလက်ပါ မရှိတော့။ ခါတိုင်းဆိုလျှင်
အကြောင်းကြောင်းကြောင့် ထမင်းမချက် ဖြစ်သော
နေ့များ မှာ သုံးကျပ်ခွဲကြီးများ အကုန်အကျခံ၍
နံပြောနမဲ ဝယ်စားရသော ထမင်းကြော် တစ်ထုပ်ဖြင့်
ဘယ်တော့မှ တင်းတိမ်ဖူးသည်မရှိ။ ပိုက်ဆံကို
ငါးပြားဆယ်ပြားကစ ပွတ်သပ်၍ သုံးစွဲနေရသည့်ဘဝမို့
သုံးကျပ်ခွဲပေးရ သည်နှင့် မကာမိသော မဝတဝ
ထမင်းကြော်တစ်ထုပ်ဖြင့် ပင် ရေအဝသောက်၍
စောစောအိပ်လိုက်ရစမြဲ တည်း။

ခုတော့ ကိုယ်ရေး ကိုယ်တာမပါဘဲ
စိတ်ညစ်လိုက်ရသည်မှာ ထမင်းကြော်တစ်ထုပ်ပင်

ကုန်အောင်မစားချင်တော့။ စိတ်ရှုပ်ရှုပ်နှင့် စားကြွင်းတစ်ဝက်တစ်ပျက်ကို သိမ်းထုပ်ရင်းလင်းဆဲမှာ ငိုနေ သူကလေးက မျက်ရည်မခြောက်တခြောက်နှင့် ခုတင်ပေါ်မှ လှူးလဲထလာကာ စကားစလေသည်။

"ရွှေစင်မွန် မဟုတ်လားဟင်။ ကျောင်းကပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဖရက်ရှာပါ။ "လော" က"

"ကြွေ ကတော့ ဆယ်တန်းဖြေရတုန်းပါ။ ရှုံးတာလည်း သုံးနှစ် ရှိပြီ"

"ဪ..."

အမွန်သည် စောစောက မိမိအဖြေနှင့် ပတ်သက်၍ အလွန်အမင်း အားနာသွားတော့၏ ။ တက္ကသိုလ်နားနီးနီး ဘော်ဒါဆောင်မှာ လာနေပြီး "ကျောင်းကပဲလား"ဟူသော မေးခွန်းကို စတင်မေးလာ

သည့် ရှယ်တူမိန်းကလေး တစ်ယောက် အား မိမိလိုပင် ကျောင်းကလားဟု အလွယ်တကူ ထင်မိသည်မှာ မိမိအမှား ။

မိန်းကလေးကမူ ဒါကိုသိပ်ပြီး အမှု ထားပုံ မရပေ။

"အိမ် ကတော့ ညကျောင်းတက်တက်၊ အပြင်ကဖြေဖြေ ဖြစ်တဲ့နည်းနဲ့ စာမေးပွဲဆက်ဖြေရမတဲ့ လေ။ ဟင်း...ဟင်း... စိတ်မပါလည်း လုပ်တော့ လုပ်ရဦးမှာ ပဲ။ သူတို့အထောက်အပံ့နဲ့မှ မကင်းနိုင်သေး တဲ့ ဘဝကိုး"

သူ့ဘာသာ ညည်းတွားနေသလိုလိုနှင့် ရင်ဖွင့်စပြုလေရာ အမွန့်မှာ စကားတုံ့ပြန်ရန် ခက်လာ၏ ။

အင်း...အင်းလို့ပဲ ခေါင်းညိတ်နေရမလား။

ဩော်…ဩော်လို့ပဲ ဝင်ထောက်ပေးရလေမလားမသိ။ မရင်းနှီးခင်က အရောတဝင် ရင်ဖွင့်ဆွေးနွေးလာသည်ကိုလည်း အမွန်က တယ်ပြီး ဘဝင်မကျချင်။

“ကံဆိုးတဲ့ မိန်းကလေး တစ်ယောက် နဲ့အတူ တစ်ခန်းတည်း တွဲ ကျမိလို့ ယူစိတ်ညစ်နေပြီလား ဟင်”

“အို ဘာလို့ စိတ်ညစ်ရမှာ လဲ။ ကိုယ်ကလည်း ကံကောင်းလှတဲ့ မိန်းကလေးလို့မှ မဆိုနိုင်တာ။ ကိုယ်ချင်းစာပါတယ်။ ဒီလိုပဲပေါ့။ လူ့ဘဝဆိုတာ”

အမွန်က ပျာပျာသလဲပင် ဖြေမိသည်။

“အို ကိုယ့်လောက်တော့ ဘယ်သူမှ ကံမဆိုးနိုင်ပါဘူးလေ။ ကိုယ့်ဘဝက တွယ်ရာမဲ့ကွယ်”

“ဩော်…မိဘမရှိတော့ဘူးလား”

“အင်း..ကိုယ်ငယ်ငယ်လေးတည်းက ဆုံးကုန်ကြတာ။ ကိုယ့်ကို အလိုလိုက်တတ်တဲ့ အစ်ကို တစ်ယောက် တော့ ရှိပါရဲ့ ။ ဒါပေမယ့် အစ်ကို့မိန်းမက မကောင်းဘူးကွယ်။ သေးသိမ်လွန်းတယ်”

သည်လို အစွန်းမလွတ်သော စကားမျိုး ကို အမွှန် မနှစ် မြို့ လှသော် လည်း စာနာရင်းစွဲနှင့် ကရုဏာ သက်မြဲ ရှိသေးသည်။

“ဖိနှိပ်လွန်းတော့ ဘယ်သူခံနိုင်မလဲ။ ပြန်ပြီး ကန်တာပေါ့။ ဘယ်လိုမှ တစ်အိမ်တည်းအတူနေ လို့ မဖြစ်တဲ့အဆုံး ဒီကိုရောက်လာတာပဲ။ ဒါတောင် လိုက်ပြီး ချုပ်ချယ်လိုက်သေးတယ်။ စာမေးပွဲမဖြေရင် လုံးဝမထောက်ပံ့နိုင်ဘူးတဲ့။ အလုပ်တစ်ခုခု ရှာလုပ်ချင်လုပ်တဲ့။ အစ်ကို ကတော့ ပေးချင်ကျွေးချင်ပါတယ်။ သိပ်စေတနာကောင်းတာ”

“ဘာပဲ ဖြစ် ဖြစ်ပေါ့ကွယ်။ ကိုယ့်ဘဝ ကိုယ်ဖန်တီးနိုင်ဖို့ အင်အားတစ်ခုပဲ လိုပါတယ်။ မဟုတ်ဘူး လား။ အဲဒီ အင်အားကို ကြိုးစားမွေးကြပေါ့။ ဒါလောက်နဲ့များ ဝမ်းနည်းစရာမဟုတ်လှပါဘူး”

အမွှန့်အားပေးစကားကို နားမလည်လိုက်ပါရဲ့ လားမသိ။ မို့မောက်နီရဲနေသော မျက်ခွံများ ကို လက်ဖမိုးဖြင့် ပွတ်ရင်း တစ်ချက်၊ နှစ်ချက်မျှ ဆက်၍ ရှိုက်နေသည်။

“ကိုယ့်အတွက်က ဒါလောက်ဝမ်းမနည်းလှပါဘူးကွယ်။ ကိုယ်ရင်ကွဲမတတ် စိတ်ဆင်းရဲနေရတာ ကအစ်ကို့အတွက်ပါ။ အစ်ကိုဟာလေ သိပ်သနားဖို့ကောင်းတာပဲ။ အိမ်ထောင်ရေး မှာ ကံအဆိုးဆုံးယောကျ်ား တစ်ယောက် ကွယ့်သိလား။

10:00 AM

မိန်းမဆိုးနဲ့ညားပြီး တဖားဖား ဒုက္ခရောက်နေတာ။
ကိုယ်အိမ်ကထွက်လာ တော့ အစ်ကိုမသိသေးဘူး။
အိမ်မှာ မရှိဘူးလေ။ ခုလောက်ရှိရင်တော့ သိပြီးလို့
ကျိတ်ကျိတ်ကလေး "လူး" နေရောပေါ့။ ကိုယ်လေ
လောကကြီးမှာ နေလည်းမနေချင်တော့ပါဘူး။
တကယ့်ကို သေချင်ပါ တယ်။
အိပ်ဆေးသောက်ပြီးတော့၊ ဒါမှမဟုတ်
အင်းလျားကန်ကလည်း အနီးကလေးပဲ"

"သြော် . . . ဖြစ်မှ ဖြစ်ရလေ။ ဒါထက်
နေပါဦး။ ယူ့နာမည် ခင်ကြွေမြင့်နော်"

အမွန်က မိန်းကလေး၏ စကားကို
အတတ်နိုင်ဆုံး ယဉ်ကျေးစွာ ဖြတ်၍
စကားလမ်းကြောင်း ပြောင်းပေးလိုက် မိသည်။

ခင်ကြွေမြင့်က ခေါင်းတစ်ချက်မျှညိတ်ကာ

အိပ်ရာပေါ်သို့ ပြန်လှဲချလိုက်၏ ။ ပြီး တစ်ဖက်သားကို အလေးမထားချင်သလိုလို၊ သူ့ပင်ကိုယ်အမူအရာအတိုင်း အမွှန့်ကို ကျောပေးကာ တသိမ့်သိမ့်ရှိုက်နေ ပြန်သည်။

တော် တော် ရိုင်းစိုင်းသည့် ကလေး။

သူ့အကြောင်း၊ သူ့ကိုယ်ရေး ကိုယ်တာကို သူ့ဘာသာစကားစလာပြီး တိခနဲ စကားဖြတ်ကာ ကျောခိုင်းအိပ်သွားတော့လည်း သူပင်။

အမွှန့်အဖို့တော့ သည်ခင်ကြွေမြင့်ဆိုသည်မှာ ချစ်ခင်ရင်းနှီး၍ ရနိုင်မည့် မိန်းကလေးမျိုး မဟုတ်ဟူ ၍ တစ်ထိုင်တည်းမှာ ပင် သေချာသွားတော့သည်။

ကိုယ့်နာမည် ကိုပင် ထုတ်ဖော်မပြောရသေးဘဲ ကိုယ်ရေး ကိုယ်တာမှန်သမျှ

ဖွင့်ချရဲသော မိန်းကလေးမျိုး နှင့် အခန်းဖော်လာ ဖြစ်ရသည်မှာ စိတ်ပျက်စရာကောင်းလှသည်။ သည်စရိုက်မျိုး ကို သည်းခံ၍ ပေါင်းသင်းဆက်ဆံသွားရမည် မှာ ကံဆိုးခြင်းတစ်ရပ်ပါပဲ။

ပြောသွားလိုက်သည့် စကားတွေ ထဲမှာ လည်း သူသာ အလွမ်းမင်းသမီးကလေး။

ကိုယ့်ကိုယ်ကိုယ်အကြောင်းမရှိ အကြောင်းရှာ၍ အစဉ်သနားနေတတ်သော သည်မိန်းကလေးမျိုး မှာ စိတ်ထားကျပ်ပြည့်ပါရဲ့ လား။

စိတ်ကူးယဉ်တတ်လိုက်သည်မှာ အိပ်ဆေးသောက်သေချင်တာတွေ ၊ အင်းလျားကန်ထဲ ခုန်ချချင်တာတွေ နှင့် ဝေဆာလို့ပင်။

အမွှန်က ကျောပေး၍ ရှိုက်နေသော

ခင်ကြွေမြင့်ကို ခပ်ငေးငေးစိုက်ကြည့်ရင်း စိတ်ပျက်လက်ပျက် ပြုံး နေမိသည်။

ကိုယ့်ကိုယ်ကိုယ် သတ်သေချင်သည့်အကြောင်းတွေ ဆွေးဆွေးမြည်မြည် ပြောပြနေသည်ကို ကရုဏာသက်ဟန် မပြလိုက်မိသည့်အတွက် အမွန်က မိမိကိုယ်ကို များ စွာ ကျေနပ်နေ၏ ။ ဒါလောက် စိတ်ကူးယဉ်တတ်လာလျှင် ဘယ်တော့မှ လက်တွေ့ရင်ဆိုင်ရဲမည် မဟုတ်သည်ကို အမွန်တပ်အပ်ပြော နိုင်သည်။

သတ်သေဖို့ မပြောနှင့် ၊ လက်ထိပ်ကို မားရှရှံနှင့် ပင် ဆတ်ဆတ်ခါ နာတတ်လိုက်မည့် အမျိုး ။

ခင်ကြွေမြင့် စကားကိုသာ စိတ်ရှည်လက်ရှည် ယုံယုံကြည်ကြည်နားထောင်၍ စိုးရိမ်ကြောင့်ကြ စွာ "အမယ်လေး . . .

မမိုက်ချင်စမ်းပါနဲ့ကွယ်။ မကြံစည်ကောင်းပါဘူး။ အဖန်ငါးရာ ငါးကျွမ်းမှာဆိုတာ မကြောက်ဘူးလား”

စသည်ဖြင့် စိတ်ဝင်တစား ချော့မော့ဖျောင်းဖျနေမိမည်ဆိုလျှင် မီးလောင်ရာ လေပင့် သလိုသာ ရှိလိမ့်မည် ။

အမှန်အိပ်ရာပြင်ဆဲမှာ ခင်ကြွေမြင့်ကအမွှန့်ဘက်သို့ စောင်းလှည့်လာကာ ငိုသံပါဖြင့် အရေး တကြီး ပြောလိုက်သည်။

“ခုန ကိုယ်ပြောခဲ့တာတွေ ကို ဘယ်သူ့ကိုမှ လျှောက်မပြောလိုက်ပါနဲ့နော်။ ယူ့ကိုသာ ကိုယ်ယုံလို့ ပြောမိတာ”

ရော . . . ခက်ကပြီ။

စကားကို အစဦးအစားမရှိ၊ ပြောချင်တိုင်း ပြောပြီးကာမှ နောင်တရတတ်လေသလား။ မိမိကိုယ်တိုင် စည်းမဲ့ကမ်းမဲ့ ပါးစပ်ဖွာသူ ဖြစ်ပါလျက်

တစ်ပါးသူကို အလွယ်တကူ နှုတ်ပိတ်၍ ရလိမ့်မည်
ထင်လေ သလား။

အလကား . . . ပေါက်နေတာ။

နှင့်နှင့်သီးသီး မှတ်ချက်ချမိပြီး
စိတ်ပေါက်ပေါက်နှင့် သူ့မျက်နှာကို
ခပ်စူးစူးကြည့်ပစ်လိုက်သည်။ မျက်ခွံများ မို့အစ်ကာ
ပါးပြင်ရဲရဲနှင့် ငိုရှပ်ပေါက်နေသည့်ကြားက လှပသော
မျက်နှာနုနုကလေးတစ်ခု ဖြစ် သည်ကို
အမှန်အလွယ်တကူသိလိုက်ရသည်။ အသားရောင်
ဝင်းဝင်း၊ မျက်နှာသွယ်သွယ်နှင့် ငိုထားသည် မို့
မျက်လုံးအလှကို မမှန်းဆနိုင်သော် လည်း
အဖျားကော့သော နှာတံစင်းစင်းနှင့်
ပွင့်အာလန်ကျနေသော နှင်းဆီဖတ်ကလေးလို
အောက်နှုတ်ခမ်းတွဲ တွဲ ကလေးမှာ
စိတ်ဝင်စားဖွယ်တည်း။

အို . . . ကြည့်စမ်း။

မေးဖျားမှာ မှဲ့ကလေးတစ်လုံးပါကလား . . . ချစ်စရာ။

ခင်ကြွေမြင့်၏ လှတစ်မျက်နှာကို သည်မှဲ့နက်ကလေးက ပို၍ ထင်ရှားစေသည်ဟု အမှန်ထင်သည်။ စေ့စေ့ကြည့်ပြန်တော့လည်း ရွံ့မုန်းရက်စရာမရှိ။ အသိနုနယ်သော ကလေးငယ်ပမာ ကြင်နာဖွယ်ပါကလား။

ဩော် . . . သည်လိုနှင့် စတင်ဆုံစည်းခဲ့ရသော ခင်ကြွေမြင့်၊ သည်လိုနှင့် ကျွမ်းဝင်ရင်းနှီးခဲ့ရသော တစ်ခါတုန်းက ကြွေ။

# အခန်း (၅)

“ခင်ကြွေမြင့်တဲ့လား မမွန်ရယ်။ ခုတော့လည်း ခရေ ခေါ် နုနုကြွေတဲ့။ ပြောစမ်းပါဦးဗျာ။ ဘယ်လို ဖြစ်ရတယ်ဆိုတာကို”

အမွန်သည် ပိုးဝါးပြာဝေနေသော မျက်လုံးများ ကို မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း ယခုမှ အသက် ဝင်လာသော ယမနေရုပ်တုလို ဘေးပတ်ဝန်းကျင်ကို အရေး တကြီး လှည့်ပတ်ကြည့်မိသည်။

တရားရုံးခန်းမသည် လူရှင်းလျက်ရှိပြီ။ နာယကကြီးနှင့် အဖွဲ့ဝင်ဦးခွာလိန်တို့ပင် မရှိကြတော့။ တရားသူကြီးစားပွဲပေါ်တွင် ခေါင်းပေါင်းသေတ္တာသုံးခုသာ တန်းစီလျက် ကျန်ရစ်သည်။

ကိုခင်ဇော်ဦးကို ပြန်ကြည့်လိုက်တော့ တိုက်ပုံအင်္ကျီကို ချွတ်ကာ သူ့ကုလားထိုင် နောက်မှီတွင် ချိတ်ရင်းထွက်သက်ကို တဝူးဝူးမှုတ်ထုတ်နေသည်။ အမွန်သည် ချွေးဖြင့် ရွှဲနစ်နေသော မိမိကိုယ်ကို ခုမှပင် သတိရလာ၏ ။ အပေါ်အင်္ကျီအနက်မှာ လှိုင်းကြီးကို ချုပ်မိ၍ တော် တော့သည်။ အမျိုး သားတွေ လို တက်ထရပ်တို့၊ ဖော့စောင်းတို့များ ချုပ်မိလျှင် မွန်းကျပ်၍ အသက်မြန်မြန် ထွက်ရလိမ့်မည် ထင်၏ ။

"လေပိတ်လိုက်တာနော်။ မွန်းကျပ်ပြီး မူးနောက်လာတာပဲ"

"အေးဗျ။ ဒါပေမဲ့ ခုန ခရေ ခေါ် နုနုကြွေ မူးလဲသွားတာ ကတော့ လေပိတ်လို့ ဟုတ်မယ်မထင်ဘူး နော်"

"ဪ . . . ကိုခင်ဇော်ဦးရယ် . . .

ရှင်ကလည်း”

အမွန့်လေသံက
စိတ်မရှည်ဟန်ပေါက်နေသည်။ အပေါ်အင်္ကျီကို
သပ်သပ်ရပ်ရပ် ခေါက်လိုက်ပြီး ရှေ့စားပွဲပေါ်မှ ခုထိ
မသိမ်းဆည်းရသေးသော စာရွက်စာတမ်းများ ကို
တစ်ခုချင်း ကောက်သိမ်းနေ၏ ။

“သခွတ်ပင်က မီးတကျည်ကျည်လို့တော့
မအောက်မေ့နဲ့ဗျာ။ ကျွန်တော် စိတ်ဝင်စားနေလို့ပါ။ ခုန
အမျိုး သမီးက မမွန်နဲ့ ဆွေမျိုး တော် သလား”

“ဘာမှတော့ မတော် ဘူးပေါ့
ကိုခင်ဇော်ဦးရယ်။ ဒါပေမဲ့ သူငယ်ချင်း အဲ . . .
သူငယ်ချင်းလို့လည်း မဆိုနိုင်ဘူးလေ။ ပါတနာပေါ့။
ဘယ်လိုပြောရမလဲ။ ရင်းရင်းနှီးနှီးကို တွဲ ခဲ့ဖူးတယ်။
ဟိုပရိုက်ဗိတ်ဘော်ဒါ တစ်ခုမှာ အတူတူနေခဲ့ဖူးတဲ့

အခန်းဖော်ပါတနာပေါ့”

“ဟုတ်လား။ ဒါဖြင့် နှမြောစရာဗျာ။ အင်းလေ . . . ဒါကြောင့် လည်း ခင်ဗျားကို မမျှော်လင့်ဘဲ ဖြုန်း ခနဲပြန်တွေ့လိုက်ရတော့ သိပ်စိတ်ထိခိုက်သွားတာပေါ့”

အမွှန်က အကျီ ခေါက်ကို လက်ကိုင်အိတ်ထဲ ထည့်နေရာမှ ကိုခင်ဇော်ဦးမျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

“ဒါ ကတော့ ရှင်မှား ပြီ ကိုခင်ဇော်ဦး။ ကြွေက စိတ်ထိခိုက်တတ်တဲ့ မိန်းကလေးမဟုတ်ဘူး”

“ဗျာ . . .”

“မူးလဲကျသွားအောင် ဖြစ်ရတဲ့အ ဖြစ်က စိတ်ထိခိုက်လို့ မဟုတ်ဘူးရှင့်။ မာနကို ထိခိုက်တာ”

“မာန . . .”

အမွန်က လက်ကိုင်အိတ်ကို ဖျောက်ခနဲပိတ်ကာ စားပွဲပေါ် ခပ်ရွရွတင်ထားလိုက်သည်။

"ဟုတ်တယ်ရှင့်။ မာန။ လူတိုင်းမှာ မာနရှိတာပဲလေ။ ကြွေလိုမိန်းကလေးမှာ ကော မာနမရှိထိုက် ဘူးလို့ ရှင်ထင်သလား"

"အာ . . . မထင်ပါဘူးဗျ။ ကျွန်တော် စဉ်းစားနေတာပါ။ ဟုတ်ပါတယ်။ ငယ်သူငယ်ချင်း အထူးသ ဖြင့် ဘဝတူမိန်းမသားချင်း မတန်တဆကွာဟနေတဲ့ အခြေအနေမျိုး နဲ့ ရုတ်ခြည်းရင်ဆိုင်လိုက်ရတော့ ဒီလို ဖြစ်ရမှာ ပဲ"

"အမွန် သူနဲ့တွေ့ချင်တယ်။ လာမယ့်ရုံးချိန်း မတိုင်ခင်အတွင်းမှာ ပဲ ကြွေနဲ့ တွေ့ ဖြစ်အောင် သွားတွေ့ဦးမှာ ပါလေ"

အမွန်က ကုလားထိုင်တွင် ကိုယ်ကို ခပ်လျော့လျော့မှီချလိုက်ကာ သူ့ဘာသာသူအသံထွက် စဉ်းစားခန်းဖွင့်သလို လျှောက်ပြောနေမိသည်။

"ခင်ဗျားရဲ့ ကြွေက ဘယ်မှာ နေတယ်ဆိုတာကော ခင်ဗျားသိထားလို့လား"

ကိုခင်ဇော်ဦးက ဆေးပေါ့လိပ်ကို နှုတ်ခမ်းတွင် တပ်ကာ နောက်မှီတွင် ချိတ်ထားသော တိုက်ပုံ အင်္ကျီအိတ်ထဲမှ မီးခြစ်စမ်းနှိုက်ရင်း မေးလိုက်၏။

"သူ့လိပ်စာရှိနေတာပဲဟာ။ ကုန်သည်လမ်း အမှတ်ဘယ်လောက်ဆိုလဲ။ သမ္မန်စာတောင် ထုတ် သေးတယ်"

ကိုခင်ဇော်ဦးက အမွန့်မျက်နှာကို ခပ်စွေစွေကြည့်ရင်း ခေါင်းတဆတ်ဆတ်

ညိတ်နေသည်။

"ဒီကိုပေးတဲ့ လိပ်စာတွေ ကိုများ အမှန်လို့ ခင်ဗျားယုံသလား မမွန်ရယ်။ ဒီလိပ်စာအတိုင်း သူတို့ တကယ်နေတာ မဟုတ်နိုင်ပါဘူး။ အဲ . . . သူတို့ကို ဆက်သွယ်နိုင်တဲ့လိပ်စာတော့ ဖြစ်ကောင်း ဖြစ်မပေါ့ လေ။ ဒါပေမဲ့ မိန်းမကောင်း တစ်ယောက် မသွားအပ်တဲ့နေရာမျိုး ဖြစ်နေတော့ကော။ ခင်ဗျား စဉ်းစဉ်းစား စား လုပ်ပေါ့ဗျာ"

အမွန်သည် ခပ်တွေ တွေ စိုက်ရင်း အကြာကြီးတိတ်ဆိတ်နေမိတော့၏ ။ ကိုခင်ဇော်ဦးစကားများ ကို တစ်စစ သဘောပေါက်လာသည်။

"ဘာပဲ ဖြစ် ဖြစ် သူနဲ့တော့ တွေ .မှ ဖြစ်မယ် ကိုခင်ဇော်ဦးရယ်။ သူ အမွန့်ကို

လန့်နေပုံရတယ်။ ပြီး တော့ အခုလိုအချိန်မျိုး မှာ သူ့ကို အမွှန်ပစ်ထားသလို မ ဖြစ်စေချင်ဘူး"

"ခင်ဗျားသဘောတူရင် ခင်ဗျားရဲ့ ကြွေကို ကျွန်တော် တွေ့အောင် ရှာပေးပါ့မယ်ဗျာ။ ခင်ဗျားကိုယ်တိုင်တော့ လိုက်မရှာလိုက်ပါနဲ့"

ဟင် . . . တကယ်လား ကိုခင်ဇော်ဦး။ ကြွေကို တကယ်ရှာပေးနိုင်မလားဟင်"

အမွှန်၏ ရီဝေညို့ ဆိုင်းနေသော မျက်လုံးများ ရုတ်ခြည်းတလက်လက် တောက်လာသည်။ စောစောက စိတ်မပါ့တပါ စကားပြောနေသော အမွှန့် အမူအရာမှာ သိသိသာသာ အသက်ဝင်ပြောင်းလဲလာ ၏ ။

"အမွှန်လေ သူ့ဘဝကို နားလည်အောင် ကြို : စားကြည့်ချင်ပါတယ်။ ကြွေကသာ စိတ်တူမယ်ဆိုရင်

ကြွေ့ကို အမွှန် စောင့်ရှောက်ချင်ပါရဲ့ ”

ယမ်းမီးခြစ်ခတ်သံ ထွက်လာသည်။ ကိုခင်ဇော်ဦးသည် ဆေးပေါ့လိပ်ကို မီးညှိရင်း အမွှန့်ကို မျက်လွှာပင့်ကြည့်နေ၏ ။

အားတက်သရော စကားဆိုနေသည့် မိန်းကလေး။ ရဲရင့်ပွင့်လင်းလှသည့် မိန်းကလေး။ သို့သော် ကိုခင်ဇော်ဦး စိတ်ထဲမှာ တော့ ကလေးသာသာမျှပင် မြင်လျက်ရှိသည်။ “ကြွေ့ကို အမွှန် စောင့်ရှောက်ချင် ပါရဲ့ ” ဆိုသည့်စကားမျိုး ကို ကြီးကျယ်လှသည်ထင်၏ ။

“အမွှန့်ကိုတော့ ဘယ်သူစောင့်ရှောက်ပါ့မလဲ” လို့ မေးလိုက်ချင်သော လည်း မရွှေစင်မွှန်က မာန ရှင်မို့ မခံချင် ဖြစ်တော့မည် ကို သိနှင့် ကာ ရန်မစလိုပါပြီ။

"ကြွေ့ကို အမွှန် စောင့်ရှောက်နိုင်ရင် ကောင်းတာပေါ့ဗျာ။ ကြီးမြတ်တဲ့ ကောင်းမှု ကုသိုလ်ပြု ခြင်း တစ်ရပ်ပါပဲ။ သာဓုခေါ်မယ့်အစား တတ်အားသလောက် ပါဝင်ကူညီစမ်းပါရစေ"

"လုပ်စမ်းပါ ကိုခင်ဇော်ဦးရယ်။ ရဲကတစ်ဆင့် လိုက်ယူရင် ဘယ်နေတယ်ဆိုတာတော့ သိရမယ် ထင်ပါရဲ့ နော်"

"ကျွန်တော့်နည်း၊ ကျွန်တော့ဟန်နဲ့ ကျွန်တော် ပေါ့ဗျာ။ ခင်ဗျားရဲ့ ကြွေနဲ့ တွေ့ရမယ်ဆိုရင် ပြီးရောပေါ့။ နာမည် ကြီးတွေ နဲ့ တူပါတယ်။ "နုနုကြွေ" တဲ့၊ "ခရေ" တဲ့။ ပြီးတော့ ဟို တစ်ယောက် ကလည်း နာမည် အပျံစား "သီတာစိမ့်" တဲ့"

"ဟေး . . . ဘယ်လိုလဲဗျ ကိုခင်ဇော်ဦးရ။ ခရေတဲ့။ သီတာစိမ့်တဲ့။ အဟဲ့ . . . နာမည် တွေ တောင်

အလွတ်ကျက်နေပြီလား”

လာပြီ။

သာသနာဖျက် လာချေပြီ။

သည်ကျော်စိုး၏ နှုတ်ဖျားတွင်
မာရ်နတ်သည် အစဉ်အမြဲ စီးနေသည် ထင်၏ ။

“အလွတ်ကျက်စရာ မလိုပါဘူးဗျာ။ ဒီနာမည်
မျိုး တွေ က တစ်ခါကြားဖူးရုံနဲ့ နားထဲစွဲသွားမယ့် နာမည်
မျိုး တွေ မဟုတ်ဘူးလား”

ကိုခင်ဇော်ဦး ကတော့ အမွန့်ထက်
စိတ်ရှည်သည်။ အလိုက်အထိုက်အဆင်ပြေအောင်
လက်ခံနိုင် သည်။ အလိုက်မသိတတ်သူကို ရောင်
တက်အောင် အားပေးသလိုလည်း ဖြစ်နေ၏ ။

ခုလည်း ကြည့်။

ကျော်စိုးက ကိုခင်ဇော်ဦးနှင့် အမွန်တို့ နှစ်ယောက် ကြားမှာ စားပွဲကို လက်ထောက်၍ ရပ်လာသည်။ တောင်စဉ်ရေမရ မည် မျှ စကားတန်ရှည်ဦးမည် မသိ။

"ဒါဖြင့် ခင်ဗျား စွဲနေပြီပေါ့"

ကြည့်မရလိုက်သည့် မျက်နှာ၊ ပြုံး စပ်စပ်၊ ပြောင်ချော်ချော်နှင့် အို . . . မုန်းလိုက်တာ။

"ဆိုပါတော့"

"အလကားဟာတွေ ဗျာ"

"ခင်ဗျား အလကားရဖူးလို့လား"

ကိုခင်ဇော်ဦး၏ မေးခွန်းကို အမွန်က အဓိပ္ပာယ်တစ်မျိုး ပေါက်သွား၏ ။ ကျော်စိုးကို လုံးဝအဖက် မလုပ်လိုတော့သည့်ကြားက မနေနိုင် မထိုင်နိုင် တစ်ခွန်း ဝင်ပြောလိုက်မိသည်။

“ကိုကျော်စိုး ကတော့ အလကားရမှာ
ပေါ့ရှင်။ ဆက်ကြေးပေးရမယ့် ပုဂ္ဂိုလ်ကြီးကို”

“ပြောရော့မယ်ဗျာ။ မမွန် ကတော့”

တခြားလူဆိုလျှင်တော့ ဘယ်နည်းနှင့် မျှ သည်းခံနိုင်လိမ့်မည် မဟုတ်။ သိက္ခာကို ချိုး ချိုး ဖွဲ့ဖွဲ့ ထိပါး ပြောလိုက်သည့်စကားမို့ အနည်းဆုံးပက်ပက်စက်စက်တော့ ပြန်တွယ်လိမ့်မည် သာ။

သည်ကျော်စိုး ကတော့ နာရကောင်းမှန်းမသိ။ သူ့ကိုမြှောက်စား၍ ပြောလိုက်သည်လို့ပင် ထင်ဟန် ရှိသည်။ တဟဲဟဲ အရယ်မပျက်။

“ဟဲ . . . ဟဲ . . . တကယ်ပြောတာပါဗျာ။ ကျွန်တော် ကောင်းကောင်း သိတာပေါ့။ အလကား . . .

ဆူးလေဘက်က ကြက်နာတွေ ”

“ဘာ . . . ဆူးလေက”

ဆေးပေါ့လိပ်ကိုက်ထားသော ကိုခင်ဇော်ဦးက သွားကြိတ်သံနှင့် ပြန်၍ မေးလိုက်သည်။

“အင်းလေဗျာ။ ခရေတို့၊ သီတာစိမ့်တို့ဆိုတာ ဆူးလေကြက်တွေ ပေါ့ဗျာ။ နာမည် ကြီးတွေ ။ ဈေးက လည်း ခေါင်ခိုက်နေတာပဲ။ အဲဒီ မတန်တဆဈေးကို အထင်ကြီးပြီး သွားတော့မဆွဲလိုက်နဲ့။ ဆူးလေကြက် ဆိုရင် ကြက်ပုပ်ကြက်နာချည်းပဲ။ တစ်ခါတည်း ကြက်တက်စူးသွားမယ်”

အမွှန်သည် ပါးပြင်များ ပူနွေးကာ မျက်နှာတစ်ခုလုံး ထူအမ်းလာသည်ထင်၏ ။ သူစိမ်းယောကျ်ား များ ရှေ့တွင်

ဤမျှရှန့်ရင်းကြမ်းတမ်းသော စကားမျိုး ကို မကြားစဖူး ကြားလိုက်ရ၍ အတော် ကြီး အနေရ ကျပ်လာသည်။ ရုတ်ခြည်းထသွားရမည် ကလည်း အခက်။ မသိဟန်ဆောင်၍ ဆက်ထိုင်နေရမှာ ကလည်း မလွယ်။

ကျော်စိုးဆိုသည်က အလိုက်မသိသား ဆိုးရမည် ဆိုလျှင် ဘယ်သူ့မျက်နှာရိပ်၊ မျက်နှာကဲကိုမျှ မမြင်။ သူ ပြောချင်ရာကို မပြီးမချင်းစွတ်ရွတ်ပြောမည့် လူစားတည်း။

"အဲ . . . ခရေဆိုတာ ကတော့ ဆူးလေပန်းခြံထောင့်က ခရေပင်တန်းအောက်မှာ တွေ့တွေ့နေ တာ မကြာသေးဘူးဗျ။ ဘယ့်နှယ့်က ဘယ့်နှယ် ဒီလောက်မြန်မြန်ဆန်ဆန်ကြီး မြို့ပြင်ဘက် ရောက်လာ ရတယ်မသိဘူး။ ကြွက် ကတော့ ကြွက်နှာပါ။ ဆူးလေမှာ ကြိုက်ဈေးမရတော့လို့ ဒီဘက်ရောက်လာတာ။ အန်တီမေ့ဆီမှာ တော့

နိုင်ငံခြားသင်္ဘောသားတို့

ကျွမ်းကျင်မှုလုညာခရီးသည်တို့အတွက် စီမံစံတင်ထားသော

ပစ္စည်း ဖြစ်နေတာပေါ့ ဟားဟား . . . နောက်တော့သာ

ကြက်တက်စူးလို့ သေချင်သေ။ ဘယ်ဘက်ကစူးစူး၊

ညာဘက်ကစူးစူး ဟားဟား”

“တော် ပါတော့ရှင်။ ရှင့်အမေက

မွေးထားတာ မဟုတ်တိုင်း နမချင်းမစာ”

“ဟာ . . . စာပါတယ်ဗျာ။

ဘယ့်နှယ့်ပြောပါလိမ့်။ နမချင်းစာပါပြီလား။ ကျွန်တော်

က တစ်ဖက် သတ်ချိုး ချိုး ဖွဲဖွဲနှိမ့်ချပြီး

ပုတ်ခတ်နေတာမဟုတ်ပါဘူးဗျ။ ရင်းနှီးတဲ့

အပေါင်းအသင်းတွေ မို့ပွင့်ပွင့်လင်းလင်း

ပြောပြတာပါ။ ကြက် ဖြစ်ရတယ်ရယ်လို့

မတရားအထင်အမြင် မသေးပါဘူး။ ဒါ

ကိုလိုနီနယ်ချဲ့စနစ်နဲ့ အရှင်းရှင်ပါလီမန်စနစ်ရဲ့

အမွေဆိုးတွေ ဆိုတာ ကျွန်တော် ခံယူပြီးသားပါ။ ဒါကို ကျွန်တော် တို့ လူမှု တော် လှန်ရေး တိုက်ပွဲ မပြီးဆုံးခင်ကာလ ဆိုရှယ်လစ်လူ့ဘောင်သစ်ကို တက်လှမ်းဖို့ လှေကားထစ်ကို တစ်ရစ် ပြီးတစ်ရစ် အုတ်မြစ်ချဆဲကာလမှာ အတတ်နိုင်ဆုံး . . .”

“တော် ပါတော့ ကိုကျော်စိုးရယ်။ စိတ်ရှုပ်ရတဲ့အထဲမှာ ”

အမွန်က စိတ်ပေါက်ပေါက်နှင့် အားမနာပါးမနာပင် စကားကို အတင်းဝင်ဖြတ်ပစ်လိုက်မိသည်။

“တော် ပါပြီတဲ့ဗျာ။ တော် ပါပြီတဲ့။ ပညာရှိ အကျိုး ဆောင်ကြီးကို တရားမဟောဝံ့ပါဘူး။ သဘော ပြောပြတာ။ ကဲ . . . သွားလိုက်ပါဦးမယ်ဗျာ။ သမဝါယမဆိုင် နေ့လယ်ပိုင်း ပြန်ဖွင့်လောက်ပြီ။

ဥက္ကဋ္ဌကြီး ဖို့ ဒူးယားနှစ် တောင့်လောက်
သွားဆွဲမလို့ဟာ။ ခင်ဗျားတို့နဲ့ ဝင်အာရိုက်နေတာ။
အာလူးများ သွားပြီ။ သွား မဖျို့ ကိုခင်ဇော်ဦး"

"ကောင်းပါပြီဗျား"

အမွှန်က ပင့်သက်ကို
တဝကြီးရှိုက်ချလိုက်မိလေသည်။ ကိုခင်ဇော်ဦးက
နှုတ်ခမ်းတွန့်သည်ဆိုရုံ မျှမသိမသာကလေးပြုံး ကာ
မီးငြိမ်းသွားသော သူ့ဆေးပေ့ါလိပ်ကို
ပြန်မီးညှိနေသည်။

ကပ်လျက်တစ်ဖက်ခန်းမှ အသံဗလံများ
အုန်းအုန်းကျွတ်ကျွတ် လျှံထွက်လာ၏ ။

"ဟော . . . အချုပ်တွေ တောင်
ရောက်လာကြပါပကော။ ကြည့်စမ်း။
ကျွန်မတို့နေ့လယ်စာတောင် မစား ဖြစ်သေးဘူး"

အမွန်က လက်ပတ်နာရီကို မြှောက်ကြည့်ရင်း အထိတ်တလန့် အမူအရာဖြင့် ပြောလိုက်သည်။

အချုပ်ခန်းမှ သံကြိုး လှုပ်သံ၊ လက်ထိပ်သံကွင်းချင်း ရိုက်ခတ်သံ၊ ဖြောက်ခနဲ၊ ဖြောက်ခနဲ လက် ထိပ်သော့ဖွင့်သံ၊ စကားဆူညံပြောဆိုသံများ ၊ တစစကျယ်လာ၏ ။

"ရုံးပြန်ထိုင်ရဦးမှာ လေ ကိုခင်ဇော်ဦးရဲ့ ။ အချိန်ရတုန်း ဗိုက်ဖြည့်ထားဦးမှ။ လာ . . ."

အမွန်က ပြောပြောဆိုဆို စားပွဲပေါ်မှ လက်ပွေ့အိတ်၊ ဖိုင်တွဲ နှင့် မှတ်တမ်းစာအုပ်စသည့် အဆောင်အယောင်ရှိရှိသမျှကို တစ်ခုပြီး တစ်ခုကောက်ယူလိုက်သည်။ ကိုခင်ဇော်ဦးက နေရာမှ မရွေ့။

“သွားတော့ မမွန်။ ကျွန်တော် တော့ ဆေးလိပ်ပဲထိုင်ဖွာနေတော့မယ်”

“ဟင် . . . ဘာမှ မစားတော့ဘူးလားလို့”

အမွန်သည် တရင်းတနှီး မပြောစဖူး လွှတ်ခနဲ ပြောလိုက်မိပြီးမှ မလုံမလဲ ဖြစ်နေ၏ ။ နောင်တရ သည်ဟုတော့ မဆိုချင်။ ကိုခင်ဇော်ဦးနှင့် ယခင်ကထက် ပို၍ ရင်းနှီးလာပြီပင်။

လုပ်ဖော်ကိုင်ဖက်အ ဖြစ်သာမက စကားပြောဖက်၊ တိုင်ပင်ဖက်၊ တိုင်ပင်ဖက်အဆင့်သို့ ပင် ရောက် ခဲ့ပြီ။ သည်တော့ တစ်ယောက်နှင့် တစ်ယောက် သိသင့်သိထိုက်သော ၊ ပါဝင်စွက်ဖက်ထိုက်သော ကိုယ် ရေး ကိုယ်တာကိစ္စကလေးများ မှချရှိလာရမည် ပင်။

အမွန်သည် ကိုယ့်အတွေ းအခေါ်နှင့် ကိုယ်

ရဲရင့်လာ၏ ။

"ထမင်းဘူး မပါဘူးလားဟင်"

ပွင့်ပွင့်လင်းလင်းပင် မေးလိုက်သည်။

ကိုခင်ဇော်ဦးမှာ ရန်ကုန်တွင် တစ်ကိုယ်တော် ၊ တစ်ကောင်ကြွက်ဟု အမွှန်သိခဲ့ရဖူး၏ ။ ပွင့်ဖြူဇာတိ ဖြစ်၍ မိဘရှိမရှိတော့ အမွှန် မသိရပေ။ အမွှန်နှင့် တစ်ရပ်ကွက်တည်း တစ်လမ်းကျော်မှာ သူငယ်ချင်း လေးငါးယောက် စု၍ အိမ်ငှားနေကြသည်ဆိုသည်။

"ကျွန်တော် တို့ နေကြတာက ကွန်မြူနိသဘောမျိုး ပေါ့ဗျာ။ သူ့ဟာ ငါ့ဟာ မခွဲဘူး။ အားလုံးစုပေါင်း ပြီး လုပ်ကြကိုင်ကြ၊ ဝတ်ကြစားကြတာပဲ။ ဘယ်သူ့ရှာလို့ရလာတဲ့ ပစ္စည်း ဖြစ် ဖြစ် အားလုံးနဲ့ ဆိုင်တယ်။ ပျော်စရာကြီးဗျ၊

ကျွန်တော် တို့ကျင့်သုံးနေတဲ့ ကွန်မြွန်းစနစ်မျိုး လူထုကြားကို ပြန့်ပွားလာရင် သိပ်ကောင်း မယ်"

တစ်ချိန်က ကိုခင်ဇော်ဦး ပြောပြခဲ့ဖူးသည့် စကားတို့ကို အမှန်ပြန်လည်စဉ်းစားနေမိ၏ ။

"ကွန်မြွန်း" တဲ့။

ခေတ်ပေါ်ဝေါဟာရလည်း မဟုတ်။ ရေပန်းစားနေသော စကားလုံးလည်း မဟုတ်ပါဘဲ။ သူမို့ မြိန် ရေရှက်ရေ ဂုဏ်ယူပြောတတ်ပေသည်။

အမှန်က မှတ်ဉာဏ်နံ့နဲ့သူမဟုတ်၍ သာ စာအုပ်တချို့မှ ရှားတောင့်ရှားပါး ဖတ်ခဲ့ဖူးသည့် ယင်းစကားလုံးကို လွယ်လင့်တကူ သဘောပေါက်နိုင်ခြင်း ဖြစ်သည်။

သို့တိုင် ကွန်မြွန်းဆိုသည်ကို ဘုံရိပ်သာခေါ်ရမလား၊ စုပေါင်းရိပ်သာခေါ်ရမလား။

ဘယ်စကားလုံး က ပို၍ ရိုးသားမည် လဲ။

ကိုခင်ဇော်ဦးကို တစ်ခါတစ်ရံ ခြေဖနောင့်မလုံသော ဖိနပ်၊ ဝန်ကြီးအင်္ကျီလို သိသိသာသာ ရှည်ပွ လွန်းသော တိုက်ပုံစသည်တို့နှင့် သတိထားမိလောက်အောင် အမြင်မတော် တွေ့ရဖူးသည်မို့ သူ့ "ကွန်မြူနစ်" ကို ပို၍ သဘောပေါက်ရသည်။

တစ်ယောက် အဝတ် တစ်ယောက် ဝတ်၍၊ တစ်ယောက် ပစ္စည်း တစ်ယောက် သုံးကာ သူ့ဟာ၊ ငါ့ဟာ မခွဲခြားသော စနစ်ပါကလား။ တစ်ယောက် မှာ ရှိလျှင် အားလုံး စုပေါင်းစားနိုင်ကြပြီး တစ်ယောက် မှာ မှ မရှိ လျှင် အားလုံး စုပေါင်းစားနိုင်ကြပြီး တစ်ယောက် မှာ မှ မရှိလျှင်လည်း အားလုံးဗိုက်မှော က်ကာ ရေအဝ သောက်ပြီး ပျော်ပျော်အိပ်နိုင်သည့် လူတွေ ပါကလား။

ဟိုတုန်းက သဘောမကျတကျနဲ့ အောချကာ ဘာသိဘာသာ နေလာခဲ့သော်လည်း ယခုတော့ အမွှန် မေးချင်၊ ပြောချင်မိသည်။

"ထမင်းဘူး မပါခဲ့ဘူးလားဟင်"

ကိုခင်ဇော်ဦးက ဆေးလိပ်ကို နှုတ်ခမ်းမှ ကပျာကယာ ချွတ်ကာ ခေါင်းခါရင်း . . .

"နံနက်က အပြီးစားလာခဲ့တယ်ဗျ"

"ဟင် . . . ဒါဖြင့် ဆာမှာ ပေါ့။ လက်ဖက်ရည် ဆင်းသောက်လို့ကော ဘာအရာရောက်မှာ လဲ"

"လက်ဖက်ရည်လည်း မသောက်တတ်ပါဘူးဗျာ။ ကျွန်တော် အကျင့် မလုပ်ပါဘူး။ ရပါတယ်။ သုံး နာရီဆို ပြန်ထမင်းစားရတော့မှာ ပဲ။ ကျွန်တော် နေနေကျပါ။

မဆာပါဘူး။ နေ့လယ်နေ့ခင်းဆို ဆေးလိပ်ဖွာ တတ်တယ်”

“မဟုတ်သေးပါဘူးရှင်”

“ဟုတ်ပါတယ်ဗျာ”

မရယ်စဖူး နှစ် ယောက် စလုံး ပြုံ ငတ္တူရယ်လိုက်မိကြသည်။ နှစ် ယောက် စလုံး ပိုမိုပွင့်လင်းလာကြ၏ ။

အမွန်သည် တစ်စုံတစ်ရာကို ရုတ်ခြည်းဆုံးဖြတ်လိုက်ကာ ကိုခင်ဇော်ဦးနှင့် အချေအတင် ပြော မနေတော့ဘဲ နေရာမှ လှည့်ထွက်လာခဲ့တော့သည်။ ပင့်သက်မှုဉ်းမှုဉ်းသည် အမွန်နှင့် အတူ ကပ်လျက်ပါ လာ၏ ။

တဖြည်းဖြည်းတော့ ကိုခင်ဇော်ဦးကို အနေအစားနှင့် ပတ်သက်ပြီး သတိပေးဦးမှဟု အမွန်

ဆုံးဖြတ်လိုက်သည်။ အိမ်ဖွဲ့နေသော ပင့်ကူတစ်ကောင်က အမွှန့်မျက်နှာပေါ် ဖုတ်ခနဲ ပြုတ်ကျလာလေ ရာ ရင်ထဲမှာ အေးခနဲ ခံစားလိုက်ရလေသည်။

## အခန်း (၆)

အမွန်သည် လက်ဖက်သုပ်ပန်းကန်ကို စားပွဲပေါ်ချရင်း နာရီကို လှမ်းကြည့်လိုက်၏ ။

ဆယ်နာရီခွဲ။

တစ်ဖက်ခန်းမှ အိမ်ရှင်အဘိုးကြီး၊ အဘွားကြီးနှစ် ယောက် ပင် အိပ်မောကျလောက်ပြီ။ မီးပိတ်၍ တိတ်ဆိတ်ငြိမ်သက်နေသည်မှာ ကြာလှပြီ။ အဘိုးကြီးက သူ၏ ရေဒီယိုပြင်သည့်လုပ်ငန်းကို ညနေခြောက် နာရီဆိုလျှင် အပြီးသတ် အလုပ်သိမ်းစမြဲ။

အမွန်သည် ကုလားထိုင်ကို အသံမကြားရအောင် ညင်ညင်သာသာတွန်းရွှေ့ကာ စာရေး စားပွဲမှာ ဝင်ထိုင်လိုက်သည်။

နံနက်တွင် အလွဲသုံးစားမှု တစ်ခုနှင့် ပတ်သက်၍ လျှောက်လဲချက်ပေးစရာရှိသည်မို့

ဗဟိုတရားရုံး မှ စီရင်ချက်တချို့ ကို
ကိုးကားရန်ရှာဖွေဖတ်ရှုနေရသည်။ မိန့်ခွန်းတချို့
ကိုလည်း ဖတ်ထားဖို့လိုသည်။ တရားဝင်ကိုးကား၍
မရသည့်တိုင် ညွှန်းဆိုချက်အ ဖြစ်
ထည့်သွင်းလျှောက်လဲနိုင်သည်။

အမွှန်သည် မင်နီ၊ မင်ပြာဖြင့်
မှတ်စုထုတ်နေရင်း ကနေ့ည အလုပ်မတွင် လှသည်ကို
သူ့ဘာသာ သတိထားမိနေ၏ ။

အလုပ်လုပ်နေရင်း သူ့မှာ
မီးခိုးကြွက်လျှောက် စိတ်ကူး ဟိုသည်ရောက်နေသည်။

ပုစွန်ခြောက်၊ ကြက်သွန်ကြော်နိုင်နိုင်နှင့်
သုပ်ထားသော လက်ဖက်သုပ်ပန်းကန်ကို ကြည့်ကာ
ကိုခင်ဇော်ဦး တစ်ယောက် အနေအစား ဂရုမစိုက်ပုံကို
သတိရနေသည်။

မိမိဘော်ဒါဘဝတုန်းကလည်း
ဖြစ်သလိုနေစားခဲ့ရသည်ကို ပြန်သတိရမိပြန်တော့
ကြွေ့အကြောင်း က အလိုလို ခေါင်းထဲဝင်လာပြန်၏ ။

တွေ့စက စိတ်သဘောထားချင်း
မတိုက်ဆိုင်လှသည်မို့ စိတ်အချဉ်ပေါက်ဖူးသော် လည်း
နောက် တော့ ကြွေနှင့် အမွန်သည် ဘော်ဒါမှာ တတွဲ တွဲ
ဖြစ်လာ၏ ။

အမိက အကြောင်းရင်းမှာ တော့
အပြင်ထွက်စရာ လမ်းပေါက်လမ်းစများ သူချင်းမို့ပင်
ဖြစ်လိမ့်မည် ထင်သည်။ မိုးမလင်းခင်က
အိပ်ရာကထကာ ရေချိုး ခန်းကို သူများ
တကာထက်ဦးအောင် နေရာယူတတ်ပုံ
ချင်းလည်းတူသည်။ မိုးလင်းသည်နှင့် အပြင်ထွက်ရန်
အသင့် ဖြစ်နေတတ်ကာ မိုးချုပ်နေဝင်မှ သူတကာ
စူးစမ်းသည့် မျက်လုံးများ ကို မျက်နှာပြောင်တိုက်ကာ

ခပ်တင်းတင်း အခန်းတံခါးသော့ဖွင့် ဝင်တတ်ပုံချင်း လည်းတူသည်။

သို့သော် အပြင်ထွက်သည့် အကြောင်းရင်းကိစ္စရပ်ချင်း ခြားနားကြသည်ကိုတော့ အမွန်ရော၊ ကြွေပါ အကွယ်အဝှက်မရှိ သိထားကြလေသည်။

အမွန် အပြင်ထွက်သည်ဆိုသည်ကား သနပ်ခါးနံ့သာ မတင်အားသော အဆီပြန်ပြန် မျက်နှာပြောင်ပြောင်ကလေးနှင့် တစ်ကိုယ်လုံးကို သန့်ရှင်းသပ်ရပ်သည်လို့ ပြောနိုင်ရုံမျှ ဝတ်စားဆင်ပြင်ကာ ဘတ်(စ်)ကားအတန်တန်ကို အပြေးအလွှား အဆင်းအတက်လုပ်ရခြင်းတည်း။

ကြွေကတော့ လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးကို ကြွေရုပ်ကလေးလို ရှနေအောင် မှု

န်းပြီးမှ အပြင်ထွက်တတ်သူ ဖြစ်လေသည်။ ပြီးတော့ ကြွေက ဘတ်(စ်)ကား မစီးတတ်ဖူးဟုဆိုသည်။ ဘတ်(စ်) ကားမစီးတတ်ဖူးဆိုသည်မှာ ဘယ်မှတ်တိုင်တွင် ဘယ်ကားရပ်၍ ဘယ်ခရီးကို ဘယ်ကားစီးရသည် မသိ ခြင်းပေလား။ လူမျိုးတစ်ရာ့တစ်ပါးနှင့် တွန်းတိုက်တိုးဝှေ့ကာ အရောရောအနှောနှော မညပ်တပ်တာကို ဆိုလိုသလားမသိနိုင်။

ဘာပဲ ဖြစ် ဖြစ် ကြွေ့မှာ ကိုယ်ပိုင်ကားနှင့် ခေါ်ချင်သူတွေ တန်းစီလျက်ရှိသည်ကိုတော့ ဘော်ဒါဆောင်မှာ တစ်လမျှအတူနေရုံနှင့် အမွှန်နားလည်လိုက်ရလေသည်။

ကြွေသည် အခြေခံပညာရေး အထက်တန်းပင် မအောင်သေးသူ ဖြစ်သော် လည်း တက္ကသိုလ် ကျောင်းသူ အမွှန်ထက်ပို၍

နဲ့စပ်လည်ပတ်သည်။

တက္ကသိုလ်တွင် အမွှန် တစ်ခါမျှ ခြေဦးမလှည့်နိုင်အားသော ပွဲလမ်းသဘင်မှန်သမျှကို ကြွေရောက် ခဲ့သည်ချည်း။

ပြပွဲ၊ ပြိုင်ပွဲ၊ မိတ်ဆုံပွဲ၊ နှုတ်ဆက်ပွဲ၊ ပွဲတကာမှာ ကြွေကျော်ကြားစပြုသည်ကို အမွှန်အံ့သြရသေး သည်။

တက္ကသိုလ်ကျောင်းသူ မဟုတ်ဘဲ တက္ကသိုလ်နားက ဘော်ဒါမှာ လာနေတာ၊ တက္ကသိုလ်ဝန်းကျင် မှာ သွားလာပျော်ရွှင်တတ်တာ၊ တက္ကသိုလ်ကျောင်းသူ တစ်ယောက် လို ရောရောနှောနှော ပုံမှာ းချတတ် တာတွေ မှာ တစ်နေ့တွင် ကြွေ့ကို အန္တရာယ် ဖြစ်စေလိမ့်မည် ဟု အမွှန်မထင်စားရက်ခဲ့။

တစ်ခါတစ်ရံ ကြွေနေပုံထိုင်ပုံနှင့် ပတ်သက်၍ ထုရိုက်ပစ်ချင်စိတ်ပေါက်ဖူးသော် လည်း ကိုယ်က ဘဝအခြေမလှသူပီပီ လွှတ်လပ်ပျော်ရွှင်တတ်သူကို တစ်ဖက်သတ် ငြူ စူရာကျမည် စိုးရသေးသည်မို့ အမွန် ရေငုံနှုတ်ပိတ်ကာ စိတ်ကို ချုပ်တည်းခဲ့ရစမြဲ။

ဟုတ်သည်။ လောကကြီးမှာ အမွန် ကတော့ ကြွေ့လို လွှတ်လွှတ်လပ်လပ်ပျော်ရွှင်အားသူ မဟုတ်ချေ။

ဆယ်တန်းအောင်၍ သာ တက္ကသိုလ်တက်ချင်ဇောနှင့် သည်ဘော်ဒါဆောင်ကို ယောင်ချာချာ ရောက်လာခဲ့သည်။ မိမိအ ဖြစ်ကို မိမိသာ အသိဆုံး။

တက္ကသိုလ်မှာ သက်သော င့်သက်သာ

စာသင်နိုင်လောက်သည့် ငွေကြေးပမာဏ အမွန့်မှာ လုံးဝ ပြစ်ရာမရှိပါ။ ကံစောင်မ၍ တစ်ထစ်ချမျှော်လင့်စရာရှိသော စတိုင်ပင်ကလေးကို အားကိုးကာ အချိန်ရ သလောက် အပြင်မှာ ကျူ ရှင်ပြမည် ဟု အားခဲကြံစည်ရင်း မရေမရာတက္ကသိုလ်ရောက်ခဲ့ရသည့် ဘဝ။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကာ တစ်ယောက် တည်း ရန်ကုန်မှာ ရုန်းကန်လာခဲ့သည်မှာ ဆယ် တန်းမအောင်ခင်ကတည်းကမို့ အမွန်ရဲစရဲနတော့ ရှိနေသည်။

နတ္တလင်းက အမေမှဆိုးမကိုတော့ တစ်ခါတစ်ခါ စိတ်နာချင်သည်။ မှဆိုးမဆိုပေမည့် အမေ့စီးပွား ရေး က ဆိုးလှသည်မဟုတ်။ ရန်ကုန်-ပြည်လမ်းဘေး အဝေးပြေးကားဂိတ်တွင် ဖွင့်ထားသည့် အမေ့ထမင်း ဆိုင်က သားသမီးလေးယောက် ကို

လူတန်းစေ့ထားနိုင်သည်။ ပညာစုံအောင်
သင်ပေးနိုင်သည်။

သို့သော် အမေ့အမြင်က တစ်မျိုး၊
စီးပွားရေး မျက်စိဖြင့် ကြည့်လိုက်တော့
သားသမီးလေးယောက် တွင် အမွှန်က
တစ်ဦးတည်းသော မိန်းကလေး။ ပြီးတော့
သမီးအကြီးဆုံး။ တစ်ဦးတည်းသော သမီးကြီး
ဗိုဗိုအရွယ်ရောက်သည်နှင့် အမေ့ထမင်းဆိုင်တွင်
ကူဖော်လောင်ဖက်အ ဖြစ် လုပ်အားပေးစေချင်သည်။

"မိန်းကလေးဆိုတာ
ဆယ်တန်းလောက်တတ်ရင် တော် ရောပေါ့ကွယ်။
ကိုယ့်မှာ မောင်လေး သုံး ယောက် တောင်ရှိသေးတာ။
မောင်လေးတွေ ကို ပညာဆုံးအောင်ပေးဖို့က အရေး
ကြီးတယ်မဟုတ်ဘူးလား။ သမီးကအမေ့ကိုကူ။
တဖြည်းဖြည်း အမေ့စီးပွားရေး ကို ဦးဆောင်၊

မိန်းကလေးဆိုတာ စီးပွားရေး ကို ခုလောက်ကတည်းက နားလည်နေမှ တန်ကာကျတယ်သမီးရဲ့ ”

သာယာညင်းပျောင်း ချော့ချော့မော့မော့ ပြောလာသည့်ကိုပင် အမွန်က အမေ့စကား မိုးကြိုး သွား ထင်သည်။

“မိဘစကား နားထောင်ပြီးက သံပြားကျောက်စောင်း၊ ကျိုသော် ပြောင်းမည် ” ဟု အမွန်သိမှတ် နားလည်ဖူးပါ၏ ။ သို့ စဉ်လျက် အမေ့စကားနားထောင်ရမည့် ကို အကြောက်ကြီး ကြောက်လှသည်။ အကြောက်ဆုံးက အမေ့ထမင်းဆိုင်တွင် လုပ်အားပေးရမည့် ကိုတည်း။

ကျေးရူးကန်း၍ တော့ မဟုတ်။

အမေ့ထမင်းဆိုင်နှင့် ပင် လူ ဖြစ်လာရသည်မှန်သော် လည်း ထမင်းဆိုင်၏

ဓလေ့စရိုက်ကို အမွန် လုံးဝမနှစ် မြို့ ပေ။ ဈေးသည်နေ၊ ဈေးသည်စား၊ ဈေးသည်ပြောပြောရသည့် ဘဝကိုအောက်ကျလွန်းသည် ထင်၏ ။ အယုတ်၊ အလတ်၊ အမြတ်မရွေး လူပေါင်းစုံ စားသောက်ထားရစ်သည့် ပန်းကန်ညစ်ပေတို့ကို ဆေးကြောရဦးမည့် အ ဖြစ်လောက် သိမ်ငယ်လှတာရှိမည် မထင်။ အဆိုးဆုံးက လူမျိုး တစ်ရာ့တစ်ပါး ဝင် ထွက်စားသောက်ကာအစဥ်မပြတ် တရုန်းရုန်းတအုန်းအုန်း ရှိနေတတ်သည့် ထမင်းဆိုင်ထဲမှာ တစ်ခဏပင် ဝင်၍ မထိုင်လိုခြင်းတည်း။

သို့ကြောင့် လည်း အမွန်က တတ်နိုင်သလောက် ထမင်းဆိုင်ဘက်သို့ ခြေဦးမလှည့်ဘဲ နေခဲ့သည်။ နတ္တလင်းဈေးလမ်းရှိ ဘိုးဘွားပိုင် သုံးပင်နှစ် ခန်းတွဲ အိမ်စုတ်လေးထဲမှာ ပင်

တစ်ယောက် တည်း ကုပ်နေရစ် သည်။

အမေနှင့် မောင်လေးသုံးယောက်
နံနက်စောစော ကြိုးမနိုးခင်ထ၍
ဆိုင်ထွက်သွားကြသည်ကို အားတုံ့အားနာ
မျက်နှာပူလှသော် လည်း စာကျက်စရာတွေ များ ၍ ၊
အဝတ်လျှော်စရာများ ၍ နှင့် တစ်နေ့ တစ်မျိုး လှည့်ပတ်
အကြောင်းပြ ကျန်ရစ်ခဲ့မြဲတည်း။

သို့သော် အိမ်မှာ ဘယ်တော့မှ
အဆင်မပြေနိုင်သည့် အကြောင်းတစ်ခုက
ထမင်းဟင်းကိစ္စပင် ဖြစ်လေသည်။

အမေက အမွန့်ကို
ထမင်းဟင်းလောက်တော့ ဆိုင်မှာ
လိုက်စားစေချင်သည်။ လူ တစ်ယောက် စာ အတွက်
တခုတ်တရ အိမ်ကိုချိုင့်နှင့် ပြန်ပြန်ပို့ပေးနေရသည်မှာ

လက်ဝင်သည်။ အချိန်ကုန်သည် ထင်၏ ။

ပြန်ပို့ပေးရသည့် လူအတွက်လည်း ဆိုင်မှာ လုပ်အားလျော့ပါးသည်ထင်၏ ။

အမွန့်ဘက်ကလည်း ထမင်းစားရုံကလေးလောက်မျှပင် ဆိုင်ကိုမလိုက်ချင်။ သည်တော့ မောင် အငယ်ဆုံးကလေးကို ကပ်၍ ပေါင်းထားရကာ ပို့စကတ်ဝယ်ပေးလိုက် ၊ ဆီးမဆလာဝယ်ကျွေးလိုက်နှင့် ချော့မော့ပြီး ထမင်းပြန်ပို့ခိုင်းရသည်။

မှတ်မှတ်ရရ ဆယ်တန်းစာမေးပွဲ ရှုံးသည့်နှစ် ။ တစ်သက်နှင့် တစ်ကိုယ် ပထမဆုံးအကြိမ် စာမေးပွဲရှုံးဖူးသည့်နှစ် မှာ ပင် သည်ပြဿ နာနှင့် ပေါက်ကွဲစပြုလာသည်။

"အမေ့အနေနဲ့ တာဝန်ကုန်ပြီ မိမွန်။

ဆယ်တန်းလည်း တစ်နှစ် ရှုံးပြီးပြီ။ ရှေ့နှစ်
ကျောင်းဆက်နေ ဖို့တော့ လုံးဝကိုစိတ်ကူးမထည့်နဲ့။
ညည်းနောက်မှာ အငယ်သုံးယောက် တောင်
ရှိသေးတယ်။ ညည်းအနွံ့ အတာကို
ဒီထက်ပိုမခံနိုင်တော့ဘူး။ အိမ်မှာ လည်း
ဘာမှလက်ကြောတင်းအောင် ကူဖော်လောင်ဖက်ရ
တာမဟုတ်ဘူး။ မိန်းမကိုက ထောင့်မကျိုး အချိုး
မကျသွားလိုက်နဲ့။ စာမေးပွဲကို ရှုံးရောမဟုတ်လား။ စိတ်
က ဘယ့်လောက်လေနေပြီလဲမှ မသိတာ။ တော် ပြီ။
ညည်းအချိုး ညည်းဒီနေ့ကစပြင်တော့။ ငါနဲ့ လိုက်
ဆိုင်ထွက်၊ ဈေးရောင်း : ဒါပဲ။ တကတဲတော့ . . .
ဈေးသည်သမီးက ဈေးရောင်း :တာနဲ့ တစ်သက်လုံး စား
လာပြီးတော့ ဈေးရောင်း :ရမှာ ပဲ ရှက်သလေး
ကြောက်သလေးနဲ့။ ခွာရာချင်းတူမယ် မကြံသေးဘူး
လူပါး က ဝလှပြီ”

သည့်တုန်းက တစ်ညလုံး ဝမ်းပန်းတနည်း ငိုခဲ့ရလေသည်။ ညတွင်းချင်းပင် အိမ်ကထွက်ပြေးမည် ကြံသေး၏။ သို့သော် အိမ်က ပြေးသည်ဆိုသည့် အလုပ်မျိုးမှာ စိတ်လိုက်မာန်ပါ တစ်ဇွတ်ထိုး လုပ်၍ မဖြစ်သည်ကို အမွန်ကောင်းစွာ နားလည်နှင့် လေသည်။

ဘယ်လိုပြေးမည် လဲ။ ဘယ်လို ပြေးမည် လဲ။ ဘယ်မှာ နေ၍ ဘယ်လိုစားကာ ရှေ့မှာ ဘာဆက်လုပ် မည် လဲ။ တိကျရေရာသော အစီအစဉ်မရှိဘဲ ဆင်ကန်းတောတိုး အိမ်က ပြေးလေ့ရှိသည့် အိမ်ပြေးမကလေးအများ ပင် ဒုက္ခနှင့် ရင်ဆိုင်ရတတ်သည်ကို အမွန်သိသည်။

အမွန်သည် စာကို ဝါသနာကြီးစွာ စွဲလမ်းခဲ့သူပါ။ အမေပြောသလို "ဝတ္ထုစာအုပ်ကလေး မျက်နှာ အပ်လိုက်" ဆိုသည့်အဆင့်ကို အမွန်ကျော်ဖြတ်လာခဲ့သည်မှာ ကြာပြီ။ ဝတ္ထုကို

သဲသဲမဲမဲ တစွဲလမ်းလမ်း ဖတ်ရှုခဲ့သည်မှာ လေးငါးခြောက်တန်းလောက်ကပင်တည်း။

အမေ ကတော့ ကျောင်းစာမှလွဲ၍ အပျော်ဖက်ဝတ္ထုလို့သာ နားလည်သည်။

အမေ့ကို အသိပေးသော် လည်း နားလည်နိုင်မည် မဟုတ်သည့်ပြင် လှောင်ပြောင်သရော်ကာ ဆီး တားပိတ်ပင်ခြင်းပင်ခံရမည် မှာ သေချာသည့်ကိစ္စတစ်ခုက အမွန်စာရေး ဆရာ ဖြစ်လိုခြင်းပင်။ အမွန်သည် ဝေဒနာနှင့် ကြီးပြင်းလာရသူပီပီ ဝေဒနာကို ဖွင့်အန်ဖြေချပြစရာ စာရေး ခြင်းဝါသနာကို ဖွေရှာကိုင်စွဲမိပြီ ဖြစ်သည်။

တစ်ယောက် တည်း ကျိတ်၍ စမ်းသပ်လေ့ကျင့်ရင်း ဝါသနာသည် တစ်စတစ်စ

ကြီးထွားရင့်သန် နေ၏ ။ သည့်အတွက် အမွန်
စွန့်စားချင်လေသည်။

ကျဉ်းကျပ်သော ၊ လုံးဝမပျော်ပိုက်သော
သည့်အိမ်မှ ခွဲထွက်ကာ ကိုယ့်ဘဝကို ကိုယ့်ဘာသာ ဖန်
ဆင်းကြည့်ချင်သည်။ ကိုယ်လုပ်ချင်သည့်
ဝါသနာအတွက် စွန့်စားခန်းဖွင့်ချင်သည်။

အမွန့်စာအုပ်ပုံများ ထဲက
"ရှားလော့ဗရွန်တီ၏ ဂျိမ်းအဲယား" လို
မေတ္တာရေကြည်ခြောက်ခန်းသော ပတ်ဝန်းကျင်မှာ
မပွံ့ဖြိုး မစိုရွှန်းနိုင်တော့သော နှလုံးသားဖြင့်
ကြီးပြင်းလာရသူဟု
ကိုယ့်ကိုယ်ကိုယ်ကောက်ချက်ချထားမိသည်။

ပြီးတော့ ဂျာနယ်ကျော်မမလေး၏ "သူမ"
ဝတ္ထုထဲက သက်သက်လို စွန့်စားကြည့်ချင်နေလေ

သည်။ အကျဉ်းအကျပ်တစ်ခုကို စိတ်ပျက်လက်လျှော့ကာ အရှုံးမပေးဘဲ စနစ်တကျ ရင်ဆိုင်ဖြေရှင်းသွား သည့် သက်သက်ကို များ စွာ အားကျနေ၏ ။

သက်သက်၏ မာန၊ သက်သက်၏ ရဲရင့်တည်ကြည်ခြင်း၊ သွက်လက်ဖျတ်လတ်ခြင်း၊ ရင့်ကျက်ခိုင် မာခြင်းမျိုး ကို အမွန်ကြိုး စားကြည့်ချင် သည်။

မိမိဘဝကို မိမိဘာသာ စောင့်ရှောက်နိုင်ရေး အတွက် သက်သက်၏ သတ္တိကို စံပြုကာ အမွန် စွန့်စားခန်းဖွင့်ဖို့ ဆုံးဖြတ်မိလေသည်။ တစ်ယောက် တည်း ကျိတ်၍ လျှို့ ဝှက်အစီအစဉ်တွေ ချမိသည်။

သို့ သော် ဝတ္ထုများ ၏ ဩဇာ အလွှမ်းမိုးခံရသူမို့ စီစဉ်ဆုံးဖြတ်တွေ မှာ စိတ်ကူးယဉ်ခြင်း အငွေ့ အသက်

နွယ်ယှက်လာသည်ကို ဝန်ခံရမည် ပင်။

အမွှန်သည် အမေနှင့်
သိပ်အစေးမကပ်လှသော အစ်ကိုဝမ်းကွဲ တစ်ယောက်
ကို ပြေး၍ သတိရ လိုက်၏ ။ ရန်ကုန်တွင်
တစ်အိုးတစ်အိမ်ထူထောင်၍ နေသားကျနေသည်မှာ
ဆယ်နှစ် ကျော်မျှရှိပြီ။ အုတ် ကျင်းဂုန်နီစက်ရုံတွင်
အလုပ်လုပ်၍ ဂုန်နီစက်ရုံဝင်းထဲတွင် ပင် နေသည်။

သားသမီးနှစ် ယောက် နှင့် မို့ သိပ်ပြီး
ချောင်ချောင်လည်လည် မဟုတ်လှသော် လည်း
အမွှန့်ကို တော့ ခင်ခင်မင်မင်ရှိသည်။ သည့်ထက်အရေး
ကြီးသည်မှာ အစ်ကိုကလည်း အမွှန့်လိုပင်
စားဖတ်ဝါသနာ ထုံခြင်းတည်း။ ရှိးရှိးကုပ်ကုပ်နေကာ
စီးပွားရေး အတွက်လည်း လောဘတကြီး
ပူပူပန်ပန်မရှိလှ။ တစ်လ နှင့် တစ်လ လှည့်ကာပတ်ကာ
လုံးချာလည်လိုက်နေသည်ကိုပင် ထမင်းနပ်မှန်အောင်

စားနေရပါကလား ဟု ကြံဖန်ကျေနပ်တတ်သူတည်း။

အစ်ကို လောဘတကြီး အင်တိုက်အားတိုက်လုပ်နေသည့် အလုပ်မှာ စာဖတ်ခြင်းတစ်ခုပင်။ အစ်ကို့မိန်းမကမူ . . .

"အမွန့်အစ်ကိုကလား။ စာဖတ်လို့ ဝနိုင်တယ်ပဲ မရှိပါဘူးအေ။ သတင်းစာရော၊ ဂျာနယ်ရော၊ မဂ္ဂဇင်းရော၊ လုံးချင်းရော၊ လမ်းပေါ်က ကောက်ရတဲ့ သွေးဆေးကြော်ငြာကအစ အလွတ်ကျက်သလို ဖတ်နေတာသူမို့ မငြီးငွေ့တယ်" ဟု အောချူးသည်။

ဘာပဲ ဖြစ် ဖြစ် သည်အကြောင်းတွေ ကပင် ဝမ်းကွဲအစ်ကိုကို အရင်းအချာတမျှ ခင်မင်မိခြင်း ဖြစ်၏ ။ သည်အကြောင်းတွေ ကပင် သည်အစ်ကိုမျိုး နှင့် အမွန့်အမေတို့ အစေးမကပ်နိုင်ခြင်းလည်း ဖြစ်သည်။

စီးပွားရေး မချောင်လည်ခြင်းနှင့်
စာဖတ်ဝါသနာထုံခြင်းတို့အပေါ် အပြန်အလှန်
သုံးသပ်မိတော့ အမေ့အဖို့ အထင်အမြင်သေးစရာ၊
မျက်နှာကြောမတည့်စရာတွေ ဖြစ်လာသည်။

အမွန်က သည်အစ်ကိုထံသို့ လျှို့
ဝှက်စာတစ်စောင် ရေး ထည့်လိုက်သည်။ အိမ်တွင်
မပြေလည် ကြောင်း၊ ရန်ကုန်မှာ လာ၍
နေလိုသည့်အကြောင်း၊ ကလေးထိန်း ဖြစ် ဖြစ်
ရရာအလုပ်တစ်ခုခုကို ရှာဖွေ လုပ်ကိုင်လိုမိကြောင်း၊
အလုပ်ရှာဖွေခိုက် နှစ် လ၊ သုံးလမျှ အစ်ကို့အိမ်တွင်
နေလိုကြောင်း၊ အစ်ကို့အိမ်တွင် နေခိုက်
အစ်ကိုတို့မိသားစုစားဝတ်နေရေး ရန်ပုံငွေတွင် မိမိက
တစ်လလျှင် တစ်ရာမျှ ထည့်ဝင်နိုင်ပါကြောင်း ဝတ္ထု
တစ်ပုဒ်လို ဖွဲ့ဖွဲ့နွဲ့နွဲ့ကြီး ရေး ထည့်လိုက်သည်။

နံပါတ်နှစ် အစီအစဉ် ကတော့ ငွေရေး

ကြေးရေး ကိစ္စတည်း။ အမွန်သည် ကြာကြာအချိန်ယူ
စဉ်းစား မနေတော့ဘဲ လည်ပင်းမှ ဆွဲကြိုး ကိုဖြုတ်၍
ရောင် းလိုက်သည်။ နတ္တလင်းမြို့ ပေါ်မှာ
အမေ့မျက်နှာသိမို့ ပေါင်းတည်အထိ တိတ်တဆိတ်
ကားကြုံစီး၍ ခိုးထွက်ရသေး၏ ။

"အထည်ပျက်ဝယ်သည်" ဟု
ဆိုင်းဘုတ်သေးသေး ရေး ထားသော ရွှေဆိုင်ကို
ဝင်ခါနီး ခြေထောက် များ က
နောက်ပြန်ရောက်နေကြသည်။ ဖော်ရွှေမွှန်ရည်သော
ဆိုင်ရှင်အဒေါ်ကြီးက အကင်းပါးစွာ လှမ်း
ခေါ်တော့မှပင် ဆွဲကြိုး ကို မှန်သတ္တာပေါ်သို့
ကတုန်ကယင် လှမ်းတင်လိုက်မိ၏ ။

အဒေါ်ကြီး ချိန်တွယ်တွက်ချက်၍
ရှင်းပြနေသည်ကို နားမဝင်နိုင်ဘဲ "ခုနစ်ရာ့နှစ် ဆယ်"
ဆိုသည့် ငွေစက္ကူထပ်ကိုသာ ကျစ်ကျစ်ပါအောင်ဆုပ်၍

ဆိုင်ထဲမှ အမြန်ဆုံးထွက်ခွာခဲ့သည်။ သည်လောက်များ ပြားသည့်ငွေကို တစ်ခါမျှမကိုင်စဖူး ကိုင်ရသည်မို့လည်း မျောက်အုန်းသီးရသလို ဘာလုပ်ရမှန်းမသိဘဲ စိတ်လှုပ်ရှားနေ၏ ။

အမေ ကတော့ လုံးဝမရိပ်မိ။ ခါတိုင်းလည်း သည်ဆွဲကြိုး ကို အမွှန်က တဆောင်တယောင် အကျႌ အပြင်မှာ ထုတ်၍ ဆွဲလေ့မရှိ။ အမေစွပ်ပေးထား၍ သာ လည်ပင်းမှာ မြဲနေခြင်း ဖြစ်သည်။

နောက်ဆုံးအစီအစဉ် ကတော့ လိုအပ်သည့် အသုံးအဆောင်ပစ္စည်းစုဆောင်းပြင်ဆင်ရခြင်းတည်း။ အဝတ်အစားနှင့် စာအုပ်စာတမ်းများ ကို သေတ္တာနှင့် ပြည့်ကျပ်နေအောင် ဖိပိတ်၍ ထည့်သည်။ အိပ်ရာလိပ်တော့ မပါနိုင်။ ရှိလည်းမရှိ။ အကုန်အကျခံ၍ လည်း မဝယ်နိုင်။ ခေါင်းအုံးတစ်လုံး၊ သုံးနေကျ ဂွမ်းစောင်တစ်ထည်နှင့်

စောင်ပါးတစ်ထည်ကို ပလတ်စတစ်ဖျင်ထူထူ နှစ်ကိုယ်ဝယ်၍ ကျစ်နေအောင် ပတ်ထားလိုက်၏ ။

အိမ်ကထွက်မည့် ရက်ကို အတိအကျဆုံးဖြတ်ပြီးသည့်နောက်တော့ အစ်ကို့ထံ ဘူတာရုံမှာ လာကြိုရန်သံကြိုး ရိုက်လိုက်သည်။ အမွှန်သည် ရဲရင့်နေ၏ ။ အစ်ကို့ထံ ရေး ထားသော စာနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အကြောင်းပြန်ကြားချက်မရသော် လည်း အမွှန်က အရေး မကြီးဟု သဘောပိုက်လိုက်သည်။

အစ်ကို့အိမ်မှာ နေဖို့ အဆင်မပြေသည့်တိုင် မိမိလက်ထဲရှိ ငွေကြေးပမာဏမှာ သင့်လျော်ရာဘော်ဒါဆောင်တစ်ခုခုတွင် အခိုက်အတန့်အားဖြင့် တော့ ခိုကပ်နေ၍ ရလောက်သည်။

အိမ်ကထွက်သော အခါ အမွှန့်ရင်ထဲမှာ

ပေါ့ပါးနေလေသည်။ ဝတ္ထုတွေ ထဲမှာ ဆိုလျှင် ဒိုးရာလိုက် ခါနီး မိန်းကလေးတောင်မှ အိမ်ကထွက်ခါနီး အမေ့ကိုလွမ်းသလိုလို၊ အဖေ့ကို သနားသလိုလို၊ မောင်နှမ တွေ ကို သံယောဇဉ်အမျှင်တတန်းတန်းနှင့် မခွဲနိုင်မခွာရက်ရှိနေသလိုလို၊ အနည်းဆုံး ကြောင်ကလေးပူစီ ကိုပင် တရှုပ်ရှုပ်နမ်းလို့ နှုတ်ဆက်မဆုံးနိုင်သည်ကို ဖတ်ခဲ့ရဖူးသည်။

အမှန် ကတော့ ဘာကိုလွမ်းရမည် မသိတတ်ချေ။

ဘူတာရုံမှ ရထားထွက်၍ "နတ္တလင်းမြို့" ဟူသော ကျွန်းသားမှတ်တိုင်ကလေးကို လွန်ခဲ့သော် ရင်ထဲမှာ ပေါ့ပါးရုံမက လွတ်လပ်ပျော်ရွှင်မဆုံးနိုင်အောင် တသိမ့်သိမ့် တငြိမ့်ငြိမ့် ဖြစ်လာသည်။

မွေးရပ်မြေဟူသော အစွဲကို အမွှန်နားမလည်။ လွတ်မြောက်ရာလမ်းအစကို လျှောက်နင်းမိပြီမို့ ကောင်းကင်ပြာတွင် ပျံဝဲနေသော ငွေမှိုင်းတစ်အုပ်ကို တုပလို့ပျော်သည်။ သည်အပျော်ရာ သင်္ခါရ မရှိ။

ပြန်လည်တွေ းမိတိုင်း နှလုံးသည်းညှာနကို စိမ်းစို ကြည်လန်းစေသည့် အပျော်။

*

အစ်ကို့အိမ်မှာ ဘဝကို စတင်ရင်ဆိုင်ခဲ့ရလေသည်။ အစ်ကိုက အမွှန်ထင်တာထက်ပို၍ ရှန်းကန်ခြင်းသဘောတရားကို ကျေညက်နေပါကလား။

အစ်ကိုသည် လက်တွေ့ကျကျ အစီအစဉ်များ ရေး ဆွဲကာ တစ်ခုပြီးတစ်ခု ဆက်တိုက် ဦးဆောင် လုပ်ပေးသွား၏ ။

အမေ့ထံ အစ်ကို ကိုယ်တိုင်သွား၍ အကြောင်းကြားပေးသည်။ အမေက မာနကို မလျှော့ချေ။ ဒေါသကို မသိမ်းချေ။ လောဘသည် အမေ့ကို ဖိစီးမြဲပါတကား။

"မနေချင်လို့သွားတာ သွားပစေ။ အိမ်မှာ ရှိရင် အိမ်ရှုပ်တယ်။ သူ့ဘာသာကွယ်ရာမှာ လင်ပဲယူယူ၊ ဘာပဲ ဖြစ် ဖြစ် ထွက်ပြေးမှတော့ ပြန်ဝင်ဖို့ တစ်သက် စိတ်ကူးမထည့်နဲ့လို့ ပြောလိုက်ပါ။ ဘယ်တော့မှ အိမ် ရိပ်ပြန်မနင်းနဲ့။ တကတဲတော် . . . ဆွေမျိုး ထဲ လည်ပြောရမှာ တောင် ရှက်စရာ။ အရပ်က ငါ့ကို ဘာပြော မလဲ။ သမီးတစ်ကောင်တောင် နိုင်အောင်မထိန်းနိုင်တဲ့ မိန်းမကြီးလို့မေးငေါ့ကုန်ပြီဟဲ့

သိလား။ ဒီမှာ ငါ ဆင်ထားတဲ့ပစ္စည်းတွေ အပါယူသွားတဲ့ ကောင်မကို ပြောလိုက်။ အားလုံး ပြန်ပေးပါလို့။ ဒါလောက် ကိုယ့် ကိုယ်ကို ယုံပြီး မာနကြီးတစ်ခွဲသားနဲ့ လွတ်ရာထွက်သွားမှ ငါ့ပစ္စည်းဘာလို့ယူသွားသေးလဲ။ ကိုယ့်ဘာသာ ရှာစား၊ ကိုယ့်ဘာသာ ရှာဝတ်ပေါ့။ အေး . . . မင်းလည်း ကျွေးနိုင်သလောက် ကျွေးဦးပေါ့လေ။ ကြည့် လိုက်ရဦးမယ်။ ဘယ်လောက်များ ကျွေးနိုင်လို့ ဘယ်လောက်များ နေနိုင်မယ်ဆိုတာကို"

အမေ့စကားက အမွန့်ကိုသာမက အစ်ကို့ကိုပါ ထိခိုက်စော်ကားလိုက်လေသည်။

အစ်ကိုကလည်း အမေ့ကို ကြာကြာရင်မဆိုင်တော့ဘဲ လက်လျှော့ပြန်လာသည်။ သို့သော် အမွန့် ပတ္တမြားလက်စွပ်နှင့် သုံးပွင့်ဆိုင် ပုလဲနားကပ်တစ်ရန်ကို အမေ့ထံ

တစ်ခေါက်ပြန်ပို့ရသေး၏ ။

“ဆွဲကြိုး မရှိတော့ပါ။ အလုပ်လုပ်၍ ငွေရှာပြီး အမြန်ဆုံး ပြန်ဆပ်ပါမည် ” ဟု အမွန်က ကြီးကြီး ကျယ်ကျယ် စာရေး ပေးလိုက် သေးရာ အမေသည် ဒေါသူပုန်ထလိုက်သမှ ကျွမ်းဆောင့်ခုန်သည်အထိ။

သည့်နောက်တော့ အစ်ကိုက ဂုန်နီစက်ရုံထဲမှာ ပင် နေ့စားလုပ်ရဖို့ ကြိုးစားပေးသည်။ တွေ့သင့် သူကိုတွေ့၊ ပြောသင့်သူကိုပြော၊ ကပ်သင့်သူကိုကပ်၊ ပေးသင့်သူကို အနည်းအကျဉ်း တောင်းတောင်း ပန်ပန် ပေးကမ်း၍ အတတ်နိုင်ဆုံး ကြိုး စားလိုက်ရာ လေဘာရုံးမှာ တစ်လကျော်မျှစတိ မှတ်ပုံတင်ပြီးရုံ နှင့် အလုပ်ဆင်းခွင့်ရလာ၏ ။

တစ်နေ့ သုံးကျပ်ဆယ့်ငါးပြား။

စက်ရုံဝင်းထဲတွင် ပင် နေသူမို့ အချိန်ပိုလုပ်ငန်းရှိလျှင် ရှိသလောက် အချိန်ပိုဆင်း၍ ရသည်။ ပထမတော့ ဂုန်လျှော်မျှင်တွေ ကြားမှာ အလုပ်ကြမ်းသမားအ ဖြစ် စိတ်အားငယ်သလို ဖြစ်မိသေး၏ ။ အစ်ကိုက ပါတီကောင်စီတွင် အရေးပါသူ ဖြစ်သော် လည်း ဘယ်ကိစ္စမဆို ဘောင်ဝင်မှ လုပ်ချင်သူမို့ အမွန်သည် အလုပ်ကြမ်းသမားအ ဖြစ် သုံးလေးလမျှ ထောင့်ကျိုး အောင် နေရသည်။

နောက်မှ သက်သာဌာနသို့ ပြောင်းရွှေ့ပေး၍ အကွေရာစာလုံးများ နှင့် ပြန်လည်ထိတွေ့ခွင့်ရလေ သည်။ အလုပ်ဝင်စလုပ်ငန်းအတွေ့အကြုံမှာ အစိမ်းသက်သက် ဖြစ်၍ တစ်ကြောင်း၊ လောဘနှင့် မာနတို့ ပေါင်းစပ်ကာ အချိန်ပိုအလုပ်ရှိသမျှ ဖိ၍ ချည်း

ဆင်းနေမိခဲ့သည်မို့တစ်ကြောင်း၊ ပထမနှစ် မှာ အမွှန်ကျောင်းစာကို လုံးဝပစ်ထားခဲ့ရလေသည်။

ဒုတိယနှစ် ရောက်မှ စာမေးပွဲဖြေဖို့ ပြင်ရသည်။ အုတ်ကျင်းထဲမှာ လူငယ့်ရေး ရာ ညကျောင်းတက် သည်။ အချိန်ကုန်၊ ငွေကုန်မခံနိုင်တော့သည်မို့ အမွှန်အဖို့ သည်နှစ် ဆယ်တန်းအောင်ဖို့ အဓိကအရေး တကြီးကိစ္စ ဖြစ်နေပြီ။ ကျောင်းစာမှတစ်ပါး ဘာကိုမျှ လှည့်၍ မကြည့် ဖြစ်။

ကံကောင်းချင်တော့ ဒု-စက်ရုံမှူး က ပညာရေး အားပေးတတ်သူ ဖြစ်နေသည်။ အမွှန့်ကို သူဘယ် လို အကဲခတ်မိသည်မသိ။ စာအုပ်စာတမ်းနှင့် မှတ်စုများ ရှာဖွေပေးကာ စာကျက်ချိန် ကောင်းကောင်းရအောင် အားပေးကူညီလာ၏ ။ ထိုနှစ် အခြေခံပညာရေး အထက်တန်းအောင်စာရင်းများ

ထွက်သော နေ့က နေ့စဉ်မှတ်တမ်းတွင် အမွန်က မှတ်မှတ်ရရ ဘဝအမြင်တစ်ရပ်ကို မှတ်တမ်းတင်ခဲ့သည်။

"ကံဆိုတာ အလုပ်ပဲ။ အလုပ်ကောင်းရင် ကံကောင်းတာပဲ။ အလုပ်မ ဖြစ်တဲ့အခါ ကံဆိုးနေမှာပဲ"

အမွန် ကံကောင်းခဲ့လေသည်။

ဒု-စက်ရုံမှူး က အလုပ်မှ နုတ်ထွက်ခိုင်းသည်။ ရန်ကုန်မြို့ ထဲရှိ သူ့သူငယ်ချင်း တစ်ယောက် ၏ ကျူရှင်တွင် လေးတန်း၊ ငါးတန်း သင်္ချာပြရမည် ။ တစ်လတစ်ရာနှင့် ။ တစ်ပတ်လျှင် ငါးရက်သင်တန်းရှိ သည်။

ပြီးတော့ သူ့သားသမီးလေးယောက် ကို တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေနှင့် ကြားရက်တစ်ရက်

ပေါင်းသုံးရက် ကျူရှင်ပေးရမည် ။ တစ်လတစ်ရာနှင့် ။ တစ်လဝင်ငွေ နှစ် ရာရှိလျှင် တက္ကသိုလ်တက်နိုင်ပြီ မဟုတ်လား။ အမွန် ပျော်ရပြန်လေသည်။

ပညာသင်ထောက်ပံ့ကြေးရဖို့အတွက်လည်း အဆက်နှင့် အသွယ်နှင့် တတ်အားသမျှကူညီဦးမည် ဟု ဒု-စက်ရုံမှူး က အားပေးသည်။

သိကြား မတာပဲ။

သည်လိုနှင့် ဂုန်နီစက်ရုံဝင်းထဲက အစ်ကို့အိမ်ကလေးမှ ခွဲထွက်ကာ ကျောင်းနားနီးနီး စံရိပ်ငြိမ် ဘော်ဒါဆောင်သို့ ရောက်လာခဲ့ခြင်းတည်း။

အမွန်ကံကောင်းသည်ဆိုခြင်းမှာ တကယ်တော့ ကြွေ ကံဆိုးသည်ဆိုခြင်းနှင့် အကြောင်းအကျိုး ချင်း တန်းတူညီတူလောက်ပင် ဖြစ်နေ၏ ။

ကြည့်။

ကံဆိုးလှပါသည်ဟု တရှိုက်မက်မက် ငိုကြွေးမဆုံးနိုင်လောက်အောင် ဖြစ်ပျက်လာခဲ့သော ကြွေ့ ပုံပြင်တစ်ဝက်တစ်ပျက်မှာ အမွှန့်အဖို့ ရယ်စရာသက်သက်ပါတကား။

ဘော်ဒါဆောင်မှာ နှစ် ရက်မျှနေမိ၍ အသားကျလာသည့်အခါ မိန်းကလေးတို့စုဝေးနေကျ ထမင်း ချက်ခန်းမှာ အမွှန်လည်း အဖော်သစ်များ တိုးပွားလာ၏ ။

သည်တော့ ကြွေ့အကြောင်းကို တစ်ခန်းတည်းနေ အမွှန့်ထက်နှံ့နှံ့စပ်စပ် သိနင့် သူတွေ ချည်းပါ ကလားဟု အမွှန်အံ့သြရသည်တည်း။

"လူထုရင် သူငိုတာပဲကွ။ ချော့မော့ပြီး သူ့အကြောင်းမေးစေချင်တယ်ထင်ပါရဲ့ ။ သူကလည်း

သူ့ စိတ်ကူးထဲရှိတာတွေ ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ သိပ်ပြောချင်တာ။ ဒါပေမဲ့ အမှန်တွေ တော့ မဟုတ်ဘူး"

"တရားသဖြင့် စဉ်းစားတတ်တဲ့ ဦးနောက်လည်း ရှိမယ်မထင်ပါဘူးကွာ။ သူ့ အစ်ကိုကို သူက ဘာ ဖြစ်လို့ ဒါလောက် သနားနေတာလဲ။ အဲဒါကို ကိုယ်တော့ နားလည်လို့မရဘူး"

"ဘယ်က သူ့အစ်ကိုဟုတ်ရမှာ လဲ။ ခဲအိုကွ။ အစ်ကိုဆိုတာ အာလူး။ ခဲအိုနဲ့ မရှင်းမရှင်း ဖြစ်နေ တာ။ "နွေညသာတဲ့ လကလေး" သီချင်းကြားဖူးတယ်မဟုတ်လား။ အဲဒီ သီချင်းဆိုတဲ့ အဆိုတော် ဝေဝေ မြင့်ဆိုတာ သူ့အစ်မအရင်းပေါ့။ အဲဒါ သူ့အစ်မယောက်ျားနဲ့ မရှင်းမရှင်း ဖြစ်လို့ အိမ်က နှင်ချလိုက်တာ ဆရာ။ ဘာအောက်မေ့လဲ"

အမွှန် ဟုန်းခနဲ

ဒေါသမီးတောက်မိလေသည်။ ကိုယ့်စရိတ်နှင့် ကိုယ်သူများ မကောင်းကြောင်း ဒါလောက်ပိုးစိုးပက်စက်ပြောနေသူကို ဆွဲတီးပစ်လိုက်ချင်၏ ။ သို့ သော်ကြွေဆိုသည့် ကြွေကလည်း မှန် ကန်သောသစ္စာစကားကို မြွက်ဆိုတတ်သူဟုယုံကြည်ဝံ့ရဲဖွယ်မရှိ။

"အမွှန့်ကို သူ သေသေချာချာပြောပြပါတယ်။ သူ့အစ်ကိုက ကောင်းပြီ ယောက် မနဲ့မတည့်တဲ့ အကြောင်း။ ဟုတ်ပါတယ်။ အဲဒါသူ့အစ်ကိုပါတဲ့"

ပြက်လုံးတစ်ခု ဆုံးသွားသလို ဝါးခနဲရယ်သံများ ထွက်လာသည်။ မျက်နှာအားလုံးကအမွှန့်ကို အပေါ်ကစီး၍ ငုံ့ကြည့်နေကြသည်ထင်၏ ။

လောကရေး ရာမှာ နကန်းတစ်လုံး

နားမလည်တတ်သေးသည့် ရွှေစင်မွန်ကလေးပါလားလို့ ကရု ဏာပွားကြဟန် ရှိသည်။

“လူတိုင်းကို ဒီလိုပဲ လိမ့်နေတာ အမွန်ရဲ့ ”

နည်းပြလုပ်ရင်း မဟာဝိဇ္ဇာတက်နေသူ မမဖြူက ရှင်းပြသည်။

“အမွန့်ရဲ့ ကြွေက

ပေါက်တောက်တောက်ပါ။ စိတ်ကောင်းရင် ဒါတွေ ဘယ်လျှောက်ပြောနေမလဲ။ အစ်ကိုအရင်းပဲထားတော့ သူများ အိမ်ထောင်ရေး အတွက် ဘာကြောင့် မျက်ရည်တရွှဲရွှဲ ဖြစ်နေမှာ လဲ။ သူ့ပြဿ နာ သူရင်ဆိုင်ဖြေရှင်းပစေပေါ့။ အိမ်ထောင်ရေး တစ်ခုခုကို အပြင်ကနေပြီး ယောကျ်ားကို သနားပါတယ်၊ မိန်းမကို သနားပါတယ်ဆိုတာ မျိုး ဘယ်တော့မှ မတွေ းကောင်းဘူး။ ဆန့်ကျင်ဘက်လိင် အိမ်ထောင်သည်

တစ်ယောက် ကို သိပ်သနားနေတယ်ဆိုရင် အဲဒါ အန္တရာယ်ပဲ”

“မသနားနဲ့၊ မသနားနဲ့။ တစ်ခါတည်း ပြားသွားမယ်”

“အို . . . ဘယ်က ပြားရမလဲ။ ဖောင်းလာမှာ ”

တဝါးဝါး ရယ်ကြပြန်လေသည်။

“ဘယ်သူလဲ ဖောင်းနေတာ။ ကြွေလား”

“အို . . .”

အမွန်၏ “အို” က ဟန့်တားသလို ဖြစ်သွားသည်ထင်၏ ။ အားလုံးမျက်နှာပိုးသတ်လိုက်ကြသည်။ ပညာတတ်မိန်းကလေးများ မို့ တစ်ခါတစ်ရံ စိတ်လိုက်မာန်ပါ အလွန်အကျွံ ပြောမိဆိုမိကြသော

လည်း ပြန်လည်ထိန်းချုပ်ဖို့ကို သတိရစမြဲ ဖြစ်လေသည်။

မမဖြူက အားလုံးကို လေပြေကလေးနှင့် ဖျောင်းဖျသည်။

"ပျော်စေပြက်စေရယ်လို့ ပြောလိုက်ကြပေမယ့် တစ်ဖက်သားကို သိပ်ထိခိုက်နစ်နာစေလောက် အောင် ရင့်ရင့်သီးသီး စကားလုံးတွေ ပါမသွားဖို့ အရေး ကြီးတယ်နော်။ အတင်းပြောတယ်ဆိုတာတော့ လူတိုင်း ပြောကြတာပဲ။ မမဖြူလည်း သိပ်အတင်းပြောချင်တာ။ ဒါပေမဲ့ ကြွေ့အပေါ်မှာ တို့ မကောင်းကြံ စရာ ဘာအကြောင်းမှ မရှိဘူး မဟုတ်လားကွယ်။ ကြွေဆိုတာလည်း တို့များ ဝိုင်းပယ်ရမယ့် မိန်းကလေးမှ မဟုတ်ဘဲ။ စိတ်မကောင်းတာတစ်ခုကလွဲရင်

ချစ်စရာကောင်းပါတယ်"

"ဟုတ်ပါတယ်နော်။ လှတော့သိပ်လှတယ်"

"မလှပါဘူး။ ဒီရုပ်မျိုး ကို
လှတယ်မခေါ်ဘူးဟ။ ဆွဲဆောင်မှု ရှိတာ သိလား"

"မေးစေ့ကလေးက နှစ် ခွနဲ့
အလယ်တည့်တည့်မှာ မဲ့နက်ကလေးနဲ့။ အဲဒါလေးက
စားတာ"

ထိုညက ကျောတစ်ဝက် ဆံပင်အဖျားကို
ဖားလျားချသည့်အခါ ပုံကျကျအတွင်းသို့ ကုပ်နေအောင်
ကိရိယာအချွန်အတက်တွေ နှင့် ပုံသွင်းဖိညှပ်နေသော
ကြွေ့အမူအရာမှာ
ဆွဲထုပစ်ချင်စရာကောင်းနေသည်ထင်၏ ။

အမွှန်က ရင်ထဲမှာ မျိုသိပ်မထားနိုင်တော့ဘဲ
ဖွင့်မေးမိသည်။

"ကြွေ ပြောပြောနေတဲ့
ကြွေ့အစ်ကိုဆိုတာက အရင်းလားဟင်"

"ဘာ ဖြစ်လို့လဲ"

ကြွေက မျက်လုံးဝိုင်းကြီးများ ကို ပင့်လှန်၍ ပြန်မေးလိုက်သေး၏ ။ ချုပ်တည်းထားရသော ဒေါသ စိတ်ဖြင့် ရူးရူးလက်လက် အမွှန့်မျက်လုံးများ ကို ကြာကြာရင်မဆိုင်ဘဲ ချက်ချင်း မျက်လွှာချလိုက်ကာ . . .

"ဝမ်းကွဲလေ။ ဘာ ဖြစ်လို့လဲ"

"ဘာမှမ ဖြစ်ပါဘူး။ ကြွေ့အစ်မ ကတော့ အစ်မအရင်းပဲ မဟုတ်လား"

အမွှန့်လေသံမှာ သိသိသာသာ မာကျောနေလေသည်။

"အဲဒါ ဘာ ဖြစ်လို့လဲ"

ကြွေ့အသံမှာ သိသိသာသာ
တုန်ခိုက်နေလေသည်။

"ဘာမှမ ဖြစ်ပါဘူး။ အဆိုတော်
ဝေဝေမြင့်ဆိုတာ အမွှန်ကြားဖူးလို့ပါ။ အဲဒါ
ကြွေ့အစ်မအရင်းဆို"

ကြွေသည် ကယောင်ကတမ်း ဖြစ်နေ၏ ။
ရုတ်ချည်း အဖြေမပေးနိုင်။ စိတ်လှုပ်ရှားနေသော
သူ့အမူ အရာမှာ ဖုံးကွယ်၍ မရ။ ဖုံးကွယ်နိုင်အောင် ကြို
း စားနေသည်မှာ လည်း သိသာလှသည်။

ခဏကြာမှ ကြိုး စားထိန်းချုပ်ထားရသော
ငိုသံတစ်ဝက်ဖြင့် . . .

"ကြွေက အစ်မကို အစ်မလို့
မမှတ်ချင်တော့ဘူး အမွှန်။ အစ်မက ကြွေ့အပေါ်
သိပ်ဆိုးတာ။ ခဲအိုက အစ်ကိုရင်း ဖြစ်ပြီး အစ်မက

ယောက် မလို ဖြစ်နေတဲ့ ဘဝမျိုး ကွဲ့."

ပြောရင်း အိခနဲငိုချလိုက်လေသည်။ စိတ်ပေါက်ပေါက်နှင့် အမွန်သည် လုံးဝမချော့ဘဲ သည် အတိုင်း ကြည့်နေလိုက်၏ ။

အမွန့်ဘက်က စကားတစ်ခွန်းမျှ ထပ်မပြောတော့ဘဲ အကြာကြီးတိတ်ဆိတ်နေတော့ ငိုရသူမှာ ကြောင်စီစီ ဖြစ်လာဟန်တူသည်။

မျက်နှာကို အုပ်ထားသည့် လက်ဝါးနှစ်ဖက်ကို သိမ်းရုပ်လိုက်တာ အမွန့်ကို မျက်ရည်စွတ်စိုသော မျက်လုံးများ နှင့် လှမ်းမော့ကြည့်သည်။

ပြီး လှုပ်ခတ်နေသော စိတ်အစဉ်ကို ထိန်းချုပ်မရသေးသော အသံကတုန်ကယင်နှင့် . . .

"ကြွေ့ကို တစ်မျိုး ထင်နေပြီလား အမွန်

ဟင်”

“ထင်စရာရယ်လို့ ကိုယ်ဘာတွေ များ သိထားရသေးလို့လဲကြွေ”

“မဟုတ်ပါဘူး။ ကိုယ့်အစ်မကို ယောက် မလို့ ပြောခဲ့တာနဲ့ ပတ်သက်လို့ပါ။ ကြွေ မလိမ်တတ်ပါဘူး အမွန်။ စိတ်နာလွန်းလို့၊ စိတ်ဆင်းရဲလွန်းလို့ . . .”

အမွန်သည် ကြွေ့စကားကို လုံးဝမထောက်ခံဘဲ အရေး မလုပ်သလို နေပစ်လိုက်သည်။ ပြီးမှ အဆက်အစပ်မရှိသော စကားကို ပြောချင်သလို ပြောချလိုက်မိ၏ ။

“စကားဆိုတာ ကိုယ်ပြောချင်သလို ပြောပိုင်ခွင့် ရှိတာပဲလေ။ ဒါပေမဲ့ နားထောင်တဲ့လူက ပြောတိုင်းယုံချင်မှယုံသလို မပြောလည်းစုံအောင် သိချင်သိနှင့် တာပဲ။ ဒီတော့ အမွန်ကို

မသိစေချင်တဲ့လူဟာ စကားမပြောတာ အကောင်းဆုံးပဲ”

ထိုညက ကြွေ သည်းသည်းထန်ထန် ငိုလေသည်။ အမွန် အိပ်ပျော်သည့်အထိ တအိအိငိုတုန်းရှိ သည်ကို သတိထားမိသည်။

စင်စစ်တော့ အမွန် ဤမျှဒေါသ ဖြစ်နေရသည်မှာ ကြွေနှင့် ပတ်သက်၍ လျစ်လျူ ရှုမထားနိုင်ခြင်း ဖြစ်သည်ကို ကိုယ့်ဘာသာ ချက်ချင်း နားမလည်။ ကြွေ့ကို ဒေါသ ဖြစ်လိုက်၊ အားမလိုအားမရ ထုရိုက်ပစ် ချင်စိတ် ပေါက်လိုက်၊ သနားလိုက်နှင့် ပင် ကြွေ့အပေါ် တစစ သံယောဇဉ်ကြီးထွားလာရသည်။

ကြွေ ကတော့ အမွန့်ကို ယခင်ကလောက် စကားဖွဲ့နွဲ့မပြောတော့ဘဲ မေးထူးခေါ်ပြောလောက်နှင့်

ခပ်တန်းတန်းနေလာသည်။ ညညတိုင်းတော့ အစဥ်အလာမပျက် ငိုဆဲပင်။

တစ်ခါတစ်ရံ တစ်ညလုံး ငိုလေသလား ထင်ရ၏ ။ အမွန်က ကြွေ့အပေါ် ကရုဏာသက်ဝင်ချစ်ခင် ရင်းနှီးချင်သော် လည်း ငိုတာနှင့် ပင် စိတ်အချဥ်ပေါက်ပေါက်သွားရတာ ဘာသာနေလိုက်မိသည်ကများ ၏ ။

ငို။ ငိုချင်သလောက် ငိုစမ်း။

ငိုတာလောက် လောကမှာ အမွန် မြင်ပြင်းကတ်စရာ ရှိမည် မထင်။ ငိုခြင်းကိစ္စကို မခန့်လေးစား ပြုစရာမဟုတ်ဟု နားလည်သော် လည်း သည်လောက်ငိုလွန်းတော့ စိတ်ပျက်လာသည်။ ငိုထိုက်သည့် အကြောင်းကိစ္စထက် ငိုချင်တာက ပိုသည်ထင်၏ ။

"လောကမှာ ဒီလောက် ငိုချည်းနေတဲ့နောက် ဘယ်မှာ လူလုပ်လို့ရတော့မှာ လဲ။ အလကား . . . ဖွဲ"

*

အငိုတိတ်မည့် တိတ်တော့လည်း ဘယ်သူကမျှ ချော့ရသည် မဟုတ်ပေ။ တစ်လလောက်သာ ကြာမည် ထင်သည်။ ကြွေသည့် အများ မိန်းကလေးတကာလို အဆောင်မှာ ကိုယ့်မီးဖိုကလေးနှင့် ကိုယ် ထမင်းချက်စားဖို့လည်း စိတ်မကူး။ ဘာကိုမှလည်း စိတ်ကူးဟန်မတူဘဲ အိပ်ရာထဲခွေကာ တစ်လနီးပါးမျှ မြင်ပြင်းကတ်စရာ ကောင်းလောက်အောင်ပင် ငိုလို့ချည်းနေသည်။

နံနက်တစ်ခေါက်၊ ညနေတစ်ခေါက် လှည်းတန်းဈေးသို့ ထမင်းကြော်

ထွက်ဝယ်သည်ကလွဲပြီး ဘယ်မှသွားဟန်မတူ။

မိုးမလင်းခင် အိပ်ရာကထ၍ ဖြီးလိမ်းပြင်ဆင်ကာ ကတိုက်ကရိုက် ထွက်ပြေးတတ်သော အမွှန့်ကို ခြင်ထောင်အသာမ၍ ကြည့်ငေးရင်း ကျန်ရစ်တတ်သည်။

တစ်ညတော့ ထုံးစံအတိုင်း ရှစ်နာရီထိုးခါနီးမှ ပြန်ရောက်လာသော အမွှန့်ကို အပေါက်ဝမှ ဆီး၍ ကြိုလေသည်။

"ယူ . . . ပြန်တာ အမြဲမိုးချုပ်တယ်နော်"

"အေး . . . မြို့ ထဲမှာ ကျူရှင်သွားပြနေတာ ကြွေရဲ့ ။ ခြောက်နာရီခွဲမှ ပြီးတယ်။ နံပါတ်ရှစ်ကလည်း လူပါအောင် မနည်းတိုးတက်ရတာ "

ကြွေက အမွှန့်လက်ထဲမှ ထမင်းဘူးနှင့် စာအုပ်တစ်ပွေ့ကြီးကို အတင်းလုယူသည်။

"သွားရတော့လည်း အစောကြီးကွယ်။ အိပ်ရေး မဝရှာလို့ လားဟင် ယူ"

"နံနက်ပိုင်းက အုတ်ကျင်းထဲကို သွားတာ။ အဲဒီ မှာ က ကျောင်းသား လေးယောက် ရှိတယ်။ ကိုယ်က စနေ၊ တနင်္ဂနွေ လုံးဝ နားချင်တော့ ကြားရက်တွေ မှာ ခုလို ဒုက္ခခံသွားနေရာကွဲ့။ အဲဒီ ကနေ ကျောင်းတက်မီအောင် မနည်းပြေးရသွားရတယ်။ အိပ်တာ ကတော့ အကြောင်းမဟုတ်ပါဘူး။ ကိုယ်က တစ်ညကို ငါးနာရီ အိပ်ရရင် ဝတာပဲ"

ကြွေက အမှန်ပြောပြသည်များ ကို အထူးအဆန်းသဖွယ် မျက်တောင်ကော့ကြီး ပုတ်ခတ်ပုတ်ခတ် နှင့် နားထောင်လေသည်။ ပြီးတော့ ခပ်သည်းသည်းကလေး မှတ်ချက်ချသည်။

"ပင်ပန်းလိုက်တာ အမွန်ရယ်"

"ကိုယ့်ထက်ပင်ပန်းတဲ့ လူတွေ ကို ကြည့်ပြန်တော့လည်း ကိုယ့်ကိုယ်ကိုယ် ပင်ပန်းတယ် မထင်ဘူးပေါ့ ကြွေ။ အမွန်က ကိုယ့်အတွက် ကိုယ်လုပ်ရတာ ။ တစ်မိသားစုလုံးတွက် ကုန်းရုန်းရှာနေရတဲ့ လူတွေ နဲ့စာရင် အမွန် ပင်ပန်းတာ ဘာဟုတ်သေးလဲလို့။ မဟုတ်ဘူးလား"

"အမွန်ရယ်"

စိတ်လိုလက်ရပင် ထိုညက ကြွေ တစ်ယောက် အမွန့်အနားမှာ တတွဲ တွဲ ကပ်ကာ ထွေရာလေးပါး စကားပြောမကုန် ရှိနေ၏ ။ အမွန်ချက်ပြုတ်ရာမှာ လာ၍ ကူသည်။ ထမင်း ကတော့ နံနက်စောစောက တည်းက နံနက်၊ ညစာ အပြီးချက်သွားသည်မို့ ပြန်နွေးရုံပင်။

ဟင်းကိုသာ တစ်ခါတစ်ရံ မြို့ထဲကအပြန် ကြုံကြိုက်၍ ဝင်ဝယ်လာသည့် သားငါးများ ကို နောက်တစ်နေ့စာအတွက်ပါ အပြီးအစီး ချက်ဖို့ လိုတတ်သည်။ များ သော အားဖြင့် တော့ အသင့် ဝယ်ထားသည့် ဘဲဥ၊ အာလူး၊ ငါးခြောက်၊ ဝက်အူချောင်း။ မြန်ကောင်းသက်သာ ဟင်းများ သာတည်း။

အမွန် ရေချိုး ခန်းက ပြန်လာတော့ အခန်းထဲက စားပွဲပေါ်မှာ ထမင်းဟင်း အသင့်ပြင်ပြီးနှင့် ပြီ။

"ဟင် ...ကြွေကော မစားရသေးဘူးလား"

ပြင်ထားသော နှစ် ယောက် စာ ထမင်းပွဲကို ကြည့်ရင်း အမွန်က တအံ့တဩ မေးမိသည်။ ကြွေက ဆယ့်နှစ် မျိုး ဟင်းချိုပန်းကန်ကို ဌန်းတပ်ရင်း...

"အမွှန့်ကို တမင်စောင့်နေတာ"

အမွှန်က ညဝတ်ရှပ်အင်္ကျီပွကို ကပျာကယာ စွပ်ချရင်း ကုလားထိုင်မှာ ဝင်ထိုင်လိုက်ရသည်။

"သနပ်ခါး မလိမ်းတော့ဘူးလား အမွှန်ရဲ့။ လိမ်းပါ။ ကြွေမဆာသေးပါဘူး"

အမွှန်က တစ်ချက်မျှပြုံး လိုက်ကာ လက်ဆေးချိုင့်ခွက်တွင် လက်ကို ထည့်နှစ် လိုက်၏ ။

"သနပ်ခါး ဘယ်တုန်းက လိမ်းဖူးလို့လဲ။ ကိုယ့်မှာ ကျောက်ပျဉ်လည်း မရှိ၊ သနပ်ခါးတုံးလည်း မရှိ"

"တကယ်"

"အော် ... တစ်ခန်းတည်း အတူတူနေပြီး ဒါလောက်မှ မြင်မထားဘူးလား။ ကဲပါ လာလာ ... စားစို့"

ကြွေသည် ဘာမျှမပြောတော့ဘဲ အမွှန်ပန်းကန်ထဲသို့ ဟင်းတစ်ဖတ် ခပ်ထည့်လိုက်သည်။

"အံ့မယ် ... ကုန်းဘောင်ကြော်တွေ ဘာတွေနဲ့ပါလား။ ဆယ့်နှစ် မျိုး ဟင်းချိုနဲ့ ကုန်းဘောင်ကြော်နဲ့တို့တော့ အားနာပါတယ်။ တို့ဟင်းက ဘဲဥရေပြန်"

ကြွေက ဟင်းချိုသီးအောင်ပင် တခစ်ခစ်ရယ်လို့ မဆုံးနိုင် ဖြစ်နေ၏ ။

"မရယ်နဲ့ကြွေ။ တစ်လနှစ် ရာလေးရဖို့ ခြေတိုအောင် ပြေးရတော့ ဘဲဥတောင် ဆီမပြန်နိုင်ဘူး။ ရေပြန်ပဲ စားတယ်"

ကြွေက ရယ်ရွှင်ပြုံး တုံ့ဖြင့် ထမင်းကို သုံးလေးလုတ်မျှ တိတ်ဆိတ်စွာ စားနေသည်။ ပြီးမှ ...

"အမွှန်နဲ့စာရင် ကြွေက သာဆိုးတာပေါ့။

ကြွေအစ်မက တစ်လ တစ်ရာ့ငါးဆယ်ပဲ ပို့မယ်တဲ့"

"ဒါပေမဲ့ မတူဘူးလေ။ ကြွေက အလကားနေရင်း ရတာ ။ ဘော်ဒါခနဲ့ စားစရိတ်ပဲဆိုတော့ လောက်မှာ ပေါ့။ ဒါ့ထက် စာမေးပွဲ ဖြေဦးမှာ လား ကြွေ"

ချက်ချင်း မဖြေနိုင်။ အတန်ကြာငိုင်၍ ထမင်းလုတ်ကို စိတ်မပါ့တပါ ဝါးနေပြီးမှ ...

"ဖြေတော့ ဖြေရမယ်။ မဖြေရင် အစ်မက ကြည့်မှာ မဟုတ်ဘူး။ ပြီးတော့ စာအုပ်ဖိုးနဲ့ ဘာနဲ့ဆိုရင် တစ်ရာ့ငါးဆယ် ဘယ်လို သုံးမလဲကွယ်။ ကြွေလည်း အမွှန့်လို အလုပ်ထွက်လုပ်မှ ထင်ပါတယ်။"

အမွှန် ထ၍ များ ပင် ထုပစ်လိုက်ချင်လေသည်။ အဆောင်လာနေ၍ တစ်လမျှ ကြာသည့်အထိ ကိုယ့်ဘဝကို ဘယ်လိုနေမည် ၊

ဘယ်လိုစားမည်၊ ရှေ့ဆက် ဘာဆက်လုပ် မည် စသည်ဖြင့် ရေရာသော စိတ်ကူးမရှိသေးပါကလား။

"လုပ်မှာ ဖြင့် လည်း မြန်မြန်လုပ်၊ ရှာစရာရှိလည်း မြန်မြန်ရှာပေါ့ ကြွေရယ်။ လူဆိုတာ အားနေရင် စိတ်သိပ်လေတာ။ ကြွေအလုပ်တစ်ခု လုပ်ဖြစ်ရင် ညညလည်း ငိုဖို့ သတိရမှာ မဟုတ်တော့ဘူး။"

"ခုလည်း ကြွေ မငို ဖြစ်တာ တော် တော်ကြာပါပြီ။ ဟုတ်တယ်နော်။ ဘာလုပ်မလဲ။ သူ့ဘ၀နဲ့သူ၊ ကိုယ့်ဘ၀နဲ့ကိုယ်"

"ဒါပေါ့ ဟုတ်တာပေါ့။ သူ့ဘာသာသူ အိမ်ထောင်ရေး မသာယာရုံမက ဘာပဲ ဖြစ် ဖြစ်ပေါ့။ သူတို့ နှစ် ယောက် မခွဲနိုင်သေးတဲ့နောက်တော့ စလောင်းက ဝင်ပူဖို့ မလိုပါဘူးကွယ်""

အမွန်သည် စကားလုံးများ ကို တမင်ရွေး၍

ပြောလိုက်မိသည်။ ကြွေ့မျက်နှာကို မသိမသာ အကဲခတ်သော် နဂိုစိုဝင်းသော မျက်နှာလှလှကလေးမှာ အုံ့မှိုင်းနယ် တညိုညိုရှိနေ၏ ။ အမွန်က စိတ်ကိုတင်းကာ ပြောစရာရှိသည်တို့ကို မညှာတမ်းပြောတော့မည် ဟု ဆုံးဖြတ်လိုက်သည်။ ဒါသည်သာ ကြွေ့အပေါ် ချစ်ရာ၊ ခင်ရာ၊ သစ္စာထားရာ ရောက်မည် ထင်သည်။

"လင်မယားကိစ္စထဲမှာ ဘယ်သူမှ ဝင်မပါတာ အကောင်းဆုံးပဲ ကြွေ။ မြေစာပင်ကြေတယ်ဆိုတာ ဒါမျိုး ကြွေရဲ့ ။ တစ်မြက်ခင်းတည်း စားနေတဲ့ ကျွဲနှစ် ကောင် ကတော့ ခုထခတ်လိုက်၊ ခုပြန်တွဲ လိုက်နေမှာ ပေါ့။ ကိုယ်က ဘာဖြစ်လို့ ကြားဝင်ရမှာ လဲ၊ ကိုယ်လေ ကြွေ့ကို နားလည်ပါတယ်။ ကြွေ့အစ်ကိုကို မေ့ပစ်ရင် ကောင်းမယ်ထင်တယ်"

ကြွေသည် ငရုတ်ချဉ်ကို အဓိပ္ပာယ်မရှိ တစွတ်စွတ် ကောက်စားရင်း မျက်ရည်ဝဲနေ၏ ။ ကြွေ့ကို ကြည့်ရင်း အမွန်က ရင်ထဲမှာ ထိခိုက်လာသည်။

ကြွေ့ကို စိတ်ပြေလက်ပျောက် အာရုံ ပြောင်းသွား စေချင်သည်။ စာဖတ်ခိုင်းရမလည်လား။ သို့သော် အမွန် ချစ်စနိုးမိသော ကြွေက စာဖတ်ဝါသနာပါမည့် ပုံ မပေါ်။ နေ့ရော ညပါ အားလပ်နေသည့်တိုင် စာအုပ်တစ်အုပ်မျှ ကိုင်သည်ကို မတွေ့ရစဖူး။ ကြွေ့အနား ပတ်လည်မှာ လည်း စာအုပ်နှင့် တူတာ ဆို၍ ကတ်ပြားထူထူပင် ကြည့်မမြင်ချေ။

ဖြုန်းခနဲ - ဒု - စက်ရုံမှူး ကို ပြေးသတိရလိုက်၏ ။ လမ်းပျောက်နေသငှက်ကို လမ်းစရှာပေးတတ်သော ဒု - စက်ရုံမှူး ၏ စေတနာကိုယုံကြည်အားကိုးစွာ မြင်ယောင်လာသည်။

"ယူ အလုပ်လုပ်မလား ဟင်။ ကြိုး စားကြည့်ရင် ရနိုင်မယ့် နေရာတစ်ခုတော့ ရှိတယ်"

ကြွေက ဟင်းချိုခွက်ကို ကိုင်လျက် တန်းလန်း လှမ်းမော့ကြည့်လိုက်သည်။ မျက်ရည်စတွေ ခိုနားနေသော မျက်လုံးအစုံက ပို၍ တောက်ပလာ၏ ။

"လခစားအနေနဲ့တော့ ဒီခေတ်မှာ မလွယ်ဘူးလေ။ နေ့စား တစ်နေ့သုံးကျပ်ဆယ့်ငါးပြားဆိုရင်လည်း တစ်လကို တစ်ရာပတ်ဝန်းကျင်လောက် ဝင်တာမို့ မဆိုးပါဘူး။ ယူတတ်နိုင်လို့ စိတ်ပါလို့ အိုဗာတိုင်တွေ ဘာတွေ လုပ်နိုင်ရန် တစ်ရာ့ငါးဆယ်တောင် ကျော်ဦးမယ်"

"ဘယ်မှာ လုပ်ရမှာ လဲဟင်"

"လုပ်ရမယ်လို့ အသေအချာကြီး မပြောနိုင်ဘူးပေါ့ ကြွေ။ ဒါပေမဲ့ ရနိုင်စရာ

အလားအလာ ရှိပါတယ်။ အုတ်ကျင်း ဂုန်နီစက်ရုံမှာ ”

“ဂုန်နီစက်ရုံ။ ဟင် ... ဒါဖြင့် ကြွေလုပ်ရမှာက စက်ရုံအလုပ်သမားပေါ့ ဟုတ်လား”

ကြွေ့အသံ ဘာကြောင့် တုန်ယင်လာသည်ကို အမွှန် ရုတ်တရက် နားမလည်။

“အလုပ်သမား ဖြစ် ဖြစ်၊ ဘာ ဖြစ် ဖြစ်ပေါ့ ကြွေရယ်။ ဘယ်သူမှ သေအောင်ကျေအောင် မလုပ်ရပါဘူး။ ဘွဲ့ရပြီးသားတချို့ တောင် အောက်ခြေက စဝင်တဲ့သဘောနဲ့ ကာယလုပ်သား ဝင်လုပ်နေကြသေးတာ။ ဒီခေတ်မှာ အလုပ်သမားရယ်လို့ မသိမ်ငယ်ပါဘူးနော်။ အမွှန်လည်း ဒီလုပ်က ထွက်လာတာ အမွှန် ကျောင်းချိန်နဲ့ မကိုက်လို့။ ခုလို ဟိုပြေး ဒီပြေး ကျူရှင်ပေးရတယ်ဆိုတာက မလွယ်ဘူးကွဲ့။ စက်ရုံမှာ တုန်းကလိုက္ကာရွှေလည်း

မရဘူး"

ကြွေက ရုတ်တရက် စကားမပြန်။ ထမင်းကို လက်နှင့် ဆွ၍ ခပ်တွေ တွေ လုပ်နေသည်။

"အလုပ်လုပ်ရင်း စာမေးပွဲ မဖြေနိုင်ရင်လည်း ကြွေ့အဖို့ ပိုကောင်းတာပေါ့။ ပြီးတော့လေ၊ သွားရေး လာရေး လည်း မခက်ဘူး ကြွေရဲ့ ။ ဖယ်ရီ ရှိတယ်။ ယူ ကမာရွတ်အပိုင်းက စောင့်စီးရုံပဲ"

အမွန်က အားတက်သရော ပြောနေသလောက် ကြွေက မလှုပ်မချောက်။ အမွန့်စိတ်ကူးထဲမှာ တော့ ကြွေအလုပ်ရဖို့ အကွင်းအကွက်သာ ကြိုး စားပမ်းစား ရှာနေမိသည်။ စက်ရုံမှူး ကို မေတ္တာရပ်ခံလျှင် ဖြစ်နိုင်ကောင်းရဲ့ ။ မိမိလိုပင် မိုခိုရာမဲ့ မိန်းကလေး တစ်ယောက်

ဖြစ်ကြောင်း သိလျှင် အလုပ်သွင်းမပေး နိုင်တောင် တစ်စုံတစ်ခုသော လမ်းစကိုတော့ ဖွေရှာပေးနိုင်လိမ့်မယ် ထင်သည်။

"ပညာရေး အတွက် စိတ်အားထက်သန်ပါသည်။ ကျောင်းဆက်တက် ဖြစ်နိုင်ဖို့အတွက် တစ်ဖက်တစ်လမ်းမှ အလုပ်လုပ်ပါချင်ပါသည်" စသည်ဖြင့် တော့ အာလူးများများ ဖုတ်ရပေလိမ့်မည် ။ သည်အချက်တွေ နှင့် ပတ်သက်၍ ကြွေ့အတွက် ရဲရဲအာမခံဝံ့သော လည်း အမွန် စွန့်စားနိုင်လေသည်။

ဘာပဲ ဖြစ် ဖြစ် အောင်မြင်နိုင်ဖွယ်ရှိသည်ဟုတော့ အမွန်က ကိုယ့်စိတ်ကူးနှင့်ကိုယ် တက်ကြွနေ၏ ။ နေ့စား အလုပ်သမား ဆိုသည်မျိုး က စက်ရုံထဲမှာ ဘောင်ဝင်အောင် လုပ်ထားလျှင် လူစားသွင်း၍ ပင်

ရလောက်သည်။ ပြီးတော့ စက်ရုံနားမှာ ပင်
လျှော်ရွှေးလျှော်ထုပ် စက်ရုံဆိုလား
သီးခြားရှိသေးသည်။ ထိုစက်ရုံသစ်မှာ အလုပ်သမား
လူသစ်များ တဖွဲဖွဲ ခန့်ဆဲရှိသည်ကို အမွှန်
သနို့သနို့ကြားနေရသည်။

တစ်နေရာမဟုတ် တစ်နေရာတော့
အသေအချာကို ရတန်ကောင်းပါရဲ့ ။

အမွှန်သည် စနေ၊ သို့မဟုတ် တနင်္ဂနွေ
တစ်ရက်ရက်မှာ ဒု - စက်ရုံမှူး နှင့် အေးအေးဆေးဆေး
တွေ့ ပြီး စကားပြောမည် ဟု ရင်ထဲမှာ
တေးမှတ်ထားလိုက်သည်။ ကလေးများ စာပြရန်
သူ့အိမ်သို့ နေ့တိုင်း ရောက်နေသော် လည်း တစ်နေ့မှ
မျက်မှာ ချင်းဆိုင် ဖြစ်သည် မရှိချေ။

မိုးလင်းသည်နှင့် စက်ရုံထဲမှာ

လှည့်ပတ်သွားလာနေတတ်သော ဒု-စက်ရုံမှူး ကို ကလေးများ စာပြ အပြီး ကျောင်းချိန်မီ ကတိုက်ကရိုက် ပြန်ပြေးလာရသော အမွန့်အနေနှင့် ကျောင်းတက်ရက်များ မှာ စောင့်တွေ့နိုင်ဖို့ မလွယ်။

သို့သော် ယင်းမလွယ်သည့်ကပင် တစ်မျိုး ကံကောင်းနေသေးသည်ကို နောင်နှစ်ရက်ခန့်အကြာမှာ အမွန် နားလည်လိုက်ရလေသည်။

တစ်နေ့ကလိုပင် ကြွေက အမွန့်ကို ထမင်းပွဲပြင်၍ စောင့်နှင့် သည်။

"ဒီနေ့ပတော့ ယူ့ကို ကြွေ ဝမ်းသာစရာ သတင်းတစ်ခု ပေးစရာရှိတယ်။"

ခါတိုင်းတွေ့နေကျ မျက်ရည်စတို့ကိုလည်း မမြင်။ သူ့မျက်နှာကလေး လန်းလန်းရွှင်နေသည်မို့ ဘာမှန်းမသိရသေးခင်ကပင် အမွန့်ရင်ထဲမှာ အေးခနဲ

ကြည်နူးလာရသည်။

သံယောဇဉ် နှောင်ဖွဲ့မိပြီဆိုလျှင်
"အပူ"သည်လည်းကောင်း၊
"အပျော်"သည်လည်းကောင်း ကးစက်မြန်တတ်မြဲ
ထင်ပါ၏ ။

"တစ်လကို တစ်ရာ့ငါးဆယ်ရမယ့်
အလုပ်တစ်ခု ရလာတယ် အမွှန်ရဲ့ ။ နံနက် ကိုးနာရီက
ညနေ လေးနာရီအထိပဲ လုပ်ရမယ်။ တစ်ပတ်ကို
တနင်္ဂနွေတစ်ရက် အနားရတယ်။"

"ဟုတ်လား။ တယ်ဟုတ်ပါလား။
ဘာသံမကြား ညာသံမကြားနဲ့"

အမွှန့်အဖို့ အဟုတ်အံ့သြစရာ
ဖြစ်နေသည်။ လုပ်စရာရှိတော့လည်း စိတ်မြန်လက်မြန်
ဖြုး နဲဖြုန်းဒိုင်းဒိုင်း လုပ်တတ်သည့်

ကလေးမပါကလား။

“အလုပ်တစ်ခုရဖို့ အရေး ကြီးလာပြီ မဟုတ်လား အမွန်ရယ်။ ဒီလိုပဲ လိုက်ရှာရတာ ပေါ့။ ကိုယ့်ဝင်ငွေနဲ့ကိုယ် ဖြစ်သွားရင် အစ်မ ထောက်ပံ့ကြေး လုံးဝ မယူတော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ ကြွေ သူတို့နဲ့ ကင်းကင်းနေချင်ပြီ အမွန်”

“ကောင်းတာပေါ့ကွယ်။ ဘယ်မှာ လုပ်ရမှာလဲ။ အစိုးရအလုပ်လား”

“အစိုးရအလုပ် ရဖို့များ ကြွေက အမွန့်လောက်တောင် မနီးစပ်ပါဘူး အမွန်ရာ။ နောက်ပြီးတော့ လည်းကွယ် ကြွေ့ပညာအရည်အချင်းလောက်နဲ့ သုံးကျယ်ဆယ့်ငါးပြ တက်နိုင်မှာ မဟုတ်ဘူး။ ပြီးတော့လေ ကြွေက မွေးလာကတည်းက ခြေမွေးမီးမလောင်

လက်မွေးမီးမလောင် နေခဲ့ရလို့လား မသိ။

အလုပ်ကြမ်းတွေ ဘာတွေ မလုပ်ဝံ့ဘူး အမွှန်ရဲ့ ”

ရင်ထဲမှာ ဒိုင်းခနဲ ဒေါသထွက်လာမိသော လည်း အမွှန် ချုပ်တည်းလိုက်ပါတယ်။ ကြွေ့စကားတွေ ရှေ့နောက်မညီတတ်သည့်မှာ တော့ ရှိးလည်းရှိးလှပါပြီ။ အစ်မအိမ်မှာ ကံဆိုးလှချည်ရဲ့ လို့ တရှုပ်ရှုပ်ငိုတတ်သူကလေးက ခုတော့ ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း၍ ကြီးပြင်းလာရသလို အကြွားပိုပြန်ပြီ။

“ကဲ … ပြောပါဦး။ ဘယ်မှာ လုပ်ရမယ်ဆိုတာ”

”အရောင်းဈေးသည် ခေါ်ရမလား။ ဗိုလ်ချုပ်ဈေးထဲမှာ လေ။ ဆိုင် ကတော့ အပုံစားကွဲ့။ မန္တလေး ပိုးထည်ချည်ပဲ ရောင်းတာ။ ကြိုး ကြီးချိတ်တို့ အင်းလေးတို့”

"ဟုတ်လား။ ကောင်းတာပေါ့ ကြွေ။ ဒီခေတ်မှာ သက်သောင့်သက်သာနဲ့ တစ်လတစ်ရာငါးဆယ် ရနိုင်မယ့်နေရာ သိပ်ရှားတာ။ ဘယ်တော့ အလုပ်စဆင်းမလဲ"

"မနက်ဖြန်"

*

မနက်ဖြန်က ကြွေ့ကို ဘယ်လို ကြိုဆိုနေရာ ချထားလိုက်သည်မသိ။ သူ့မျှော်လင့်ချက် မနက်ဖြန်၏ နောက်ပိုင်းရက်များ တွင် ကြွေသည် အသစ်တစ်ဖန် ပြန်လည် မွေးဖွားလာသည့်နှယ်တည်း။

အမွှန်တို့နှစ် ယောက် တွဲ အခန်းကျဉ်းကလေးမှာ ညညတွင် ကြွေ့စကားသံများ

ဖြင့် စီစီလှုပ်အောင် စိုပြည်လျက်ရှိ၏ ။

"ဘာမှ ပင်ပင်ပန်းပန်း လုပ်ရတယ် မဟုတ်ဘူး အမွှန်ရဲ့ ။ ဝယ်သူလာရင် ပိုးထည်တွေ ကို စိတ်ရှည် လက်ရှည် ထုတ်ပြ၊ ကိုယ်မှာ ကပ်ပြ ဒါလောက်ပဲ။ဆိုရှေးနဲ့ အနီးဆုံး အလုပ် ဖြစ်အောင်၊ ဝယ်သူ ကိုယ့်လက်က လွတ်ထွက်မသွားအောင်တော့ ပါးစပ်က အမြှုပ်ထွက်မတတ် "ဖိန့်"ရတာ ပေါ့လေ။ အစ ကတော့ ကြွေလည်း ကြောင်တောင်တောင် ယောင်အအ ဘာပြောလို့ ဘာဆိုရမှန်း မသိ ဖြစ်သေးတယ်။ ဒါပေမဲ့ နယ်လီချို့ ကျေးဇူးပဲ အမွှန်ရေ့။ သူက တစ်ရက်၊ နှစ် ရက် အပင်ပန်းခံပြီး ကြွေနဲ့ တွဲ ရောင်းပေးတယ်။ အဲဒီ နယ်လီချိုကလေ ဘတူ အရောင်းစာရေး မချင်း အပေါ်မှာ သိပ်သဘောထား ကြီးတာ။ အပြောအဆိုကလည်း ရေပပ်မဝင်အောင် "ရွှေကျီးသာတာ" ဆရာရေ့။ သူ့ ကောင်တာရှေ့ သာ

ရပ်မိရင် မဝယ်ဘဲနဲ့ ပြန်ခွာဖို့တော့ မလွယ်ကြောပဲ
သိလား"

"ဒီနေ့ ကိုယ့်ကောင်တာက စံချိန်ချိုး တာပဲ အမွန်။ အန်တီမြိုင်ကလေ သူ့ဆိုင်က အလုပ်သမား တွေ ကို အုပ်ချုပ်တဲ့နေရာမှာ တကယ်အမြော်အမြင်ကြီးတာ ဆရာ့။ ဒီနေ့ ကြွေ့ကောင်တာက အထည် လေးဆယ်ကျော် ထွက်သွားတယ်။ အဲဒါ တစ်ထည်တစ်ကျပ်နှုန်းနဲ့ တွက်ပြီး ကြွေ့အတွက် ဆုကြေးပေး သေးတယ် ဆရာ့။ လေးဆယ့်သုံးကျပ်ကြီးများ တောင် ထောလာတယ်။"

"ဒီမှာ ကြည့်ပါဦး အမွန်ရဲ့။ ပိုးချိတ်ကလေးေတွ မလှဘူးလားဟင်။ ဖြူဖွေးနေတဲ့ အောက်ခံပေါ်မှာ အရောင် နဲ့ ချိတ်ထားတာ ယဉ်တယ်နော်။ အဲဒါ နီနီမြင့် ချိတ်တဲ့ အမွန်ရဲ့။ ဒါက ပန်းနုရောင်၊ ဒါက နောက်ဆုံးပေါ် တိုယိုတာရောင်၊

ရွှေအိုရောင် လို့လည်း ခေါ်တယ်။ တစ်ထည်ကို ရှစ်ဆယ် ကျတယ်လေ။ အန်တီမြိုင်က ကြွေ့လစာထဲက နည်းနည်း စီဖြတ်သွားမယ်တဲ့။ အတင်းယူဝတ်ခိုင်းလို့ ယူလိုက်ရတာ ။ အမွန်လိုချင်ရင် ပြောလေ။ ကြွေ့အယူနဲ့ ယူပေးမယ်။ အားမနာနဲ့ သိလား။ လဆိုင်းစနစ်နဲ့ အရစ်ကျဆပ်သွားတာပေ့ါ။

သည်လို ပြောလာတော့လည်း အမွန်ငြိမ်၍ မနေသာတော့ပြီ။ အဝတ်အထည်ကိစ္စ ရှုပ်ရှုပ်ယှက် ယှက်တွေ ပတ်သက်လာသည်ကို သည်းမခံတတ်သော လည်း ကြွေ့မို့သာ ခွင့်လွှတ်ရပြန်သည်။ သူ့စေတနာကို အသိအမှတ်ပြုကာ စိတ်ရှည်လက်ရှည် ရှင်းပြရန်ပြန်သည်။

"အမွန်က ကြွေ့ကို အပိုဝင်ငွေမရှိဘူး မဟုတ်လားကွယ်။ ဒါလောက် ဈေးကြီးတဲ့ ပိုးချိတ်တွေ ၊ ကြိုး ချိတ်တွေ နား မကပ်နိုင်ပါဘူး။ အဝတ်အစားနဲ့

ပတ်သက်လို့လည်း ကြွေးတင်မခံနိုင်ဘူး ကြွေရေ့။
တစ်လနဲ့ တစ်လ စာအုပ်ဖိုးအောင် အနိုင်နိုင်ရယ်။
စတိုင်ပင်လေးရှိနေလို့ ဒီလောက် ဣန္ဒြေရနေတာ။
အမွှန့်အဖို့က တက်ထရွန်ဖြောင်လုံချည်ကို
အပတ်လည်အောင် ရောင် စုံဝတ်ထားနိုင်ရင် တော်
လှပြီ"

အမွှန် ပြောရင်းဆိုရင်း အတွေ့ အကြုံ
တစ်ရပ်ကို သတိရတာ တနုံ့နုံ့ ပြုံး နေမိသေး၏ ။

ခိုင်ခံ့၍ အလျော်အဖွပ်ခံသော ၊
အဝတ်ခံသော တက်ထရွန် ဖြောင်လုံချည်များ ကို
အမွှန်က ရောင် စုံထား၍ ဝတ်လေ့ရှိသည်။
အင်္ကျီကိုတော့ တက်ထရွန်အဖြူတံတောင်ဆစ်ချိတ်
ရင်ဖုံးအင်္ကျီမှတစ်ပါး တစ်ခြားမည် သည့်အရောင် ၊ မည်
သည့်ပုံဆန်းကိုမှ ဝတ်၍ အပြင်ထွက်လေ့မရှိ။

ဒါကလည်း ကိုယ့်အကြောင်းနှင့် ကိုယ်ပင်။

သည့်ခေတ်မှာ တက်ထရွန်လို ဈေးချ
သလောက် ခိုင်ခံ၍ အလျှော်အဖွပ်ခံသော အထည်စမျ
းမရှိ။ အဖိုးထိုက်အဖိုးတန် မဟုတ်သည့်တိုင်
အပေါ်စားလည်း မဆန်။ သို့ကြောင့် လုံချည်အတွက်
တက်ထရွန် ဖြောင် ရောင် စုံများ ကို
ရွေးချယ်ရခြင်းတည်း။

ပြီးတော့ အင်္ကျီစဆိုသည်မှာ လည်း အမွန်က
အများ သူငါ မိန်းကလေးတကာလို ကြည့်မြင်တိုင်၊
တောင်ဥက္ကလာပဒေသော၊ စိန်ဂွန်းအစရှိသော
လဟာပြင်ညဈေးအနံ့က သက်တံရောင် စုံတံတားမှာ
အဆန်းအပြား ရွေးချယ်အားသူ မဟုတ်ချေ။

အဖြူရောင် ချည်းတစ်ပုံစံတည်း ချု
ပ်ဝတ်လေ့ရှိတော့ မရွှေစင်မွန်မှာ အင်္ကျီငါးထည်သာ

ရှိပါကလားလို့ ဘယ်သူကမှလည်း စိတ်ဝင်စားတော့မည် မဟုတ်။ ကိုယ့်အထာနှင့် ကိုယ် သည့်လိုဝတ်စားဆင်ယင်ရသည်ကိုပင် မမဖြူ တို့တစ်သိုက်က ကြဲကြဲဖန်ဖန် အထင်ကြီးပြန်သည်။

"အမှန် ကတော့ ယဉ်ယဉ်ကလေးနေတာ ဆရာ။ ဝတ်လိုက်ရင်လည်း ပလိန်းမှ ပလိန်းချည်းပဲ။ အင်္ကျီဆိုရင် အဖြူရောင် ကလွဲပြီး ဘာမှမဝတ်ဘူး။ ပန်းလည်း ဘယ်တော့မှ မပန်ဘူး။ ရွှေလည်း မဝတ်တတ်ဘူး။ သနပ်ခါးလည်း မလိမ်းတတ်ဘူး။ တကယ့်တစ်မျိုးလေး"

ကိုယ့်အကြောင်း ကိုယ်သာအသိဆုံးမို့ ကျိတ်၍ သာ ပြုံး နေခဲ့ရလေသည်။ ကြွေ့ကိုတော့ ချစ်နှစ် လိုရုံမက တစ်ခန်းတည်း အနေနီးသူမို့ ပွင့်ပွင့်လင်းလင်း ပြောပြမိသည်။

"ကိုယ့်ကိုလေ ဆယ့်လေးကျပ်တန်
သနပ်ခါးတုံးတို့၊ သုံးဆယ့်ငါးကျပ်တန် မိတ်ကပ်တို့
ဘယ်တော့မှ လာစပ်မရောင်းနဲ့ကြွေ။
ဒါလေးလိမ်းစမ်းပါ၊ ဒါလေးဝတ်စမ်းပါနဲ့လည်း
ဘယ်တော့မှ ဆိုးဆိုးနွဲ့နွဲ့ မတိုက်တွန်းနဲ့။ အမွှန့်မှာ က
ကိုယ်အကြောင်းနဲ့ ကိုယ်ကွယ့်။ အပိုကုန်စရာမရှိဘူး။
ကျောင်းအပြေးအလွှားတက်နေရတော့ ဒီထက်လည်း
ပိုမရှာနိုင်တော့ဘူး။ ရသမျှနဲ့
လောက်အောင်သုံးနေရတာ ။ ကြွေက ခဏခဏ
ဟိုပစ္စည်း ယူလာပြ၊ ဒီပစ္စည်းယူလာပြဆိုရင်
ကိုယ်ကြာကြာ စိတ်မနိုင်တော့ဘဲ
စိတ်ဆင်းရဲတတ်လာလိမ့်မယ် သိလား"

ကြွေ့ရင်ထဲမှာ အဖုအထစ်
ဖြစ်မနေချင်သည်မို့ ရယ်ရွှန်းဖတ်ရွှန်း
ထည့်ပြောရသေးသည်။

နောက်ပိုင်းမှာ တော့ ကြွေ့ တစ်ယောက်

အမွှန်အနားမှာ စကားတတွတ်တွတ် မပြောသာပြီ။ သူ့ ကိုယ်ရေး ကိုယ်တာကိစ္စရပ်တွေ ထွေပြားလာသည်။

အလုပ်ပြန်ချိန်မှာ လည်း တစ်ခါတစ်ရံ အမွှန့်ထက်ပင် မိုးစုပ်စုပ် ချုပ်သေး၏ ။ ရေမိုးချိုး၊ စားသောက်ပြီးစီးနှင့် သော အမွှန်က တကြောင့်ကြ ကြပင် အပေါက်ဝကို လည်တဆန့်ဆန့် မျှော်ရသည်။

ထိုညများ မှ ကိုယ်ပိုင်ကားကြုံထည်လဲဖြင့် ပြုံး တဝင့်ဝင့် ပြန်ရောက်လာတတ်သော ကြွေ့အတွက် ရင်မောရပြန်လေသည်။

ဟိုအခန်း၊ သည်အခန်း၊ အခန်းပေါင်းစုံက ပြုံ တစ်ပြုံတစ်မျက်စပစ်ချင် သူများ ကိုလည်း အမုန်းပွား ရပြန်လေသည်။

တစေ့တစောင်းတစ်မျိုး၊

ပြောင်ပြောင်တင်းတင်း တစ်ဖုံ၊
လျှပ်စစ်ပြက်လေ့လာရေး ကွင်းဆင်းကြ ကုန်သော
မျက်လုံးကုန္ဒေကုန္ဒာကြားမှ ကြွေ့လက်ဖျားကို
တအားဆုပ်ကာ စောင့်ခေါ်ခဲ့ရပြန်လေသည်။

ကြွေ့ဘက်မှာ အစဥ်ရပ်ချင်လည်း
သံသယမကင်းဖွယ် အလုပ်တွေ ကို ကြွေ့က
ရှုပ်ရှုပ်ထွေးထွေး လုပ်တတ်လာသည်။

ကြွေ့ ခုတင်ပတ်ဝန်းကျင်တစ်ဝိုက်မှာ
အလှအပ အသစ်အဆန်း အမွှမ်းအမံတို့ဖြင့်
တစစကြွယ်ဝလာ၏ ။

နှစ် ယောက် ခန်းအဝင်ဝ တံခါးပေါက်ကို
ပိတ်ဖောက်ဇာ အစိမ်းနုရောင် ခန်းဆီးတပ်ကာ နှစ်
ယောက် သုံးစားပွဲကလေးပေါ်မှာ ပလတ်စတစ်
ပန်းအိုးလှလှတင်တာတွေ ကိုတော့ ကြွေက အလှကြို

က်သူမို႔ဟု အမွန္ နားလည္နိုင္ပါသည္။

သို႕ေသာ္ ေကြခုတင္ေအာက္က သံေသတၱာမွာ ထဘီ၊ အက်ႌအသစ္အဆန္းတို႔ျဖင့္ ဖုံးဖိမရ ေအာင္ ကန္႔ကြက္ေနသည္ကိုေတာ့ အမွန္၊ မ်က္စိကိုန္း ခ်င္လာသည္။

ေကြ၏ ေရာင္ ေျပးလက္ပတ္နာရီ ပုံဆန္းႏွင့္ သုံးရာ့အစိတ္ေပးရသည္ဆိုေသာ ကနကမာ ေက်ာက္စီ 'ပလက္ေဖာင္းဟီးလ္' ခုံျမင့္ဖိနပ္ စသည္တို႔ကို စပ္စပ္စုစု ၾကည့္႐ႈေမးျမန္းလိုသူမ်ား ျဖင့္ အခန္းထဲမွာ တစ္စတစ္စ လူစည္ကားလာ၏ ။ ဒါကိုလည္း အမွန္မ်က္စိေနာက္ခ်င္ေလသည္။

"ဒီေရေမႊးလား... 'ရယ္ဗလြန္စပေရး ' ေလ။ ေစ်းႀကီးေပမဲ့ ပစၥည္းေတြ က ေပါလို႔ပါကြယ္။ ယူတို႔ သြားစရာလာစရာရွိတဲ့အခါ ယူသာသုံးၾကပါ။

နှုတ်ခမ်းဆိုးဆေးတော့ 'ရယ်ဗလွန်' မသုံးဘူးကွယ့်။ ကြွေက ပုလဲပါမှ ကြိုက်တော့ 'စပရင်းဆောင်း'ပဲ သုံးတယ်။ နံပါတ်စုံရောင် စုံ ရှိတယ်။ ဟောဒီမှာ လေ။ အမယ် လေး... ကိုက်စားသွားတာလိုက်လို့ကွယ်။ ရီရီအောင်ကလည်း ဆိုးစမ်းပါ။ နှုတ်ခမ်းဆိုးဆေးတစ်တောင့် ဘယ်နနှစ် သုံးရဦးမှာ တဲ့လဲ။ ကြွေတို့က နှုတ်ခမ်းဆိုးဆေးတို့၊ မိတ်ကပ်တို့ ဘယ်တော့မှ ကုန်တဲ့အထိ မသုံးတတ်ဘူး။ အဆီခန်းကုန်မှတော့ ဘာလုပ်မှာ လဲလို့ မဟုတ်ဘူးလား"

"သိပ်မထင်ကြပါနဲ့ကွယ်။ အဝတ်အထည်ဈေးတွေ က သိပ်ကြီးနေတော့ တစ်စုံ ဖြစ်ဖို့ မနည်းကြိုး စားရတာ ။ ဟော့ဒီ ဖော့ဆွားနို့နှစ် ရောင် ဆိုရင် 'စီးကွင့်စ်' ထိုးတာရောဘာရော နှစ် ရာတောင် ကျော်တယ်ကွယ့်။ အမယ်လေး...

လက်ကိုင်အိတ်ရော၊ ခုံမြင့်ဖိနပ်ရော
ဝမ်းဆက်ပြည့်အောင် လုပ်ရပြန် တော့ ငါးရာပျော့ပျော့
ချောတာပဲ"

ဒီပယင်းပုတီးက ဟောင်ကောင်က
နိုင်ငံခြားခရီးသည်မိတ်ဆွေ တစ်ယောက်
လက်ဆောင်ပေး သွားတာလေ။ဟော့ဒီ
ကျောက်စိမ်းလက်ကောက်ကလေးပါပေါ့။ ပလက်တီနမ်
ပါးပါးကလေးနဲ့ ပျော့ပျော့ ကလေးလုပ်ထားတာ။
သိပ်ခေတ်ဆန်တာပဲနော်။ အမယ်လေး...ကြွေကလည်း
သူများ ပေးတာချည်း အလကား မယူရက်ပေါင်ရှင်။
ဆိုင်က နှစ် ရာ့အစိတ်တန် ကြိုး
ကြီးချိတ်ပုဆိုးတစ်ထည် ပြန်ပေးလိုက်ရပါ တယ်ကော။
ဒါကို မောင်မင်းကြီးသားက ကျေးဇူးတင်လွန်း
ဟိုပြန်ရောက်တာတောင် ပို့စကတ်တွေ ပို့ တုန်း။
တစ်နေ့ကတောင် တရုတ်ဘုံကျောင်းနဲ့ ရေကန်ပုံပါတဲ့

ပို့စကတ်တစ်ခု ရောက်လာသေးတယ်”

ကြွေအမှုအရာနှင့်

ကြွေ့လေယူလေသိမ်းတို့မှာ အမွှန့်နားထဲ၊ မျက်စိထဲ ထော်လော်ကန့်လန့်ချည်း ဝင်လာသည်။

ညညများ မှာ ကြွေ့ခုတင်ပတ်လည် စုဝေး၍ ကြွေ့အလှအပ အသစ်အဆန်းပစ္စည်းပစ္စယများ ကို ဝိုင်းဝန်းကြည့်ရှုငေးမောရင်း ချီးမွမ်းအားရ ပြောဆိုနေကြသူများ ကိုလည်း အမွှန် မယုံကြည်။

မနက်ဖြန် မိုးလင်းလျှင် ရေချိုးခန်းမှာ ၊ မီးဖိုဆောင်မှာ မလိုတမာ ပုတ်ခတ်ကြဲတော့မည် ကို အမွှန် သိသည်။ ဒါတွေ အမွှန်ကြားနေကျ။

တနင်္ဂနွေတစ်နေ့မှာ တော့ ထုံးစံအတိုင်း အမွှန် အပြင်ထွက်အံ့ဆဲဆဲ။

“တနင်္ဂနွေတိုင်း ယူ ဘယ်သွားတာလဲ

အမွန်။ ရုပ်ရှင်ကြည့်တာလား”

“ရုပ်ရှင်ရယ်တော့ မဟုတ်ပါဘူး။ ဒီလိုပဲ ဈေးလေးဘာလေး ဝယ်ရအောင် ဆိုပါတော့။ ကြုံကြို က် လို့ ရုပ်ရှင်ကြည့် ဖြစ်တဲ့အခါလည်း ဝင်ကြည့်တာပေါ့။ ဘာ ဖြစ်လို့လဲ”

“ဪ...ရုပ်ရှင်ဆိုရင် ကြွေလည်း ကြည့်မှာ မို့ပါ။ တူတူသွားကြမယ်လေ”

“အမွန် ကြည့်တဲ့ကား ကြွေ ကြည့်ချင်ပဲ့မလား။ ကိုယ်က မားခုတ်တာတွေ ၊ သေနတ်ပစ်တာတွေ ၊ မြင်းစီးတာတွေ ကြည့်လို့မရဘူး ကြွေရဲ့ ”

“အမွန်ကလည်းကွယ်...ယူကြို က်တာကြည့်ပါ။ ရုပ်ရှင်ဆိုပြီးရောဟာ”

ရုပ်ရှင်ဆို ပြီးရောတဲ့။ ကြွေကို အမွန်

နားမလည်နိုင် ဖြစ်သွားရလေသည်။ သို့သော်
နားမလည်နိုင် စရာတွေ များ ပြားလွန်းနေသည်မို့
ဒါလောက်ကို အမွန်က ပဟေဠိဖြေမနေအားတော့။
အချိန်ကိုက်၍ ထွက်လာကြတော့ လိုက်ပို့မည့် ကားကြုံ
နှင့် အပေါက်ဝမှာ ဆုံရသည်။ အမွန်က တွေ
ဝေအံ့သြမကုန်နိုင် ရှိဆဲ။

"အမွန်၊ ဒါ ကြွေ့မိတ်ဆွေ
ကိုမောင်မောင်မြင့်တဲ့။ သူက အချစ်ဆုံး သူငယ်ချင်း
ရွှေစင်မွန်"

အမွန်သည် ပြုံး ၍ တုံ့ပြန်မိလေသလား၊
ခေါင်းညိတ်တုံ့ပြန်မိလေသလား၊ သို့ မဟုတ်
သည့်အတိုင်း ကြောင်တောင်ရပ်ငေးနေမိသလား မသိ။
ကြွေ ဆွဲခေါ်ရာနောက် ယိမ်းနွဲ့ပါသွားပြီး
ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်မိသည်ကိုသာ
သတိရသည်။

ပြီးတော့ ကိုမောင်မောင်မြင့်ဆိုသူက ကားမောင်းသူနှင့် ယဉ်လျက် ရှေ့ခန်းမှာ ထိုင်နေရာမှ ကြွေ နံဘေးက ကပ်၍ နောက်ခန်းမှာ ကျပ်ကျပ်သပ်သပ် ဝင်ထိုင်သည်။ အမွှန်သည် ကားထဲမှာ မွှန်းကျပ်လာ ၏ ။

ကြွေက အမွှန်မမြင်အောင် ကိုယ်နှင့် ကွယ်၍ ကိုမောင်မောင်မြင့်ပေါင်ကို ဆိတ်လို့ချည်းနေ၏ ။ ကတ်သီးကတ်သတ်မြင်တတ်သော အမွှန်က ကိုမောင်မောင်မြင့်လက်များ ဣန္ဒြေမရ လှုပ်ရှားနေသည် ကိုပါ သိသည်။

အမွှန်သည် မိမိဘက်မှန်ပေါက်မှ မျက်နှာမခွာမိအောင် မနည်းကြိုး စားလိုက်ပါလာရ၏ ။

ကြွေတော့ ချစ်သူဆီ တွေ့ချေပြီ။ ဘော်ဒါရောက်စက တရိုက်မက်မက်

ငိုကြွေးတမ်းတလာရ တော့ 'အစ်ကို' ကို ကြွေမေ့နိုင်ပြီမို့ ဝမ်းသာအားရ ဖြစ်သင့်သေးသည် မဟုတ်လား။ ဘာပဲ ဖြစ် ဖြစ် ဒီလောက်တော့ မရဲသင့်ဘူး ထင်သည်။ စောစောက မိမိဘာသာရှေ့ခန်းမှာ ခွဲ၍ ထိုင်မိလျှင် ကောင်း မည် ။

'ကြွေတော့ အပြင်ထွက်ရင် ဘတ်(စ်)ကားစီးရမှာ သိပ်ကြောက်ပဲ အမွန်ရဲ့ ။ မလွဲသာလို့သာ၊ ကိုယ်ချင်းမစာတတ်တဲ့လူတွေ ကြား ညှပ်လိုက်ရတာ ။ သိပ်ဝမ်းနည်းတာပဲ' ဟု ကြွေက ဆိုသေးသည်။

'ကိုယ် ကတော့ ဒီကားနဲ့ လိုက်လာမိတာ သိပ်ဝမ်းနည်းတာပဲ' ဟု ပြန်ရွဲ့လိုက်ချင်၏ ။ သို့သော် ဘာကြောင့် များ ကြွေအပေါ် အမွန်က ဤမျှ ငြိုငြင်နေမိသည် မသိချေ။

“ကဲ…ဘယ်ကားကြည့်မှာ လဲ အမွန်ရဲ့။ ပြောဦးလေ။ ဒီမှာ လက်မှတ် ဝယ်ခိုင်းရအောင်”

“အို… ကိုယ်တို့ဘာသာ ဝယ်ပါမယ့်။ အမွန် တန်းစီ တိုးဖူးနေကျပါ ကြွေရဲ့။ ရပါတယ်”

“မဟုတ်တာ အမွန်ကလည်း။ ဒါလောက် ရုပ်ပျက်ဆင်းပျက် တိုးဝှေ့နေကြတဲ့ လူအုပ်ထဲ ဝင်တန်းစီရမယ်လို့။ သိမ်လိုက်တာ”

ကြွေ့ကို တော် တော် ဒေါသ ဖြစ်သွားမိလေသည်။ ကိုယ် ရုပ်ရှင်ကြည့်ဖို့အတွက် ကိုယ့်ဘာသာ တန်းစီရသည့် အလုပ်ကို ‘သိမ်’လိုက်တာတဲ့။ စိတ်ပေါက်ပေါက်နှင့် စောင့်ကြည့်နေလိုက်ရာ ကိုမောင်မောင်မြင့် ဒရိုက်ဘာက ဒီစီသုံးစောင်ကို မှော င်ခိုမှ လွယ်လွယ်ကူကူ ဝယ်ရလာသည်။

ဒါမျိုးကျတော့ ကြွေတို့က သိမ်တယ်ရယ်လို့ မမြင်နိုင်ချေ။ အမွန်သာ ကိုယ့်အိတ်ထဲက ပိုက်ဆံ ကိုယ့်ဘာသာ မထုတ်လိုက်ရသည်ကို စိတ်ကျဉ်းကျပ်နေ၏ ။ ရုပ်ရှင်ရုံထဲကျတော့မှ သည့်ထက်အပြန် တစ်ရာမက ပို၍ ကျဉ်းကျပ်သည်ကို သိရလေသည်။

အမွန်သည် ပိတ်ကားရှိရာသို့ မျက်စိစူးစိုက်ထားသည့်ကြားက ပါးချင်းကပ်၍ လက်ချင်း ရှုပ်ယှက် ခတ်နေကြသော ကြွေတို့စုံတွဲ ကို မတွေ့ချင်မြင်လျက်သားတည်း။

ဘေးနားဝန်းကျင်ကလည်း ကြွေတို့ကို စိတ်ဝင်စားလာသည်။ ရှေ့ခုံတန်းများ ပင် လည်ပြန်လှည့်လို့ အားမနားတမ်းကြည့်ကြပြီ။ ကြွေကို ထုရိုက်ဆွဲထုတ်သွားချင်စမ်းလှသည်။

အမွန် တစ်ယောက် တည်း ရုပ်ရှင်ကြည့်ခဲ့ပေါင်း များ လှပြီ။ ဒီစီလောက် သိက္ခာမရှိလှဟု ဆိုနိုင်သော နှစ် ကျပ်ခွဲတန်းမှပင် ကြည့်လေ့ကြည့်ထရှိခဲ့သည်။ အဖော်မပါ တစ်ယောက် တည်းလာသော် လည်း ဘာတစ်စုံတစ်ရာမှ အနှောင့်အယှက် မတွေ့ခဲ့။ မသမာသူတို့၏ မထီတရီ မျက်လုံးများ ကလည်း အမွန့်မျက်နှာကို စေ့စေ့ကြည့်ဖို့ ဓာတ်ကျုံ့မရ။ ကြည့်လည်း သင်းတို့အဖို့ အကျိုးမထူးနိုင်သည်ကို သိ၍ ဖြစ်မည် ။ သို့သော် အမွန့်ကိုယ်တိုင်၌ က ပတ်ဝန်းကျင်ကို လုံးဝအာရုံမထားခဲ့ခြင်း ဖြစ်ကောင်း ဖြစ်မည် ။ ရုပ်ရှင်အပြီးမှာ ကြွေက 'ကြုံ့ဂုဏ်' မှာ ညစာစားချင်သေး၏ ။

"ပြန်ရောက်တော့မှ မောမောပန်းပန်းနဲ့ ချက်ရပြုတ်ရဦးမှာ စိတ်ညစ်စရာကြီး အမွန်ရာ။

ဒကာတော် ရေမြေ့ရှင်က ဒီလောက် စေတနာပြင်းပြနေမှ ဒါနလေးမြောက်သွားအောင် ပါရမီဖြည့်ပေးလိုက်ကြရအောင်ပါ။ ကြုံတုန်း ငါးကတ်တလက်နဲ့ ဂဏန်းပေါင်းဟင်းချို အမွှန့်ကို လျှာလည်သွားအောင် ကျွေးပြလိုက်ချင်တယ်"

"တော် ပါတော့ တော် ပါတော့ ကြွေရယ်။ ယူ နေချင်နေခဲ့။ ကိုယ်ပြန်မယ်။ ဘဲဥပြုတ်နဲ့ပဲ စားပါရစေ။ ဘဲဥပြုတ်တာ မကြာပါဘူး"

အမွှန် စိတ်ထွက်စပြုပြီဆိုတာကို သိတော့မှ ကြွေက လျှော့လေသည်။ ထမင်းကြော်သုံးထုပ် စောင့်ဝယ်သည်ကိုမူ အမွှန်သည်းခံရသေး၏ ။ မနက်ဖြန်ထပ်တွေ့ဖို့ ချိန်းနေကြသည်ကို အမွှန့်နားထဲမှ ဖယ်ထုတ်ပစ်လိုက်သည်။

အပြန်မှာ တော့ အမွှန်သတိတရပင်

ကားရှေ့ခန်းဒရိုင်ဘာနံဘေးမှ ဝင်ထိုင်ခဲ့သည်။ ကား နောက်ခန်းမှာ နှစ် ယောက် တည်း ဘောင်ဘင်ခတ်လာသည်ကိုတော့ ရှေ့မှန်ထဲမှ မမြင်ချင်၍ လည်း မရ တော့ပေ။

ကားပေါ်မှ အဆင်းတွင် ကြွေက ဣန္ဒြေရနေ၏ ။ ထမင်းကြော်ထုပ်များ နှင့် အတူ စက္ကူ အိတ်ရှည် မျောမျောကလေး တစ်ခုပါလာသည်ကို အမွှန်သိသော် လည်း လုံးဝလှည့်မကြည့်ဘဲ နေလိုက်သည်။ အခန်းထဲ ရောက်နေသည်အထိ စောင်း၍ ပင်မကြည့်။

"ဟယ်...ခေါက်ထီးကလေးက လှလိုက်တာဆရာ။ ကြည့်စမ်းပါဦး အမွှန်ရဲ့ ။ စတီးကိုင်းသုံးဆင့်ချိုး အပုံစားပဲ။ တစ်ရာလေးဆယ်လောက်ပေးရမယ်။ လှလိုက်တဲ့ အရောင် နော်။ ဘာရောင် ခေါ်ရမလဲ စိမ်းဝါ

ဖန့်ဖန့်ကလေးရယ်။ နေရောင် နဲ့ ဆို

အသားသိပ်ဆောင်တာပေါ့။ နေရောင် အောက်မှာ

ဆောင်းသွားရင် အသားဟာ ရွှေစံကားဝါရောင်

ဝင်းနေမှာ ဆရာ”

ဇာနားတပ် ခေါက်ထီးကလေးကို ဖွင့်ကာ

တယိမ်းနွဲ့နွဲ့ တငဲ့စောင်းစောင်း စောင်းကြည့်ရင်း ကြွေ

သည် မြူး ကြွရွှင်ပျလွန်းနေ၏ ။ အမွှန်က

တင်းမာဆဲမျက်နှာထားကို လုံးဝမလျှော့ဘဲ ကြွေ့ကို

မကျေမနပ် စိုက်ကြည့်လိုက်သည်။

“နေပါဦး ကြွေရဲ့ ။ အဲဒီ

ကိုမောင်မောင်မြင့်ဆိုတာနဲ့ ဘယ်တုန်းက

ဖြစ်လိုက်ကြတာလဲ။ တို့များ သိတောင်မသိလိုက်ဘူး”

အဆက်အစပ်မရှိသော အကြောင်းတစ်ခုကို

တဖြုန်းခနဲအမေးခံလိုက်ရ၍ လားမသိ။ ကြွေ့မျက်နှာ

မည် းခနဲ့ အခြေပျက်သွားသည်။ အတော် ကြီးကြာမှ အားစိုက်ရသော အသံဖြင့် ...

"ဆိုင်ကို လာနေကျဖောက်သည်ပါ အမွန်ရယ်။ ကြွေနဲ့တွေ့တော့ မိတ်တွေ ဘာတွေ ဆက်ပြီး တစ်ရက်နှစ် ရက်လောက်ကြာရင်ပဲ ချစ်တယ် ချစ်တယ်တွေ ဖြစ်လာတာ။ ကြွေ့ကို သဲသဲမဲမဲ တမ်းတမ်းစွဲ ဖြစ်နေတာ အမွန်ရဲ့။ ရှုးရှုးမှုးမှုးကို ချစ်တာ။ သူကရေကြောင်း အင်ဂျင်နီယာလက်မှတ် ရပြီးသား။ စီတီစီ လျှောက်ထားတုန်းပဲ။ ရမှာ ပါ။ သဘော်လိုင်းကောင်းကောင်းရဖို့ ဘာအဆက်အသွယ် ပိုင်ပြီးသား။ နိုင်ငံခြားသဘော်တစ်ခေါက်လောက် လိုက်ပြီးပြန်လာရင် ထောမှထော။ နိုင်ငံခြားပစ္စည်းဆိုတာ မလိုချင့် အဆုံး ဖြစ်ရော။ ဟောဒီခေါက်ထီးကလေးဟာ သူ့သူငယ်ချင်း နိုင်ငံခြားပြန် သဘော်အင်ဂျင်နီယာ တစ်ယောက်

ရှားရှားပါးပါး ပါလာတာတဲ့။ ဂျပန်က”

“အဲ့ဒါတွေ က အရေး မကြီးပါဘူး။ ကြွေ၊ ယူ ကိုမောင်မောင်မြင့်ကို တကယ်ချစ်သလား။ ရွေးချယ် လိုက်ပြီးလား”

ကြွေ ခေါင်းငုံ့ပြန်လေသည်။

“ကိုမောင်မောင်မြင့်ကို ကြွေရွေးချယ် သတ်မှတ်လိုက်ပြီးပြီဆိုရင်တော့ တခြားဘယ်သူ့ဆီက ဘာ လက်ဆောင်မှ လက်မခံသင့်တော့ဘူးနော်။ ပြီးတော့ ဟိုလူဒီလူတွေ နဲ့ ကားကြုံလိုက်စီးတာတွေ က လည်း သိပ်များ လွန်းတယ်”

ကြွေပါးနှစ် ပြင်မှာ ရဲရဲနီလာ၏ ။

“ပြီးတော့ ကြွေ့ကို ချစ်လို့ တစ်ခုပြောချင်တယ်။ ခပ်မိုက်မိုက်ပဲ ပြောချင်တယ်။ တစ်ယောက် နဲ့ တစ်ယောက် တရားဝင်

လက်မထပ်ရသေးခင် သမီးရည်းစားဘဝနဲ့ လွတ်လွတ်လပ်လပ် ရင်းရင်းနှီးနှီး နေကြတာ အမှန်သဘောကျပါတယ်။ ဒါဟာ တည်တံ့ခိုင်မြဲတဲ့ အိမ်ထောင်ရေး ဖြစ်လို့၊ အောင်မြင်တဲ့ အိမ်ထောင်ရေး ဖြစ်ဖို့ အဓိကလိုအပ်ချက်ပဲ။ ဒါပေမဲ့ ကြွေက အတင့်ရဲလွန်းတယ်။ ကြွေရဲ့ ကိုမောင်မောင်မြင့်ကလည်း အခွင့်အရေး သမားပဲ။ အလကား...ဖွဲ့"

ကြွေသည် ဖွဲ့ထဲမှာ လိမ့်၍ မြူး နေ၏ ။

ကိုမောင်မောင်မြင့်ကို ချစ်သည်လို့ ဝန်မခံသော် လည်း ချစ်သူကို လိုက်လျောနေသည်။ ကြွေ့အိပ်ရာဘေးက သုံးထပ်သားနံရံမှာ သံငုတ်များ တန်းစီကာ ခေါက်ထီးရောင် စုံတို့ ချိတ်ဆွဲလို့မဆုံးနိုင် ဖြစ်လာသည်။

ကြွေက 'ရယ်ဗလွန်စပရေး ' အကြောင်း၊ ရာကျော်တန် ခံမြင့်ဖိနပ်ဆန်းများ အကြောင်း သိပ်မပြော တော့ချေ၊ ခေါက်ထီးရောင် စုံကို တံဆိပ်ခေါင်းစုသလို စိတ်ဝင်စားနေပြန်သည်။

ကိုမောင်မောင်မြင့်က သဘော်အင်ဂျင်နီယာမို့ နိုင်ငံတကာက ခေါက်ထီးမျ ုးစုံကို လူကြုံမှာ တိုင်း ရတတ်သည်လေ။

ခေါက်ထီးတွေ ရေပန်းစားခါစ၊ မိန်းကလေးတိုင်း ခေါက်ထီးတစ်လက်ကို မက်မက်မောမော မရ အရ ဆောင်းနေကြချိန်၊ ခေါက်ထီးတစ်လက် တစ်ရာ့သုံးဆယ် ဖြစ်နေချိန်၊ သည်လို ရှားပါးချိန်မျိုးမှာ ကြွေ က ခေါက်ထီးကို လက်ကိုင်ပဝါလို တစ်နေ့တစ်မျိုး ပြောင်း၍ ဆောင်းနေသည်။

အင်္ကျီ၊ ထဘီ၊ ဖိနပ်၊ လက်ကိုင်အိတ်တို့နှင့် ခေါက်ထီးကိုတစ်ရောင် တည်း၊ တစ်ဆင်တည်း ဖြစ်အောင် တွဲ၍ ဆောင်းကာ...

"ကြွေကလေ ဘာမဆို ဝမ်းဆက်မှ သုံးချင်တာ။ ဟော... ခေါက်ထီးကလေးတွေ ခေတ်စားလာတာ ကြွေ သိပ်သဘောကျတာပဲ။ ပေါ့ပေါ့ပါးပါးလည်းရှိ။ ယူရပြုရတာ လည်း ဝန်ကျဉ်းတဲ့အပြင် ဆောင်းရတာ ကျက်သရေကိုရှိတယ်။ မိုးရွာရွာ၊ နေပူပူ ကြွေတော့ ခေါက်ထီးဆို ခေါက်ထီးမှ"

"ဟောဒီခေါက်ထီး ကတော့ အဆန်း ဆရာ။ ဘန်ကောက်က မှာ ယူတာပေါ့။ အော်တိုမက်တစ် ခလုတ်နဲ့။ ဒါပေမဲ့ အုံကကြီးပြီး ကုပ်လွန်းအား မကြီးဘူးလားဟင်။ အရိုးရှည်ရှည်ကြီးနဲ့ လက်ကိုင်က လည်း အကောက်ဆိုတော့ မသိရင် နိုင်လွန်ဖဲထီးလို့တောင် ထင်စရာကြီး"

အမွှန်တွေ ့ဖူးသော အများ
မိန်းကလေးတကာထက် ကြွေက အဆရာထောင်ပိုပြီး
ခေါက်ထီးရှုးရှုး နေသည့် ထင်၏ ။

အမွှန် ့လက်စွဲတော်
ဖဲထီးအနက်ကလေးကိုပင် ကြွေက နေရင်းထိုင်ရင်း
မျက်စိနောက်တတ် လာသည်။

"ဒီခေတ်မှာ ဒီလိုပုံတုံးကြီးမျိုး
လွှင့်ပစ်လိုက်စမ်းပါ အမွှန်ရာ။ ကားပေါ် တိုးတက်လို့မရ
ဘာမရနဲ့။ ဟောဒီ ခေါက်ထီး ပန်းရောင် လေး အမွှန်
ယူလိုက်ပါလား။ ကြွေ့မှာ ပန်းရောင် ချည်း နှစ် ချောင်း။
အို... ဘယ်ကပါမလဲ။ သုံးချောင်းတောင် ရှိတာနော်။
ယူပါ အမွှန်ရဲ့ "

"နေပါစေကွယ်။ တတ်နိုင်တော့မှပဲ
အနက်တစ်ချောင်း ဝယ်ဆောင်းပါမယ်။ အနက်ရှိးရှိးက

ရှစ်ဆယ်လောက်ဆို ရပါတယ်။ ကြွေ့အဆင်တွေ၊ အရောင် တွေ က တစ်ချောင်းတည်း ထားဆောင်းမယ့် လူမျိုးနဲ့ မကိုက်ဘူး ကြွေရဲ့ ။ ခဏနဲ့ အရောင် လွင့်ပြီး ဖြ ဖပ်ဖြူရော် ဖြစ်သွားရော။ ဈေးကြီးပေးပြီး အဲဒီ လို လည်း အ ဖြစ်မခံနိုင်ဘူး။ ပြီးတော့ မိုးတွင်းဆို လုံလည်း မလုံဘူး။ အရေး အရေး ဆို ဖွင်ရခက်ပြု ရခက်။ ကိုင်းလန်ရတာ နဲ့၊ ကိုင်းကပ်နေရတာ နဲ့ ကိုယ်ပိုင်ကားပေါ်က အဆင်းအတက်ဆို ဘာအရေး လဲ။ အမွှန် တို့က ဘတ်(စ်)ကားပေါ်ပြေးဆင်း၊ ပြေးတက် လုပ်နေရတာ ကွယ်၊ မလွယ်သေးပါဘူး”

“ချစ်လို့ခင်လို့ ပေးတာကို အမွှန်ရယ်။ ကြွေက ဆောင်းစေချင်လို့ဟာ”

ကြွေက တဖျစ်တောက်တောက် ငြူစူလို့ မဆုံးနိုင်သော်လည်း သူ့ခေါက်ထီးမျိုးကို လက်ခံရန် စိတ်မသန့်ပါချေ။

ကြွေ ခေါက်ထီးတစ်ချောင်းစီမှာ
တန်ရာတန်ဖိုး
တစ်ရာ့သုံးလေးဆယ်မျှမကသည်ကိုလည်း အမွှန်မသိ။
အိမ်ရာဘေးမှာ ခေါက်ထီးရောင် စုံ
တန်းစီချိတ်နိုင်လောက်အောင် မတန်တဆ
ရင်းနှီးချိတ်လောက်အောင် မတန်တဆ
ရင်းနှီးခဲ့သည်ကိုပင် ရင်နင့် လှပါဘိ။

ညညှ ကြွေအနားပတ်လည်မှာ
စကားဝိုင်းဖွဲ့ကြသည်ကို တစေ့တစောင်း
နားထောင်မိပြန်တော့ ကြွေ့ခေါက်ထီးရောင် စုံမှာ
ကိုမောင်မောင်မြင့် တစ်ယောက် တည်းက
လက်ဆောင်ပေးခြင်း မဟုတ်သည် ကို
ထိတ်လန့်ရပြန်သည်။

အမွှန်သည် ပထမနှစ် အတွက် စာမေးပွဲနှင့်
မျက်နှာချင်း အပ်နေရပြန်ရာ ကြွေ့ကို တစ်ခန်း

တည်းမှာ ပင် မဆုံမိဘဲရှိသည်။ ကြွေကလည်း အခန်းမှာ သိပ်မကပ်လှ။ အမွှန် စာကြည့်သည်ကို အနှောင့်အယှက် ဖြစ်မှာ စိုး၍ ဟုဆိုကာ သူနှင့် လေပေးဖြောင့်သော တစ်ခန်းကျော်က ရီရီအောင်တို့ နော်မာတို့ဆီမှာ ချည်း ညဥ့်နက်သန်းခေါင် အချိန်ဖြု န်းနေသည်။

မမဖြူကတော့ တစ်နေ့ ထမင်းအတူချက်ကြရင်း ကြွေ့သတင်းကိုပြောလေသည်။

"ကြွေက အတွဲ တွေ သိပ်များ လာတယ် အမွှန်။ မြန်မာတောင်မ ကတော့ဘူး။ ပါးမြိုင်းမွှေးဗျစ်ထူ ခေါင်းပေါင်းချွန်ကော့ကော့နဲ့ ပန်ချာပီလည်း ပါတယ်။ အသားနီစပ်စပ် ဆံပင်ဝါဖုတ်သိုက် မျက်လုံးပြာ ကြောင်တောင်တောင်နဲ့ ဘယ်နိုင်ငံသားမှန်းမသိတဲ့ ဟစ်ပီလိုဟာမျိုးလည်းတွေ့ရဲ့ ။ ပေါင်းစုံပဲကွယ်။

သူအတွဲ မှန်သမျှ တူတာတစ်ခုက
အားလုံးဘောင်းဘီချည်းပဲ။ ပြီးတော့ အမွန်ရဲ့ ကြွေက
ဒိုမီနိုတွေ ဘာတွေ တောင် ရောက်နေပြီဆိုပါလား။
အင်္ဂလိပ်စကားပြောသင်တန်းလည်း တက်နေသတဲ့။
သူ ဘာလုပ် ချင်တာတဲ့လဲကွယ်။ တော် ချင်တတ်ချင်
ကျော်ကြားချင်တာလား။ အလှအပကြိုး စားပြင်ပြီး
လင်ကောင်း တစ်ယောက် ရှာချင်တာလား"

ဒါကိုတော့ အမွန်လည်း မသိတတ်ပါချေ။
လိပ်ပြာတောလေစရိုက်ပဲ ဖြစ်မည် ထင်သည်။ ကြွေ
လည်း ဘာလုပ်ချင်သည်။ ဘာ
ဖြစ်ချင်သည်ရယ်လို့လည်း ရေရေရာရာ ရှိလှပုံမရ။

အမွန် စာမေးပွဲပြီးစ ကျောင်းပိတ်၍
ခြေပစ်လက်ပစ် အနားယူချိန်မှာ တော့ ကြွေလည်း
လေးငါး ခြောက်ရက် အခန်းမှာ အောင်းနေသည်။
အလုပ်ပင် မဆင်းတော့။ အပြင်သို့ ခဏတစ်ဖြုတ်

ထွက်သည် မှ တစ်ပါးလာသမျှ ဧည်သည်ကိုပင် 'မရှိဘူး' ပြောခိုင်း၍ ရှောင်နေလေသည်။

မနစ် မြို့ ခြင်းများ ဖြင့် ဒေါ်သထွက်သည့် ကြားကပင် အမွှန်သည် ပူပန်စပြုလာ၏ ။ ကြွေမျက်နှာကို အကဲခတ်သော် စိတ်ညစ်လေးလံခြင်း အလျှင်းမရှိသလို ပကတိကြည်လင်လျက်ပင်။ သည်မျက်နှာမျိုး ကတော့ ဒိုချင်လျှင်သာ ဒိုတတ်မည် ။ စိတ်ညစ်ဖူးမည့် မျက်နှာမျိုးမဟုတ်။ ပေါ့ပါးမြူး ထူးလွယ်သည့် မျက်နှာ။ အပျော်မျက်နှာ။

"ကြွေရယ်...ကျောင်းလည်း မနေချင်မှတော့ ဘာ ဖြစ်လို့ အချိန်ဖြုန်းနေမှာ လဲကွယ်။ မောင်မောင်မြင့်နဲ့ ဖြစ် ဖြစ် ယူလိုက်ပါလား"

အကြောင်းကိစ္စရပ်တစ်ခုခုကို လေးလေးနက်နက် စပြောတိုင်း ကြွေသည်

ခေတ္တခဏတော့ ငိုင်ကျသွားမြဲ ဖြစ်၏ ။ အမြဲတမ်း ခပ်ပေါ့ပေါ့တွေးကာ ခပ်ပေါ့ပေါ့နေတတ်သူမို့ အလေးအနက် တွေးရ ပြောရတော့မည့် ကိစ္စရပ်နှင့် ထိပ်တိုက်တိုးလေးတိုင်း အခြေပျက်ရစမြဲတည်း။ ခဏကြာမှ စဉ်းစဉ်း စားစားနှင့် ...

"မောင်မောင်မြင့်ကို ခေါက်လိုက်ပြီ အမွန်"

သိပ်မထူးဆန်းတော့ပါ။ အံ့သြ၍ လည်း မနေချင်တော့။

"ဒီလိုဆိုရင်လည်း တစ်ယောက် ယောက်ကို ယူလိုက်ပါလား ကြွေရယ်။ ယူ့မှာ ချစ်သူအပေါသား ပဲဟာ။ ရွေးချယ်ဖို့ ကောင်းပြီး"

ကြွေက အမွန့်ဆိုလိုရင်း အဓိပ္ပါယ်ကို နားမလည်။ ဝင့်ဝါကျနပ်သော အပြုံး လက်လက်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေ၏ ။

"အေးကွယ်။ ကြွေကိုတော့ ဝိုင်းပြီး

လိုက်နေကြတာပါပဲ။ ဒါပေမဲ့ အစ်ကိုက ခက်နေတယ် အမွှန်"

သည်တစ်ခါတော့ အမွှန်မျက်လုံးပြူး

သွားရလေသည်။

"ဘယ်အစ်ကိုလဲ။ ကြွေအစ်မယောက်

ၤးလား"

သည်စကားလုံးကို ကြွေနှစ်သက်ပုံမရ။

သိသိသာသာ မျက်မှောင်ကုတ်ကျသွားလေသည်။

သည်စကားလုံးမှ အမှန်ဆုံးလို့ အမွှန်

ထင်သည်။ သိသိသာသာပင် ရွေးချယ်သုံးနှုန်း

လိုက်လေ သည်။

"အစ်ကိုက မမဝေနဲ့ ကွာပြီး ကြွေကိုပဲ

ယူမယ်တဲ့။ သူဘက်က မီးသေအောင် စီစဉ်ဖို့ ခဏ

စောင့်ပါတဲ့။လောကမှာ ကြွေနဲ့ပင် အတူနေချင်တယ်တဲ့ အမွန်ရဲ့ ။ ဟိုတစ်လောက ကိုမောင်မောင်မြင့်နဲ့ ရုပ်ရှင်တွဲကြည့်တုန်း ရုံထဲမှာ ကို ခုံတစ်တန်းတည်း တည့်တည့်တိုးနေတာ သိလား။ ရုတ်ရုတ်ရုတ်ရုတ် ဖြစ်မသွားအောင် ကိုယ် မနည်းထိန်းလိုက်ရတယ်"

"ဘာမှတော့ မ ဖြစ်ဘူး မဟုတ်ဘူး"

"ဘယ် ဖြစ်မလဲ။ ကိုမောင်မောင်မြင့်ကို ရုံထဲက ပထုတ်လိုက်ရတာ ပေါ့။ ဟိုမှာ ကြွေအစ်ကိုနဲ့ တိုးနေတယ်။ နောက်မလွတ်လပ်တော့ဘဲ နေမယ်။ ရုပ်ရှင်ပြီးအောင် ဘယ်နေရာက စောင့်ပါ။ လာခဲ့မယ်။ ဘာညာဘာညာပေါ့"

"လွယ်လိုက်တာ ကြွေရယ်"

အမွန်က အောချလိုက်မိသည်။

"ဘယ်တတ်နိုင်မလဲ။ ဖြစ်လာမှကိုး။

ဉာဏ်နီဉာဏ်နက် သုံးရတာ ပေါ့။ အစ်ကို ကတော့ ဒီကောင် ကြွေ့အတွဲ ဆိုတာ သိပါတယ်။ ပြီးတော့ မောင်မောင်မြင့်ကိုလည်း အစ်ကိုသိနေတယ်။ ဒီကောင်ကလေ ဟိုတုန်းက အမွှန်ပြောခဲ့ဖူးသလိုပါပဲ။ အလကား...ဖွဲ့"

"ဖြစ်သွားရပြန်ပြီလား"

"ဟုတ်တယ် အမွှန်ရဲ့။ ကြွေ့ကိုလည်း ရေကြောင်းအင်ဂျင်နီယာ ဘာညာဆိုပြီး ဖိန့်ထားတာကိုး။ အစ်ကိုကပြောတယ်။ မဟုတ်ဘူးတဲ့။ ဆိပ်ကမ်းကော်ပိုရေး ရှင်း သင်္ဘောကျင်းက စက်ပြင်အလုပ်သမား တဲ့။ ဆိပ်ကမ်းကဆိုတော့ သင်္ဘောကျင်းသားတွေ ဘာတွေ နဲ့ ပေါင်းပြီး မှောင်ခိုလုပ်တတ်တာကိုး။ ဒီတော့ အမြဲထောနေတာပေါ့။ နိုင်ငံခြားပစ္စည်းဆိုလည်း သင်္ဘောသားတွေ နဲ့ အပေးအယူရှိထားတော့ ကိုင်နိုင် သုံးနိုင်တာပေါ့။

ပြီးရပ်ကလည်း ဖြုန်းခနဲကြည့်မယ်ဆိုရင်တော့ တကယ်ခိုက်လောက်တယ်။ သူ့ဝတ်ပုံ စားပုံ၊ သုံးပုံစွဲပုံနှင့် သဘောင်္အင်ဂျင်နီယာဆို ဘယ်မယုံလဲနေတော့မလဲ။ သူ့မျက်နှာလိုမျက်နှာရ ကျောင်းကြို၊ ဈေးပို့လုပ်နေရတဲ့ သူ့ဆရာ အင်ဂျင်နီယာချုပ်ကားကို အလစ်ဆွဲလာပြီး ကြွေ့ကို ကျောသွား တာ"

ကြွေ့ကို 'ကျော' သွားတာဆိုသော စကားလုံးကို ကြွေ့က ပေါ့တီးပေါ့ဆပင် ပြောနိုင်လေသည်။

"အင်းလေ။ မောင်မောင်မြင့်အကြောင်း ခုမှ စေ့စေ့စပ်စပ်သိသလို လက်ရှိ ကြွေ့အတွဲ တွေ ကို ခုကတည်းက စေ့စေ့စပ်စပ် သိထားရင် ပိုကောင်းတာပေါ့။ ဘာပဲ ဖြစ် ဖြစ် ကြွေ့အစ်မယောက် ၁းနဲ့ ပြန်တွဲတာတော့ လုံးဝမကောင်းဘူးထင်တယ်

ကြွေ။ ကိုယ့်ကြောင့် အနှစ် နှစ် အလလက မြဲလာတဲ့ အိမ်ထောင်တစ်ခု မပြိုကွဲစေသင့်ဘူး။ ပြီးတော့ ကြွေက လှပါတယ်။ ကြွေကို လိုချင်တဲ့လူတွေ မှာ ကြွေအလှကို တစ်သက်လုံး ကိုးကွယ်ချင်တဲ့လူ ရှိဦးမှာ ပေါ့"

"အို ... အစ်ကိုလောက် ကြွေကို မယုယနိုင်ပါဘူး အမွန်ရဲ့ ။အစ်ကိုလောက် ဘယ်သူမှ မကြင်နာ တတ်ပါဘူး။ ယောက်ျားဆိုတာ အခွင့်အရေး သမားတွေ ချည်းပဲ သိလား။ အစ်ကိုလောက် ဘယ်သူမှ ကြွေ ကို မနွေးထွေးနိုင်ဘူး"

အမွန် စိတ်ပျက်သွားလေသည်။ တစ်ချိန်တည်းမှာ ပင် ကြွေကို လက်လျှော့လိုက်သည်။ ဖြစ်ချင်ရာ ဖြစ်။ နွံအညစ်မှာ ကျွံနစ်ရုံမက ခွေးသေဝက်သေ သေရစ်တော့ ကြွေ။

အမွန်က တတ်နိုင်သလောက် ကြွေကို

မျက်နှာတင်းတင်းနှင့်

ခပ်ကင်းကင်းနေလိုက်တော့သည်။ ကြွေက

မျက်နှာအနည်းငယ်ညှိုး ကာ အိပ်ရာထဲမှ ခွေသေး၏ ။

အဆောင်မှ ခဏတစ်ဖြုတ် ပျောက်သွား တတ်လေရာ

သူ့အစ်မယောက်ျားနှင့် တွေ့သည်လို့ တွေ

းယူရသည်။

ကြွေအိပ်ရာသည် ရှုပ်ပွေ ပွရောင်းနေ၏ ။

ထို့ထက် ညစ်ပတ်စုတ်ပဲ့သည်လို့ ပြောလျှင် မှန်မည်

ထင်သည်။

ဇာခြင်ထောင်နှင့် ရာကျော်တန်

တရုတ်အိပ်ရာဖုံး၊ တက်ထရွန်ခေါင်းအုံးစွပ်တို့မှာ

စဝယ်၍ အိပ်ရာ ပြင်ကတည်းက တစ်ခါမျှ

မလျှော်မဖွပ်သည်မို့ မြင်၍ ပင် မကောင်းတော့ပြီ။

နှင်းဆီပွင့်'ဖူးပန်းလှလှ' ထိုးထားသော

တစ်လုံး အစိတ်တန် တက်တရှန်ဖြူခေါင်းအုံးစွပ်မှာ ကြေးရောင် မည် းညစ်ကာ အကွက်အကွက် ထနေ၏ ။ အနေအထိုင် ပက်စက်သည်မို့ ရွှေအိုရောင် ရင့်ရင့် အိပ်ရာခင်းအကွက်ကျဲမှာ ပင် အစွန်းအကွက်ဗရပွကို အထင်းသားမြင်နေရသည်။

မွေ့ရာကို မကြည့်မိလျှင်တော့

တစ်ခါမှမလျှော်ဘဲ ဝတ်၍ စုတ်ပြတ်ရိဆွေးတော့မှ ထိုးထည့်ထား သော အတွင် းခံဘောင်းဘီဟောင်းများ၊ ထဘီညစ်များ မှို တက်နေသည်ကို တွေ့ ရပေမည် ။

ဆီးငန်စော်နှင့် မရန်းပြားထုပ်များ ကိုလည်း ခေါင်းအုံးအောက်မှာ လက်ကိုင်ပဝါညစ်များ နှင့် အတူ တွေ့ နိုင်သေး၏ ။ ခုတင်ပတ်လည်

ကြမ်းခင်းတစ်ဝိုက်မှာ တော့ ဆီးငန်စော်နှင့် ကွာစိခွံများ၊ စက္ကူမှို က်များ၊ ဖိတ်ကျန်ခဲ့သော ပေါင်ဒါမှု န့်များ ကို အမှုန် ဒိုင်ခံသိမ်းနိုင်၍ သာ အပြင်လူ မတွေ့ ရခြင်း

ဖြစ်သည်။

ကြွေ့စရိုက်က မျက်နှာနှင့် တစ်ကိုယ်လုံး ဖူးရှုလှပနေအောင် စိတ်ရှည်လက်ရှည်ပြင်နိုင်သလောက် ကျန်တာကို ဘာမှုစိတ်ဝင်တစားမရှိချေ။

ခုထိ အဆောင်မှာ ကြွေ့ကိုယ်ပိုင်မီးဖို မရှိ။ ထမင်းချက်၍ လည်း မစား။ ကြံ့ရာမှာ စားတတ်သည့် အကျင့် ပါနေလေပြီ။

နံနက်စာ၊ ညစာကို ဒကာခံချင်သူတွေကလည်း ဝိုင်းဝိုင်းလည်နေသည်မို့ ကြွေအဖို့ ချက်ရေးပြုတ် ရေး ကို လုံးဝ စိတ်ကူးထဲပင် မထည့်စဖူးတော့။ ကိုယ့်အဝတ်ကိုယ် မှန်မှန်မလျှော်ချင်သည် ကတော့ နည်း နည်းလွန်သည်။ အတွင်း းခံဘောင်းဘီနှင့် ဘရာစီယာများ မှာ ဘယ်တော့မှ တခုတ်တရ လျှော်သည်မရှိ။ ဝတ်မရလောက်အောင် မည်

းညစ်လာမှ ထွေးလုံးရစ်ပတ်ကာ တစ်နေရာရာမှာ
ထိုးပစ်ထားတက်စမြဲ။

အကျီလောက်သာ မလွှဲသာ၍
ပြီးကပစ်လျှော်ရလေရာ ချိုင်းကြားမှာ
အဝါကွက်စွဲသည်ထက် စွဲလာပြန်တော့ ဝတ်၍ မ
ဖြစ်သည်နှင့် ပစ်လိုက်ရတက်ပြန်သည်။
ရေလဲထဘီလောက်သာ တစ်ပတ်တစ်ခါ လျှော်
ဖြစ်သည်။

ဒါကလည်း ရေချိုးခန်းမှာ ရေမတက်၍
ခြံထဲရှိ ရေတွင်းသို့ ဆင်းချိုးရသည်က များ လေရာ
အများ နည်းတူ
ရောရောယောင်ယောင်လျှော်ရခြင်းတည်း။
ထဘီအကောင်းတွေ ကတော့ အထည်အရေအတွက်
ကလည်း များ သည်နှင့် တစ်ထည်ကို လေးငါးခေါက်ခါ၊
တစ်ခါနှင့် တစ်ခါလည်း လနှင့် ချီ၍ ပင် ခြားတက်

သည်နှင့် သိပ်ပြီး လျော့ဖို့မလိုပေ။

ဖြုံကြည့်လျှင် ဘယ်ပစ္စည်းပစ္စယကိုမှ တယုတယ တရိုတသေကိုင်တွယ်ထိန်းသိမ်းသည် မရှိ။ သုံးနေရင် နေရာအထားမှာ ၍ အလွယ်တကူ ရှာမရ ဖြစ်တတ်သော သူ့အလုပစ္စည်းများ ကိုလည်း အရေးစိုက်၍ ရှာသည်ဖွေသည် မရှိပေ။ အသစ်သာ ထုတ်သည်။ အဟောင်းကို တစ်နေရာက ပြန်တွေ့သော် အသစ်ရော၊ အဟောင်းရော ကြုံရာသုံးရင်း သူ့နေရာမှာ ဘူးတွေ ၊ ခွက်တွေ ၊ တစစ ပွရောင်းလာတတ် သည်။

အနုမြော အစုံမက်မရှိ။ လက်ဖွာတက်မြဲဖို့ တစ်ယောက် ယောက် က ခေတ္တယူသုံးပြီး ပြန်မပေးလည်း တောင်းရကောင်းစေ မသိချေ။ ဟိုလူသူ၊ ဒီလူငှားနှင့် ဖြစ်ချင်သလို ဖြစ်နေသည်ကိုတော့ အမွှန်က စည်းမဲ့တာ၊ လက်ဖွာတာလို့ပင်

အပြစ်ဆိုချင်သည်။ စေတနာရက်ရောသည့် ရယ်လို့ လုံးဝမရှိ။ကျူး ချင်။

သည်တော့ ကြွေ့ကို လင်ယူပါလို့ တိုက်တွန်းရသည်ပင် ခပ်ကျပ်ကျပ်တည်း။ သည်ပုံစံမျ ုးက အိုးနှင့် အိမ်နှင့် အခြေတကျ နေတက်အောင်အတော့်ကို ကြိုး စားလေ့ကျင့်ယူရမည့် ပုံစံမျိုး။

အမှန်က အဆိုတော် ဝေဝေမြင့်ကို သတိရနေလေသည်။ မမြင်ဖူးသော် လည်း သူ့သီချင်းများ ကို အမှန် ခိုက်သည်။ အသံမှာ ချ အေးစွဲ့လှသော ကြားနေကျ မိန်းမသံမျိုး မဟုတ်သည်ကပင် တစ်မျိုးဆွဲ ဆောင်မှု ရှိသည့်ထင်၏ အသံဝါအသံကြီးပေမဲ့ တင်တင်မြတို့လိုလည်း မဟုတ်။ ဝေဝေမြင့်အသံမှာ က ခံစားချက်ပါသည်။ နားထဲမှာ ငြိကာ ရင်ထဲကို ထိစေသည်။

" အချစ်ရယ် ... လသာရင် ရွှေရင်မောပါရဲ့ ...

ချစ်သော သူ ဝေးနေခိုက်မှာ ...

လမိုက်လည်း ရင်ခုန်တယ်ကွယ် ..."

" လွမ်းည ကုဋေကုဋာ သီချင်းထဲက

သည်အပိုဒ်ကို အမွန်အကြိုက်ဆုံး၊ အခိုက်ဆုံး။

မပြောတတ်သော် လည်း

အမွန်သိနေသည်။ ဝေဝေမြင့်ဆိုသည်မှာ

အနုပညာသြဇာကဲသော မိန်း မ တစ်ယောက် တည်း။

တော် ရုံတန်ရုံနှင့် လွမ်းမိုး၍ ရနိုင်မည့် မိန်းမမျိုး

းမဟုတ်။ ကြွေနှင့် သာ အတူနေချင်ပါ သည်ဆိုသည့်

အစ်ကို ကတော့ သိပ်ပြီး တွေ းကြည့်စရာမလိုပါချေ။

ကိုယ့်မိန်းမကို အားမရတာ ၊ မကျေနပ်တာ၊

မချစ်နိုင်တာတွေ မှာ ဖြစ်သင့် ဖြစ်ထိုက်သော

အကြောင်းများ မှန်ပါ၏ ။ ကိုယ့်မယားမှ

တစ်ပါးအခြားသော မိန်းမများ ကို စိတ်ဝင်စားသည်မှာ လည်း ဖောက်ပြားခြင်းဟု အဆိုသာ။ ယောကျာ်းတိုင်းမှာ အခွင့်အရေး ရှိလေသည်။သို့ သော် ရှားရှားပါးပါး ကိုယ့် အိမ်မှာ လာ၍ မှီခိုနေသည့် ခယ်မငယ်ငယ်လေး တစ်ယောက် ကိုမှ ငြိတွယ်ရသည်ဆိုတာတော့ အမွန် အထင်သေးချင်သည်။

ဤမျှ ဩဇာနည်းပါးသည့် ယောကျာ်း တစ်ယောက် နှင့် ဝေဝေမြင့်လို ဩဇာလွှမ်းကဲသည့် မိန်းမ တစ်ယောက် ၏ အိမ်ထောင်ရေး မချောမွေ့နိုင်သည်မှာ လည်း သဘာဝ ကျနေသည်။

ကြွေ့ကို မျက်နှာမဆိုင်ဘဲ ကင်းကင်းရှင်းရှင်းနေသည့်တိုင် ကြွေနှင့် ပတ်သက်သော အကြောင်း အရာတွေ ကသာ အမွန့်အာရုံထဲမှာ နေ့စဉ်နှင့် အမျှ ထွေးလုံးရစ်ပတ် ယှက်မိုးနေ၏ ။

စိတ်ထွေထွေနှင့် စိတ်ပြေလက်ပျောက် အုတ်ကျင်း ဂုန်နီစက်ရုံထဲက အစ်ကို့အိမ်မှာ ဆယ့်ငါးရက် ခန့် သွားနေပစ်လိုက်သည်။ လှိုင်မြစ်ကမ်းမှာ လမ်းလျှောက်ရတော့လည်း ကြွေ့ကို အလိုလိုမေ့လေပြီ။

ပတ်ဝန်းကျင်အသစ်သည် အာရုံကို နုပျို လန်းသစ်လာစေ၏ ။

*

ပတ်ဝန်းကျင်အသစ်သည် အမွန့်ရင်ကို ဟာလာဟင်းလင်း ပွင့်သွားစေ၏ ။

ကြွေကို မရှိတော့ချေ။ ကြွေ့နေရာမှာ သုံးထပ်သား ခေါက်ခုတင်လေးသာ

အဆောင်အယောင် မဲ့စွာ ဝေါင်းစင်းစင်း ကျန်ရစ်တော့သည်။

" ကြွေ လင်ရသွားပြီကွယ့် "

ကြွေ့ကို ကပ်ရပ်မြှူချကာ ကွယ်ရာမှာ ကြွေ့အတင်း မကော်းအပြောတက်ဆုံးမို့ အမွန်မျက်နှာ ကြောမတည့်ချင်သည့် ရီရီအောင်ကပင်စတင် သတင်းပေးသည်။ အမွန်သည် မျက်မှော င်ပင် မကုတ်အား တော့ဘဲ ကတိုက်ကရိုက် ပြန်မေးလိုက်မိ၏ ။

" ယင် ... ဟုတ်လား။ ဘယ်သူနဲ့လဲဟင်။ ဘယ်သူနဲ့ လဲ "

" ဘယ်သူ ဖြစ်ရမလဲကွယ်။ သူ့ခဲအိုနဲ့ပဲပေါ့ "

" ဟယ် ...."

သွားပြီ။ အမွန်သည် ခုတင်ပေါ်သို့ ကိုယ်ကို

ပစ်ချလိုက်မိတော့၏ ။

“ ရီရီတို့ကလည်း ဝိုင်းဖျောင်းဖျသေးတာပဲလေ။ ဒါပေမဲ့ သိတယ်မဟုတ်လား။ ကြွေက တစ်ဌတ် ထိုး၊ တဖောက်ကန်း၊ ဒီလူက ဒီလူ၊ အရှုံးအမှုံး ဖြစ်နေတာ ”

အမွှန်သည် စကားတစ်လုံးမှ ပြောချင်စိတ်မရှိတော့ဘဲ အိပ်ရာပေါ်ပစ်လှဲနေလိုက်သည်။

ကြွေ ပြင်ခဲ့သော နှစ် ယောက် သုံးစားပွဲသည် အခင်းနှင့် ၊ ပန်းစိုက်အိုးနှင့် လက်ရာမပျက်ရှိနေ၏ ။ ကြွေ တပ်ခဲ့သော မြစိမ်းနုလိုက်ကာစသည် အပေါက်ဝမှာ ကြွေနှယ်ပင် တဖျပ်ဖျပ် တလှပ်လှပ် လှုပ်ခါလွင့်မြူး နေ၏ ။

ထိုညက အမွှန့်အခန်းမှာ လူစုမိလေသည်။

" ကြွေက ရှုးရှုးမိုက်ချင်တယ်ပဲထား။ သူ့ထက် ဆယ့်ခြောက်နှစ် လောက်ကြီးနေတဲ့ ခဲအိုက ဘာ ဖြစ်လို့ အလိုတူအလိုပါ ကြံရတာ လဲ "

ကော်ပိုရေး ရှင်းတစ်ခုမှာ လက်နှိပ်စက်စာရေး ဝင်လုပ်နေသည့် တင့်တင့်ဝေက မကျေမချမ်းဆို သည်။

" သြော် ... အသက်ဘယ်လောက်ကြီးကြီး အသိဉာဏ်က ကြွေ့လို စိတ်မအောင့်တအောင် ကလေးမကလေးနဲ့ တန်းတူလောက်ပဲ ရှိလို့ပေါ့ကွယ် "

မမဖြူကလည်း နာနာကြည်းကြည်း ဝင်ပြောလိုက်သည်။

" အလကား .. အသက်ကြီးပြီး အချိန်မစီးတာ "

ရီရီအောင် ပြောလိုက်တော့မှ အမွှန်

မျက်လုံးဝိုင်းဝိုင်းလည်ရပြန်ပါ၏ ။

" ဟင် .. ဘာလဲ။ သူ့အစ်မနဲ့ လည်း ဟိုက မပြတ်ဘူးလား "

" ဘယ်ပြတ်လိမ့်မလဲ။ ဟိုက လူလည်ပါလို့ဆို။ အဆိုတော် ဝေဝေမြင့် ဆိုတာ ငွေတွင်း ပဲကွယ့်။ ပြီးတော့ ခုဆိုကြွေကလည်း သူ့နည်းသူ့ဟန်နဲ့ကို ထောနေတာ မဟုတ်လား။ ဘာမှ တာဝန်ကြီးကြီးကျယ် ကျယ်ယူစရာမရှိဘူးပေါ့။ ဒီလူက ပေါပေါသုံးနေရရင် ဘာမဆိုလုပ်မယ့်လူမျိုး။ ခုသူတို့ ကြည့်မြင်တတိုင် ဘက်မှာ အိမ်ငှားနေကြသတဲ့။ ဝေဝေမြင့် ကတော့ လူသတ်ချင်မှာ ပဲ "

အမွှန်ရင်ထဲ လေးလံထိုင်းမှုင်းလာလေသည်။ ပြုတော့မည့် မိုးညို့ ညို့ ကို မြင်ရသည့်အခါ စိတ်ထဲမှာ နောက်ကျိ

ရှုပ်ထွေးလာသလိုတည်း။

အမွန်ကတော့ ကြွေ့ကိုသာ သတ်ပစ်လိုက်ချင်သည်။ လောကမှာ နှစ်အနည်းငယ်လောက်အတွင်း ဘာကြောင့် များ ရှုပ်ရှုပ်ပွေပွေကိစ္စတွေ လုပ်သွားချင်သည်မသိ။

ခုလည်း ကြွေ တစ်ယောက် လင်ယူတာလား။ အိမ်ထောင်ပြုသလား မသိရသေးချေ။ ကြွေကို ချစ်ခင်ရင်းစွဲနှင့် မို့ ယောကျ်ား တစ်ယောက် နှင့် အတူနေတာသာ မ ဖြစ်ပါစေနှင့် ” ဟု ဆုတောင်းရသည်။ ဆုတောင်းရသည်ဆိုသော် လည်း တောင်းတိုင်းမရ။ ကိုယ်လုပ်မှ ကိုယ်ရသည်မို့ အမွန်အဖို့ အားတော့ သိပ်မရှိလှချေ။

မမဖြူက ဆိုသည်။

“ အိမ်ထောင်ရေး မှာ လင်နဲ့မယား

အပေးအယူ တည့်ဖို့တော့ လိုတယ်ကွယ့်။ ကြွေ့ရဲ့ လူက ကြွေ့နဲ့ တော့ တစ်သက်မြဲနိုင်မယ့်ပုံပဲ။ စရိုက်ချင်း၊ အကြိုက်ချင်း၊ ပုံစံချင်း ကတော့ ကြွေနဲ့ အပြန်အလှန် ဖြည့်ဆည်းနိုင်မယ့် ပုံပေါ်တယ်။ ဝေဝေမြင့်နဲ့က ကွာဟလွန်းနေမလားမသိ။ မယားဆိုတာ လင်ရဲ့ အကြွင်း မဲ့တပည့်ပဲ ဖြစ်ရမယ်။ ကိုယ်သိပြီးသားကိစ္စတောင်မှ လင်က အသစ်အဆန်းလုပ်ပြောလာရင် မသိတက် သေးသလိုနေပြီး တအံ့တသြထောက်ခံတက်ရမယ်။ ဒါမှ ယောကျာ်းရဲ့ မာနစိတ် ဖွံ့ဖြိုး ပြီး သူ့ကိုယ်သူ ရော၊ အိမ်ထောင်ရေး အပေါ်မှာ ရော ယုံယုံရဲရဲရှိလာမှာ ပေါ့။ ကျေနပ်ကြည်နူးလာမှာ ပေါ့။ ကြွေက အသိဉာဏ် မှ မဖွံ့ဖြိုး ဘဲ။ အချဲကောင်း အစွဲ့ကောင်းလေ ”

အပျိုကြီးမဖြူဖြူက နက်နဲသော

အိမ်ထောင်ရေး အဘိဓမ္မာများ ကို ဘယ်လိုဘယ်လို

ဗဟုသုတ ရထားသည်မသိ။ အားလုံးအဖို့ ငြိမ်သက်တွေ

းမောစရာ ဖြစ်သွားရလေသည်။

အမွန်က ဒါကိုသိပ်ပြီး စိတ်မဝင်စားလှ။ အိမ်ထောင်ရေး ပြဿနာမှာ ကြွေပြဿနာ မဟုတ်သေး ဘူး။ ကြွေယူလိုက်သည့် ယောကျာ်း၏ ပြဿနာသာ ဖြစ်သည်။ အမွန် စိတ်ဝင်တစား တနံ့နံ့ ခံစားနေမိ ချိန်မှာ ကြွေ့ပြဿ နာ အဓိက။

ကြွေ့ပြဿ နာဆိုသည်မှာ လူမှု ရေး ပြဿနာ။ ကိုယ်ရည်ကိုယ်သွေးညှံ့ဖျင်းမှု ။ တစ်နည်းအားဖြင့် ဗီဇမျိုးစေ့မအောင်မြင်မှု လို့ပင် ဆိုချင်သည်။

သည်ဘော်ဒါဆောင်မှာ ပင် သက်တူရွယ်တူ မိန်းကလေးသုံးဆယ်ကျော်ရှိသည်။ ဘယ်သူမှ ကြွေ့ လောက်တော့ " လိပ်ပြာတေလေ " ရှုပ်ပွေတက်မည်

မဟုတ်ချေ။

စီးပွားရေး မပြေလည်သူ၊ အချစ်ရေး မပြေလည်သူ စသည်ဖြင့်လူမှု ရေး ဒုက္ခပေါင်းစုံ ကြုံတွေ့နေရ သူတွေ လည်း တစ်ပုံတစ်ပင်ကြီးရှိမည် ။

ဒုက္ခဆိုသည်မှာ " ပေါင်းမြက် " နုတ်သလို တစ်မဟုတ်ချင်း ဆွဲထုတ်ဖယ်ရှား၍ ရကောင်းသည်မဟုတ်။ လူရယ်လို့ ဖြစ်လာလျှင် ဆင်းရဲချမ်းသာမဟူ ဘယ်သူမှ ဒုက္ခနှင့် မကင်းနိုင်။

တစ်နေ့မဟုတ် တစ်နေ့၊ တစ်ကွေ့မဟုတ် တစ်ကွေ့တွင် ဒုက္ခပင်လယ်ပြင်ကို ဖြတ်ကျော်ရမည်ပေါ့။ ခွဲ မရှိလျှင်၊ ကိုယ်စွမ်းကိုယ်စမခိုင်ခဲ့လျှင် ရေအောက်သချိုင်းတိုင် ဒုတ်ဒုတ်ထိ နစ်ပေရော့။ တစ်နည်းအားဖြင့် ဒုက္ခဆိုသည်မှာ တောကြီးမျက်မည် းတွင် ခေါင်းပေါ် သစ်ကိုင်းကျိုးကျမည့် အန္တရာယ်ကို

ရှောင်ဖယ်မရသလို ကေန်မှုချကြုံရမည့် ကိစ္စ။

သည်တော့ ခေါင်းပေါ်ကျိုးကျလာမည့် အမိက။ ကြွေ ကတော့ ရေဆန်ကို လော်ချင်သူ မဟုတ်ပေ။ ရေစုန်မှာ မျှောချရင်း ကျေနပ်မြုး ကြွနေသူသာ ဖြစ်သည်။

အို ... ထားတော့ ထားတော့။

သွားရော့ ကြွေ။

*

ခုတော့ ကြွေရယ် ...။

ကြွေရုပ်ကလေးလို ကြွကြွရွရွ လှချင်းတိုင်းလှခဲ့သော ကြွေ တစ်ယောက် အကြွေပွင့်လို လေမှာ လွင့်နေလေပြီ။

ခရေတဲ့။

ပင်မြင့်မှာ အသရေမတင့်နိုင်သည့် ခရေ။

မဆွတ်ရ။ မချူရပါဘဲလျက် သူ့အလိုလိုမြေသို့ ကြွေကျခုန်ဆင်းလာတတ်သည့် ခရေ။

အမွန်က ကျော်စိုး ပြောသွားသည့် စကားကို ပြန်လည်သတိရကာ ဆူးလေပန်းခြံထောင့်က ခရေပင်တန်းကို မြင်ယောင်လာသည်။ ဗဟိုတရားရုံးသို့ ကိစ္စတစ်ခုဖြင့်သွားတိုင်း ဆူးလေမှတ်တိုင်မှ ဆင်းကာ ပန်းခြံနံဘေး ပလက်ဖောင်းအတိုင်း ကုန်သည်လမ်းဘက်သို့ လျှောက်လာလျှင် ခရေနံ့ရှူးရှူးကို မူးမတက် ရှူရတော့သည်။ မိုးရေစွတ်သော နေ့များ မှာ ကြွေပန်းခရေတို့ ဖြန့်ခင်းအပ်သော မြေအပြင်ကို အမွန်

နင်းလျှောက်ခဲ့ဖူးလေသည်။

အမွန်သည် ယောက် ယတ်ခတ်နေသော စိတ်အာရုံကို စုစည်းမိအောင် အတော် ကြိုးကြု ုးစားနေရ ၏ ။ တိတ်ဆိတ်သော ညဥ့်ယံမို့ စိတ်အစဉ်ကလည်း စကြဝဠာတံတိုင်းအပြင်ထိတိုင် လွှင့်ချင်တိုင်း လွှင့် ထားဖို့ကောင်းနေသည်။

တရားရေး ရာစာစောင်များ ကို တဖျပ်ဖျပ်လှန်လှောရင်း လောလောလတ်လတ်ကိုင်နေဆဲ မှုခင်း သစ်များ အတွက် ကိုးကားရန် လိုအပ်မည် ထင်သည့် “ ဗဟိုတရားရုံး စီရင်ထုံးများ ကို ” ကြို၊ စားဖတ် လိုက်သည်။

ခါတိုင်း တစ်ခေါက်ဖတ်ရုံနှင့် ဖြုံ ငံ့မှတ်စုထုတ်ပြီး ဖြစ်သည့် တရားဥပဒေရေး

ရာအချက်အလက် တို့ကို သည်ညတော့
အခေါက်ခေါက်အခါခါဖတ်လည်း စိတ်မဝင်စားနိုင်ဘဲ
ရှိနေ၏ ။ ဘာအလုပ်ပဲလုပ်လုပ် စိတ်ငြိမ်ဖို့အရေး
ကြီးလှပေရာ စိတ်အာရုံမှာ ဗျာပါဒပဟောဂ
ငြိတွယ်နေလျှင် ခရီးဖင့်မြဲသာတည်း။

အမွန်က ကိုယ့်ကိုယ်ကိုယ်လား၊
ကြွေကိုလား မသိ။ ဒေါသ ဖြစ်လာသည်။ အလုပ်ထဲမှာ
အာရုံသွင်း၍ မရနိုင်အောင် ဖြစ်နေတော့လည်း
အမွန်သည် မှတ်စုစာအုပ်ကို ဆောင့်ပိတ်လိုက်မိ၏ ။
စိတ် လိုက်မာန်ပါပင် ကုလားထိုင်နောက်မှီတွင်
ခေါင်းတင်ကာ မလှုပ်မယှက် ထိုင်နေလိုက်တော့သည်။

ခေါင်းထဲမှ ဖယ်ထုတ်မရအောင် စွဲနေသော
ကြွေ့အကြောင်းများ ကိုတော့ တစ်ရစ်တစ်ပတ်ပြန်
မကျော့လိုပြီ။ သို့ သော် ကြွေနှင့် တွေ့လိုစိတ်ကိုတော့
နှိပ်ကွပ်၍ မရ။ အချိန်လည်း မဆွဲချင်။ လာမည့် ရုံး

ချိန်းမတိုင်မီဘယ်လိုဆုံရပါ့။ မြင်ချင်၊ တွေ့ချင်၊

ကြားသိချင်ပြီ ကြွေ။

# အခန်း (၇)

လှေကားရင်းတွင် ခေတ္တမျှ

ရပ်နေမိလေသည်။

မတ်စောက်၍ ကျဉ်းမှောင်သော

လှေကားမှ တက်သွားရမည် ကို မရွံ့မရဲကြီး ဖြစ်နေ၏

။ မော့ကြည့် လိုက်သော အခါ

လှေကားတစ်ဝက်အထိပင် ကောင်းကောင်းမမြင်ရ။

စွတ်ရွတ်တက်သွားလျှင် တစ်ဝက်တစ်ပျက်မှာ ပင်

မမြင်မစမ်းနှင့် ခြေချော်ကျလေမည် လားဟု တွေ

းလန့်နေသည်။

အခန်းနံပါတအတိုင်းဆိုလျှင်

သုံးထပ်ထိပ်ဆုံးအထိ တက်ရမည် ဖြစ်လေသည်။

မျက်နှာစာတွင် တရုတ်အက္ခရာစာလုံးများ

ထွင်းထုထားသော ရှေးတိုက်အိုကြီး ဖြစ်၍ တစ်ထပ်နှင့်

တစ်ထပ်မှာ အမြင့်ကြီး ဆောက်ထား၏ ။
သုံးထပ်တိုက်ဆိုသော် လည်း ယခုခေတ်
လေးထပ်တိုက်သစ်များ နှင့် ခေါင်မိုးများ
တစ်ပြေးညီတည်း ပြိုင်နေသည်။

လှေကားရင်း၌ ရပ်ကာ အတန်ကြာမျှ
စဉ်းစားရင်း ဟိုဒီလှမ်းကြည့်မိသော် မလှမ်းမကမ်း
ပလက်ဖောင်းတစ်နေရာတွင် ဂေါ်လီရိုက်နေသည့်
ပေပေတေတေလူတစ်သိုက်က ပြူး တူးပြဲတဲ ပြုံး ဖြဲဖြဲ
ကြည့်နေကြသည်ကို မြင်သည်။ အမွန်သည်
ကျောထဲမှာ စိမ့်ချမ်းချင်လာ၏ ။ လူတွေ ကလည်း
ရိုင်းလိုက်တာ။

သဘော်ဆိပ်နားနီးနီး
ကမ်းနားလမ်းအနောက်ပိုင်းနေရာမို့ လူပေါင်းစုံ
ရှုပ်ထွေးထူထပ်လိမ့်မည် ဟု ၍ တော့ အမွန်
တွက်ဆခဲ့ပြီး ဖြစ်သည်။ အမွန်သည် စိတ်နှလုံးကို

တုံးတုံးချလိုက်ကာ လှေကားဝေသီ မတ်မောက်အတိုင်း ခပ်သွက်သွက် တက်လာခဲ့လေသည်။ လှေကားသည် ကျဉ်းလှ၍ အထက်မှ လူ တစ်ယောက် ဆင်းလာလျှင် ပခုံးချင်းထိတိုက်မတက် ရှိမည် ။ သို့သော် နဂိုက ထင်သလောက်တော့ မမှော င်လှချေ။

တစ်ထပ်တစ်ထပ်သို့ ရောက်လျှင် လှေကားမှ ကိုယ်တစ်စောင်းလှည့်ရုံမျှနှင့် မျက်နှာချင်းဆိုင်ကပ်နေသော အခန်းနှစ် ခန်း၏ တံခါးပေါက်များ ကို တစ်ပြိုင်နက် ခေါက်၍ ရနိုင်လေသည်။

ထိပ်ဆုံးထပ်သို့ ရောက်လျှင် ဒူးဆစ်များ ညောင်းလာသည်ကို သတိထားမိ၏ ။ ဆစ်ချိုးကွေ့မရှိ။ ပကတိမတ်စောက်သော လှေကားရှည်ကြီးထိပ်မှ အောက်သို့ ပြန်ငုံ့ကြည့်မိရာ ခေါင်းထဲမှာ မူးချင်ချင် ဖြစ်လာသည်။

အမွန်သည် အခန်းနံပါတ်ကို အသေအချာကြည့်ကာ လက်ဝဲဘက်အခန်းတံခါးကို ခပ်သာသာ ခေါက်လိုက်၏ ။ အတွင်း :မှ ခြေသံတရှပ်ရှပ်ကြားရပြီး တံခါးမှာ ဟသည်ဆိုရုံကလေး ပွင့်လာသည်။ အသက်လေးဆယ်ပတ်ဝန်းကျင် ခန့် ယောကျ်ား တစ်ယောက် ၏ မျက်နှာတစ်ခြမ်းကို တံခါးဟကြား ပါးလျားလျားမှ အားစိုက်ကြည့်ရလေသည်။

" ဘာကိစ္စလဲ "

" မနုနုကြွေ ရှိပါသလား။ ကျွန်မ တွေ့ချင်လို့ပါ။ "

တံခါးသည် စောစောကထက် အနည်းငယ်ပို၍ ပွင့်လာ၏ ။ အိမ်ရှင် လူကြီးက အမွန်ကို ခြေဆုံးခေါင်းဖျား ကြည့်ရင်း...

“သူက ဒီမှာ နေတာမဟုတ်ဘူး။ နေပါဦးလေ။သူ လာတော့ လာခါနီး ပြီ။ ကလေးမက ဘယ်ကလာတာလဲ”

အမွန်သည် ဖြုန်းခနဲ အပြောရခက်သွား၏ ။ အမှန်အတိုင်း ပြောရလျှင် ကောင်းမည် လား။ သို့မဟုတ်...

“ကျွန်မ နုနုကြွေရဲ့ သူငယ်ချင်းပါ။ မြို့ ထဲကပါပဲ။ သူနဲ့ မတွေ့ရတာ ကြာလို့”

အမွန်သည် ရုတ်တရက် ပါးစပ်ထဲ အလိုလိုရောက်လာသော စကားများ ကို လွှတ်ခနဲပြောမိပြီးမှ မလုံမလဲ ပြန် ဖြစ်သွားသေး၏ ။ လူကြီးက တံခါးကို လူတစ်ကိုယ်ဝင်ရုံသာ ဖွင့်ပေးလိုက်ကာ...

“ဒါဖြင့် ဝင်လေ ကလေးမ။

ခဏစောင့်လိုက်ပေါ့။ သူလာတော့မှာ ပဲ"

အခန်းထဲမှာ အပြင်ကထက် အနည်းငယ်ပိုလင်းနေသည်။ အိမ်ရှေ့တံခါးပေါက်များကို ဖွင့်ထားသော် လည်း ဆေးပြာရင့် သုတ်ထားသော ယင်းလိုက်ကာများ စိပ်စိပ်ချထားသည်မို့ အလင်းရောင်အားပါးတရ မဝင်သာ။ တံခါးမှ ခြေတစ်လှမ်းဝင်ရုံနှင့် ကျဉ်းမြောင်းသော ဧည့်ခန်းသို့ ရောက်ပြီ ဖြစ်ရာ အမွှန်က အနီးဆုံးကုလားထိုင်တစ်ခုမှာ ဝင်၍ ထိုင်လိုက်လေသည်။

"အို...ဒီဘက်လာ ကလေးမ။ အဲဒီ တံခါးပေါက် နောက်ခိုင်းတဲ့ဘက်က မိန်းကလေး မထိုင်ရဘူးကွဲ့။ လာဘ်တိတ်တတ်တယ်။ လာ...လာ... ဒီဘက်"

အမွှန်သည် အိုးတိုးအမ်းတမ်းနှင့် ပင်

သူပြသည့်နေရာသို့ ပြောင်းထိုင်လိုကရ၏ ။ ကုလားထိုင်များ မှာ ခပ်ဟောင်းဟောင်း ဖြစ်၍ ကြိမ်ခင်းအပေါက်များ ကို သုံးထပ်သားအပြားလိုက်တင်ကာ ဖြစ်ကတတ်ဆန်း သံရိုက်ထားလေသည်။

အိမ်ရှင်လူကြီးသည် အမွှန်ကို ဧည့်ခန်းထဲမှာ တစ်ယောက် တည်းထားပစ်ခဲ့ပြီး အိမ်ထဲဝင်သွားလေ သည်။

အိမ်အတွင် းဘက်ဆီမှ မိန်းမသံများ ခပ်ကျယ်ကျယ်ထွက်လာ၏ ။ တစ်ချက်တစ်ချက် ခပ်အုပ်အုပ် ရယ်သံများ ကြားရသည်။ တစ်အောင့်ကြာလျှင် မိန်းမသုံးယောက် ထွက်လာ၏ ။ သူတို့လက်ထဲမှာ စက္ကူအထပ်နှင့် ကတ်ကြေးစသည်များ ပါလာပြီး ဧည့်ခန်းနှင့် အတွင် းအိပ်ခန်းစပ်ကြားရှိ နေရာလပ်ကျဉ်းကျဉ်း ကလေးမှာ တိုးတိုးဝှေ့ဝှေ့

ထိုင်လိုက်ကြသည်။

သူတို့အားလုံး အမွန့်ကို မျက်လုံးဝေ့၍ ကြည့်ရှုံသာကြည့်သည်။ မပြုံး ချေ။ နှုတ်ဆက်ဖော်ရွေဖို့ ဝေးစွ။ တစ်ယောက် မှာ အသက်သုံးဆယ့်ရှစ်နှစ် ခန့် ဖြစ်၍ ကျန်နှစ် ယောက် မှာ အသက်ငယ်ငယ်တည်း။ အလွန်ဆုံးရှိမှ နှစ် ဆယ်ကျော်ရုံမျှ။

မိန်းမရွယ်က သနပ်ခါးဖွေးဖွေးလိမ်းကာ ဖော့ရုံအနက်ပါးပါးကို ယိုးဒယားဘရာစီယာ အထင်းသား မြင်ရသည်အထိ တိုတိုကျပ်ကျပ် ဝတ်ထားသည်။ ခါးပေါ်က ပါတိတ်လုံချည်မှာ ခေတ်ပေါ်အင်ဒိုနီးရှား အဆင်ဆန်း ဖြစ်သော် လည်း ခပ်ညစ်ညစ်တည်း။ ခါးမှာ ဖြစ်ကတတ်ဆန်း ပတ်ရုံပတ်ထားသည်မို့ လျော့ရိ လျော့ရဲပြုတ်လုတဲကာ။

ကျန်မိန်းကလေးနှစ် ယောက် ကတော့

မျက်နှာများ မှာ မိတ်ကပ်ဖြင့် နီရဲနေသည်ကို သိသာလှ၏ ။ နှုတ်ခမ်းဆိုးမထားသော် လည်း မျက်ခုံးမွေးနှင့် မျက်ရစ်များ ဖော်သလို နှုတ်ခမ်းအနားသားတစ်ပိုက်ကို ခဲဖြင့် ပုံဖော်ရေး ဆွဲထားလေသည်။

ကိုယ်လုံးပေါ်အောင် အတတ်နိုင်ဆုံး တင်းတင်းရင်းရင်းဝတ်စားထားကြရာ ကြမ်းပြင်ပေါ် ထိုင်နေ ပုံမှာ ခါးချိုး၍ မရသော အရုပ်များ လို မာတောင့်တောင့်ကြီး ဖြစ်နေသည်။ သူတို့သုံးယောက် သည် ယောက် မတန်းလန်းစိုက်ထားသော ဒန်အိုးသေးသေးတစ်လုံးကို အလယ်မှာ ချပြီး စက္ကူ အိတ်ကလေးများ ဖြစ်အောင် ကော်ကပ်နေကြ၏ ။ ကြည့်ရသည်မှာ ကွာစိလျော်အိတ်လား၊ နေကြာစေ့လှော်အိတ်လား တစ်ခုခု ဖြစ်မည် ။

မိန်းမရွယ်က စကားခပ်များများ တည်း။

လက်ထက်ပါးစပ်က ပို၍ လှုပ်ရှားသည်။ အတွင်းခန်းသို့ ဝင်သွားသော စောစောက အိမ်ရှင်ယောက်ျားကြီးကို လှမ်း၍ စကားပြောနေလေသည်။

"ဒီမှာ ရှင့် ကိုလှမောင်ရဲ့ သိလား"

"အင်း"

ဟု အတွင်းဘက်မှ တုံ့ပြန်လိုက်သည်။

"ဒေါ်သန်းခင်အိမ်က ကောင်မဖြူဖြူ ဟာလေ သိလား"

"ဘယ်သူ့ကို ပြောတာလဲ"

"အို...တစ်လောကမှ ဒေါ်သန်းခင်အိမ်ကို စက်ကျလာတဲ့ ဖြူစပ်စပ်လေ။ ညည ဟိုတယ်ဒီစီတီရှေ့က ကားမှတ်တိုင်မှာ ယိုးဒယားစပို့ရှပ်"ကို ဘော်လီမပါဘဲ တစ်ထပ်တည်း ဝတ်ဝတ်ပြီး လမ်းသလားတဲ့ ကောင်မဟာကော"

"အင်း..."

အတွင် းဘက်မှာ အင်းလိုက်သံကို ခပ်တိမ်တိမ်ပင် ကြားရတော့သသည်။

"အဲဒီ ကောင်မ ညက ရှုတ်ရှုတ်ရှုတ်ရှုတ် ဖြစ်လို့တဲ့"

"ဘာ ဖြစ်လို့လဲ"

"အိုး...ဒါတော့ ဘယ်သိနိုင်ပါ့မလဲ။ ကောင်မက အဖော်မပါ ဘာမပါ တစ်ဇွတည်း လိမ့်နေတဲ့ ဥစ္စာ။ ဘယ်သူက ခန့်တော့မှာ လဲ။ ဝိုင်းနွှာကြတာပေါ့ရှင်။ ကောင်မအထာကိုက အောက်တန်းစားဆန် ဆန်ရယ်"

အတွင် းခန်းဆီမှ တစ်စုံတစ်ရာ တုံ့ပြန်သံ မကြားရတော့ချေ။ မိန်းမငယ် တစ်ယောက် စက္ကူအိတ် များ ကို စိတ်မပါ့တပါသယ်ရင်း နံရံကို

ကျောဆန့်မှီလိုက်ကာ တဝါးဝါးသမ်းနေ၏ ။ အမွန်က ထပြန်ချင်စိတ် ကို အတင်းဖိနှိပ်ချိုးနှိမ်ထားရလေသည်။ လာမိလက်စနှင့် မထူးတော့ပြီ။ ပြီးတော့ အမွန်သည် ကြိုတင် တွေးတောလာခဲ့သည့်အတိုင်း တွေ့လာသမျှကို ရင်ဆိုင်ရန် သန္နိဋ္ဌာန်ချမှတ်ခဲ့ပြီး ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ဖြင့် စွန့်၍ ဆက်ထိုင်နေလိုက်သည်။

မိန်းမသုံးယောက် ကိုကြည့်သော် သူတို့အလုပ်ထဲမှာ သိပ်ပြီး စိတ်ပါကြပုံမရ။ ရောက်တတ်ရာရာ တွေ ကို တစ်ယောက် တစ်ခွန်းပြောကာ ရယ်လိုက်မောလိုက်၊ တွန်းထွန်းလိုက်နှင့် ဂနာမငြိမ်ရှိသည်။

မိန်းကလေး တစ်ယောက် ကမူ မကြာခဏပင် ပြတင်းပေါက်သို့ထ၍ တံတွေး တပျစ်ပျစ် ထွေးနေ ၏ ။ ထိုင်ရာမှ ထလိုက်တိုင်း

ခါးကြားညှပ်ထားသည့် ထဘီစက ပြုတ်၍ ချည်းကျသည်။ ပြေကျသော ထဘီ ကို ဘယ်တော့မှ ချက်ချင်း ပြန်မဝတ်ချေ၊ ကပိုကရို တိုးလိုးတန်းလန်း ချုင်းကြားတွင် သိဆဲညှပ်ထားတတ် ရာ ခြေလှမ်းတိုင်း ထဘီသံ ဖြန်းခနဲ ဖြန်းခနဲ မြည် သည်။

အပြင်မှ တံခါးခေါက်သံသဲ့သဲ့ ကြားရလေသည်။ မိန်းမသုံးယောက် သည် တံခါးဆီသို့ ပြိုင်တူ လှမ်းကြည့်ရှုံသာ ကြည့်လိုက်ကြ၏ ။ ထိုင်ရာကမထ။

အတွင်း :ခန်းမှ စောစောကလူကြီး ခပ်သွက်သွက်ထွက်လာသည်။ သူ့လက်ထဲမှာ ဒေါနပန်းများ ရေစက်လက်ဖြင့် ပါလာ၏ ။ စေးထန်းထန်းကြမ်းပြင်ပေါ်တွင် ရေစက်များ မျဉ်းသားသလို အကြောင်း လိုက် ထင်ကျန်ရစ်သည်။ လူကြီးက တံခါးချပ်တွင် ခပ်သေးသေးဖောက်ထားသော

အပေါက်ငယ်မှ အပြင်သို့

အရင်ချောင်းကြည့်သေးသည်။

“ဝင်းမြင့် လာပြီ”

လူကြီးက ပြောပြောဆိုဆို တံခါးချက်ကိုဖြုတ်ကာ လူတစ်ကိုယ်ဝင်သာရုံ ဆွဲဖွင့်ပေးလိုက် ၏ ။ ထူထဲ ကောက်ကွေ့သော ဆံပင်ရှည်အက်အက်နှင့် အမြှော င်းလိုက်အမြှော င်းလိုက် ဖောင်းကြွနေသော ဖော့စောင်းရှပ်အင်္ကျီ ရှားစေးရောင် က မျက်စိမြင်ကွင်းမှာ အရင်ဆုံး ထင်းခနဲပေါ်လာသည်။

သေသေချာချာကြည့်မှ စုတ်ချွန်းချွန်း ပြောင်စပ်စပ်မျက်နှာကို စိတ်အနှောင့်အယှက် ဖြစ်ဖွယ်ရာ တွေ ့ရလေသည်။ သူက ဝင်လာလာချင်း အမွှန်.ကို လှမ်းကြည့်ကာ ပုခုံးတစ်ချက် တွန့်လိုက်သည်။

အမွန်က မျက်နှာထားပို၍ တင်းပစ်လိုက်ပြီး အိမ်ရှင်လူကြီးနတ်ပန်းဆက်နေသည်ကို လှမ်းကြည့်နေလိုက်၏ ။ ကျကျနနပြင်ထားသော အုန်း၊ ငှက်ပျောကန်တော့ပွဲမှာ ဒေါနခက်များ ခပ်ထောင်ထောင် စိုက်ထားလေသည်။

ကန်တော့ပွဲတင်သည့် နတ်စင်၏ အထက်နားမှာ ရွှေရောင် လက်လက်ဝင်းနေသည့် မဟာမြတ်မုနိ ရုပ်ပွားသီတင်းသုံးရာ ဘုရားစင်ရှိလေသည်။ ဘုရားညောင်ရေအိုးများ တွင်တော့ တစ်ခါထိုးစိုက်ထားလျှင် လနှင့် ချီအောင်ခံသည့် ဇော်စိမ်းများ အပင်လိုက်စိမ်းမြနေသည်။ အိမ်ရှင်လူကြီးက ဘုရားစင်ပေါ်မှ အမွှေးတိုင်လေးငါးချောင်းကို လှမ်းယူလိုက်ပြီး မီးရှို့ကာ ကန်တော့ပွဲတွင် ထိုးစိုက်နေလေသည်။

မိန်းမပိုင်းဆီမှ

ရယ်သံအုပ်အုပ်ထွက်လာသည်။ အမှတ်မထင်
လှမ်းကြည့်မိလိုက်ရာ ရယ်ဟဟ ပြုံး ကျဲကျဲဖြင့်
မထီတရီရှိလှသော ဝင်းမြင့်၏ မသမာမျက်လုံးများ နှင့်
သွား၍ ဆုံလေသည်။

ဝင်းမြင့်သည် မိန်းမငယ်နှစ် ယောက်
ကြားတွင် ပူးပူးကပ်ကပ်ကျပ်ကျပ်ညပ်ညပ်
တိုးဝင်ထိုင်နေ၏ ။ မိန်းမနှစ် ယောက် ၏ အပေါ်တွင်
ပေါင်ချင်းထပ်ကာ ကြည့်ရသည်မှာ
စိတ်မသက်သာဖွယ်တည်း။

"မိကြွေအတွက် ညနေမှာ အထာရှိတယ်"

ဝင်းမြင့်စကားထဲမှာ ကြွေ့နာမည် ပါလာ၍
အမွှန်ထိတ်ခနဲ ဖြစ်သွားရသည်။ မိန်းမငယ်
တစ်ယောက် က ဝင်းမြင့် ဒူးတစ်ဖက်ပိနေသည်ကို
တွန်းပစ်လိုက်ကာ သူ့ဒူးကို ဝင်းမြင့်ပေါင်ပေါ်တွင်

ပြန်ဖိထားလိုက် သည်။ ပြီးနောက် ဝင်းမြင့်ရှပ်အင်္ကျီအိတ်ထဲသို့ လှမ်းနှိုက်လေရာ ဒူးယားစီးကရက်ဘူး ပါလာ၏ ။

"အင်းပေါ့လေ။ မိကြွေတို့က ဒူးယားပရှပ်အေးကိုး။ ဝိုင်းဝိုင်းလည်နေတာပေါ့။ တို့ကတော့..."

ဝင်းမြင့်က စပ်ဖြဲဖြဲနှင့် ...

"ဘာလဲ။ ခပေါင်းလား"

"ခပေါင်း ဖြစ်ပြီပေါ့လေ။ ခပေါင်းမှ မှုတက်နေတဲ့ ခပေါင်း။ ချောင်းတဟွတ်ဟွတ်ဆိုးမှာ ကြောက် ကြပြီပေါ့"

မိန်းမငယ်က ညည်းညည်းညူညူပြောရင်း စီးကရက်တစ်ပ်ကို ဆွဲထုတ်ကာ ဝင်းမြင့်နှုတ်ခမ်းတွင် တပ်ပေးလိုက် ၏ ။ နောက် သူ့နှုတ်ခမ်းတွင်

တစ်လိပ်တပ်ကာ ဘူးကို မိန်းမရွယ်ဆီသို့ လှမ်းပေးလိုက် သည်။

မိန်းမရွယ်က ကော်များ စွန်းပေနေသော လက်နှစ် ဖက်ကို ထဘီနှင့် ခတ်သုတ်လိုက်ပြီး စီးကရက်ဘူးကို လှမ်းယူရင်း...

"ညည်း ဆေးမှန်မှန်မထိုး ဖြစ်ဘူးလား ကြူကြူ"

"မထိုးဆယ်ရက်၊ ထိုးတစ်ရက်ပေါ့လေ"

"ရှာလို့ရတာ တွေ ညည်းဘယ်သွားဖို့ပစ်လို့လဲအေ့။ ကိုယ့်မှာ ဒါအရေးကြီးဆုံးဥစ္စာ။ ဒါမှ ဂရုမစိုက် ရင် ဖြစ်မလား။ ဘာလဲ ညည်းဟိုဟာတွေ ပြန်ထွက်နေပြန်ပလား"

"အင်း...နည်းနည်း ပြန်ကြွလာတယ်။ ဒေါက်တာမြတ်ကောင်းထက်ကိုလည်း

ဆေးဖိုးကြေးတင် တာ တစ်ရာနီးနီးရှိပြီ။ မျက်နှာတောင်မပြင်ဝံ့တော့ဘူး။ အမေကလည်း အခုတစ်လောမှ ချောင်းသိပ်ဆိုး လာတာ။ သွေးတောင်ပါလာတယ်။ ဆေးရုံလည်း မတက်ချင်ဘူးတဲ့။ သွားလည်း သွားတော့မှာ ပါလေ"

"ဘာပဲ ဖြစ် ဖြစ် ဒီလိုကြားထဲကပဲ ရှာရမှာ ပေါ့။ ညည်းကိုယ်ညည်း ဂရုစိုက်နော်။ တို့ကလည်း နာမည် ပျက်တော့ မခံနိုင်ဘူး။ ဒီအတိုင်းဆိုရင် ညည်း လမ်းပေါ် ပစ်ကျသွားတော့မယ်"

မိန်းမငယ်က မထိတရီပြုံး လေသည်။ အမွှန်သည် ထိုင်ရာမှ ဖြုတ်ခနဲထရပ်လိုက်၏ ။

"သူ ဘယ်မှာနေတယ်ဆိုတာ ပြောပါလားရှင်။ ကျွန်မလိုက်သွားချင်လို့"

ဘုရားစင်ကို ရှင်းလင်းနေသော

အိမ်ရှင်လူကြီးက အမွှန်ကို အံ့အားတသင့်
လှမ်းကြည့်လိုက် သည်။

"သွားတော့မလို့လား။ ခုလာတော့မှာ ပဲ
ကလေးမရဲ့"

"မစောင့်တော့ဘူးရှင်။ သူ့လိပ်စာသိရင်
တစ်ဆိတ်လောက်"

လူကြီးက မိန်းမရွယ်ရှိရာသို့
လှမ်းကြည့်ကာ...

"တာမွေ မြင်းပြိုင်ကွင်းလမ်း။ အိမ်နံပါတ်က
ဘယ်လောက်တဲ့လဲ အလှ"

လူကြီး၏ ပုံစံက မိန်းမကြီးကို
ဦးစားပေးရသော၊ အိမ်ထောင်မှာ
မိန်းမထားရာနေနိုင်သော ထောင့်ကျိုးကျကျပုံစံမျိုးတည်း။

"အိမ်နံပါတ်တော့ မသိဘူးရှင့်။ သွားသာ
သွားတတ်တာ။ ကိုလှမောင်ကလည်းလေ
ရှင်ပြောလိုက် ရင် တလွဲချည်းပဲ။ ဘယ်ကလာ
တာမွေ့မြင်းပြိုင်ကွင်းလမ်း ဟုတ်ရမှာ လဲ။
ဝတ္တလစ်ဘက်ကျတယ်။ မြင်း ပြိုင်ကွင်းလမ်း ဟုတ်ရမှာ
လဲ။ ဝတ္တလစ်ဘက်ကျတယ်။ မြင်းပြို
င်ကွင်းလမ်းတော့လမ်းပဲ။ မြို့ ထဲက သွား တော့
ဝတ္တလစ်ဓာတ်ဆီဆိုင်မရောက်ခင် တစ်မှတ်တိုင်မှာ
ဆင်း။ နောက်နည်းနည်း ပြန်လျှောက်တော့ တွေ့တွေ
့ချင်း လမ်းကြားလေးထဲကို ချိုး။ အဲဒီ ထဲမှာ
သိပ်မဝင်ရပါဘူး။ ပရိုက်ဗိတ်တက္ကစီမောင်းတဲ့
ကိုချစ်အောင်တို့အိမ်လို့မေးရင် လူတိုင်းသိတယ်။
သူ့မိန်းမက မော်လီတဲ့"

အမွန်နားရှုပ်သွားသည်။
ဓာတ်ဆီဆိုင်မရောင် ခင် တစ်မှတ်တိုင်ဆင်းပြီး

နောက်ပြန်လျှောက်ဆို တာပဲ ကောင်းကောင်းမှတ်မိလိုက်သည်။ တက္ကစီမောင်းတဲ့ ကိုချစ်အောင်၊ သူ့မိန်းမ မော်လီ။ ရပြီ။ ဒါလောက်ရလျှင် တော် သေးသည်။

“ဟုတ်ကဲ့ရှင့်။ ကျေးဇူးပါပဲ။ သွားမယ်နော်”

အမွှန်သည် နောက်ကြောင်း လုံးဝပြန်မကြည့်တော့ဘဲ တံခါးကို ကိုယ့်ဘာသာဖွင့်၍ ထွက်လိုက် ၏ ။ သည်အိမ်မှာ သည်မျှ ကြာကြာထိုင်မိသည့်အ ဖြစ်ကို နောင်တရမဆုံးနိုင်ရှိသည်။ ခြေဖျားလက်ဖျား အေးစက်လာသည်။

ရောက်ကတည်းက လိပ်စာကို တစ်ခါတည်းမေးပြီး လှည့်ထွက်ခဲ့လျှင် အကောင်းသား။ ခုတော့ ကြောင်တောင်တောင် ယောင်အအနှင့်

သက်သက်မဲ့ အချိန်ကြာကြာကြီး ထိုင်စောင့်နေမိသည်။ တခြား ဘယ်သူဘယ်ဝါမှ ထပ်ရောက်မလာ၍ တော် ပေသေးသည်။

ဒါတောင် ဝင်းမြင့်လို စုတ်ချွန်းချွန်းက မထီတရီကြည့်သည်ကို ခံခဲ့ရသေး၏ ။ အမွှန်လှေကားမှ အပြေးတစ်ဝက် ဆင်းလာရင်း ရင်ထဲမှာ အေးခနဲ အေးခနဲ ဖြစ်လာသည်။ သည်လှေကားက တက်ရဆင်း ရသည့်ပင် လိပ်ပြာမလုံချင်တော့ပြီ။ ဘေးပတ်ဝန်းကျင်က သည်အခန်းသို့ လာသ်ကို ရိပ်များ ရိပ်မိ ကုန်ကြလေမလားမသိ။

မျက်စိများ သည် လှေကားကျဉ်းခပ်မှော င်မှော င်တွင် အတက်တုန်းကထက်ပင် မမြင်ပိုးတဝပါး ဖြစ် နေ၏ ။ ကမူးရှူး ထိုး အပြေးဆင်းလာရင်း လှေကားတစ်ဝက်လောက်မှာ တက်လာသော လူ တစ်ယောက် ကို ဝင်တိုးမိတော့မလို ဖြစ်သွားသည်။

"အမယ်လေး...သြော်...မတော် လို့ပါရှင်"

"ဟော...မမွန်"

"ဟင်...ကိုခင်ဇော်ဦး"

အမွန်သည် ခြေထောက်များ အမ်းသွားကာ လှေကားပေါ် ပုံကျမသွားအောင် မနည်းကြီး ထိန်းထားလိုက်ရသည်။ လှေကားလက်ရန်းကို တင်းတင်းဆုပ်ကိုင်ထားရင်း အမွန့်ရင်ထဲမှာ ပို၍ လှိုက်ခုန်လာ သည်။

"ခင်ဗျားဗျာ...ကျွန်တော် ပြောထားတဲ့ကြားက ဒီကိုလာ ဖြစ်အောင်လာတယ်"

ကိုခင်ဇော်ဦး ဒေါသအနည်းငယ်စွက်နေသော လေသံဖြင့် ခပ်ထန်ထန်ကလေး ပြောလိုက်ကာ အောက်သို့ပြန်ဆင်းရန် ကိုယ်ကို လှည့်လိုက်၏ ။

သူ့မျက်နှာကို မမြင်ရတော့မှ အမွန့်ရင်ထဲ နည်းနည်း နေ သာထိုင်သာ ရှိသွားသည်။

"အမွန်၊ အမွန်လေ...ကြွေ့ကို တွေ့ချင်တာနဲ့ ..."

"ခင်ဗျားရဲ့ ကြွေက ဒီမှာ ရှိမလားဗျ။ ဒါလည်း ကျွန်တော် ပြောထားသားနဲ့။ ဒီကိုအိမ် ခင်ဗျားလာဖို့ စိတ်ကူးတာကို သိပ်မှား :တာ။ ဒီပတ်ဝန်းကျင်က ဒီအိမ်အကြောင်း အကုန်သိပြီးသား။ ဟော့ဒီလှေကားကို ခင်ဗျားမို့ တစ်ယောက် တည်း တက်ဝံ့ပလေ မမွန်ရာ"

ကိုခင်ဇော်ဦးက ဒေါနှင့် မောနှင့် ပြောကာ လှေကားကို ခပ်ဆောင့်ဆောင့်နင်း၍ ဆင်းသွားသည်။

"ခင်ဗျားရဲ့ ကြွေက ဟိုး...ကျိက္ကဆံမှာ နေတာ"

“ဟင်…ကိုခင်ဇော်ဦး သိပြီလား”

“သိလို့ ခင်ဗျားကို အိမ်လာပြောတာ။ အိမ်ရောက်တော့ ခင်ဗျားမရှိဘူး။ ဒီလိုတနင်္ဂနွေနေ့ကြီးမျိုး မှာ ဘယ်မှန်းမသိ ထွက်သွားတယ်ဆိုကတည်းက ခင်ဗျားဒီကိုလာမှာ ပဲလို့ တွေးမိပြီး ချက်ချင်း လိုက်လာ တာ။ အံ့ပါရဲ့ ဗျာ၊ ခင်ဗျား”

“ဒီလိုဆိုရင် အမွန်တို့ အဲဒီ ကို တစ်ခါတည်းဆက်သွားရရင် မကောင်းဘူးလားဟင်”

အမွန်က သူ့ဆန္ဒကိုသာ အလောတကြီးတင်ပြနေ၏ ။ ကိုခင်ဇော်ဦးအပြစ်တင်စကား တဖွဖွဆို သည့်ကိုပင် အမှတ်မထင် ဖြစ်နေသည်။ ပြေရာပြေကြောင်း စကားမဆိုမိ။ ကိုခင်ဇော်ဦးသည် လှေကား ရင်းတွင်

ရပ်လိုက်ကာ အမွန့်ကို လှည့်၍ စောင့်ခေါ်နေသည်။

“လွယ်လိုက်တာ။ ခင်ဗျားခုချိန်မျိုးသွားလို့ တွေ့တော့မလားဗျ။ သူတို့က မိုးလင်းရင် အပြင်ထွက်တဲ့ဟာ။ သွားချင်ရင် နောက်နေ့ ရှစ်နာရီမထိုးခင်လောက် သွားပေါ့”

အမွန် စိတ်ပျက်သွားလေသည်။ နောက်နေ့ဆိုလျှင်...

“နက်ဖြန်ဆိုပဲ ရုံးတက်ရတော့မှာ ကိုခင်ဇော်ဦးရယ်။ ရုံးပိတ်ရက်ပြန်စောင့်ရရင်တော့ မဖြစ်ဘူး။ သူ့ရုံးချိန်က ကပ်နေပြီ။ အမွန်က ရုံးချိန်းမတိုင်ခင် တွေ့ချင်နေတာ”

“ဒါဖြင့် မိုးလင်းထွက်၊ ညဥ့်နက်မှ အိမ်ပြန်ရောက်နေကျ မိန်းကလေး တစ်ယောက် ကို ခင်ဗျား သူ့အိမ်ရှေ့က အိပ်စောင့်မှပဲ ဖြစ်မယ်

မမွန်ရယ်။ အလောသုံးဆယ် ခင်ဗျားနှယ်"

အမွန်သည် စိတ်ရှုပ်နောက်ကျိနေရင်းက တစ်ခုသတိရသွားကာ...

"ဟုတ်ပြီ။ ဒီလိုလုပ်ရအောင် ကိုခင်ဇော်ဦး။ ဟိုအိမ်က ပြောလိုက်တယ်။ ကြွေခုပဲ ရောက်လာလိမ့်မယ်တဲ့။ ဒါကြောင့် အမွန်လည်း အိမ်ထဲဝင်ထိုင်စောင့်နေမိတာ။ အဲဒါလေ မမွန်တို့ ဒီနားက စောင့်ကြည့်နေရအောင်။ မကောင်းဘူးလား။ ဒီလှေကားတက်ရင်မြင်ရမယ့် တစ်နေရာရာကပေါ့"

ကိုခင်ဇော်ဦးက အမွန့်ကိုကလေးငယ်တစ်ယောက် အား စိတ်ရှည်အောင် ကြိုးစားကြည့်ရသည့် အကြည့်မျိုးဖြင့် သက်မပင်ကာ ကြည့်လိုက်သည်။ စင်ကြယ်ပွင့်လင်းသော အမူအရာ။

"ကဲ...ဒါဖြင့် လာ"

# အခန်း (၈)

"လာလေ ... ကြွေရဲ့ ။ ဒီမှာ ထိုင်"

ကြွေသည် တွန့်ဆုတ်ဆုတ်အမူအရာနှင့် အိမ်ထဲသို့ လိုက်ဝင်လာ၏ ။ ဧည့်ခန်းကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး အမွန် ညွှန်ပြလိုက်သော ကုလားထိုင်မှာ မရွံ့မရဲထိုင်လိုက်သည်။ ကြွေထိုင်နေပုံမှာ သက်သောင့်သက်သာမရှိ။ တရားသူကြီးရှေ့က ခုံတန်းလျားပေါ်ထိုင်နေသော တရားခံပုံစံလို တောင့်တောင့်ကြီး ဖြစ်နေ၏ ။

အမွန်က အိမ်ရှေ့ခေါက်တံခါးကို ဘေးနှစ်ဖက်မှာ ကပ်သွားအောင် တွန်းခလိုက်ပြီး ဘေးပြတင်းပေါက်များ ကိုပါ တစ်ဆက်တည်း ဖွင့်နေသည်။ ပြင်ပလေနှင့် အလင်းရောင် သည် ပြိုင်တူနီးပါး ရုတ်ခြည်း စီးဝင်လာ၏ ။

"ခေါက်ထီးနဲ့ လက်ကိုင်အိတ်ကို စားပွဲပေါ်တင်ထားလေ ကြွေရဲ့။ အေးအေးဆေးဆေး နေစမ်းပါ။ ဟော...ကိုခင်ဇော်ဦးကလည်း ဘယ့်နှယ် အပေါက်ဝမှာ မတ်တတ်ကြီး ရပ်နေတာတုံး။ ထိုင်ပါဦးလို့ဆို"

"ကျွန်တော် . . . ပြန်မယ် မမွန်"

"အို . . . နေပါဦး။ မောမောပန်းပန်းနဲ့ ခဏတစ်ဖြုတ်နားပြီး တစ်ခုခုစားဦးသောက်ဦးမှပေါ့။ အမွန် ထမင်းတစ်အိုး ချက်လိုက်မယ်။ မကြာပါဘူး။ ဟင်းတွေ အဆင်သင့်ရှိတယ်။ နွှေးလိုက်ရုံပဲ။ သံပုရာရည် သောက်ရင်း ခဏစောင့်ပါရှင်"

အမွန်က ပျာပျာသလဲ တားနေဆဲမှာ ပင် ကိုခင်ဇော်ဦးသည် ခေါင်းကို ခပ်လေးလေးခါယမ်းကာ လှေကားနှစ် ထစ်ကို နောက်ပြန်ဆင်းနေ၏ ။

“မစားတော့ပါဘူးဗျာ။ ကိစ္စရှိသေးလို့ပါ။ သွားမယ်။ သွားပါဦးမယ် မနုနုကြွေ”

“ဟောရှင် . . . ခက်တဲ့လူ”

အမွန်က ညည်းလိုက်လေသည်။ ကြွေသည် ခပ်ကြောင်ကြောင်ငေးကြည့်နေရာက အိုးတိုးအမ်းတမ်း ခေါင်းတစ်ချက် ညိတ်ပြလိုက်၏ ။

*

“ကြွေ အဝတ်အစား လဲထားမလား”

အမွန်က ကြွေ့ဘက်သို့ ပြန်လှော်လာရင်း ဂရုတစိုက် မေးလိုက်သည်။

“ဟင့်အင်း . . . မလဲတော့ပါဘူးကွယ်။ ရပါတယ်”

"ဒါဖြင့် အိမ်ထဲကို သွားကြရအောင် လာ။ အိမ်ရှေ့က ဘာဂျာတံခါး သော့ ခတ်ခဲ့မယ်။ မီးဖိုချောင်မှာ ပဲ ချက်ရင်းပြုတ်ရင်း စကားပြောရအောင်နော် ကြွေ"

အမွန်သည် အိမ်ရှေ့သို့ တစ်ခေါက် ပြန်ထွက်ခဲ့သည်။ အဆင်းအတက် ဘာဂျာတံခါးကို သော့ ပိတ်လိုက်သည်။

"ဒီအိမ်မှာ အမွန် တစ်ယောက် တည်း နေတာလား"

ကြွေ့အသံမှာ အက်တက်တက်ရှတတ ဖြစ်နေသည်ဟု အမွန် ထင်၏ ။ ဟိုတုန်းကလို စီစီလွင်လွင် မဟုတ်တော့ပြီ။

" တစ်ယောက် တည်းပေါ့ ကြွေရဲ့ ။ လူကြီး ဖြစ်နေပြီပဲဟာ"

အမွန်က တံခါးသော့ကို နံ့ရုံသံငုတ်တွင်

သွားချိတ်ရင်း ခပ်သွက်သွက်ဖြေလိုက်သည်။ ပြီးမှ ခပ်ငိုင်ငိုင်နေသော ကြွေ့ကို ပြုံး ကြည့်လိုက်ကာ . . .

"အိမ်က အကျယ်ကြီးပဲနော် ကြွေ။ "ယူ" လာမယ်ဆိုရင် အဆင်သင့်ပဲ"

ကြွေသည် ငိုင်နေရာမှ မှိုင်ကျသွားသည်အထိ မျက်စိမျက်နှာပျက်နေတော့၏ ။ အမွှန်က မသိကျိုး ကျွန်ပြုကာ သူပြောချင်ရာ ဆက်ပြောလိုက်သည်။

"ကြွေ ပျော်မယ်ဆိုရင်ပေါ့လေ။ အမွှန့်ဆီမှာ လာနေစေချင်တယ်။ အနားယူတဲ့ သဘောပဲ ဖြစ် ဖြစ်။ အခု ကြွေနေတာလည်း သူများ အိမ်မှာ ဆိုတော့"

"အင်း. . . သူငယ်ချင်းလင်မယားရဲ့ အိမ်မှာ ဆိုပါတော့"

ကြွေ့အသံက မရဲတရဲ ထွက်လာသည်။

အမွန်က ကြွေ့မျက်နှာကို စိုက်ကြည့်ရင်း တသသ ယူကျုံး မရ ဖြစ်နေလေသည်။

"သူနေတာ သူငယ်ချင်းလင်မယားအိမ်တဲ့။ ပြောရရင် ယောကျ်ား တစ်ယောက် ရှိနေတဲ့ အိမ်ပေါ့လေ" အမွန်က အမျှင်မပြတ် တွေ းရင်းတောရင်းကပင် ဒေါသထွက်မိပြန်သည်။ သို့ သော် ဟိုတုန်းကလို ကြွေ့ကို ထုရိုက်ပစ်ချင်စိတ်များ မရှိတော့ချေ။

ကြွေသည် တစ်မျိုး လှနေဆဲပင်ရှိသေး၏ ။ ကြည့်လိုက်လျှင် စွဲမက်ဖွယ်မျက်နှာထားနှင့် ဖွံ့ထွားသော ကိုယ်ဟန်ကောက်ကြောင်းတို့ ထင်းထင်းပေါ်သည်။ ဟိုတုန်းက နုပျိုစိုလန်းသော ကြွေ့အလှကို မှတ်မှတ်ရရ စွဲထင်နေသူမို့သာ မျက်စိအောက်က ယနေ့ကြွေ့ကို အားမလိုအားမရ နှမြောတသ ဖြစ်ရခြင်း တည်း။

ဟိုယခင်က စိမ်းနက်မှောင်နေသည့် စင်ရော်တောင်မျက်ခုံးနှစ် ဖက်မှာ လုံးဝပျောက်ဆုံးသွားပြီ ဖြစ် ၏ ။ ပြောင်စင်နေအောင် ရိတ်ချထားပြီး ခေတ်ပေါ်ပုံစံသစ်ဖြင့် တစ်ကြောင်းဆွဲထင်းနေအောင် ဆွဲထား သည်။

လုံးဝန်းဖောင်းမို့သော မျက်နှာပြည့်ပြည့်ကလေးအစား သွယ်လျလျ မျက်နှာဟန်ပန်က အစားထိုး ပြောင်းလဲလာသည်။

ဘာပဲ ဖြစ် ဖြစ် ချစ်မက်မြတ်နိုးစဖွယ် ကြည်စင်သော အလှ လုံးဝပျောက်ဆုံးသွားသည့်တိုင် ဘဝင် ခိုက်စဖွယ်၊ စွဲမက်ဖွယ်အလှဖြင့် ကြွေ့ကို တစ်မျိုး လှသည်လို့ ဆိုနိုင်လေသည်။

"ကဲ... လာ ကြွေ၊ အိမ်ထဲသွားရအောင်"

အမွှန်က ငိုင်နေဆဲ ကြွေ့ကို လက်မောင်းမှ

ဆွဲထုလိုက်၏ ။

"ဆာပြီလား ကြွေ"

ကြွေက ခေါင်းကို သွက်သွက်ပါအောင် ယမ်းခါပြလိုက်သည်။

"မဆာပါဘူး အမွှန်ရယ်။ အမွှန်နဲ့ ပြန်တွေ့နေရတာ အိပ်မက်မက်နေရသလို ဖြစ်နေတယ်။ မယုံတဝက် ယုံတစ်ဝက်၊ မယုံချင်သလို ယုံချင်သလိုနဲ့။ ပြီးတော့ ရင်ထဲမှာ တစ်မျိုးရယ်။ ငိုချင် ရယ်ချင်ကြီး"

"ကြွေရယ် အိပ်မက် မမှတ်ပါနဲ့။ တကယ်ပါ။ ယုံပါ။ ကမ်းနားလမ်းက တိုက်တစ်တိုက်ရဲက လှေကားရင်းမှာ ကြွေ့ကို အမွှန်လာစောင့်ပြီးတက္ကစီပေါ် အတင်းဆွဲခေါ်ခဲ့တာလေ။ ဘာလဲ ဆိတ်ဆွဲလိုက်ရဦးမလား"

နှစ် ယောက် သား ခြောက်သွေ့စွာ ပြုံ

င်တူရယ်မိကြသည်။

*

အမွန်သည် ရေ့မှ လျှောက်လာရင်း

အိပ်ခန်းကိုဖြတ်ကာ မီးဖိုထဲဝင်လာ၏ ။ မီးဖိုဆောင်

ပြတင်း ပေါက်နှင့် နောက်ဖေးတံခါးကို

အရင်ဖွင့်လိုက်ပြီး ကြွေ့ကို ထမင်းစားစားပွဲမှာ

ထိုင်စေရသည်။ နံရံတွင် မှီ ၍ ကပ်ချထားသော

ထမင်းစားစားပွဲတွင် ကုလားထိုင်တစ်လုံးတည်းသာ

ရှိလေသည်။

"ထိုင်...ကြွေ။ ခဏနေဦး။ ကုလားထိုင်ပိုတွေ

ရှိတယ်။ ရှုပ်လို့ ခေါက်သိမ်းထားတာ။ ယူလိုက်ဦး မယ်"

အမွန်က အိပ်ခန်းထဲ အပြေးတစ်ဝက် ပြန်ဝင်လာကာ ခုတင်ခြေရင်းမှာ ထပ်လျက် ခေါက်ပုံထား သော ခေါက်ကုလားထိုင်များ အနက်မှ တစ်လုံးကို ဆွဲထုတ်လာသည်။ စားပွဲထိပ်တွင် နေရာချထားလိုက် ပြီး ကြောင်အိမ်ဘက်သို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

"အမွန်တို့နှစ် ယောက် တည်းဆို ထမင်းပြန်ချက်ဖို့ မလိုတော့ဘူးကွဲ့ရေ။ နံနက်တည်းက ညစာပါ ပေါင်းချက်ထားတော့ နှစ် ယောက် စာကောင်းကောင်းရတယ်။ ခဏနော်။ ဟင်းနွှေးလိုက်ဦးမယ်"

ပြောပြောဆိုဆို လက်ကလည်း ဖယ်ဆက်သလို အလုပ်များ သွားသည်။ ရေနံဆီမီးဖိုကို မီးမွှေး လိုက်ပြီး ဟင်းအိုးကို အဖုံးဖွင့်လျက် တင်လိုက်သည်။ ကြောင်အိမ်ထဲမှ ပန်းကန်များ ကို

ဆွဲထုတ်ကာ လက်သုတ်ပုဝါတစ်ထည်နှင့်
တစ်ခုပြီးတစ်ခု ပွတ်တိုက်၍
စားပွဲပေါ်အသင့်ချထားလိုက်သည်။ ပုလင်းအစီ အရီနှင့်
အသင့်ကြော်လှော်ထည့်ထားသော ဟင်းရန်တစ်ချ
ုကိုလည်း ပန်းကန်တစ်ချပ်စီတွင် တစ်ခုပြီး တစ်ခု
ထည့်ရသည်။

ဘာလချောင်ငါးပိကြော်၊ ပန်းဂေါ်ဖီသနပ်၊
ပဲပိစပ်ပြားကြော် မရှတရှကိုတော့ ကြက်သွန်ဥကြီး
အကွင်းလိုက်လှီးကာ ဆီရွှဲရွှဲနှင့် သုပ်ရပေလိမ့်မည် ။

အမွှန်သည် အငွေ့ပြန်၍ ဆီသံတရှဲရှဲမြည်
လာသော ကြက်သားဟင်းအိုးကို မီးဖိုပေါ်မှ ချလိုက်ပြီး
ရေနွေးကရားကို ကောက်တင်လိုက်သည်။

ကရားထဲမှာ ရေနည်းသေးသည်ထင်၍
ရေထပ်ဖြည့်ရင်း...

“ဟင်းချို ကတော့ စပါယ်ရှယ်ပဲ ကြွေရေ။ လက်ဖက်ခြောက် ခါးခါးလေး ခတ်တိုက်ရမယ်”

ကြွေက ဘာမှပြန်မပြောဘဲ အမွှန်နဲ့လှုပ်ရှားဟန်များ ကို စူးစူးစိုက်စိုက် ကြည့်နေသည်။ အမွှန်က ထမင်းအုပ်တွင် ထမင်းခူးထည့်လိုက်ပြီး လက်ဆေးဇလုံတွင် ရေဖြည့်လိုက်သည်။

နောက်ဆုံးမှ ကြက်သားဟင်းကို တစ်ပန်းကန်ကြီးမောက်နေအောင် ခပ်ထည့်လိုက်သည်။

“သြော်...ကြက်သွန်လှီးရဦးမယ်။ တော် သေးရဲ့. ပုစွန်ခြောက်မှုန့် မကုန်သေးလို့”

အမွှန့်နဖူးပြင်မှာ ချွေးဥနုနုကလေးများ ပင် အစီအရီ စို့သီးနေလေပြီ။

*

“အမွန်က ခုတော့ အချက်အပြုတ်လည်း အဟုတ်ကြီးနော်။ ကြည့်ပါဦး။ စိတ်လိုလက်ရ လုပ်ကိုင်ထားလိုက်တာ စုံနေတာပဲ။ ဟိုတုန်းကလို ဘဲဥကို ထမင်းအိုးနပ်တဲ့အထဲ တစ်ခါတည်း ရေဆေးထည့်လိုက်ပြီး ထမင်းရော၊ ဟင်းရော တစ်ပြိုင်နက် အပြီးချက်တာမျိုး မလုပ်တော့ဘူးလား။ ထမင်းထဲမှာ ဘဲဥ ကွဲနေလို့ မနည်းကြီးရွေးဆယ်ပြီး အခွံနွာရတာ သတိရသေးတယ်။ အဲဒီ တုန်းက ထမင်းတစ်အိုးလုံး သွန် ပစ်ပြီး ရေသောက်အိပ်ပါတော့မယ်လို့ အမွန့်ဘာသာ တစ်ယောက် တည်း စိတ်တိုလားတိုတတ်ရဲ့ ””

ကြွေက ပြောပြောဆိုဆို လွင်လွင်ကလေး

ရယ်မောနေသည်။ နပျိုပွင့်လင်းဟန်သည် ကြွေ့ထံမှ
တစ်စတစ်စ ပြန်လည်ပွင့်ဖူးလာ၏ ။ အမွန်က
အားပါးတရ ပြုံး လိုက်သည်။

"ဟိုတုန်း ကတော့
စိတ်တိုချင်တာပေါ့ကြွေရဲ့ ။ အများ တကာလို
အအားမှမနေရဘဲ။ ဟိုပြေးဒီလွှား ဘဝထဲက
ဘာပဲလုပ်လုပ် အချိန်လုပြီး ကတိုက်ကရိုက်
လုပ်နေရတာ ။ အမြဲစိတ်တိုနေရတာ ပေါ့။ အခု တော့
အမွန်ကအားနေပြီလေ။ အရေး တကြီး
စာကျက်စရာလည်းမရှိ။ ပြီးတော့ လူကြီး
ဖြစ်လာပြီပဲကြွေ ရဲ့ ။ အိမ်နဲ့ရာနဲ့တူအောင်
နေတတ်စားတတ်လာတာပေါ့"

"ကြွေတော့ ဘာဆိုဘာတစ်ခုမှ အ
ဖြစ်ရှိအောင် မလုပ်တတ်သေးပါဘူးကွယ်။
ဟုတ်တယ်နော်။ တို့တွေ . လူကြီး

ဖြစ်လာကြပြီလို့တောင် ဆိုရတော့မယ်"

"ဆိုရမယ် မဟုတ်ဘူးလေ ကြွေရဲ့။ တကယ်လူကြီး ဖြစ်လာကြပြီပဲဟာ"

အမွန်က ပုစွန်ခြောက်၊ ကြက်သွန်ဥနိုင်နိုင်နှင့် ဆီရွှဲရွှဲဆမ်းထားသော ပဲပုပ်ကြော်သုပ်ပန်းကန်ကို စားပွဲပေါ်တင်ရင်း ကြွေ့စကားကို ဝင်ထောက်လိုက်သည်။ ကြွေက ဘာမျှ ပြန်မပြောတော့ဘဲ နောက်ဖေး ကြမ်းပြင်ဘက်သို့ ထွက်ကာ လက်ဆေးနေ၏။ အမွန်ရေနွေးကြမ်းထည့်နေဆဲမှာ ကြွေက ထမင်းခူးနှင့် သည်။

*

"ကဲ... စားကြစို့ ကြွေ"

အမွန်က ကြွေ့ပန်းကန်ထဲသို့ ကြက်သားတစ်တုံးကိုခပ်၍ ထည့်ပေးလိုက် သည်။ ကြွေသည် လက်ဝါးကလေးတကာကာ၊ ခေါင်းကလေး တစ်ခါခါနှင့် မသိမသာ နောက်ဆုတ်လိုက်၏ ။

"ကြွေ...ကြွေ ကြက်သားမဟားဘူး အမွန်"

အမွန်က နားမလည်နိုင်သလို မျက်လုံးပြူး ကြည့်လိုက်ရင်း

"ဟင်...မစားဘူးလား။ ဟိုတုန်း ကတော့ ကြက်သားကုန်းဘောင်ကြော်တို့၊ ကြက်သားလုံးကြော် တို့ ကြွေသိပ်ကြိုက်တာ မဟုတ်ဘူးလားလို့"

"ခုတော့ ရှောင်ထားရတယ်"

ဖြုန်းခနဲ သတိရလိုက်သည်။ ခုမှပင် မသိသား ဆိုးရွားလှသည့် ဦးနှောက်က

သဘောပေါက်သွား လေသည်။ ကိုယ့်ခေါင်းကိုယ် ရိုက်ခွဲပစ်လိုက်ချင်၏ ။ ကြွေ့ကို အားနာစိတ်နှင့် ဘာပြန်ပြောရမည် ပင် မသိ တော့ချေ။

"ကြွေရယ်၊ ကိုယ်နားမလည်မိလို့ပါ။ ခဏနေဦးနော်"

ပြောပြောဆိုဆို လက်ဆေးပြီး ထလိုက်လေသည်။

ကြောင်အိမ်အောက်ဆုံးထပ်ရှိ ပလပ်စတစ်အိတ်တစ်လုံးကို ဆွဲထုတ်လိုက်သည်။ ရေနံ့ဆီမီးဖိုကို မီးပြန်မွှေးကာ ဒယ်အိုးကို ဆွဲတင်လိုက်လေသည်။

"ဘာလုပ်ဦးမလို့လဲ အမွန်ဟင်။ ဒီမှာ ဟင်းတွေ စုံလို့ဟာ။ ကြွေစားနိုင်ပါတယ်အမွန်ရဲ့ ။ လာပါ... ဒီမှာ ဟင်းတွေ ရှိသားနဲ့။ ဘာမှမလုပ်ပါနဲ့"

"ခဏလေးပါကွယ်။ "ပါပရာ"ကြော်မလို့ပါ"

"သြော်... ခက်လိုက်တာ"

ကြွေက လက်လျှော့လိုက်လေသည်။ ကြွေ့အသံမှာ လှိုက်လှိုက်လှဲလှဲ တုန်ခိုက်နေ၏ ။ အမွှန်သည် ဆီပူထဲမှ ကြွပ်ရွတက်လာသော "ပါပရာချပ်"များကို သံဆန်ခါယောက် မဖြင့် ဆယ်ရင်း မျက်ရည်စို့ချင်လာသည်။

အမွှန်သည် မျက်ရည်စို့လာ၏ ။

*

မျက်စိအောက်တွင် တသိမ့်သိမ့်ငိုရှိုက်နေသော ကြွေ့ကိုကြည့်ရင်း ကြေကွဲလာသည်။ ဟိုတုန်းက ဆိုလျှင် ညညတိုင်

ငိုတတ်သည့် ကြွေ့ကို
အမွန်စိတ်အချဉ်ပေါက်ဖူးလေသည်။ ချော့မော့နှစ်
သိမ့်ချင်ဖို့ ဝေးစွ။ ဘာ့ကြောင့် ငိုသည်ကို
မသိရခင်ကပင် ငိုနိုင်လွန်းပါရဲ့ ဟု
မြင်ပြင်းကတ်ခဲ့ရသည်။ ငိုရသည့် အကြောင်းရင်းကို
သိလာရတော့လည်း သနားကရုဏာ မပွားမိချေ။
ဒါလောက်များ ငိုစရာလား။ အလကား
ပေါက်နေတာလို့ပင် ခပ်ချဉ်ချဉ်နှင့် ရှောင်နေခဲ့ဖူး၏ ။
ကြွေ ပြောပြချင်သည့်
ငိုကြွေးရခြင်းအရောင် းရင်း ဇာတ်လမ်းပမာ
နားဆင်စရာကိုလည်း စကားစ မခံ။ မကြားဟန်၊
မသိဟန်ဖြင့် ဘာမျှအရေး မစိုက်သလို နေခဲ့ဖူးသည်။
ခုတော့ ရင်ထဲမှာ “ဒိုက်”နေလေသည်။
ကြွေက လိုက်လိုက်လှဲလှဲငိုရင်း မျက်ရည်မခြောက်
တခြောက်နှင့် အမွန့်ကို မော့ကြည့်လိုက်သည်။

"ကြွေ့ဘဝက ခုမှတော့ မထူးတော့ပါဘူး အမွန်ရယ်"

"မဟုတ်ဘူး ကြွေ။ ထူးရမယ်။ ကြွေ့ကို အမွန်မရအရ လိုက်ရှာတာလည်း ဒီအတွက်ပဲ။ အမွန့်ကို ကြွေနားလည်စေချင်တယ်။ တရားခွင်မှာ အမွန်နဲ့ ဖြု န်းခနဲ မျက်နှာချင်းဆိုင်လိုက်ရတော့ ကြွေ့စိတ်ထဲ ထိခိုက်သွားတယ်မဟုတ်လား။ အဲဒီ လို မ ဖြစ်စေချင်ဘူး။ ဟိုတုန်းက တစ်ခန်းတည်း အတူနေလာခဲ့တဲ့ သူငယ်ချင်း။ ကြွေ့ကို ချစ်ခင်တွယ်တာခဲ့တဲ့ သူငယ်ချင်းအမွန်ဆုတာဟာ နှစ် တွေ ဘယ်လောက်ကြာကြာ ပြောင်းလဲမ သွားပါဘူးကြွေ။ ဟိုတုန်းကလိုပဲ ကြွေ့ကို စိတ်ဝင်စားတယ်။ ကြွေ့ကိုသံယောဇဉ်ကြီးတယ်။ တရားဥပဒေဘောင်မကျော်ရင် ကြွေ့ဘက်က အစဉ်ရပ်ချင်တယ်။ ဒါကိုတော့ ကြွေယုံ"

ကြွေသည် ကုလားထိုင်တွင် ခပ်လျော့လျော့ မှီကာ ငေးစိုက်နေ၏ ။ သူ့မျက်လုံးတို့ကို စိုစွတ်သော မျက်တောင်ကော့များ ဖြင့် မှေးစင်းဖုံးအုပ်ထားလေသည်။

"ဘာပဲ ဖြစ် ဖြစ်ကံကောင်းတယ်ခေါ်ရမယ် ကြွေ။ အမွှန်လက်ထဲရောက်လာတဲ့ "ကေ့စ်"က ဒေါ်ခင်မေရဲ့ "ကေ့စ်" ဖြစ်နေလို့။ ကိုယ်တို့နှစ် ယောက် ပြန်တွေ့ကြရတာ ကလည်း အစိုးရသက်သေနဲ့ အစိုးရရှေ့နေအ ဖြစ်မို့ အများ ကြီးဖြေသာတယ်။ တကယ်လို့များ မတွေ့စကောင်း တွေ့စကောင်း ကြွေ ရယ်။ မင်းကိုယ်တိုင်များ တရားခံ ဖြစ်လာရင် အားလုံးကျွမ်းပြန်ကုန်မယ်သိလား။ တစ်ခါတည်း သွားရော။ တစ်သက်လုံးကို ဆယ်မရအောင်သွားမှာ "

ကြွေက တစ်ချက်နှစ် ချက်မျှ ဆက်၍

ရှိုက်နေသည်။

"ခုလည်း သိပ်မထူးပါဘူး အမွန်ရယ်။ ကြွေက ကျော်စောစာရင်းဝင် ဖြစ်နေပါပြီ။ ရုံးရောက် ဂါတ် ရောင် ရောက်ပြီးတဲ့နောက်တော့ ဘာထူးဦးမှာလဲ။ တရားခံပဲ ဖြစ် ဖြစ်၊ သက်သေပဲ ဖြစ် ဖြစ် မကောင်းတော့ ပါဘူး။ ခုဆိုရင် သတင်းစာတွေ ထဲ ဟိုးလေးတကျော်ပါပြီးကတည်းက ကြွေ့ကို ဟိုကနိုင်၊ ဒီကနိုင်ပါ အမွန်။ တရားခံဒေါ်ခင်မေဆိုတာက အမှု ဖြစ်ရတယ်သာပြောတာ ဘာတစ်ခုမှ စည်းစိမ်မပျက်ဘူး။ သက်သေလို့ဆိုတဲ့ ကြွေတို့မှာ သာ ခုမှ တကယ့်အမဲ။ လူတကာရဲ့ အမဲ"

ကြွေက ကြေကြေကွဲကွဲ ပြောပြနေရာမှ မျက်ရည်ဥများ ပိုးပိုးပေါက်ပေါက် ကျလာလေသည်။ မကျေနိုင်သော အကျိတ်အခဲတစ်ခုရင်ထဲမှာ ရှိနေ၍ လည်း ပိုပြီး ထိခိုက်ဟန်တူသည်။

"ဒီလောက် အွန္တရာယ်များ

လာတယ်ဆိုရင်လည်း ဘာလို့ ဒီလောကထဲ ဆက်ကျင်လည်နေတော့ မလဲ ကြွေရယ်။ ကိုယ်နဲ့ လာနေစမ်းပါ။ ကြွေ့ကိုယ်ကြွေ တစ်ကိုယ်ရေတစ်ကာယ၊ တစ်ကောင်ကြွက်လို့ မမှတ်နဲ့တော့။ ကြွေ့ဘက်က အမြဲနေပြီး ကြွေ့နံဘေးမှာ အမြဲရပ်မယ့် အမွန်ရှိတယ်ဆိုတာ သတိရစမ်းပါ ကွယ်။ ဟင်... လာနေမယ်မဟုတ်လားကြွေ"

ရှတ်တရက် မဖြေ

*

ကြွေ မျက်တောင်ကော့များ ပင့်လှန်၍ အမွန့်ကို စိမ်းစိမ်းစိုက်ကြည့်နေလေသည်။ မျက်ရစ်လိုင်

နာခေါင်းဆားများ စွန်းကွက်သော မျက်ကွင်းညိုညို ချိုင့်ဝှမ်းမှ လှမ်းကြည့်ကာ ပဟေဠိဆန်ဆန်တည်း။

မှိန်ဖျော့ရီဝေသော ကြွေ့မျက်လုံးများ ကို အမွှန် နားမလည်တတ်တော့ပြီ။ လည်ပင်းလေးထောင့်ပုံ ဟိုက်ထားသော ချည်ဇာရင်စေ့ လက်ပြတ်အင်္ကျီပြုတ်ထွက်သွားတော့မတတ် ပင့်သက်ကို ပြင်းပြင်းကြီး ရှိုက်ချလိုက်သည်။ ပြီးမှ ငိုသံတစ်ဝက်ဖြင့် ...

"မ ဖြစ်ပါဘူး အမွှန်ရယ်။ ဘယ်နည်းနဲ့မှ မ ဖြစ်နိုင်ပါဘူး"

"ဘာလို့လဲကြွေ။ ယူ့မှာ ဘာအခက်အခဲရှိနေလို့လဲ။ ကြွေ့ကိုနိုင်ထားတဲ့သူရှိသလား။ ကြွေ ဆပ် စရာတွေ ရှိသလား။ ဘာအတုပ်အနှောင်တွေ ရှိလို့လဲ။ ပြောစမ်း

ကြွေ။ တို့ဝိုင်းပြီး ဖြေရှင်းပေးမယ်”

အမွန်သည် ရှေ့နေစရိုက်ပြန်ဝင်လာ၏ ။ မေးခွန်းများ ကို တစ်ခုပြီးတစ်ခု ဆင့်ကဲဆင့်ကဲ ထုတ်ရင်း ဩဇာလေသံဖြင့် ထန်နေတော့သည်။

“ခဏာ ပြန်တွေ့ကြတဲ့ သဘောပဲ ထားလိုက်ပါတော့ အမွန်ရယ်။ အမွန့်ဘဝနဲ့ အမွန်။ ကြွေ့ဘဝနဲ့ ကြွေ ရှိပါစေတော့”

“ဒီလို ဗလုံးဗထွေးမပြောစမ်းနဲ့ကွယ်။ ကိုယ်နဲ့တွေ့တဲ့အချိန်ဟာ ကြွေ့အဖို့ လမ်းဆုံလမ်းခွမှာ ရပ်မိတဲ့အချိန်မဟုတ်ဘူးလား။ သဘောပေါက်တယ်မဟုတ်လားကြွေ။ ဒါကို ဘယ်လိုခရီးဆက်မယ်၊ ဘယ်လမ်းကို ခွဲထွက်မယ်လို့မှ ကြွေမစဉ်းစားနိုင်တော့ဘူးလား။ ဒီမှာ ကြွေ့ဘဝကိုကြွေ ကျေနပ်လို့လား ဟင်လို့”

“ကျေနပ်တယ်၊ မကျေနပ်ဘူးဆိုတာလည်း ကြွေ့အဖို့တော့ မဆန်းပါဘူး။ ဒါပေမဲ့ အမွန်ခုမှ စဉ်းစားနေလို့ အကြောင်းမထူးတော့ဘူးကွယ်။ ကြွေ့ခရီးက ဆုံးနေပြီ”

“မဟုတ်တာကွယ်။ ဒါ ကြွေမှာ းတယ်”

ကြွေက ပြုံး ယဲ့ယဲ့ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်ပါတယ် အမွန်။ ကြွေမှာ းပါတယ်။ မှာ းတယ်ဆိုတာ ခုမှမဟုတ်ဘူးကွယ့်။ ဟိုးစံရိပ်ငြိမ်ဘော် ဒါမရောက်ခင်ကတည်းက မှာ းခဲ့တာ”

*

တုန်ယင်အက်ကွဲစွာ ပြောနေရင်းက တစစ ရှိုက်သံစွက်လာသည်။

"ဟိုတုန်းကတည်းက ကြွေ့ကို အမွှန်ဘယ်လောက်ထိန်းပေးခဲ့တယ်ဆိုတာ ကြွေသိပါတယ်။ အမွှန် အဖတ်ဆယ်တဲ့ကြားက ကြွေ့ဘာသာကြွေ နှစ် ခဲ့တာပါလေ။ တကယ်တော့ ကြွေမွှန်နေခဲ့တာ။ အပြင်းဆုံးအဆိပ်မွှန်ခဲ့တာ"

သည်တော့လည်း ကြွေ့ရဲ့ "အစ်ကို"ဆိုသူကို အမွှန်သတိရလာသည်။ ဟုတ်ပါရဲ့ ။ သူ့အကြောင်း လုံးဝစကားမစပ်မိ။

"ယူ့အစ်ကိုကော။ ခုရှိသေးလားဟင်"

"အမွှန်ရယ်။ ဟိုတုန်းကလို ကြွေ့အစ်မယောက်ျားလို့ပဲ ပြောလိုက်စမ်းပါ"

ကြွေကပုခုံးတစ်ချက်တွန့်ကာ အဟင်းခနဲ

ပြက်ချော်ချော်ရယ်လိုက်သည်။

"ဒီထက်မှန်တာ ပြောရရင်တော့ ခဲအိုပါကွယ်။ ရင်ထဲက မပါတဲ့ အပေါ်ယံအယုအယတွေနဲ့ ကြွေ့ဘဝကို စဖျက်ဆီးသွားတဲ့ လူယုတ်မာ"

နာနာကြည်းကြည်း ပြောနေရာမှ မျက်ရည်တပေါက်ပေါက်ကျလာသည်။ မျက်နှာပါးပြင်နှင့် ရင်ညွန့်သားတို့မှာ မျက်ရည်ဖြင့် ရွှဲရွဲစိုနေ၏ ။

"အမွှန် ကတော့ ကြွေတို့နှစ် ယောက် စိတ်တူကိုယ်တူ မြဲကြလိမ့်မယ်ထင်တာ။ သူကိုယ်တိုင်လည်း ကြွေ့အစ်မနဲ့ အဆင်မပြေဘူးဆိုတော့ အဆင်ပြေမယ့် အိမ်ထောင်ရေး တစ်ခု တည်ဆောက်ဖို့အတွက် ကြွေနဲ့ခွန့်စားလိုက်တယ်လို့ ယူဆနေတယ်လေ"

ကြွေက မျက်ရည်လည်ရွဲနှင့် ယဲ့ယဲ့ကလေး ပြုံး လိုက်သည်။

"ကြွေလည်း ဒီလိုပဲ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့တာကိုး။ သူယုတ်မာတာ မသိတတ်ဘူးပေါ့။ ကြွေ့ကို မရအရယူပြီး ကြွေ့ဘဝကို တရိရိဖျက်ဆီးတာ အမှန်ရယ်။ အစ်ကိုဟာ တကယ့်လူယုတ်မာ"

"အစ်ကို"လို့ သူလွှတ်ခနဲ ခေါ်လိုက်လေသည်။

*

အစ်ကို့ကိုတော့ ရှုံးရှုံးမှုးမှုးပင် စွဲလမ်းခဲ့သည်။

အနေဝေးကြလျှင် တော် သေးသည်။ နီးနီးကပ်ကပ်နေရတော့ အစ်ကိုသည်သာ ကြွေ့ဘဝထင်၏ ။ အစ်ကိုကလည်း သူ့ဘဝကိုကြွေနှင့် သာဝေးရလျှင် တစ်ခြမ်းပဲ့ထင်သည်တဲ့။ ကြွေနှင့် မှ ပြည့်စုံသည်တဲ့။ အစ်ကို့စကားတွေ က ကြွေ့ကို စိတ်ကြီးဝင်လို့မဆုံးနိုင်။ စိတ်ကူးယဉ်လို့မဆုံးနိုင်။ စွန့်စားရဲဝံ့လို့ မဆုံးနိုင် အောင် တက်ကြွစေခဲ့သည်။

ပြီးတော့ ကြွေအရွယ်ရောက်စကပင် အစ်ကိုရင်ခွင်နွေးထွေးသည်ကို သိခဲ့ရလေသည်။ အစ်ကို့ နှုတ်ခမ်းများ ချိုမြသည်ကို ကြည်နူးခဲ့ရသည်။ အစ်ကို့အယုအယများ မှာ ရင်ခုန်ရသည်ကို မိန်းမူးသိဝေခဲ့ရ သည်။ အချစ်ဆိုသည်ကို အစ်ကိုလို့ပဲထင်သည်။

အစ်မ၏ ယောက်ျား ဖြစ်သော် လည်း အစ်ကိုက အစ်မထက် ကြွေနှင့်

ပိုရင်းနီးပွင့်လင်းခဲ့သည်။ အစ်မနှင့် အတူနေလျှင် အစ်ကိုသည် ခြေသုတ်ပုဆိုး မွေ့စါယ်ကျိုးနယ် သနားစဖွယ်ပါတည်း။

မာနနှင့် ခက်ထန်နေသော အစ်မရှေ့မှောက်မှာ အစ်ကို၏ ယောကျ်ားမာန်တို့ လျှောကျခဲ့ရသည်။ နာမည် ကျော် တေးသံရှင် တစ်ယောက် ၏ ဘဝကို အစ်ကို အမီမလိုက်နိုင်ခဲ့သည်ကိုတော့ ဝန်ခံရမည် ပင်။ အစ်ကိုက ဂီတကို ဝါသနာမထုံ။ ဂီတနှင့် ပတ်သတ်၍ သဲသဲမဲမဲ ချွဲနှင့် မာန်နှင့် ကြိုး စားလိုသာ အဆိုတော် ဝေဝေမြင့်ကို နားမလည်နိုင်ရှိရာက တဖြည်းဖြည်း လင်နှင့် မယားတို့ တစ်အိမ်တည်းမှာ အနေဝေးစပြုလာသည်။

အစ်မကလည်း သူ့ယောကျ်ားကို တစစ အထင်အမြင် လျော့ပါးလာသည်။ တိုင်ပင်ဖော်တိုင်ပင်ဖက်လို့ မထင်။ ခရီးဖော်ဆွေးနွေးဖော်လို့လည်း အရေး

မလုပ်တော့။ နောက်ဆုံး လင်သည်အတွက် ထမင်းပွဲကိုပင် တခုတ်တရပြင်၍ မပြုစုနိုင်တော့သည့် အခြေအနေသို့ ရောက်လာ၏ ။

သီချင်းဆိုသည်ဝါသနာကိစ္စမှာ အောင်မြင်လာပြီဆိုတော့လည်း အလိုလို စီးပွားရေး ကိစ္စ ဖြစ်လာ သည်။ စီးပွားရေး ကိစ္စဆိုသည်မှာ အိမ်ထောင်တစ်ခုအတွက် အရေး တကြီးကိစ္စ။

သည်တော့ မိန်းမ တစ်ယောက် အနေနှင့် သီချင်းဆိုဖို့၊ အသံလွှင့်ဖို့၊ ဓာတ်ပြားသွင်းဖို့၊ ရုပ်ရှင် နောက်ခံနှင့် စတီရီယိုတေးလောကသစ်မှာ ကြီးစိုးလွှမ်းမိုးနိုင်ဖို့စသည့် ကိစ္စတို့ကို အိမ်ထောင်တစ်ခု၏ စီးပွားရေး ကိစ္စအနေနှင့် အရေး တကြီးလုပ်နေရတော့လည်း ကျန်အိမ်မှု ကိစ္စအဝဝတို့ကို စိတ်မဝင်စားနိုင် ဘဲ ရှိလာသည်ထင်၏ ။

အိမ်ထောင်တစ်ခု၏ အရေး တကြီးကိစ္စတွေကို မယားနှင့် အတူ တွဲ ၍ အလုပ်နိုင်သော လင်ယောကျ်ားတို့ ကြုံရမြဲမမှတာအတိုင်း အစ်ကို့ခမျာ အလိုလို ယောကျ်ားသြဇာ လျော့ပါးလာသည်။ သည်နေရာမှာ အစ်ကိုက ကြွေ့ကို ချဉ်းကပ်လာခြင်း ဖြစ်လေသည်။ ဝန်ခံရလျှင် အစားထိုးလာခြင်း ဖြစ်လေသည်။

"ကြွေသာ မရှိရင် အစ်ကို့ဘဝမှာ ဘာမှမပြည့်စုံတော့ပါဘူးကွယ်"

သည်အပြောတွေ နှင့် ဝေဝေမြင့်ဆီမှာ သူမရနိုင်တော့သည့် အပြုအစု၊ အယုအယတို့ကို ကြွေ့ဆီ က မရအရချူခဲ့သည်။

"ဝေဝေမြင့်နဲ့အတူနေရတဲ့ ဘဝ ကတော့ အစ်ကို့မှာ ငရဲကျသလိုပါကြွေရယ်"ဟုလည်း ဖွဲ့ချင်တိုင်း

နွဲ့ခဲ့သည်။ မိန်းမကို မပိုင်စိုးဝံ့သမျှ ကြွေ့ထံမှော ကိမှာ ရဲရင့်ပွင့်လင်းနေတော့သည်။

ဒါကို လောကအတွေ့အကြုံနည်းရှာသူ ကြွေ့ ကိုယ့်ကိုယ်ကိုယ် အယုံကြီးယုံကာ အစ်ကို့ အတွက် တစ်ဘဝလုံး ပုံခဲ့မိခြင်းတည်း။ အစ်ကို၏ အယုအယ၊ အချို့အနွဲ့တို့မှာ သာယာချင်တိုင်း သာယာခဲ့ဖူးသည်မို့ အစ်ကိုနှင့် ခဏဝေးစိဥ်ခိုက်မှာ ဘယ်ယောကျ်ားကိုမှ နှင့်နှင့်နဲနဲရင်ထဲက မချစ်တတ်တော့ ပြီ။

ကြာတော့ ယောကျ်ားဆိုသည်မှာ ကြွေ့အဖို့ စိတ်ပြေလက်ပျောက် မရှိမဖြစ် ကုန်ပစ္စည်းတစ်ရပ် ပမာ အစဉ်လိုအပ်လာတော့သည်။ ဘယ်သူဘယ်ဝါရယ်လို့လည်း ရွေးချယ်မနေလိုတော့ပြီ။

အမွှန်တဖွဖွ သတိပေးနေသည့်ကြားက

ထဘီထည်လဲဝတ်သလို ယောက်ျားကို အလဲလဲ တွဲ တတ်လာတော့သည်။ ယောက်ျားပြီးယောက်ျား။ နောက်ဆုံးတော့ အစားထိုးခြင်းမှာ အစစ်အမှန် မဟုတ်နိုင်တော့ပြီ။

စိတ်ပြေလက်ပျောက် ယာယီအစားထိုးရင်း ခရီးလွန် ကျွံနစ်ကာအယစ်မူးဆုံး "ပထမအချစ်"နှင့် ရာသက်ပန်ကွေကွင်းရမည် ကို အစိုးရိမ်ပိုလာသည်။ စိတ်က တလွဲမှာ စွဲနေပြီမို့ အတွေ းအခေါ်၊ အကိုး အကားများ လည်း အမှန်နှင့် ဗီလာ ဖြစ်လာသည်။ "အို... ဖြစ်ချင်ရာ ဖြစ်၊ အချစ်နဲ့ စစ်မှာ မတရားတာ မရှိဘူးတဲ့" အောင်နိုင်သူ သရဖူဆောင်း မိဖုရား။ ရှုံးနိမ့်သူ အစေအပါး ကျေးကျွန်။

ပတ်ဝန်းကျင်ကို မကြည့်တော့ ဆန့်ကျင်ဘက်အမြင်မှန်သမျှမပြတ်သားဘူးထင်ကာ ကိုယ်တစ် ဦးတည်းအမြင်ဖြင့် တစ်ယောက် တည်း

ကြည်လင်နေတော့သည်။ သူငယ်ချင်းကောင်းတို့၏ ဓမ္မမိဋ္ဌာန်ကျသော အယူအဆများ ကိုလည်း တန်ဖိုးထားရစကောင်းမှန်းမသိ။ ခေါင်းညိတ်လျှင် "ငမောက်"၊ ခေါင်းခါ လျှင် "ချက်ကျောက်"။ တူလျှင် မိတ်ဆွေ၊ မတူလျှင် ရန်သူဟူသော ကိုယ်ပိုင်အယူအဆတစ်ရပ် ပြတ်ပြတ်သားသား ရှင်သန်ကြီးထွားလာသည်။

အစ်ကိုနှင့် ဝေး၍ ဖြင့် တော့ ဘဝတစ်ခြမ်းပဲ့မှာ နေသာထိုင်သာမရှိတတ်ပါပြီရယ်လို့ ကိုယ့်ကိုယ် ကိုယ် အသနားလွန်ကာ ကြွေရှုးရှုးမိုက်မိုက် စွန့်စားခန်း ဖွင့်ခဲ့သည်။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၍ ကိုယ့်ဘဝကို ကိုယ့်ဘာသာရင်ဆိုင်မည် ဆိုသည့် အမွန့်မာနမျိုး ကို အလွဲသုံးစား အတုယူပြီးအစ်ကို့ကို ကြွေက စတင်သွေးဆောင်ခဲ့သည်။

ကြည့်မြင်တိုင်ထဲမှာ အိမ်တစ် ခန်းကို ကြွေ့ဘာသာကြွေ အသင့်ငှားရမ်းထားပြီး ဖြစ်တော့လည်း အစ်ကိုက ကြွေ့အလိုကို လွယ်လွယ် ပင် လိုက်လျောခဲ့လေသည်။

ဘာတစ်ခုမှ ဦးမဆောင်ရပါဘဲ၊ ဘာတာဝန်မှလည်း ကြီးကြီးကျယ်ကျယ်မယူရဘဲ နနုငယ်ငယ် မယားပြုင် တစ်ယောက် လွယ်လွယ်နှင့် ရခဲ့သည်မို့ အစ်ကိုက ကျမ်းကျေးသူပီပီ ချို မြိန်မူးယစ်စေသော အယုအယများ ကိုတော့ ရက်ရက်ရောရောပင် ပေးအပ်ခဲ့သည်။

"ကြွေနဲ့အတူနေရတဲ့ဘဝသာ နိဗ္ဗာန်ဘုံပါ ညီမရယ်"

အစ်ကို့နှုတ်ခမ်းများ သာ တစ်လောကလုံးမှာ အချိုမြိန်ဆုံး ထင်သည်။ အစ်ကို့အယုအယများ သာ

တစ်လောကလုံးမှာ အနူးညံ့ဆုံး ထင်သည်။
အစ်ကို့ရင်ခွင်သည်သာ တစ်လောကလုံးမှာ
အနွေးထွေးဆုံး ထင်သည်။

*

တစ်ခုသော အစ်ကို့ကို အားမရတာ
ရှိလေသည်။ မမဝေနှင့် ပတ်သက်၍ အစ်ကိုက
ပြတ်ပြတ် သားသားမရှိခြင်းတည်း။

အမှန်မှာ မမဝေကလည်း အစ်ကို့ကို
ငရဲမီးတမျှ နှလုံးပိုက်ဟန်ရှိသည်။
မျက်နှာချင်းမဆိုင်တော့။ ခေတ္တခဏလောက်သာ
ဒေါသပေါက်ကွဲ၍ ဆောက်တည်ရာမရနိုင်အောင်
ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်လိုက် သည်။ မမဝေ၏ မာနတို့
အုံ့စဖွယ် ဖွံ့ဖြိုး လာလေသည်။

"ကွာလိုလျှင် အချိန်မရွေး"ဟု တစ်ခွန်းသာ စစ်ကြေညာလိုက်ကာ လုံးဝအရေး မစိုက်တော့ဘဲ နေသည်။ သင်းတို့တိုက်နှင့် သင်းတို့ကြမ္မာ ဖြစ်ချင်ရာသာ ဖြစ်ကြပေရော့။

သည်တော့ အချစ်ကို ကိုးကွယ်ချင်သူ အလိမ်အညာ၊ အကွေ့အကောက် စိုးစဉ်းမျှ သဘောမပေါက်တတ်သေးသူ ကြွေက တစ်လောကလုံးကို အောင်နိုင်သူပမာ ပျော်လိုက်ရသည့် ဖြစ်ခြင်း။ အစ်ကို့ကို ကြွေ တစ်ယောက် တည်းသာ ပိုင်စိုးရတော့မည် ကိုး။

အစ်ကို့ရင်ခွင်နွေးမှာ ကြွေ တစ်ယောက် တည်းသာ ခိုဝင်မှေးစက်ရတော့မည် ကိုး။

အို...သည်နှစ် ခုသာ ရပါစေ။ အစ်ကို့အတွက် ကြွေတစ်ဝလုံး ပုံဝံ့ပါသည်။

တစ်လောကလုံး ရင်ဆိုင်ဝံ့ပါသည်။

ကြွေသည့် ရဲရင့်ရုံမက အရူးအမူး ဖြစ်နေတော့ကာ အစ်ကိုသည်သာ သူ့ဘဝထင်၏ ။ ပိုးထည်ဆိုင် တွင် အလုပ်ကို ပို၍ ကြိုး စားပြီး လစာတိုးတောင်းဝံ့လာသည့်အပြင် သီးသန့်ဆုကြေးများ ပါ ဖောဖောသီသီ ရတတ်လာ၏ ။ သာမန်ရုံးစာရေး ဝန်ထမ်းမျှဖြစ်သော အစ်ကိုကမူ မမဝေနှင့် နေစဉ်တုန်းကလိုပင် မိန်းမကို လစာမအပ်နိုင်ခြင်းအတွက် သူ့ဘာသာ လိပ်ပြာမလုံမြဲတည်း။

"ဟိုတုန်းက စိတ်ညစ်ညစ်နဲ့ အစ်ကိုလိုမ့်သုံးလာမိတာကွာ။ သောက်သောက်စားစား မူးမူးရူးရူးနဲ့ ဆိုတော့ ဘာမှလည်း သတိမရနိုင်တော့ဘူးပေါ့။ အဲဒါ အကြွေးတွေ လွှတ်တင်နေခဲ့တာကွယ်။ ကြိုး စား

ဆပ်လိုက်ဦးမယ်ဟုတ်လား”

ကြွေ့အဖို့တော့ သည်အကြောင်းပြချက်မပါလည်း အစ်ကို့လုပ်စာကို မျှော်လင့်တတ်သူ မဟုတ် ချေ။ တစ်လမှာ အစ်ကိုအရှာနိုင်ဆုံး ငွေသုံးရာသာတည်း။ သည်ငွေသုံးရာမှာ ကြွေ့အဖို့ တစ်ထိုင်သုံးပင် မရှိ။ သည်ငွေသုံးရာကို ကိုင်၍ သာ အိမ်ထောင်တစ်ခုလုံးကို တစ်လလုံး စီမံခန့်ခွဲသွားရမည် ဆိုပါက ကြွေ့ အဖို့ မာရ်နတ်ဆိုးက ပုခုံးနှစ် ဖက်ပေါ် ဖိနင်းထားသလိုသာ ဖြစ်တော့မည် ။

လွယ်လွယ်ရ၍ ပေါပေါသုံးလာခဲ့သည်မှာ လည်း ဝသီစွဲနေပေပြီ။ ငါးကျပ်၊ တစ်ဆယ်မပြောနှင့် ။ ငါးဆယ်၊ တစ်ရာအတွက်ပင် ခေါင်းရှုပ်ခံ၍ မစဉ်းစားချင်တော့သည်မှာ တစ်သက်လုံး ပြင်လို့ရတော့မည် မဟုတ်။

သည်တော့ အစ်ကို့ကို ပျော်အောင်ထား၍ အားပါးတရပြုစုရင်း ငွေကြေးအတွက်ကိုတော့ ကြွေ့ဘာသာပင် ရှာဖွေဖြေရှင်းခဲ့သည်။

မမဝေနှင့် ချို့တဲ့ဆင်းရဲခဲ့သမျှ ကြွေ့ရင်ခွင်မှာ စိတ်တိုင်းကျ ကြည်နူးကျေနပ်စေလိုခြင်းသာ အဓိက ဖြစ်နေတော့ကာ ကြွေသည် ငွေကို သွန်၍ ချည်း ဖြုန်းနေမိတော့၏ ။ အစ်ကို မငြိုငြင်ရအောင်၊ နှစ်ယောက် ဘဝမဆင်းရဲရအောင် ကြွေကချည်း လုံးပန်းနေသည်။ ကြွေဆိုသည့် ကြွေကလည်း မျက်မွေး တစ်ဆုံးသာ ကြည့်တတ်သူပါတည်း။

ပိုးထည်ဆိုင်မှာတော့ ငွေပိုရှာရသည်ကလည်း လွယ်သည်လေ။ လစာနှင့် ဆုကြေးလောက်ကို မျှော်ကိုးနေ၍ ချည်း မလုံလောက်နိုင်တော့သည်မို့ ဟိုတုန်းကလို ကားကြုံ

ခေါ်မည့် သူများ အားကိုးရပြန် သည်။ ကားကြုံခေါ်ကာ ညနေစာတစ်ဝကျွေး၍ လက်ဆောင်လှလှပေးမည့် သူများ နှင့် ပြန်လည်ဆုံဆည်း ရပြန်သည်။

အစ်ကိုကလည်း ညစဉ်မှန်မှန်တော့ ကြွေ့ထံပြန်လာစမြဲပင်။

သို့သော် မမဝေထံ စိတ်လည်ဟန်ကို တစ်စတစ်စ ကြွေအကဲခတ်မိလာ၏ ။ လုံးဝအရေး မစိုက်၊ အဖက်မလုပ်နေသော မမဝေထံ မျက်နှာပြောင်တိုက်၍ သွားခဲ့သည်ကိုလည်း ကြွေသိသည်။

"အရက်မရှိရင် လာပေစေ့။ ငတ်နေရင် ဝင်စားသွား။ တရားတယ်ထင်ရင် လိုချင်တဲ့ပစ္စည်း တက်ယူ။ ဝေဝေမြင့်မျက်နှာကိုတော့ စေ့စေ့ကြည့်ရလိမ့်မယ် မထင်နဲ့"

မာနပဒေသာပင်သီးနေသော မမဝေက

အစ်ကိုလာလျှင် အခန်းတံခါးပိတ်နေလိုက်ကာ လုံးဝအ

ရေး မလုပ်သည်ကိုလည်း ကြွေသိသည်။

"ဟော့ ...မင်းက

တရားဝင်ကွာရှင်းချင်သပဆိုလည်း ကွာရှင်းလိုက်။

ဒီပစ္စည်းတွေ ကတော့ တစ်ဝက်စီပဲ။ ဟောဒီအိမ်ကအစ

ရောင်းမယ်။ ဒါမှမဟုတ် မင်း ငွေအမ်းနိုင်ရန် အမ်းယူ"

ကိုင်မည့်ကိုင်တော့ အစ်ကိုသည်

ဆံထိုးကိုမှ တက်၍ ကိုင်တတ်သူပါတည်း။

*

မမဝေ၏ မာနကို သူသိသည်။

သည်မာနအချွန်အဖျားကလေးကို ချိုးဖဲ့ပေးလိုက်

ခြင်းဖြင့် မမဝေ အပေါ်အနိုင်ရလိမ့်မည် ထင်ခဲ့သည်။ သည်ပစ္စည်းပုံကို လက်ညှိုး နှင့် ထောက်၍ စကားဆိုရုံမျှနှင့် မမဝေက ပျောင်းညွတ်လာလိမ့်မည် ထင်သည်။

မမဝေက အာဂ။

ပစ္စည်းစကားပြောလာလျှင်တော့ သူကလည်း ရင်ဆိုင်ရန်အသင့်ဟုဆိုသည်။ အိမ်ကို ထက်ခြမ်း ယူလျှင်သာရမည် ။ အတွင်း းပစ္စည်း ကတော့ မပေးချင်၍ ကို တရားဝင် တပြားတစ်ချပ်၊ တစ်ရွေးသားမျှမရှိ။ သူ့နည်းသူ့ဟန်နှင့် လုံခြုံရာမှာ သီးခြားထားသည်မို့ တရားစွဲ၍ လည်း မကြောက်ဟုဆိုသည်။

သည်တော့ အစ်ကိုသာ လက်လျှော့ရလေသည်။ အဘက်ဘက်က လှည့်၍

“ရိ”လည်း အချည်းနှီး တည်း။ အရက်မရှိ မျက်နှာပြောင်တိုက်ကာ မမဝေအိမ်အပေါ် အတင်းတက်သေး၏ ။ သို့သော် မမဝေကို မျက်နှာချင်းဆိုင်ရဖို့ မဆိုထားနှင့် ။ ရိပ်ခနဲမှုပင် မြင်ခွင့်မရခဲ့။ ယောက်ျားသိက္ခာ ညှိုးမှုန်ကျိုးပဲ့ခဲ့ပြီဆိုတော့ အစ်ကို ရက်ရမ်းရမ်းတော့သည်။ စိတ်ညစ်သည်၊ စိတ်ရှုပ်သည် စသည်ဖြင့် အကြောင်းပြကာ သောက်စား မူးရူးလာသည်။ မူးရူးလာသည်မှာ အလွန်အကျွံ။

ပထမတော့ကြွေသည် အတတ်နိုင်ဆုံး သည်းခံပါသေး၏ ။ ရင့်ကျက်သော တကယ့်မိန်းမကြီး တစ်ယောက် လို အစ်ကို့ခြွမျိုးကို တင်းခံကာ ကြည်ကြည်ဖြူဖြူခွင့်လွှတ်ခဲ့သည်။

သို့သော် ရေရှည်မှာ တော့ မရပြီ။ ချစ်သူ တစ်ယောက် ၊ ခင်ပွန်းသည် တစ်ယောက် ကို

ကြင်နာစောင့် ရှောက်ရသည်နှင့် မတူတော့။ အရက်သမား တစ်ယောက် ကို ပြုစုရသလို ဖြစ်နေတော့ကာ ကြွေ့ဘဝမှာ အလိုလိုသွေ့ခြောက်လာ၏ ။

ကြွေဆိုသည့် ကြွေကလည်း မိမိကျည်း တစ်ဖက်သတ် ယုယကြင်နာနေရခြင်းဖြင့် ဘဝကို နေပျော်ကျေနပ်နိုင်သူ မဟုတ်ချေ။ အကြင်နာ အယုအယကို တခြားမိန်းမတကာထက် ပိုလိုတပ်မက်သူ။ လောဘတကြီးတောင့်တတတ်သူ။ ယခင်က ပူနွေးသော အစ်ကို့နှုတ်ခမ်းများ အေးစက်လာသည်ကို ကြွေစိတ်မရှည်နိုင်။ ယခင်က ချို မြိန်သော အစ်ကို့အယုအယများ ခါးသီးလာသည်ကို ကြွေသည်းမခံနိုင်။

ကြွေသည် ကားဖြင့် စောင့်ခေါ်သူများ ကို မငြင်းပယ်တော့ရုံမက ခေါ်လာမည့် ကားကြုံကိုပင်

တမင် စောင့်စီးတတ်လာ၏ ။ အပြင်မှာ အနေများ လာသည်။ ယောက်ျားပေါင်းစုံတို့၏ နွေးထွေးသော ကိုယ်ငွေ့ များ မှာ အပြောင်းပြောင်းအလဲလဲ ခိုလှုံသည်။

သို့နှင့် တစ်စတစ်စ ကြွေမိုက်မိလေသည်။

*

"ကြွေ မိုက်မိတယ်အမွန်"

ကြွေက ရှိုက်၍ ရှိုက်၍ ပြောလိုက်သည်။ အမွန်သည် ကြွေ့ကို စူးစူးစိုက်စိုက်ကြည့်ကာ အားမလို အားမရ ဖြစ်နေ၏ ။

"ကြွေမိုက်မိတယ်အမွန်"ဆိုသည့် စကားကို သည်လောက်ခပ်ပေါ့ပေါ့ ပြောနိုင်ရမည် လားဟူ၍ ဒေါသလည်း ဖြစ်သည်။

ဘာမှလည်း ဝင်မပြောချင်။ တစ်စုံတစ်ရာ စကားဝင်မထောက်တော့ဘဲ စိတ်ပေါက်ပေါက်နှင့် သည့်အတိုင်းပင် ထိုင်ကြည့်နေလိုက်၏ ။

ကြွေက မျက်ရည်စတို့ကို မစင့်တစင် သုတ်ကာ စားပွဲပေါ်မှ သံပရာရည်ဖန်ခွက်ကို လှမ်းယူလိုက်သည်။

သံပရာရည်ခွက်ထဲသို့ မျက်ရည်တစ်ပေါက်၊ နှစ် ပေါက်ကျသည်ကို မြင်ရလေသည်။ သို့သော် အမွှန် ချော့မော့စကား မဆိုမိ။ ကြွေက သံပရာရည်ကို တစ်ငုံမျှ စုပ်သောက်လိုက်ပြီး အမွှန့်ကို ခပ်ညို့ ညို့ လှမ်းကြည့်လိုက်သည်။

"ကြွေ မိုက်မိတယ် အမွှန်။ တစ်ညတော့ . . . "

*

တစ်ညတော့။

တင်မောင်ကြည်နှင့် တွေ့လေသည်။ တွေ့သည်ဆို၍ မမျှော်လင့်ဘဲ တွေ့ရခြင်းမျိုးတော့မဟုတ်။ ကြွေ့ကိုယ်၌က မတွေ့တွေ့အောင် တမင်ဖန်တီးပြီး တွေ့ခဲ့ခြင်းတည်း။

တစ်ညနေ ဆိုင်ပိတ်ခါနီးမှာ ကောင်တာချင်းကပ်ရက်မှ နယ်လီချိုက ကြွေကို လက်တို့သည်။ ပြီးတော့ ဆိုင်ရှင်အန်တီမြိုင်နှင့် တရင်းတနှီး စကားဆိုနေသော အသားညိုညို ဆံရှည်ကိုယ်တော် တစ်ယောက် ကို မေးငေါ့ပြလေသည်။

"အဲဒါပေါ့ မိုးကုတ်က ကျောက်တွင်းသူဌေးသား တင်မောင်ကြည်ဆိုတာ။

အားကြီးတောထယ် ဆရာ။ မိဘက
အလိုလိုက်ထားတော့ ပွေချင်တိုင်း ပွေနေတာ"

အသက်သုံးဆယ်ကျော်ခန့် အကြည့်စူးစူး ဂျစ်တူးတူး မိုက်တိုက်တိုက်ပုံစံကို တင်မောင်ကြည် မျက်နက်ဆန်များ ၊ နဖူးရေကောက်ကြောင်းများ နှင့် နှုတ်ခမ်းထောင့်စွန်းများ မှာ အလွယ်တကူ တွေ့ရလေသည်။ နယ်လီပြောသလို ပွေချင်တိုင်း ပွေမည့်ပုံတည်း။

ပြီးတော့ အဝတ်အစား၊ အသုံးအဆောင်၊ နာရီ၊ လက်ဆွဲအိတ်ကအစ အပံ့စားမှအပံ့စား။ သို့သော ယင်းတို့ကို အဖိုးထိုက်၊ အဖိုးတန်ရယ်လို့ သိပ်ပြီး တန်ဖိုးမထားဟန်၊ ဂရုမစိုက်ဟန်နှင့် ကပျစ် ကညစ် ဖြစ်ကတတ်ဆန်းနေသည်။ နယ်လီပြောသလို မိဘအရှိန်အဝါဖြင့် ထောချင်းတိုင်းထောနေ သည့် ပုံတည်း။

"သူ့အထာက တစ်မျိုး ဆရာ့။
ပွေပြီဆိုရင်လည်း ကတ်သီးကတ်သတ် ပွေတာ။
ဟိုရုပ်ရှင်မင်းသမီး မူယာဆွေဆိုတာလေ
ကြားတယ်မဟုတ်လား။ ငါးရာနဲ့ လိုက်နေတာ။ ဒါပေမဲ့
ငွေပေးတိုင်း မရဘူးတဲ့ ဆရာရေ။ သူ့စိတ်က
သဘောကျမှလိုက်တာတဲ့။ ကြိုပြီးစာရင်းပေးထားမှ
အချိန်တို့ နေရာတို့ကို သူ့သဘောကျ ရွေးပြီး
ပြန်ချိန်းတာတဲ့။ အဲဒီ လောက် ကြီးကျယ်တာမျိုး ကို
တင်မောင်ကြည်က ဘာလုပ် တယ်မှတ်လဲ။ မရအရ
ခေါ်ပြီး ကြည့်ရုံပဲ ကြည့်သတဲ့တော် ။
စီးကရက်အသောက် မပျက် တစ်မိနစ် လောက်
ကြည့်နေပြီး ငွေတစ်ထောင် ပစ်ပေးလိုက် တာပဲတဲ့။
ချက်ချင်း ပြန်ပို့ခိုင်း လိုက်သတဲ့။ ကဲ . . .
မဆန်းကြယ်ဘူးလား ကြွေရယ်။ မူယာဆွေဆိုတာ
ခိုက်နေတာမှ ဖျပ်ဖျပ်ကိုလူးရောတဲ့ သိလား"

ကြွေ ရင်ထဲမှာ တဖျပ်ဖျပ်လူးသွားလေသည်။ တင်မောင်ကြည်ကို စိတ်ဝင်စားလာ၏ ။ တင်မောင်ကြည်၏ ရှည်သွယ်သေးကွေးသော လူဖလံ ပုံစံကလေးကို ကရော်ကမည် ပြောင်စီစီ လုပ်ချင် လှသော် လည်း ပွေပွေဆန်ဆန် တဖောက်ကန်း အကြည့်စူးစူးကလေးက ဆန့်ကျင်ဘက်လိုင်ကို ဖိတ်ကြို ညို့ ယူသည့်နှယ်။

အထူးသဖြင့် ကြွေလိုမိန်းကလေးမျိုး ၏ မခြွေခင်က ကြွေချင်သည့် စိတ်ကို ညိတ်ခနဲနေအောင် ညွှတ်စေသည်။ နယ်လီချိုကကလည်း တင်မောင်ကြည်နှင့် ပတ်သက်၍ စုံတကာစေ့အောင် သိလွန်း သည်။

“မိန်းမပွေတယ်ဆိုပေမဲ့ တွေ့ကရာနဲ့ တော့ မဟုတ်ဘူးတဲ့ ဆရာ။ သိပ်ကြေးများ တယ်တဲ့။ တင်မောင်ကြည်က စာတော့ သိပ်မတတ်ပါဘူး။ ဒါပေမဲ့

ဝေါက ထောမှထောဆိုတော့ လိုချင်တာကို မရအရ
ရှာနိုင်တာပေါ့လေ။ တစ်လောကလည်း
အသစ်စက်စက်ကလေးကို သူ့ "ခြေ" ရရင်
တစ်ညတည်း ငါးထောင်ပေးမယ် ပြောသတဲ့။ အဲဒီ
လောက် ရှာရှာဖွေဖွေ ပွေတဲ့ ဘဲကွာ။ အနုမြောအစုံ
မက်မရှိ၊ သုံးနိုင်ဖြုန်းနိုင်
စိတ်အလိုလိုက်နိုင်တယ်ဆိုတာ ဂုဏ်ယူချင်တယ်
ထင်ပါရဲ့ "

ကြွေစိတ်ထဲမှာ တစ်ခုတော့ မခံချင်
ဖြစ်လိုက်သည်။ "ပွေတယ်ဆိုပေမဲ့ တွေ့ကရာနဲ့ တော့
မဟုတ် ဘူးဆရာ။ သိပ်ကြေးများ တာတဲ့။ သူက
ဘာမို့လိုလဲ။ ငွေဘယ်လောက်ပေါပေါ ယောကျ်ားဟာ
ယောကျ်ား ပါပဲ။ ကြွေစိတ်ထဲမှာ တော့
ယောကျ်ားဆိုတာ ဆန့်ကျင်ဘက်လိင်မျှသာ ဖြစ်ကာ
တပ်မက်စိတ် ဖွံ့ဖြိုး သူများ လို့ပင် ယူစွဲနေ၏ ။

အလုအပ၊ အနုအညက်၊ အနွဲ့အနှောင်းနှင့် မှ
ညွတ်ပျောင်းမလာဘူးဆို လျှင် ဘယ်လိုယောက်ျားမျိုး
မို့လို့လဲ။

ကြွေက သူ့ကိုယ်သူ
အယုံကြီးယုံလျက်ရှိသည်။ အလုကြီးမလုသော် လည်း
တပ်မက်စဖွယ် မေးကလေးနှစ် ခွနှင့်
မခို့တရို့မှဲ့နက်ကလေး ဖျပ်ဖျပ်ခါသွားအောင် ချို
နွဲ့လိုက်လျှင် ကြွေ တွေ့ဖူးသမျှတော့
ဘယ်ယောက်ျားမှ ဟန်ဆောင်နိုင်သည်မရှိ။

ကြွေသည် ဖြုန်းခနဲ
စိတ်ကူးဆန်းကြယ်တစ်မျိုး ရလာ၏ ။

*

စဉ်းစဉ်းစားစား လုပ်ရမည် ဆိုလျှင်လည်း အစ်ကို့ကိုပင် ငဲ့ညှာဖွယ်မရှိပါ။ စိတ်နာနာနှင့် တစ်ခွတ်ထိုး ထင်ရာစိုင်းချင်စိတ်သာ ပေါ်သည်။ ပြီးတော့ မိမိအလှ၊ မိမိ၏ အစွမ်းသတ္တိ ဘယ်လောက်ရှိသည် ဆိုတာကိုလည်း စမ်းသပ် စွန့်စားချင်လေသည်။ သို့နှင့် နယ်လီချိုကို ကပ်ရသည်။

"အဲဒီ တင်မောင်ကြည်နဲ့ ယူ ရင်းနှီးလား"

"ခေါ်ခေါ်ပြောပြောတော့ ရှိဖူးသားပဲ။ ဒါပေမဲ့ တို့နဲ့ သိပ်မရောဘူးကွ။ ခင်တော့ ခင်တတ်ပါတယ်။ သူ မိုးကုတ်ပြန်ခါနီး ရင် အမှတ်တရ လက်ဆောင်တစ်ခုခု ပေးခဲ့တာချည်းပဲ။ ဘာလဲ ယူ သိချင်နေပြီလား ဟင်"

ကြွေက ခပ်တည်တည်ပင်

"သြော် . . . ကျောက်တွင်

းသူဌေးသားဆိုတော့ သိကျွမ်းထားရလည်း
ကောင်းတာပေါ့ နယ်လီရဲ့။ အနည်းဆုံး
ကျောက်စိမ်းဆေးလိပ်ခွက်လောက်တော့ မှာ
သုံးနိုင်တာပေါ့"

နယ်လီသည် ရယ်ရွှင်ပျပျနှင့်

"ရတယ် ရတယ်။ နေဦး သူပြန်ခါနီး ရင်
နယ်လီဆီ လာတော့ နှုတ်ဆက်မှာ ပဲ။ တစ်ခါတည်း
မိတ်ဆက်ပေးလိုက် မယ်။ ဟဲဟဲ . . . တို့ကိုတော့
မေ့မသွားရဘူးနော်"

နယ်လီက ကြွေကို ပြုံး စစနှင့်
ခြေဆုံးခေါင်းဖျားကြည့်လေသည်။ ကြွေသည်
မလုံမလဲနှင့် ဣန္ဒြေ ဆည်ကာ ခပ်တည်တည် ပြုံး
နေလိုက်၏ ။

နယ်လီကောင်တာရှေ့မှာ တင်မောင်ကြည်

ရပ်လာတော့ ကြွေပြန်ရန် အသင့်ရှိနေပြီ။ မိမိကောင်တာကို စာရင်းပိတ်၊ သော့ ခတ်၍ အန်တီမြိုင်ကို ငွေအပ်ပြီး ပြန်အလာမှာ နယ်လီက အကင်းပါးစွာ လှမ်းခေါ်လိုက်သည်။

"ကြွေရေ . . . ခဏကွယ်။ ဟောဒီမှာ မင်းအကြောင်း စကားစမိနေလို့"

ကြွေက မေးနှစ် ခွအလယ်မှ မဲ့နက်ကလေး ဘောင်ဘင်ခက်သွားအောင် ဖျိုး ဖျိုး ဖျက်ဖျက် ပြုံးလိုက်ကာ ရွက်ဝါကလေး ကြွေလွင့်လာသလို ဝေ့ဝေ့ဝဲဝဲ လျှောက်သွားလိုက်၏ ။ ကောင်တာမှန်များ အလယ်မှ လျှောက်နေကျမို့ ဘေးဘီကို မသိမသာ မျက်လုံးစွေကြည့်ရုံနှင့် မိမိအလှကို မိမိပြန်မြင်တက်နေသည်။ အလှကိုးကွယ်ချင်သူမို့ မှန်ကောင်တာများ အလယ်တွင် ကြွေက ကိုယ့်အလှကိုကိုယ် အရိပ်လို ကြည့်မြဲတည်း။

ကြွေသည် "ပလက်ဖောင်းဟီးလ်"
ခွာမြင့်ပေါ်မှာ ကြွရှနေသည့် မိမိကိုယ်ဟန်ကို
ကျေနပ်နေ သည်။ နွဲ့နှောင်းပုံမျိုး လည်း မဟုတ်။
ပင်ယံမြင့်မှ ခရေကလေးတစ်ပွင့် ကြွေလွင့်လာသလို
ဝေ့ဝေ့ဝဲဝဲ လှနေလေသည်။ ခြေလှမ်းလှမ်းနေသည်နှင့်
မတူဘဲ လေမှာ လျှောလွင့်လာသလို ရွေ့လျားနေသည်။
"ဘဲလက်ကချေသည်"တို့ ခြေလှမ်းမျိုး ။

"ဒါ . . . ကိုတင်မောင်ကြည်တဲ့။
မိုးကုတ်ကလေ။ အဆိုတော် ဝေဝေမြင့်ရဲ့ ညီမဆိုလို့
ကြွေကို စိတ်ဝင်စားနေတယ်"

"သိရတာ ဝမ်းသာပါတယ်"

ကြွေက ခပ်တိုတိုပင် ပြောလိုက်၏ ။ သို့
သော် နှုတ်ခမ်းများ က ချိုမြကာ မျက်လုံးလဲ့လဲ့အစုံက
လှုပ် ရှားနေသည်။ နားလည်ရဲ့ လား . . .

ကိုတင်မောင်ကြည်။

“အဆိုတော် ဝေဝေမြရဲ့ ပုံကိုတော့ တေးမဂ္ဂဇင်းတွေ ထဲမှာ တွေ့ဖူးပါတယ်။ အသံကောင်းသ လောက် ဟဲဟဲ . . . စိတ်မရှိနဲ့ဗျနော်။ ဝေဝေမြင့် ညီမဆိုရင် ဒီလောက်ကို ချောလိမ့်မယ် မထင်ဘူး”

သူကလည်း အလည်။

အိုးချင်းတွေ့လျှင် ထိရမည် ဧကန်။

*

ကြိုး ချင်းတွေ့လျှင် ငြိရမည် အမှန်။

ငြိတော့ ငြိနေပေပြီ။ ကြွေဘက်က မြဲအောင်တယ်ဖို့ပဲ ရှိတော့သည်။

“ကြွေ့နာမည် အရှည်က ခင်ကြွေမြင့်ပါ”

“ဝေဝေမြင့်ရဲ့ ညီမ” “ဝေဝေမြင့်ရဲ့ ညီမ”နှင့် ဝိသေသတွေ ပြုလွှန်းတော့လည်း ကြွေ့စိတ်ထဲက မခံချင်။ ဝေဝေမြင့်ညီမလို့ မထင်ရလောက်အောင်ပင် ချောပါသည် ဆိုထားလို့သာ တော် တော့သည်။ ဘဲက ပခုံးတစ်ချက်တွန့်ကာ နှုတ်ခမ်းစေ့စေ့ပြုံး ရင်း . . .

“ကြွေလိုပဲ ခေါ်ပါမယ့်ဗျာ။ ကြွေရုပ်ကလေးလို လှတဲ့သူမို့”

“တော် ပါရှင်။ ကျေးဇူးစကြာဝဠာပါ”

“ဒါလောက်ပဲလား”

သူက တိုးလာသည်။

“သြော် . . . ဘာကျွေးရဦးမလဲ။ ရပါတယ်၊ ဘယ်မှာ စားချင်သလဲပြော”

ကြွေကလည်း လမ်းခင်းပေးလိုက် သည်။

"တော် ပါဗျာ။ ကျေးရူးတင်ပါသတဲ့။ စေတနာကို တုံ့ပြန်တဲ့အနေနဲ့ ကျွန်တော် ကပဲ ပြန်ကျွေးပါ ရစေ။ အချိန်ရရင် တစ်နေ့ရာမှာ ညစာကျွေးပါရစေလား"

ကြွေက ချိုမြနေသော အပြုံး လှလှကလေးကို မရုပ်သိမ်းဘဲ နယ်လီ့ကို လှမ်းကြည့်လိုက်သည်။ နယ်လီက သူ့ပခုံးချိတ်အိတ်ကို ကောက်လွယ်ရင်း . . .

"သူဌေးသားကျွေးတာ စားဖူးတယ်ရှိအောင် ဆက်ဆက်လိုက်စား ကြွေရေ။ ကိုးဆယ့်ခြောက်ပါး ရောဂါ ပျောက်တယ်။ သိလား။ နယ်လီ ပြန်တော့မယ်။ ခေါင်းကိုက်လို့ စောစော ပြန်အိပ်မလို့"

တင်မောင်ကြည်က ခပ်ရဲရဲပင်။

အားနာပါးနာမှုပင် နယ်လီကို မဖိတ်ခေါ်လိုက်။

"ကဲ . . . ဘယ်မှာ စားမလဲ ကြွေ။ "နန်းယု" သွားမလား။ လွတ်လွတ်လပ်လပ် စားချင်ရင် "ကရဝိတ်"ကို လိမ့်ကြရအောင်"

"အို . . . သိပ်လူရှုပ်တဲ့နေရာမဟုတ်ရင် ကောင်းပါတယ်။ ဆိုင်မှာ တစ်နေကုန် နားရှုပ် မျက်စိရှုပ် ဆိုတော့နားအေးပါးအေး ညစာမစားရရင် ဘယ်ပျော်စရာ ကောင်းတော့မှာ လဲ"

တင်မောင်ကြည်က လက်ဖျောက်တစ်ချက် တီးလိုက်လေသည်။ မျက်ခုံးများ ကိုပင့်၍ လှမ်းကြည့်နေရာ သူ့မျက်လုံးများ အရောင် တလက်လက် ထွက်နေသည်မို့ ကြွေက တအားတတ်သည်။ သည်မျက်လုံးမျိုး ကို ယောက်ျားတကာထံမှ ကြွေ တွေ့ဖူးလှပြီ။ တပ်မက်စိတ်ကို အထိန်းအကွပ်မရှိ

လွှတ်ပေးချင်သော မျက်လုံးမျိုး ။

“ကြွေ ပျော်ရအောင် အေးချမ်းတိတ်ဆိတ်တဲ့ တစ်နေရာကို သွားကြမယ်လေ ဟုတ်ပလား”

ကြွေက နှုတ်ဖြင့် မဖြေ။ နှုတ်ခမ်းချိုမြကို လှလှကလေး ပြုံး မဲ့ပြုံး ရာက လက်ကိုင်အိတ်ကို လှမ်းဆွဲ ကာ တင်မောင်ကြည်နှင့် ပခုံးချင်းကပ်၍ လျှောက်လိုက်လာခဲ့သည်။

အေးချမ်းတိတ်ဆိတ်တဲ့နေရာ။

*

အေးချမ်းတိတ်ဆိတ်ရုံမျှမက လုံခြုံလျှို့ဝှက်သော တစ်နေရာမှာ ကြွေ တင်မောင်ကြည်နှင့် တစ်ညအိပ် ဖြစ်ခဲ့လေသည်။

သူစိမ်းယောကျာ်း တစ်ယောက် နှင့် တစ်ညအိပ်သည်မှာ ဒါ ပထမဆုံးလို့ ကြွေ ကိုန့်ဆိုပြောဝံ့ သည်။

သို့သော် အဆန်းတကြယ် ရင်ခုန်စဖွယ်တော့ မ ဖြစ်လှ။ တစ်ညမဟုတ်ပေမဲ့ ခဏတစ်ဖြုတ်တော့ အိပ် ဖြစ်ပေါင်းများ လှပြီမို့တည်း။

ကားကြုံစီးရင်း၊ ပျော်ပွဲစားထွက်ရင်း၊ လေညှင်းခံရင်း၊ မင်္ဂလာဒုံအထွက် မြွေလိမ်မြွေကောက် ကားလမ်းတစ်နေရာမှာ၊ အင်းလျားကန်စောင်းတစ်နေရာမှာ ၊ ရန်ကုန်ဆိပ်ကမ်းတစ်နေရာမှာ ။

သို့သော် သည်တစ်ခါတော့ ကြွေ အထိနာပြီ။ တင်မောင်ကြည်နှင့် ကျမှ ကြွေ “ခါ” ရတော့သည်။ အရင့်အရင် အခါများ တုန်းက ကြွေသည်

အတွဲ များ ကို "ကျော"ခဲ့သည့်ချည်း။ ယောက်ျားတွေ ကိုလည်း ကြွေမှကြွေ တမ်းတမ်းစွဲမို့ ကြွေ့ကို ဘယ်သူမှ လွယ်လွယ်ကူကူ ပေါ့ပေါ့တန်တန်မချ။ အတည်မကြံသည့် ကို နှစ် ဖက်စလုံးက သိနားလည်သော် လည်း အပွေ့အမြှုအယုအယတွေ နှင့် တစ်စတစ်စ ချသည်။ ကြွေကလည်း သိလျက်နှင့် ဟန်ဆောင်မှိန်းကာ တစ်စတစ်လိုက်လျောရသည့်ကို သာယာမြဲတည်း။

ပြီးတော့ ကြွေ့ကို ငြူစူမှာ စိုးသည့်ဟန်။ အပြစ်ယူညို့ ဖွဲ့မှာ ရွံ့သည့်ဟန်နှင့် ထိုက်ထိုက်တန်တန် တောင်းပန်တတ်ကြသည်ပင်။ ဂျပန်လုပ် နောက်ဆုံးပေါ် ခေါက်ထီးယူမလား။ သုံးရာကျော်တန် "ပလက်ဖောင်းဟီးလ်" လား။ ဘယ်လဟာပြင်ဈေးကို ပတ်ချင်သေးသလဲ။ ချစ်သူကို ချော့မြှုအလိုလိုက် ရပ်ပုံမျိုး နှင့် သူတို့ ကျူး လွန်မိသော

ဖြစ်မှု အတွက် မသိမသာ
လျော့ကြေးပေးကြခြင်းတည်း။

ခုတော့။

ခုတော့ ကြွေ ထိလေပြီ။

နာသည်။ နာသမှ ဆတ်ဆတ်ခါအောင်
နာရသည်။

တင်မောင်ကြည်နှင့် နှစ် ဆယ့်ရှစ်လမ်းမှ
တိုက်ခန်း တစ်ခန်းသို့ လိုက်လာ ဖြစ်ခဲ့သည်။
တည်းခိုခန်း မဟုတ်၍ စိတ်သက်သာရာရသော် လည်း
ထူးတော့ မထူးပါပြီ။ ရန်ကုန်မြို့ တော် လယ်ကောင်မှာ
တည်းခို ခန်းအမည် မခံဘဲ အချိန်ပိုင်းနှင့် တိတ်တဆိတ်
အိပ်ခန်းငှားသော နေရာများ စွာ ရှိသည်။

ထိုတိုက်ခန်းမှာ တင်မောင်ကြည်နှင့်
ညစာစားကြသည်။ တိတ်ဆိတ်ရုံမျှမက လုံခြုံ

လှသည်ပင်။ အခန်းခယူ၍ လိုအပ်သည်များကို စီစဉ်ပေးသူ တစ်ယောက် သာရှိသည်။ သူကလည်း လက်ခါပြလိုက်ရုံ နှင့် ဘယ်ရောက်မှန်းမသိ၊ အစအန ပျောက်တော့သည်။

ဝမ်းနည်းစရာကောင်းသည်မှာ တင်မောင်ကြည်က ကြွေကို တစ်ရှိုက်ကလေး မနမ်းခဲ့ခြင်းတည်း။ စိတ်ညွတ်နူးစရာ စကားနှုတ်ချို တစ်ခွန်းတစ်ပါဒမျှ မဆို။ ပွေ့ဖက်ချော့မြူခြင်း အလျှင်းမရှိ။

ကြွေ ကိုးစားအားထားရာ မေးနှစ်ခွအလယ်က မဲ့နက်ကလေး မဒိုတရို့ဟန်မှာ လည်း တင်မောင်ကြည် သိပ်ပြီး အာရုံစိုက်ပုံမရပေ။

ကြွေကို ကြွေရယ်လို့ပင် သိမှတ်ပါရဲ့လားမသိ။ ကိုယ့်ကိုယ်ကိုယ် မညှာစတမ်းဝန်ခံရလျှင်

တင်မောင်ကြည်က ကြွေကို အဖိုးမထားသည်မှာ သေချာလှပေသည်။ ရှင်းရှင်းပြောရလျှင် မိန်းမ တစ်ယောက် ကို မနေအားကိုးဖြင့် မာနချိုး သည့် သဘောမျှသာတည်း။ ပြီးတော့ ရှန်းရင်းကြမ်းတမ်းသည်။

မသိတစ်ဝက် သိတစ်ချက်နှင့် ကြွေဘယ်သို့ ဖြစ်ခဲ့သည်မသိ။ အိပ်ပျော်ရာမှ နွမ်းလျစွာ နိုးလာတော့ တင်မောင်ကြည် မရှိတော့ပြီ။ တစ်ဖက် ခေါင်းအုံးကြေမွပေါ်မှ ပွင့်နေသော ကြွေ့လက်ကိုင်အိတ်ကိုသာ သက်ာမကင်းဖွယ် တွေ့ရတော့သည်။

ကြွေက ရှိစုမဲ့စုငွေကလေး သုံးလေးရာနှင့် ရွှေတိုရွှေစ လက်ဝတ်ရတနာ အတိုအထွာကလေးများ အတွက် ထိတ်ထိတ်ပျာပျာ ဖြစ်ရသေး၏ ။ စိုးရိမ်တကြီးဖွင့်ကြည့်မိတော့ အထဲမှာ အစိတ်တန်

အထုပ် လိုက်ပါကလား။

ဘက်မှထုတ်လာသည့်အတိုင်း လက်ရာခြေရာမပျက် တံဆိပ်လက်မှတ်နှင့် ။ ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ဟု ရေး ထားသည်ကို ဖတ်လိုက်ရတော့ တအံ့တသြနှင့် ငယ်ထိပ်မှာ ပင် သွေးပွက်ပွက်ဆူသည်။

နည်းတော့ မနည်းလှပါဘူး။ အမှန်ဆိုရလျှင် မတန်တဆပင် များ လှပါသေး၏ ။ အပွေ့အမြှူ အယုအယတွေ ဆိုလျှင် တစ်ရာ့အစိတ်တန် ခေါက်ထီးတစ်လက်မျှနှင့် ပြီးနိုင်သည့်ကိစ္စ။

ခုတော့။

*

ခုတော့ ကြွေသည် လေးလံတစ်ဝက်၊ ပေါ့ပါးတစ်ဝက်နှင့် အိပ်ရာမှထကာ ငွေတစ်ထောင်ပိုက်၍ ကိုယ့်ဘာသာကိုယ် အိမ်ပြန်ခဲ့ရသည့်အ ဖြစ်။

တင်မောင်ကြည်ကို စိတ်ထဲက နာသော လည်း ငွေတစ်ထောင်ကို မပစ်ရက်သည့်စိတ်က ကြွေ့ကို လွှမ်းမိုးနေသည်။ သို့သော် ကိုယ့်ကိုယ်ကိုယ်တော့ ချက်ချင်း နားလည်လိုက်သည်။

ကြေးစားမိန်းမ ဖြစ်ရပါပြီကော။

အို . . . ပြီးတော့လည်း ပြီးပြီပဲလေ။ ကြွေသည် ငွေတစ်ထောင်မျက်နှာနှင့် တင်မောင်ကြည်ကို အပြုံး မပျက် ဆက်ဆံပါသေး၏ ။ သို့သော် တင်မောင်ကြည်က ကိစ္စနှင့် အနိုတီမြို င်ထံလာလျှင်တောင် အဝေးမှပင် မထီတရီ ပြုံး ရုံပြုံး

သည်။ လုံး၀ မကပ်တော့ပြီ။ နယ်လီချိုက ဆိုသည်။

"တင်မောင်ကြည်က ပြောတယ်။ ကြွေ ဆိုးတော့မဆိုးပါဘူးတဲ့။ ဒါပေမဲ့ သိပ်မထူးပါဘူးဗျာတဲ့။ အဲဒါ ဘာဆိုချင်တာလဲဟင်။ ဧကန္တ သူ ကြွေ့ကို စပြီထင်တယ်။ ဘာလဲ ကြွေက "ကော" လွှတ်လိုက်သလား။ ဟုတ်လား"

ကြွေသည် ကတုန်ကယင်နှင့် ပင် ကြိုး စားပြုံး လိုက်ရ၏ ။ နယ်လီ့ကို ဖုံးလိုက်ရသော် လည်း မျက်လုံး များ က သိသိသာသာ မျက်ရည်စို့လာသည်။

ကြည့်စမ်း။

"မထူးပါဘူး"တဲ့။ "မထူးပါဘူး"တဲ့။

ကြွေသည် ဆတ်ဆတ်ခါ၍ နေ၏ ။ အသည်းနှလုံးကို ကျဉ်စက်ဖြင့် တို့သည်ထက် အခံရခက် သည်။ သည်တစ်ပွဲတော့ ကြွေတို့

ခံလိုက်ရပြီ။ ခံလိုက်ရပြီဆိုတော့လည်း စိတ်နာနာနှင့် ထင်ရာစိုင်းပစ် လိုက်ချင်ပြန်သည်။ ဒါက ကြွေဇီဇ။

တင်မောင်ကြည်ထံမှ

ငွေတစ်ထောင်ရပြီးကတည်းက ကြွေပိုရှဲ ရဲတင်းလာသည်။ ကားကြုံထည် လဲ စီးပြန်တော့ အရင်ကလောက် ဟန်ပန်မူယာလည်း မလုပ်ချင်တော့ပေ။

အတူတွဲ လာသည့်

ယောက်ျားတကာကိုလည်း ဟိုတုန်းကထက် ပေါ့ပေါ့တန်တန် သဘောထား တက်လာသည်။ အချော၊ အမြူ၊ အယုအယတို့ကို သာယာဖို့ဝေးစွ။ စိတ်ပင် မရှည်ချင်တော့ပြီ။ တစ်ချိန် တွင် ဘယ်ဘူတာသို့ ဆိုက်မည် ကို ရဲရဲရင့်ရင့် သိနှင့် ကာ ကြွေကပင် စတင်ပွင့်လင်းပစ်လိုက်သည်။ ကိုယ် ကိုယ်ကိုယ်က ပွင့်လင်းလာပြီဆိုမှတော့ ပတ်ဝန်းကျင်မှ

ပို၍ ထင်ရှားလာလေသည်။

ကြွေ့ သို့မဟုတ် အေစီ။

ကိုယ့်နာမည် ကိုယ် ပြန်ကြားရသည်အထိ ဖြစ်လာသော် လည်း ကြွေ့ မဖြုံတော့ပြီ။ ယုတ်စွအဆုံး အိမ်မှာ အစ်ကိုရှေ့မှာ ပင် ခပ်ပြောင်ပြောင် နေပြလိုက်တော့သည်။ သည့်အတွက်တော့ လုံးဝမမှု ။

အစ်ကို့ကို စိတ်ကုန်ခဲ့သည်မှာ ကြာပြီလေ။ သည့်အတွက်နှင့် ပင် ရင်ခွင်အသစ်အသစ်ကို ရှာဖွေရင်း လိပ်ပြာတေလေ ဖြစ်ခဲ့ရသည်။ အေစီလို့ပင် ကျော်ကြားစပြုပြီ။ ဒါကို အစ်ကိုရှေ့မှာ ဖုံးကွယ်ဖို့ မလို။

ကြွေ့ ကတော့ ကိုယ့်အတွေ့ အကြုံက ပေါက်ဖွားလာသော အသိတရားအရ ယုံယုံရဲရဲ ပြောချင် သည်။ လိပ်ပြာမစင်ကြယ်၍ သိက္ခာလည်း သိမ်ငယ်သော မိသားစုစီးပွားရေး အတွက် အာမခံချက်

မပေးနိုင်သော အကြီးအကဲကို အိမ်ကြီးရှင် အိမ်ဦးနတ်အ ဖြစ် ဧည့်ခန်းမှာ ဓာတ်ပုံချိတ်ဆွဲပြီး တခမ်းတနား ကိုးကွယ်ဖို့ မလိုဟု။ လူ တစ်ယောက် ကို ရှိသေဖို့ မထိုက်တန်တော့ဘူးဆိုလျှင် သူ့ရှေ့မှာ ဘာမဆို လုပ်ဝံ့ တော့သည်။

သိချင်လည်းသိ။ ကြည့်ချင်လည်း ကြည့်။

ကြာတော့ မသိချင်၊ မကြည့်ချင်၍ လား။ မသိရက်၊ မမြင်ရက်၍ လား မဆိုနိုင်။ အရက်သမားကြီး အစ်ကိုလည်း မူးရူးလေလွင့်ရင်းက လုံးဝ အိမ်ပြန်မလာတော့ပေ။ ဖြတ်မည့် ဖြတ်တော့ သူကပင်စ၍ ဖြတ် ရသည်ရှိသေး၏ ။ ကြွေသည် မထီတရီပြုံး ရင်း လောကဓံကို နာသည်ထက်နာတော့သည်။

ဟင်း . . . မယုံ မယုံ။ လောကမှာ

ဘာတစ်ခုကိုမျှမယုံတော့ပြီ။

ကြွေကိုယ်ကြွေပဲဟော ယုံပါသလား။ ဟိုတုန်းကလို ကြွေ့အလုပ်ကိုကော ယုံပါသလားဟု မေးလျှင် "ဟင့်အင်း" လို့ အလွယ်တကူ ခေါင်းခါဖို့ အသင့်ရှိသည်။

ပြီးတော့ နှုတ်ခမ်းတစ်ချက်တွန့်လိုက်မည် ။ ပြုံး သည်ကို ဆိုချင်ဆိုနိုင်သော် လည်း တကယ်တော့ နှုတ်ခမ်းထောင့်စွန်းများ ကော့ပျံတက်ကာ မျက်လုံးလက်လက်တောက်လိမ့်မည် မဟုတ်သည်ကိုတော့ ကြွေ့ဘာသာအသိနှင့် ဆုံးတည်း။

သည် "အပြုံး သေ" ဖြင့် ဆန့်ကျင်ဘက်လိင်ကို မလွှမ်းမိုးနိုင်တော့သော် လည်း ညို့ ခေါ်မြူဆွနိုင်ရုံ မျှတော့ စွမ်းသေးသည်ထင်၏ ။

ကြွေသည့် အလိုအလျောက်ပင် အပေးအယူစကားကို

ပြောင်ပြောင်ရှင်း ရှင်း ဆိုတတ်လာသည်။

အလုပ်စကား၊ ဈေးစကား ပြောတတ်လာသည်။

သည်လိုနှင့် ကြေးကြီးစား ဖြစ် ခဲ့လေသည်။

သည်ဘဝမျိုး က တစ်စတစ်စ “ကျ”ဖို့ပင်ရှိသည်။

တစ်ဆင့်ထက်တစ်ဆင့် တက်ရိုးထုံးစံမရှိ။

လမ်းဘေးပြည့်တန်ဆာဘဝ

ရောက်ပြီဆိုလျှင် ဘယ်လိုပင် အသိဉာဏ်ရင့်သန်၍

အမြင်မှန်တွေ ရစေဦးတော့ လွတ်အောင်ရုန်းထွက်နိုင်ဖို့

ခဲယဉ်းလှသည်။

အစာကိုမင်၍ “ပေါက်ကရို”

ထောင်ချောက်ထဲဝင်မိသော ငါးရှဉ့်လိုပင်

လျှောခနဲအဝင်ချောမော သော် လည်း

အထွက်ခက်ဘိသည်။ နောက်တစ်နည်းပြောရလျှင်

သည်လောကမှာ မြှုံး နှင့် အလွန်တူ သည်။ မြှုံး အဝကို

ငါးရောက်၍ မြူး ထဲကအစာကို စူးစမ်းရန် ပါးဟက်ခတ်လျှင် ရေလှိုင်းရိုက်ပြီး ဝင်ပေါက် တံခါး အလိုလိုပွင့်တော့သည်။ မြူး အတွင်း ဝင်မိလျှင်ကား ပြန်လမ်းမရှိတော့။ သွားပြီ။ ဘဝဆုံးပြီ။

သည့်လိုဘဝမျိုး မှ စိုင်ကော်၍ ချုံ ပေါ်ရောက်သလို ကောင်းစားသွားသည်ဆိုသည့် ဒဏ္ဍာရီများ မှာ လည်း ဝတ္ထုထဲက စိတ်ကူးယဉ်ဇာတ်လမ်းသာ ဖြစ်နိုင်ကောင်းသည်။ ကြွေ့အတွေ့အကြုံနှင့် ကြွေ ကတော့ မယုံရေး ချ မယုံ။

ကြွေ့ကိုပင် ကြည့်။

အစ ကတော့ ကြွေလည်း ထိတ်ထိတ်ကြဲပါတည်း။ ကြေးစားဆိုပေမဲ့ ကြွေက ရွေးသည်။ ကိုယ်ပိုင် စည်းမျဉ်းနှင့် ကိုယ်ပိုင်ဥပဒေနှင့်

ကိုယ့်မှုကိုယ့်ဟန်က တစ်ရွေးသားမျှ အတိမ်းမခံ။

နေရာသန့်ရမည် ။ လူသန့်ရမည် ။ အစားအသောက် မည့်ဖျင်းစေရ။ အိမ်တိုင်ရာရောက် ပြန်ပို့ပေး ရမည် ။ ပြီးတော့ "ဆိုဈေး" ကိုလည်း ခြူး တစ်ပြား အပွန်းမခံ။

သည်လိုဘဝမျိုး ကပင် တဖြည်းဖြည်းနှင့် "အဆွယ်"ကို အားကိုးရသော ဘဝသို့ ရောက်လာသည်။ "အဆွယ်" အ ဖြစ် အားကိုးစရာလူတွေ ကို ရှာဖွေပေါင်းသင်းလာရတော့သည်။ ကိုယ့်အထဲက တစ်စတစ်စ အရနည်းမှန်းမသိ နည်းလာတော့သည်။ ပေးရကမ်းရသူတွေ လည်း တိုးပွားလာပြန်သည်။

ခုတော့ နေရာညံ့ညံ့ရယ်လို့လည်း "ဇံ" မရွေးသာတော့ပြီ။ လူကိုလည်း သန့်သော ၊ မသန့်သော

ကြေးများ မနေအားတော့။ ဆရာဝန်မှန်မှန်ပြ၍ ပင်နီဆီလင် မှန်မှန်ထိုးနေနိုင်သေးသည့်ကပင် အဆင့်အတန်း ရှိသေးသည်ဟု ရဲရဲရင့်ရင့် ဈေးခေါ်ဝံ့စရာ အကြောင်းများ ပါတည်း။

"ခေါင်း" ရယ်လို့ မဆိုနိုင်သော် လည်း အလုပ် ဖြစ်နိုင်မည့် နေရာဌာနများ မှ မိတ်ဆွေသစ်တို့ကို အားကိုးအားထားပြုလာရသည်။

လွယ်လွယ်ကူကူရ၍ ပေါပေါသုံးလာသော ဝသီကလည်း နည်းနည်း မှ မဖြိုး ဖြုံတတ်တော့အောင် အရိုးစွဲနေလေပြီ။ ပြီးတော့ ပေးကမ်းပေါင်းသင်းရသူ၊ ဝေပုံကျခွဲဝေရသူများ ရှိလာလေတော့ "ဈေး"က လည်း ဟိုတုန်းကထက် သိသိသာသာကျဆင်းလာလေတော့ အလုပ်ကို အပင်ပန်းခံပြီး နှစ် ဆတိုးလုပ် သည့်တိုင် ဝင်ငွေနှင့် ထွက်ငွေ မကာမိချင်တော့ပြီ။ တစ်ခါတစ်ရံ ကြွေးသည့်မ ဖြစ်စဖူး ငွေကြေးကျပ်တည်း

သည့်အခါများ ပင် ရှိလာ၏ ။

ခုတစ်လော တိုးပွားလာလိုက်သည့် အလုပ်သမားဦးရေကလည်း အံ့မခန်းလိလိပါတည်း။ အသစ် ကလေးတွေ ၊ အလုကလေးတွေ ၊ အနုကလေးတွေ စသည်ဖြင့် တကယ်အညွန့်အဖူးကလေးတွေ ပြည့်လို့ ပင်။ တချို့ များ ဆယ့်လေးငါးနှစ် အရွယ်။ ဂိုက်ရောဆိုဒ်ရော ကလေးငယ်သာသာမို့ ဒီလိုဒီလိုအလုပ်တွေ ဖြစ်နိုင်ပါ့မလားပင် ထင်ရသည်။

ကြည့်လိုက်လျှင် အတူတွဲ အိပ်ရာဝင်ဖို့ စိတ်ကူးပင် မထည့်လောက်သည့် မတောက်တခေါက် အရွယ်မျိုး ။ သို့ သော် အထင်မသေးလိုက်နှင့် ။ သူတို့ကပင် ပို၍ ဈေးကောင်းနေတတ်သည်။ ရာရာဖွေဖွေ သည်အရွယ်၊ သည်ပုံစံမျိုး ကိုမှ မက်မောတတ်သူတို့ကလည်း ရှိသည်။

*

တစ်ခါက "သူဇာ့" အ ဖြစ်ကိုပင်ကြည့်။

သူဇာဆိုသည်မှာ စန္ဒာပုံဆံပင်မျိုး နှင့် ။

ရွှေရင်မသစ်တသစ်၊ အတောင်အလက် မစုံ့တစုံ၊

ဥလည်း မမည့် ၊ စာလည်း မမြောက်တတ်သေး။

ကျောင်းနေဆဲ ရှစ်တန်းပင်

မအောင်သေးဟုဆိုတော့ သူဇာ့အသင်မှာ

ဆယ့်ခြောက်နှစ် ပါပြော လည်း ကြွေ ကတော့ မယုံချင်။

သည်လောကမှာ က အသက်မှန်ကို ရိုးရိုးသားသား

ဖွင့်ပြောကြရိုး ထုံးစံမရှိ။

ကိုယ့်အကြောင်းနှင့် ကိုယ့်အသက်ကို

လျှော့ချပြောတတ်ကြသလို သူဇာတို့ကျပြန်တော့

"ကျွန်မ အရွယ်ရောက်ပါပြီ" ဟု ဖွင့်ဟကြေညာနှင့် ဗို့

လိုပြန်ရာ အသက်ကို တမင်ကြီး၍ ပြောထားခြင်း ဖြစ်မည် လို့ပဲ ကြွေထင်သည်။

သိရသလောက်တော့ သူဇာက အလယ်တန်းကျောင်းသူအရွယ်မရောက်တရောက်ကတ နည်းနည်း ပုံ့သည်၊ အတွဲ တွေ များ သည်။ စာမေးပွဲ တဖုတ်ဖုတ်ကျသည်။ နောက်တော့ ညကျောင်းတက် ရင်း ကျောင်းသားမဟုတ်သော အရပ်ထဲက တကယ့်ဘဲရုပ်တွေ နှင့် ရောမိလေသည်။

တစ်နေ့မှာ ဘဲရုပ်တစ်ပွေနှင့် လည်ရင်း ဘယ်လိုကဘယ်လို ကြမ္မာဆိုး ဝင်နှောက်သည်မသိ။ ကန်တော် ကြီးစောင်းတစ်နေရာမှာ သူဇာ တစ်ယောက် "ကျားစာ" ဖြစ်ခဲ့ရလေသည်။

ကိုယ့်အထာနှင့် ကိုယ်၊ ကိုယ်မိုက်ပြစ်နှင့် ကိုယ်မို့ ဘယ်ကိုမှလည်း မတိုင်တော့ဝံ့။ ယုတ်စွအဆုံး

လူကြီးမိဘများ ကိုပင် ဖွင့်ဟမပြော ဖြစ်တော့ဘဲ ရင်ခွင်ထဲ ပစ်ချထားရစ်သည့် နှစ် ဆယ်တန်တစ်ထပ်ကို သာ ကျစ်ကျစ်ပါအောင် ဆုပ်ရင်း အံကြိတ်ခဲ့ရသည့်အ ဖြစ်။

အဖေက နေ့ပိုင်းမှာ တော့ စက်ရုံလုပ်သား။ ညပိုင်းမှာ ကြားကားစပယ်ရာလိုက်သည်မို့ သမီးအ ဖြစ်ကို လုံးဝမသိနိုင်။ အမေကလည်း အိမ်ထဲမှာ နေ့မီးညမီးဆက်အောင် ကြက်ဥခေါက်မုန့်သာ တွင် တွင် လုပ်နေရသည်မို့ မွေးထားသည့် သားသမီးခြောက်ယောက် ကို လှည့်၍ ပင် မကြည့်အား။

ပြီးတော့ သူတို့သမီးငယ် ဆယ့်လေးငါးနှစ် အရွယ်ကို လူလားမြောက်နေပါပကောရယ်လို့ အစိုးရိမ် ပိုတတ်ဦးမည် လည်း မဟုတ်ချေ။ သူဇာကိုက မင့်ခင်က ဖူး၊ မဖူးခင်က ပွင့်၊ မပွင့်ခင်က သီးနေသော် လည်း

ဘယ်မိဘကမှ ကိုယ့်သားသမီးကို သည်သို့
ထင်ရက်မည် မဟုတ်။

ဘေးပတ်ဝန်းကျင်ကမြင်၍ ကြား၍
သတင်းစကားပို့လျှင်တောင် သူဇာ့အဖေနှင့် အမေက
သမီး နုနုထွတ်ထွတ်ကို မတရားပြောရစကောင်းလားဟု
တုတ်ဆွဲ၊ ဓားဆွဲလိုက်မည့် အစားမျိုး တည်း။ ခုတော့
သူဇာသည် ကမ်းနားလမ်းက အိမ်နှင့် အဆက်အသွယ်
ဖြစ်နေပြီ။

တစ်ခါက ဘိန်းဖြူလောကတွင် မှော င်ရိပ်ခို
ကျော်ကြားလှသော သက်ကျားအိုဝါသနာတစ်ဦးက
အဆက်အသွယ်နှင့် အဆင့်ဆင့်စုံစမ်းသည်။ "ပွင့်ဦးမှ
ခြွေလိုသည်တဲ့"။

လူက မည် းမည် းကြုတ်ကြုတ်၊
ဆိုးလိုက်သည့် ရုပ်ရည်ကလည်း စိတ်ကုန်စရာ။

သည့်လို သက် ကျားအိုကြီးက ငွေထုပ်အားကိုးနှင့် ကူလီကူမာစိတ်ကူးတွေ ပေါက်နေလေရာ ဝင်းမြင့်လို အမြင့်ဆာနေ သော ကောင်စားမျိုး အဖို့ ကြောင်ခံတွင်း ပျက် ဆက်ရက်တောင်ပံကျိုး တွေ .သည်နှယ် ပွဲတော် ကြီး တိုး တော့သည်။

သို့ နှင့် "သူဇာ" ကို အတတ်နိုင်ဆုံး စီမံ စံတင်ပြီး ရှေ့တော် သွင်းလိုက်သည်။ လှပဆွတ်ပျံ့ဖွယ် သော လုပ်ဇာတ်ကလေးတစ်တွေ နှင့် ပေါ့။ သူဇာတို့ကလည်း အဘယ်မျှအထာမိလိုက်သည်မသိ။ မိုးစင် စင်လင်းမှ တည်းခိုခန်းလေ့ကားထစ်ကို စမ်းတဝါးဝါးနင်းမိသည်။

လူသူလေးပါး အမြင်ခံရသော်လည်း မတတ်သာပြီ။ သို့ သော် ကျောင်းစာအုပ်ကလေးတစ်အုပ်နှစ် အုပ်ပါသော ဖော့လွယ်အိတ်ကလေးထဲမှာ

တစ်သက်လုံးမကိုင်စဖူးသည့် အစိတ်တန်အထုပ်များ ဖြင့် ဖောင်းကြွလာသည်။

ကမ်းနားလမ်းအိမ်နှင့် ဝင်းမြင့်တို့လည်း အတော် ကြီး "ထော" လိုက်ကြသည်။ သူဇာကိုယ်တိုင် နှစ် ထောင်ခန့်တော့ သပိတ်ဝင်အိတ်ဝင်တည်း။

ရယ်တော့ ရယ်ရသည်။

ခေတ်ကိုကလည်း

ပွေပွေလီလီဆန်းကြယ်နိုင်လွန်းဘိသည်။ ဘာပဲ ဖြစ် ဖြစ် သည်မျှတစ်နေ့တခြား ဆန်းပြားသစ်လွင်လာသော သည်လောကကြီးမှာ ကျွေ့အဖို့ မနည်းကြီးပင် ထိန်းထိန်းသိမ်းသိမ်း နေနေ ရသည်။

အန်တီမေတို့ ရွှေနဂါးဟိုတယ်လို နိုင်ငံခြားသားများ ကျက်စားသည့် နေရာမျိုး မှာ အလုပ် ဖြစ်လျှင် တော့ ခါတိုင်းထက် နှစ် ဆလောက် မျိုး မျိုး

မြွက်မြွက်ရတတ်သည်။

တစ်ခါတစ်ရံတော့လည်း အလုပ်မ ဖြစ်လောက်အောင်ပင် လာဘ်တိတ်သော နေ့ရက်များ ဆက် တိုက် တွေ့ တတ်လေသည်။ နိုင်ငံခြားသင်္ဘောတို့ကလည်း အဝင်နည်းသည်။ လူတွေ ကလည်း ကိုယ်လို သူလိုပင် ကြက်ယက်သလို နေထွက်မှသည် မိုးကြီးစုပ်စုပ်ချုပ်သည်အထိ အပြေးအလွှားရှာဖွေနေရသူ ချည်း။ ဟိုတုန်းကလောက် အပျော်အပါးကို သိပ်ပြီး အလိုမလိုက်နိုင်ကြတော့ပြီ။

သည်တော့ ဖဲနိုင်လာမည့် သူများ၊ ဂျင်မလာမည့် လူများ ကိုလည်း လည်တဆန့်ဆန့် မျှော်ရသည်။ နာမည် ကြီး ဂျင်ဝိုင်း၊ မာကျောက်ဝိုင်း စသည်တို့နှင့် ဆက်ရသည်။ "မှော င်ခို" ဟုခေါ်သော တရားဥပဒေ ပြင်ပမှ နည်းလမ်းများ ဖြင့် စီးပွား ဖြစ်နေကြသည့် ကာလပေါ်သူဌေးကြီးများ

မျက်စိကျအောင် အားထုတ်ရ သည်။

ချစ်ရေး ပျက်မှ နည်းလမ်းများ ဖြင့် စီးပွား ဖြစ်နေကြသည့် ကာလပေါ်သူဌေးကြီးများ မျက်စိကျအောင် အားထုတ်ရ သည်။

ချစ်ရေး ပျက်၍ ၊ အိမ်ထောင်ရေး ပျက်၍ ၊ စီးပွားရေး ပျက်၍ စသည်ဖြင့် အကြောင်းကြောင်းကို အကြောင်းပြကာ ထွက်ပေါက်ရှာလာတတ်သော ဖောက်သည်များ ကလည်း ကိုယ့်မှာ အလုပ်မ ဖြစ်ရသည့် အထဲ "ကြွေးစာရင်းမှတ်ချင်သည်" နှင့် ကြုံ ကြိုက်ရတတ်ပြန်လေသည်။ အလုပ် "အ" နေခိုက် အပေါ်စီး ကလာသော မေတ္တာလက်ဆောင် မောင်မင်းကြီးသားများ နှင့် ကြုံရလျှင် ကိုယ်ကျိုး နည်းရပြန်သည်။

နေ့စဉ်ရက်ဆက်ဆိုသလို လာဘ်တိတ်၍

သိပ်ပိုက်ဆံပြတ်လာသော နေ့များ နှင့် ကြုံရလျှင်တော့ ကြွေသည် ကိုယ်တိုင်ပင် စွန့်စားခန်းဖွင့်ရတော့၏ ။ ဆူးလေတစ်ပိုက်ကို ပတ်ရသည်။ ကုန်သည်လမ်းနှင့် ဆူးလေလမ်းဖြတ်ဆုံရာ ပန်းခြံထောင့်မှာ မယောင်မလည်လုပ်ရသည်။ ခရေပင်တန်းအောက်မှာ စီးကရက်မီးကလေးတရဲရဲနှင့် ကိုယ်ယောင်ပြရလေသည်။

မလွှဲသာလွန်းမှသည့်နယ် စွန့်စားရသည်။ သည်အလုပ်မျိုး က သည်လောက် အတင့်မရဲသင့်။ အန္တရာယ်လည်း များ သည်။ တန်ဖိုးလည်း ကျသည်။ သည်လောကမှာ တစ်ဖွဲ့တည်း လိမ့်ရပြီဆိုလျှင် အလစ်နှာချင်သူတွေ က ဒုနှင့် ဒေး။

ကြွေတို့အဖို့ အဓိက ပင်မအားထားမှီခိုရာမှာ ကမ်းနားလမ်းအိမ်မျိုး ၊ အန်တီမေလို သူတော် ကောင်းမကြီးမျိုး ပင်တည်း။

*

တကယ် တကယ်။

အန်တီမေ ကတော့ တကယ့်သူတော်ကောင်းမကြီးပါကွယ်။ ကြွေတို့ အလုပ်မ ဖြစ်ဖြစ်အောင်၊ ဈေး ကောင်းမရရအောင် အန်တီမေ အကူညီဆုံး။

အလုပ် ဖြစ်အောင်လည်း ကြံတတ်သည်။ တန်ဖိုးရှိအောင်လည်း ဖန်တတ်သည်။ မြန်မာစကား မတတ်သော ကမ္ဘာလှည့်ခရီးသည်တို့၊ အင်္ဂလိပ်စကားအပေါက်အလမ်း မတည့်ချင်သော နိုင်ငံခြား သင်္ဘောသားတို့၊ ကျောက်စိမ်းပွဲလာသည့် တောသူဌေး မလည်မဝယ်တို့ကို အန်တီမေက ရေရေလည် လည် "အချဉ်ဖမ်း" နိုင်သည်။

အန်တီမေ ရွှေနဂါးဟိုတယ်မှာ အလုပ်ဖြစ်လျှင် မိမိဝင်ငွေ၏ တစ်ဝက်နီးပါးမျှ အခန်းခပေးရသည် ဆိုသော်လည်း မတန်တဆပေးရသည်မထင်။ ပေးပျော်သည်။

အပြင်မှာ ကော ဘာထူးသေးလဲ။ အဆွယ်ကို ပေးရ။ ခေါင်းကို ပေးရ။ ပြီးတော့ ဟိုခွဲ့ရ၊ သည်ခွဲ့ရ နှင့် တင်မြှောက်ပသရသည့် ဆိုင်ရာပိုင်ရာများကလည်း သုံးဆယ့်ခုနှစ် မင်း မကပြီ။

အန်တီမေဆီမှာ လုံခြုံရေး လည်း စိတ်ချရသည်။ ကြေးကလည်း ဆို့ဆို့ပို့ပို့ တနင့်တပိုးရသည်။ သည်တော့ တစ်ဝက်ပေးရဦးတော့ ပေးပျော်လေသည်။ ဘယ်လိုပဲ တွက်တွက် အပြင်မှာ ထက် "ကျန်" သည်။

အန်တီမေနှင့် ကြည်လျှင် မြို့ ပြင်က

ရွှေနဂါးလို ဟိုတယ်မျိုး မှာ သာမက မြို့

လယ်ကောင်မှာ ပင် ကန့်ထရိုက်ရတတ်သည်။

အန်တီမေပိုင်မြို့ ထဲက "မာလာ" တို့၊ "တမာရိပ်"

တို့အစရှိသော တည်းခိုခန်း များ မှာ အန်တီမေ၏

စပါယ်ရှယ်ဖောက်သည်များ အတွက်

ကန့်ထရိုက်ပေးထားခြင်း ခံရတတ်လေသည်။

သည့်အခါမျိုး မှာ လည်း ကြွေတို့အဖို့ ထောက်ကိန်းတည်း။

တန်ရာတန်ကြေးသာမက ကိုယ်က

အကြံအဖန်ကောင်းလျှင် ကောင်းသလို အောက်ဆိုက်

ဘောက်ဆူး လိုင်ဘောလည်တတ်သည်။ လူကို

ကြည့်၍ ရဲလျှင်ရဲသလို အချဉ်ဖမ်း၍ လည်း ဖြစ်သည်။

သည်တော့ အန်တီမေသာ ကြွေတို့အဖို့ အားထားရာ၊

မှီခိုရာ။ ကြွေတို့ဘဝမျိုး က သြဇာနှင့် သက်လုံ

ကောင်းနိုင်သည်။

ခုတော့ ကြွေသည်

အားဆေးမှန်မှန်သောက်ကာ၊
ပင်နီဆီလင်မှန်မှန်ထိုးကာနှင့် ကိုယ်ကိုယ်ကိုယ် ကြိုး
စားပမ်းစား ထိန်းသိမ်းစောင့်ရှောက်နေရပြီ။ အန်တီမေ
"ထိ" ပြီဆိုတော့ ကော်တို့အဖို့ ပိုလို့ "နာ" သည်။
အလုပ်လည်း ထိခိုက်သည်။ ကျော်စောစာရင်းဝင်ကာ
ဟိုကမဲ၊ သည်ကမဲ၊ အနိုင်ကျင့်မည့် သူ များ
ဝိုင်းဝိုင်လည်လာသည်။

ခုတော့ ကိုချစ်အောင်ကိုပဲ
ကျေးဇူးတင်ရမည် ။ ကိုချစ်အောင် ကျေးဇူးဖြင့်
ကုန်ဖွေရရ နေနိုင်ခြင်း ဖြစ်သည်။

ဘာပဲ ဖြစ် ဖြစ် သည်ဘဝမျိုး မှာ အိမ်နှင့်
ရာနှင့် အခြေတကျနေနိုင်ခြင်းကပင် တော် ရုံလူ
မစော်ကား ဝံ့။ သို့ မဟုတ်လျှင် ကြွေတို့ လမ်းဘေးမှာ ပင်
လွင့်ရတော့မည် ။ အပေါ်စာဘဝသို့ တစ်မဟုတ်ချင်း
ကျဆင်း သွားရတော့မည် ။ ခုခေတ်မှာ

ဘော်ဒါဆောင်တွေ ကလည်း နေချင်တိုင်းနေ၍ ရတော့သည်မဟုတ်။ ပိုက်ဆံပေးနိုင်တိုင်း လက်မခံ ကတော့ပြီ။

ဘော်ဒါဆောင် ငှားစားသူတွေ ကလည်း နယ်မြေဒေသဆိုင်ရာအဖွဲ့ အစည်းတို့၏ ထိန်းသိမ်း ကွပ်ကဲမှု အောက်မှာ တည်ထောင်ထားရသည်ဆိုတော့ နာမည် ပျက်လည်း မခံဝံ့ကြ။

ပြီးတော့ ကြွေတို့ အတန်းအစားကလည်း တခြားသော အမျိုး ကောင်းသမီးငယ်ကလေးများ နှင့် ရောထွေးနေထိုင်၍ မ ဖြစ်နိုင်ပေ။ လုပ်ငန်းချင်းကလည်း မတူ။ အနေအထိုင်၊ စရိုက်ချင်းကလည်း မတူ။ တစ်ယောက် နှင့် တစ်ယောက် အနှောင့်အယှက် ဖြစ်ရရုံသာ ရှိမည် ။

ကြွေတို့ကိုယ်တိုင်ကလည်း

သာမန်မိန်းမတို့နှင့် အရောအယှက်မလုပ်ချင်။
ကိုယ့်ဘဝနှင့် ကိုယ် ဖြစ်ချင်ရာ ဖြစ်။
ကိုယ့်ဝမ်းကိုယ်ကျောင်းနေကြတာချင်းအတူတူ
ရပ်ပြစ်ရှစ်ပါးမကင်း၍ ပတ်ဝန်းကျင်က ငြူ
စူစောင်းမြောင်းမှာ ကိုလည်း မခံချင်ပေ။
အထင်သေးရှုတ်ချသော မျက်နှာများ ကိုလည်း
ရင်မဆိုင်ချင် ပေ။ ကိုယ့်ကမ္ဘာနှင့် ကိုယ်၊
ကိုယ့်လောကနှင့် ကိုယ်၊ ကိုယ့်စားကျက်နှင့် ကိုယ်ပင်
တသီးတခြားသာ နေချင် တော့သည်။

ကိုချစ်အောင်ဆိုသည်က ဗိုလ်ချု
ပ်ဈေးရှေ့က မှော င်ခိုတက္ကစီစတင်းမှာ
ပရိုက်ဗိတ်တက္ကစီ မောင်း နေသူတည်း။

အလုပ်သဘောအရ ကိုချစ်အောင်ကားကို
မကြာခဏ ငှားစီးရင်းက ရင်းနှီးကျွမ်းဝင်လာနေသူ
ဖြစ်လေသည်။

သူ့မိန်းမ "မော်လီ" ဆိုသည်မှာ သူနှင့် မညားခင်က မော်လမြိုင်-ရန်ကုန် ဥဒဟိုကူးသန်း၍ မှောင်ခို ချနေသူ ဖြစ်သည်။

ကိုယ်ပိုင် ငွေပင်ငွေရင်းတော့ အထုပ်ကြီးအထည်ကြီး မရှိ။ အစ ကတော့ ဗိုလ်ချုပ်ဈေး စကြံ အောက်မှာ တိုလီမိုလီနိုင်ငံခြား ဖြစ် အလှကုန်ပစ္စည်းမျိုး စုံ ဗန်းခင်းရောင်းချသည်။

အမြင်နပ်သော် လည်း အထင်တော့ မသေးလေနှင့် ။ ရုံးအုပ်လစာထက် နှစ် ဆသာသည်။ တစ်နေ့ လျှင် အသားတင်အမြတ်ငွေ နှစ် ဆယ်၊ အစိတ်အောက် မဆင်း။ လဆန်းရက်များ ဆိုလျှင် အမြတ်ငွေ ငါးဆယ်မှ တစ်ရာအတွင်း း။

သို့ သော် မရွှေမော်လီက သည်ဝင်ငွေနှင့် သူဌေး ဖြစ်နေးသည်ထင်ကာ အခွင့်ကောင်းကို မျှော်

သည်။ သို့ဖြင့် ငွေရှင်ကြေးရှင် တစ်ယောက် နှင့် ရှုပါသားနားသည်ကို အကြောင်းပြုပြီး အဆက်အသွယ် ရကာ မော် င်နိုလုပ်ငန်းမှာ အသုံးချဖို့ တော် ကောက်ခြင်း ခံခဲ့ရလေသည်။

ပထမတော့ သူငွေးပစ္စည်း အငှားသယ်ယူ ပို့ဆောင်ရသော မော် ငံနိုမယ်ပင်။ တစ်စတစ်စနှင့် လုပ် ခထက်ပို၍ သူဌေးထံမှ ချေးယူသုံးစွဲမိသော ငွေများ ကျ ုး လာကာ နောက်ဆုံးလူကို ထိုး၍ ဆပ်ရသည့် အ ဖြစ်ဆိုးနှင့် ကြုံတော့သည်။ မော် ငံနိုလုပ်ငန်းဆိုတော့ ဝတ်ချင်၊ စားချင်၊ သွားရည်ကျချင်စရာ ပစ္စည်း ပစ္စယအဆန်းအပြားကလေးများ နှင့် လည်း အမြဲမပြတ်ထိတွေ့နေရသည် မဟုတ်လား။

မော်လစီ၍ ပျက်ခဲ့ရသည်မှာ ထမင်းတစ်လုတ်အတွက် မဟုတ်တာ ကတော့ သေချာသည်။

*

သို့သော် မော်လီ ဝမ်းမနည်းလှ.

မိန်းမဘဝမှာ ဝမ်းဝနေရုံနှင့် မပြီး။ ခါးလည်း လှနိုင်ဖို့ လိုသည်လေ။ မိန်းမတို့ဥစ္စာကား အဆင်းလို့ ဆိုသည်မဟုတ်လား။ အဆင်းလှဖို့အတွက် အမွှမ်းအမံအပြင်အဆင်မရှိ၍ ကော ဖြစ်မည် တဲ့လား။ သည့် အတွက်များ တော့ ဖြစ်ချင်တိုင်း ဖြစ်ရပါစေ။ စားရမဲ့၊ ဝတ်ရမဲ့မဲ့နှင့် တော့ လူ့ဘဝမှာ မိန်းမအ ဖြစ် မနေနိုင် ပေါင်။

သည်လိုနှင့် မော်လီ တစ်ယောက် သူဌေး၏ ကိုယ်လုပ်တော် အ ဖြစ်လုပ်ငန်းထဲမှာ စန်းပွင့်လာကာ သူဌေးဘဏ္ဍာ ကိုယ့်ဟာမှတ်လာပြီး ကြားဖြတ်အကြံအဖန်တွေ လုပ်တတ်လာသည်။

တချို့ ပစ္စည်းများ ကို "ဖြောင်"
တတ်လာသည်။ သူဌေးကိုတော့ လမ်းခရီးမှာ
အသိမ်းခံရ၍ ၊ ဖျံတစ်အုပ်နှင့် တွေ့ လာရ၍ ၊ ဘာ၍
ညာ၍ တွေ နှင့် အကြောင်းအမျိုး မျိုး ပြသည်။

သူဌေးကလည်း ဝိသမလောဘသား လူပါး။
မော်လီကို တစ်စတစ်စ သံသယ ဖြစ်လာသည်။ အယုံ
အကြည် နည်းလာသည်။ သို့ နှင့် တစ်ဖက်မှာ
အကွက်ကို မိအောင် စောင့်နေသည်။

*

မော်လီကလည်း မော်ရုံသာမက
လည်လည်း လည်သည်။ သူ့အပေါ်
သူဌေးအယုံအကြည်နည်း လာသည်ကို သိသည်။
ချက်ကောင်းစောင့်ဖမ်းတော့မည့် အ ဖြစ်ကိုလည်း

ရှိပ်မိသည်။

ရေရှည်ကြံ၍ မဟန်တော့သည်ကို သိလာသည်နှင့် တစ်နေ့တစ်လုံးအုနေကျ ရွှေငန်းကို တစ်နံနက်နှင့် ရင်ခွဲဖို့ ဆုံးဖြတ်လိုက်လေသည်။

ကိုချစ်အောင်နှင့် ပူးပေါင်း၍ ကြံရတော့သည်။ ကိုချစ်အောင်က မော်လမြိုင်ရထားဆိုက်ချိန်တိုင်း မော်လီ့ကို ကြိုရသော တက္ကစီဖောက်သည်။ မော်လီက ကိုချစ်အောင် တက္ကစီနှင့် လဟာပြင်သို့ ပစ္စည်းပို့နေကျ။ တစ်စတစ်စ ရင်းနှီးလာရာမှ လင်မယားမကျတကျပင် ဖြစ်နေပေပြီ။ အတူမနေကြသေးသည်သာ ရှိသည်။ အတွင်း းပစ္စည်းချင်း ကတော့ ပေါင်းပြီးသား။

နောက်ဆုံးအခေါက်တွင် ပစ္စည်းတစ်သော င်းခွဲဖိုးခန့်ကို မော်လီသည် အပြီးအပိုင် လက်စဖျောက်

ပစ်လိုက်တော့၏ ။ သူငွေးဆီသို့ မပြန်။ မော်လမြို
င်လိုင်းဘက်သို့ လည်း လုံးဝ ခြေဦးမလှည့်တော့ပေ။

မြင်းပြိုင်ကွင်းလမ်းဘက်မှာ ကိုချစ်အောင်
ငှားနေသည့် အိမ်ကလေးကို တစ်သော င်းနှင့် အပြတ်
ဝယ်လိုက်ကာ လင်မယားတော် ပစ်လိုက်ကြလေသည်။
ဆင်းရဲသားရပ်ကွက် ဖြစ်သည်မို့တစ်ကြောင်း၊
လမ်းထဲမှာ မော်လီ၏ ပေးကမ်းစွန့်ကြဲမှု နှင့်
မကင်းနိုင်ကြသည့် အင်အားစုက များ
သည်မို့တစ်ကြောင်း ဘယ်သူမှ မော်လီတို့ကို
အတိုက်အခံမပြုကြ။ မော်လီတို့ကလည်း
ရပ်ကွက်ထဲမှာ တော့ သိက္ခာရှိအောင် နေတတ်သည်။
ရံဖန်ရံခါ မော်လီကိုယ်တိုင် ငွေရှာသည် မှန်သော
လည်း အိမ်တွင် အလုပ်လက်ခံလေ့မရှိ။ တခြားမှာ
ဖြစ်ချင်ရာ ဖြစ်။ ရန်ကုန်မြို့ ကား အကျယ်ကြီးပါတည်း။

တခြားရပ်ကွက်မှာ ခဲပစ်ခံလာရသည့်တိုင်

ကိုယ့်ရပ်ကွက်က မသိဖို့သာအဓိက။ လောကမှာ မကောင်းမှု ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ဖြစ်စေကာမူ လူ့ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်လျှင် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းသည်။

ကြွေက ကိုချစ်အောင်နှင့် ပတ်သက်၍ သည်အိမ်ပေါ်ရောက်လာရသူ ဖြစ်သော် လည်း မော်လီက သဘောထားကြီးသည်။ ကြွေ့ကိုလည်း ဘဝတူချင်း စာနာသည်။ တတ်နိုင်သလောက် စောင့်ရှောက် ကူညီသည်။ အမှန်တော့ သုံးဦးသုံးဖလှယ် နားလည်မှု ရှိကြ၍ လည်း အတူနေဖြစ်သည်ပင်။

တစ်ခါတစ်ရံ ကြွေရော၊ မော်လီပါ ကိုချစ်အောင်ကားနှင့် ပင် အလုပ် ဖြစ်လိုက်သည်။ ကိုချစ်အောင် ကိုယ်တိုင်ကလည်း တက္ကစီမောင်းရင်း ကြွေ့အတွက်ရော၊ မော်လီ့အတွက်ပါ

အလုပ်လက်ခံလာတတ် သည်။

မော်လီအပြင်မှာ အလုပ် ဖြစ်၍ အိမ်မကပ်နိုင်သည့်အခါမျိုး မှာ ကြွေက ကိုချစ်အောင်ကို မော်လီ့ ကိုယ်စား ဝတ်ကြီးဝတ်ငယ်ပြုစုရတာ တော့ရှိသည်။ ဒါကိုလည်း ကြွေမငြိုငြင်တတ်ပါချေ။ သဒ္ဓါတရား လည်း မပျက်။ တစ်သက်လုံး ဆပ်သွားရမည့် ကျေးဇူးပါတည်း။

ဒါကြောင့် သည်အိမ်က ကြွေ ခွဲမထွက်နိုင်။ ခွဲထွက်၍ မ ဖြစ်။ ကိုယ့်ဘဝနှင့် ကိုယ်၊ ကိုယ့်လောက နှင့် ကိုယ် သည်အိမ်မှာ ပဲ နေမြဲနေချင်တော့သည်။

*

"တကယ့်ကို ဒီလိုပဲ နေသွားတော့မှာ လား

ကြွေရယ်"

ကြွေ့ နှုတ်ခမ်းလှိုင်းတွန့်များ ပေါ်မှာ စွန်းပေနေသော "အပြုံး သေ" ကို ငေးကြည့်ရင်း အမွန်က အားလျော့စွာ မေးလိုက်လေသည်။

အပြုံး သေမျက်နှာဖြင့် ကြွေသည် အကြာကြီး ငြိမ်နေ၏ ။ အမွန်က အားမလို အားမရ ဖြစ်လာ သည်။

"ဒီလိုပဲ နေသွားချင်တယ်ပေါ့။ ဒီဘဝမှာ ပဲ ပျော်မွေ့နေတယ်ပေါ့။ ဟုတ်လား ကြွေ"

"အမွန်ရယ် ... ကြွေ ပြောခဲ့ပါပြီကော။ ကိုယ့်ဘဝနဲ့ကိုယ်၊ ကိုယ့်လောကနဲ့ ကိုယ်ပါလို့။ ဒီလိုပဲ နေမသွားလို့ ဘယ်လိုလုပ်ရမှာ လဲကွယ်"

"ဩော်... ခက်ရချည့်။ ပြောခဲ့ပြီးပါကောလို့။ ကိုယ်နဲ့အတူတူ လာနေလှည့်ပါဆိုတာ ရှင်းနေသား

ပဲဟာ"

သည့်တစ်ခါတော့ ကြွေက အသံအက်အက်ဖြင့် ရယ်လိုက်သည်။ စားပွဲပေါ်မှ လက်ကိုင်အိတ်ကို လှမ်းဆွဲယူရင်း ...

"အမွန်နဲ့ အတူလာနေပေ့ါတဲ့။ လွယ်လိုက်တာကွယ်။ အမွန်နဲ့အတူ လာနေပြီးတော့ ကိုယ် ဘာလုပ်စားရမှာ တဲ့လဲ။ အပြင်လောကမှာ တခြားအလုပ်ပြောင်းလုပ်လို့ကော ပတ်ဝန်းကျင်က အလွယ် တကူ လက်ခံမှာ တဲ့လား။ လက်ခံနိုင်ဦးတော့ ကြွေတို့ကလည်း ဒါကလွဲရင် ဘာမှလုပ်မစားတတ်တော့ ဘူး အမွန်"

"အို ... လုပ်စားဖို့ မလိုဘူး။ နေ... အိမ်ထဲမှာ ပဲ နေ။ အမွန်နဲ့အတူတူ သွားစရာရှိသွား၊ လာစရာရှိ လာ။ ကြွေတို့ ဘယ်သူမှ မစော်ကားစေရဘူး။"

ထက်ထက်သန်သန်ကြီး ပြောပြနေသော အမွန့်ကို ကြွေက မျက်လွှာတစ်ချက်မျှသာ ပင့်လှန်ကြည့်လိုက်လေသည်။ စကားပေါ်မှာ သိပ်ပြီး စိတ်ဝင်စားဟန်မပြဘဲ သူ့လက်ကိုင်အိတ်ကို ဖွင့်ကာ ပလက်စတစ်ဘီးတစ်ချောင်းကို ထုတ်ယူလိုက်သည်။

"တိုက်ရိုက် ကိုယ်ထိလက်ရောက် စော်ကားတာထက် မကွယ့်တကွယ်က မထိတထိ မကြား တကြားပြောတာမျိုး၊ စောင်းမြောင်းပြီး လှောင်ပြောင်သရော်တာမျိုး က ပိုပြီး အခံရခက်ပါတယ် အမွန် ရယ်။ ကြွေတို့က ကိုယ်တွေ့ပါ။ ခုနေ အမွန်နဲ့ ကြွေ နှစ် ယောက် တွဲ ပြီး လမ်းထဲလျှောက်ကြည့်ပါလား။ ကြွေ ပြောတာတွေ အမွန် ချက်ချင်း သဘောပေါက်လာမယ်"

အမွန် ခေါင်းကို သွက်သွက်ကြီး ယမ်းခါပစ်လိုက်မိလေသည်။

"မဟုတ်သေးဘူး ကြွေ။ မဟုတ်သေးဘူး"

ကြွေက လက်ကိုင်အိတ်အဖုံးမှ မှန်ကလေးကို ဖွင့်လှန်ကာ ဆံပင်များ သပ်ရပ်အောင် ပြု ပြင်နေ ၏ ။ ပြီး မိတ်ကပ်ဘူး၊ ကရင်ပတ်ဖိနှင့် မျက်ခုံးမွေးဆွဲ ခဲတံတိုကလေး စသည်တို့ကို တစ်ခုချင်း ထုတ်နေ သည်။

အဆင်းလမ်းကို ပြန်ရပေဦးမည် ။း

*

"ပြန်တော့မလို့လား ကြွေ"

ကြွေက အဆီပြန်နေသော မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်ပွတ်ရင်း ...

"ညနေစောင်းပြီလေ အမွန်ရယ် ... ကြွေတို့

ခုအထိ အသိအမှတ်ပြုသေးတာကို ကြွေဝမ်းသာလှ ပါပြီ။ ကျေနပ်ပါပြီ အမွန်။ ကြွေ့အတွက် ဘာမှ ဒုက္ခမရှာချင်ပါနဲ့တော့။ တင်ကျီးတစ်ဝမ်း ဗျိုင်းတစ်ဝမ်း ကိုယ့်လမ်းကိုယ် သွားမြဲသွားကြတာ အကောင်းဆုံးပါ"

အမွန် ဘာမှ မပြောတတ်တော့ပြီ။ ပြောစရာလည်း ကုန်ပြီ။

ကြွေက မိတ်ကပ်ရဲရဲကို လက်ညှိုး နှင့် ကော်၍ ပါးနှစ် ပြင်မှာ တင်ပြီး ခပ်ကြမ်းကြမ်းပွတ်လိုက် သည်။ နောက်မှ အပေါ်က ကရင်ပတ်ဖ်နှင့် ခပ်သာသာ တို့သည်။ မျက်ခုံးမွေးကို မည်း သည်ထက် မည်း လာအောင် ထပ်၍ ထပ်၍ ဆွဲလိုက်ပြီး မျက်ခုံးမွေးဆွဲ ခဲတံနှင့် ပင် မျက်ဝန်းရစ်တို့ကို ပုံဖော်ပေးလိုက် သည်။ နှုတ်ခမ်းသားတို့ကိုလည်း ယင်းခဲတံနှင့် ပင် ရစ်ဆွဲပုံဖော်လိုက်ကာ ဖူးဖူးကြွကြွ တစ်မျိုး လှစေပြန်၏ ။

"အမွန့်ကို တစ်ခုတော့ ဒုက္ခပေးခဲ့ရဦးမယ်။ အမှတ်တရပေါ့လေ။ သွားခါနီး ကော်ဖီတစ်ခွက် လောက် ပေးပါလား အမွန်ရယ်။ ဒီကနေ ခရီးဆက်စရာရှိသေးလို့ ကြုံတုန်းကြိုက်တုန်း ဝမ်းပြည့်သွားချင် တယ်"

"ရတယ် ကြွေ။ ရမယ် ရမယ်။ ခဏစောင့်"

အမွန်က ဟျာဟျာသလဲ ဖြေလိုက်ပြီး ကြွေ့ကို တစ်ချက်ကြည့်ကာ ထိုင်ရာမှ ထလိုက်သည်။ ကြွေ့ ကိုတော့ လက်လျှော့ရပါပြီ။ အမွန်သည် သက်ပြင်းကို ခပ်ကျိတ်ကျိတ်ချကာ မီးဖိုဆောင်သို့ ဝင်လာခဲ့၏ ။

ဓာတ်ဘူးထဲမှာ ရေနွေးအသင့်ရှိသည်မို့ ကော်ဖီဖျော်ရသည်မှာ ငါးမိနစ်ပင် မကြာ။ ရိုးရိုးကော်ဖီ ပန်းကန်ဖြင့် နှစ် ခွက်ခွဲဝင်ကာ မတ်ခွက်အကြီးကြီးနှင့် အပြည့်ကို ဖျော်လိုက်သည်။

"ခရီးဆက်စရာ ရှိသေးလို့" တဲ့ ကြွေက။

ခပ်ပေါ့ပေါ့ပြောလိုက်သော ကြွေ့စကားသံလေးကို နားထဲမှာ အထပ်ထပ်ကြားယောင်ကာ ရင်ထဲ မှာ စူးစူးနင့်နင့် နာသည်။ တဝကြီး သောက်သွားစမ်းပါ ကြွေရယ်လို့ ရင်ထဲက စေတနာတွေ တသိမ့်သိမ့် လှုံ့ကျနေ၏ ။

အမွှန်က ကော်ဖီခွက်နှင့် ပန်းကန်တစ်စုံကို လင်ဗန်းထဲ ထည့်လိုက်ပြီး ပန်းကန်ပြားတစ်ချပ်ယူ ကာ ဘီစကွတ်တွေ တစ်ဆုပ်ကြီး နှိုက်ထည့်လိုက်သေးသည်။

ကော်ဖီဗန်းကို မလိုက်ပြီးမှ လက်သုတ်ပဝါ မပါသေးသည်ကို သတိရကာ စားပွဲပေါ်၌ အလွယ် တကူရှိနေသော သုံးလက်စ လက်သုတ်ပဝါကိုပင် ဆွဲလွဲထည့်လိုက်ရသည်။

ကော်ဖီသောက်ပြီးလျှင်တော့ သူပြန်ချင်မှာ ပဲ။ ကြွေ့ကို ကားမှတ်တိုင်အထိ လိုက်ပို့ရဦးမည် ။ အမွှန်သည် စိတ်ကူးပန်းကိုက်ရိုက်ရင်း ကော်ဖီဗန်းကို ဘောင်ဘင်မခတ်ရအောင် သတိကြီးစွာ သယ်လာခဲ့ ၏ ။

"ဟော ... ကြွေ ကော"

ဧည့်ခန်းထဲမှာ ကြွေ မရှိတော့ပြီ။ ဟိုဟိုဒီဒီ ကြည့်၍ လည်း မမြင်။ ဘယ်လိုပါလိမ့်။ အံ့အားတသင့် နှင့် ပင် သေသေချာချာကြည့်တော့ ကြွေ့ခေါက်ထီး၊ လက်ကိုင်အိတ်မှအစ လေ့ကားရင်းက ဖိနပ်ပင် မကျန်။

သွားပြီ။ ကော်ဖီဖျော်နေတုန်း တိတ်တိတ်ကလေး လစ်ထွက်သွားခြင်း ဖြစ်သည်။ အိမ်ရှေ့သံဆန် ခါတံခါးကို သူ့ဘာသာသော့ဖွင့်၍ သော့တန်းလန်းနှင့် စေ့ထားပစ်ခဲ့သည်။

“ဖြစ်ရလေ ကြွေရယ်”

အမွန်က ကော်ဖီဗန်းကို စားပွဲပေါ်ချကာ စိတ်ပျက်လက်ပျက် ပစ်ထိုင်ချလိုက်မိသည်။ ကြွေ ထိုင်သွားသည့် ကုလားထိုင်အောက်မှာ ဆံညှပ်လေးငါးချောင်းနှင့် ခေါင်းဖြီးသည့် ပလတ်စတစ်ဘီးနီကလေး ကျကျန်ရစ်သည်ကို မြင်သည်။

“ခုနေ အမွန်နဲ့ ကြွေ အတူတွဲ ပြီး လမ်းထဲလျှောက်ကြည့်စမ်းပါလား။ ဒီတော့မှ ကြွေ ပြောတာတွေ အမွန် ချက်ချင်း သဘောပေါက်သွားမယ်”

“ကိုယ့်ဘဝနဲ့ ကိုယ်၊ ကိုယ့်လောကနဲ့ကိုယ် ဒီလိုပဲ နေမြဲနေပါရစေတော့ အမွန်။ တင်ကျီးတစ်ဝမ်း ဗျိုင်းတစ်ဝမ်း ကိုယ့်လမ်းနဲ့ ကိုယ်ဆက်လျှောက်ပါရစေတော့”

အမွှန်က ကြွေ ပြောသွားသည့် စကားသံများကို တရစ်ဝဲဝဲ ကြားယောင်မိကာ ဘာကြောင့် ကြွေ ဤသို့ တိတ်ဆိတ်ကလေး ပြန်ပြေးသွားသည်ကို ရုတ်ခြည်း အမိပွါယ်ပေါက်လိုက်သည်။

သြော် … ဖြစ်ရလေ ကြွေရယ်။

# အခန်း (၉)

ကိုခင်ဇော်ဦးသည် ရှုံး ရှုံး ရှားရှား ဒေါသထွက်မဆုံး ဖြစ်နေ၏ ။ နာယကကြီးပင် အခြေအနေအရပ် ရပ်ကို ထိန်းထိန်းသိမ်းသိမ်းလုပ်နေသည့်ကြားက အနည်းငယ် စိတ်လှုပ်ရှားနေပုံရသည်။

"ဘယ့်နှယ်ဗျာ။ အမှု ကို ဒီလောက်ဆွဲနေလို့ ဘယ်လိုအလုပ်လုပ်ရတော့မှာ လဲ။ ခုနှစ် ပတ်ရှိပြီ။ တခြားအမှု တွေ ပါ ဒီအတိုင်းချည်း ပြန်ချိန်းလွှတ်နေရတာ "

ကိုခင်ဇော်ဦးကိုက တဖျစ်တောက်တောက် ပြောရင် အပေါက်ဝသို့ ရောက်နေပြီ ဖြစ်သော တရားခံကို လှမ်းအော်လိုက်သည်။

"ဒီမှာ ဗိုလ်ဒေါ်ရွှေနဂါးကြီး။ လာမယ့်

ရုံးချိန်းကျရင်တော့ ခင်ဗျားရှေ့နေကို အပါခေါ်ခဲ့။

ဒါမှမဟုတ် လည်း ကိုယ်စား တစ်ယောက် ယောက် နဲ့

ပါဝါ လွှဲစာတင်ခိုင်းပြီး ခေါ်လာဟုတ်လား။

ရှေ့တစ်ပတ်စစ် ဖြစ် အောင် စစ်ရမယ်။

ဒီလောက်အထိကြာလာပြီး သက်သေတောင်

မကုန်သေးဘူးဆိုရင်တော့ ဒါမှ မဟုတ် သေးဘူးဗျ။ ကျု

ပ်တို့ရုံးမှာ အမှု ကြာလို့ မ ဖြစ်ဘူး။ ဘယ့်နှယ်ဗျာ ...

အိမ်ထောင်မကျခင်က အမှု စ ဖြစ်တာ သာဦး ရှင်ပြု

ချိန်ရောက်မှ အမှု ပြီးတယ်ဆိုတာမျိုး ကျုပ်တို့ရုံးမှာ မ

ဖြစ်ပါရစေနဲ့"

ခပ်ရွှဲ့ရွှဲ့အမှုအရာနှင့် ဟုတ်ကဲ့ချင်း

မိုးမွှန်အောင် ကတိအထပ်ထပ်ပေးသွားသော တရားခံ

အဘွားကြီးကို အမွန်ကြားက မျက်နှာပူနေမိလေသည်။

စိတ်အားထက်သန်မှု များ ကြောင့် ကိုခင်ဇော်ဦး

လေသံမှာ သိသိသာသာမာလွန်းနေ၏ ။

တရားသူကြီးအဖွဲ့ဝင် တစ်ယောက် အနေနှင့် တရားခွင်မှာ မိမိ၏ စေတနာဆန္ဒကို ဤမျှသိသိသာသာ မပေါက်ကွဲသင့်ဟု အမွန်က ထင်သည်။

သို့သော် စဉ်းစဉ်းစားစားတွေးကြည့်ပြန်တော့ ဒေါသထွက်သူဘက်ကလည်း မလွန်။ ကိုခင်ဇော်ဦး ကို အဆိုးမဆိုသာ။

တရားခံဘက်က ရှေ့နေမလာသည်မှာ ရုံးချိန်း နှစ် ပတ်ရှိပြီ။ ရှေ့နေမလာသည်ကို အကြောင်းပြု၍ အမှု ကို သည်အတိုင်းချည်း ပြန်ချိန်းလွှတ်နေရသည်မှာ တစ်လရှိတော့မည် ။ အမှန်တော့ တရားခံဘက် က ပညာသုံးနေခြင်း ဖြစ်သည်။ အမှု က အမှု ကြီးမို့ သူ့နည်းနှင့် သူ အမှု ကို မရှည်ရှည်အောင် မကြန့်ကြာ ကြန့်ကြာအောင် အချိန်ဆွဲယူနေခြင်း ဖြစ်လေသည်။

သည့်နေ့ဆိုလျှင် သည်အမှု အတွက်
တရားလိုပြသက်သေများ ကို ဆက်လက်စစ်ဆေးဖို့ ရှိသည်။ ယခင်တစ်ပတ် ရုံးချိန်းကလည်း ပျက်ကွက်ခဲ့ပြီ။ သည်နေ့ သည်အမှု အတွက် အစီအစဉ်တကျ ချိန်းဆိုထားသည်ဆိုတော့ တခြားအမှု သုံးလေးခုကို သည်အတိုင်း ရက်ချိန်းပေးပြီး ပြန်လွှတ်ဖို့ ရည်ရွယ်ထားခဲ့ သည်။

အလုပ်မ ဖြစ်နိုင်မှန်း သိရက်နှင့်
တရားခွင်မှာ လူပေါင်းများ စွာ၊ တာဝန်ရှိသူပေါင်းများ စွာ၊ အချိန် ကုန်ခံ၍ တာဝန်ပိုအ ဖြစ်ခံ၍ တစ်နေ့ကုန် တစ်နေ့ခန်း တစောင့်စောင့် တမျှော်မျှော် ရှိမနေစေချင်။

သို့ကြောင့် ရွှေနဂါးအမှု စစ်ဆေးမည်
နေ့ရက်တွင် တခြားမည် သည့်အမှု ကိုမျှ စစ်ဆေးနိုင်မည် မဟုတ်သည်မို့ စောစောစီးစီး ရက်ချိန်းပေးလွှတ်ရန်သာ ကြိုကြိုတင်တင်

အစီအစဥ်ပြုခဲ့သည်။ တရားလို နှင့် တရားခံများ မှ
တစ်ပါး တခြားမည် သည့်သက်သေကိုမျှ
ချိန်းဆိုခေါ်ယူထားခဲ့ခြင်း မရှိ။

ခုတော့ တရားခံဘက်က မမျှော်လင့်ဘဲ
ပျက်ကွက်လာပြီဆိုတော့ မီးခိုးကြွက်လျှောက်ပင် တစ်သီ
ကြီးအလုပ်ပျက်ရတော့သည်။

ရုံးထိုင်စစ်ဆေးစရာ အမှု တွဲ များ ယနေ့အဖို့
မကျန်တော့ပြီ ဖြစ်သော် လည်း တရားသူကြီးအဖွဲ့မှာ
ရုံးမဆင်းရသေးပေ။ ကျမ်းကျိန်လွှာများ ရောက်လာ၍
တစ်ယောက် ဝင်၊ တစ်ယောက် ထွက် အချိန်ကြာ မြင့်စွာ
ဆက်လက် အလုပ်များ လိုက်သေး၏ ။ ခုတစ်လော
တရားရုံးမှာ ကတိသစ္စာပြုရန် တန်းစီသူများ
ကြဲကြဲဖန်ဖန်ပေါ်များ လာသည်ကို အမွှန်
သတိထားမိနေသည်။

လူတွေ ကလည်း ဘာမဟုတ်သည့် အသေးအဖွဲကိစ္စကလေးကအစ ကျမ်းကျိန်ချင်နေကြသည်။ ဘဏ်တွင် ငွေစာရင်းဖွင့်ရန်အတွက် လုပ်ငန်းရှင်အစစ် ဖြစ်ကြောင်း တရားရုံးမှာ လာ၍ ကျမ်းကျိန်သည်။ အစိုးရအသိအမှတ်ပြုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပေါ်က တရားဝင်အချက်အလက်၊ အထောက် အထားများ နှင့် အလုပ်လုပ်၍ မ ဖြစ်တော့ပြီလား မသိ။

အသေးစားလုပ်ငန်းရှင်တစ်ဦးကလည်း ကုန်ကြမ်းဝယ်ယူခွင့် "ပါမစ်" ပျောက်ဆုံးသွား၍ အမှန် တကယ် ပျောက်ဆုံးသွားခြင်း ဖြစ်ကြောင်း၊ ဝယ်ယူခွင့်အမိန့်ကျပြီး ကုန်ကြမ်းများ အတွက် ငွေလည်း မသွင်းရသေး၊ ပစ္စည်းလည်း မထုတ်ရသေးသည်မှာ အမှန်တကယ် ဖြစ်ပါကြောင်း စသည်ဖြင့် လာ၍ ကျမ်း

ကျိန်သည်။ လုပ်ငန်းရှင်၏ ကုန်ပစ္စည်းဝယ်ယူခွင့် သက်ဆိုင်ရာကုန်ကြမ်းအရောင်းဆိုင်မှ ကုန်ရောင်း ဘောက်ချာလက်ခံစာအုပ်နှင့် လယ်ဂျာမှတ်တမ်းတို့ တိုက်ဆိုင်စစ်ဆေးကြည့်ရုံနှင့် ခိုင်လုံသည်ဟု ယုံကြည်လက်ခံနိုင်ခြင်း မရှိတော့ပြီလား။

မိမိကလေး အသက်ငါးနှစ် ပြည့်ကြောင်း လာရောက်သစ္စာပြုသူများ လည်း မနည်းလှ။ ဩော် ... ရင်သွေးကျောင်းအပ်ရေး အတွက် အခက်အခဲတွေ့နေပြီထင့်။

သည်အထဲ ထူးထူးဆန်းဆန်း ကျမ်းကျိန်သူတစ်ဦးပါလာသည်။ လှလှပပ မိန်းကလေး တစ်ယောက် ။ အသက် ၁၈ နှစ် ကျော် ၂၀ ခန့်။ မျက်လုံးတောက်တောက်၊ အကြည့်စူးစူး၊ နှုတ်ခမ်းပါးပါး။ မှန်သည်ထင်လျှင် တစ်လောကလုံးနှင့် ရန် ဖြစ်ရဲသည့် မျက်နှာထားမျိုး ။

သူက တရားခွင်ရှေ့မှာ ကတိသစ္စာဆိုသည်။

"ကျွန်မ အပျိုဖြစ်ပါသည်။ အိမ်ထောင်
မရှိပါ"

ဪ ... သည်သူငယ်မ အပြင်မှ ဘယ်လိုပြ
နာမျိုး နှင့် များ ရင်ဆိုင်နေရသလဲ မသိနိုင်။
အလုပ်ခန့်စာရရှိရေး ကိစ္စအတွက်လား။ အမွေအနှစ်
ခွဲဝေရေး ကိစ္စအတွက်ပဲလား။

အမှန်မှာ သူ အပျိုဟုတ်၊ မဟုတ်
ဆရာဝန်သာ အသိဆုံး ဖြစ်မည် ။ အိမ်ထောင်ရှိ၊
မရှိလည်း ရပ်ကွက်ကသာ သိမည် ။ သို့သော်
မေးပိုင်ခွင့်မရှိ။ မှတ်ချက်တောင်းရန် မလို။

တရားရုံးတာဝန်မှာ ကာယကံရှင်၏
ဆန္ဒအလျောက် တရားသူကြီးအဖွဲ့ရှေ့မှော က်တွင်
ကတိ သစ္စာဆိုပြီးကြောင်း မှတ်တမ်းတင်လက်မှတ်ရေး

ထိုးပေးရန်သာ ဖြစ်သည်။ ဈေးစကား၊ အရပ်စကားကို ထည့်သွင်း စဉ်းစားရန် မလိုချေ။

ကြံ့ကြံ့ဖန်ဖန် ကတ်သီးကတ်သတ် ကျမ်းကျိန်သူတွေ ကို တစေ့တစောင့်လှမ်းကြည့်ရင်း အမှန် သည် ပြုံး ချင်ရယ်ချင် ဖြစ်လာ၏ ။ သည်လူတွေ တော့ လိုရင်းပျောက်ပြီး ဘေးရောက်ကုန်ကြပြီ ထင်သည်။

တစ်နေ့ရာနှင့် ပြီးပြတ်ရမည့် ကိစ္စတစ်ခုကို နေ့ရာပေါင်းများ စွာ ၊ တာဝန်ရှိသူပေါင်းများ စွာ ကြီးကြီး ကျယ်ကျယ်ရှုပ်ရှုပ်ထွေးထွေး ပုံကြီးချဲ့နေကြသော လုပ်နည်းလုပ်ဟန်များ ခေတ်စားနေသည် ထင်၏ ။

တချို့ အသေးအဖွဲ့ပြဿ နာများ မှာ ဝန်ထမ်းအနေဖြင့် တစ်ဦးကောင်၊ တစ်ယောက် ကောင်း ဆုံးဖြတ်ပိုင်ခွင့်ဘောင်အတွင်း :

ကျရောက်နေသည့်ကိစ္စ။ အထက်ကလည်း ယုံကြည်စိတ်ချစွာ တာဝန် အပ်နှင်းထားသည့်ပုဂ္ဂိုလ်။ သို့ စဉ်လျက် ကိုယ့်လိပ်ပြာ ကိုယ်မလုံ၍၊ လုပ်ငန်းမကျွမ်းကျင်၍၊ ကြောက် တတ်၍ ထိထိမိမိ မကိုင်တွယ်ဝံ့။ သို့ ဖြင့် အရပ်ကူပါ၊ ကျင်၍၊ ကြောက်တတ်၍ ထိထိမိမိ မကိုင်တွယ်ဝံ့။ သို့ ဖြင့် အရပ်ကူပါ၊ လူဝိုင်းပါနှင့် အပ်ငယ်ကို ဦးပုံ့ထမ်းရသည့်အ ဖြစ်သို့ ရောက်လာသည်။

တစ်ယောက် အားနှင့် ယူသော် ရနိုင်မည် ကိစ္စကို တစ်သော င်းအားနှင့် ဝိုင်းနေကြတော့ မလိုလား အပ်သော ပြဿ နာများ ဝင်လာသည်။

အမှန်က ကိုယ်နှင့် တိုက်ရိုက်မဆိုင်သည့် ကိစ္စရပ်များ မို့ အတွေ းကို ဖြတ်ပစ်လိုက်ပြီး ကျမ်းကိုန် လွှာတွင် လက်မှတ်ရေး ထိုးနေသော ကိုခင်ဇော်ဦးကို လှမ်းကြည့်လိုက်သည်။

"ကိုဇော်ဦး။ ရုံးဆင်းရင် ကျွန်မစားပွဲ ခဏလောက်"

ရှုသိုးသိုး မှုန်ကုပ်ကုပ်မျက်နှာတွင် မပြေတပြေအပြုံး ကို ကလျော့ကလျည်း တပ်ဆင်၍ ကိုခင်ဇော် ဦးက ခေါင်းညိတ်ပြလေသည်။

*

"ဂွ: . . . စိတ်ပျက်တယ်ဗျာ"

ပခုံးတွင် ချိတ်လာသော တိုက်ပုံအကျႌကို စားပွဲပေါ်ပစ်တင်ရင်း ကိုခင်ဇော်ဦးက လေးလေးပင်ပင် ညည်းနေသည်။

"ပြဿ နာဆိုတာက ဝင်ချင်ရင်လည်း ဆက်တိုက်ဗျ။ ဒီနေ့ ရုံးထိုင်ရတာ တော့ အသက်တောင်

တို ချင်တယ်"

ဘာထပ် ဖြစ်လာပြန်သည် မသိ။ အမွန်သည် အမှု ရက်ချိန်းများ ကို ဒိုင်ယာရီတွင် ပြန်လည်စစ်ဆေး နေရာက လက်စဖြတ်၍ သူ့ကို မော့ကြည့်လိုက်သည်။

"ဘာတွေ ဖြစ်သေးလို့လဲဟင်"

"ဟိုကောင်လေ ဟန်သိန်းပေါ့။ ထုံးစံအတိုင်း ထပ်ရှုပ်နေပြန်ပြီ ကြားတယ်"

အမွန်က မျက်မှော င်ကုတ်၍ စဉ်းစားကြည့်လိုက်၏ ။ ဟန်သိန်း။ ဝိရတီဟန်သိန်းကို ဆိုလိုခြင်း ဖြစ် မည် ။ ဒီလူက လူလည်။ သော ကပင်လယ်ဝေနေသော အမှု သည်များ ထံမှ အခွင့်သာခိုက် အကြံအဖန် လုပ်တတ်သူတည်း။ ပါပဂြိုဟ်။

တရားသူကြီးအဖွဲ့နှင့် ရင်းနှီးသယောင်ပြု ကာ ကြားကအမြွတ်ထုတ်သည်။ သည်မြို့ နယ်တရားရုံးနှင့် တရားသူကြီးတစ်ဖွဲ့လုံး၏ သဘောထားကြည်လင်မှု ကို သိနေတော့လည်း သူ့အနေနှင့် အကြံအဖန်လုပ်၍ လွယ်သည်။ အာမခံပေးနိုင်မည့် အမှု မျိုး ကို လက်ပေါက်ကတ်လေ့မရှိသော ။ ထောက်ထားစာနာတတ်သော ဤတရားရုံး၏ အစဉ်အလာကိုလည်း ဟန်သိန်းက ရေရေလည်လည် သဘောပေါက်သည်။

သည်တော့ တရားသူကြီးအဖွဲ့၏ အရိပ်အခြည်ကို မိမိအတွေ့ အကြုံ၊ ဗဟုသုတဖြင့် ဆင်ခြင်အကဲခတ်ပြီး တရားခံနှင့် စကားရောင ်း၊ စကားဝယ် လုပ်လေ့ရှိသည်။

ဥပမာ၊ သာမန်အာမခံပေးနိုင်သည့် အမှု မျိုး

ကို တရားခွင်မရောက်မီ ဟန်သိန်းက ပြုံး တူးပြံတဲ့ ဖြိမ်းခြောက်လာသည်။ သူတတ်သမျှ မှတ်သမျှ စကားလုံး ထန်းသီးကြီးများ နှင့် မတရားကိုင်ပေါက်ပြ တတ်သည်။

"ဒီခေတ်မှာ အမှု ဖြစ်ရင် မလွယ်ဘူးကွ။ အမှု သည်တွေ ကို အပြတ်နှိမ်နေတဲ့ခေတ်။ အမှု ဖြစ်လာမှ တော့ အာမခံတွေ ဘာတွေ သိပ်မမျှော်လင့်နဲ့"

သည်လောက် လှန့်လိုက်လျှင် နဂိုက အချုပ်သားဘဝဖြင့် လိပ်ပြာသိမ်ငယ်ပြီး ဖြစ်သော တရားခံတို့မှာ ဘုမသိဘမသိ အကြောက်ကြီး ကြောက်ကာ ဟန်သိန်းကိုသာ တန်ခိုးတော် ရှင်ပမာ ချဉ်းကပ်လာကြတော့၏ ။

" ဖြစ်နိုင်လျှင် အာမခံလေးရအောင်

ကြံဖန်ပေးပါ"၊ "အတတ်နိုင်ဆုံးပေါ့အောင် ကြိုးစားပေးပါ" စသည်ဖြင့် ။

သို့နှင့် တင်ကြိုဆင်ထားသည့် အကွက်မှာ ဝင်လာသရွေ့ကို ဟန်သိန်းတို့က ရေရေလည်လည် ကြီး ပညာပြတော့သည်။

ရှင်းရှင်းပြောရလျှင် တရားသူကြီးအဖွဲ့နှင့် အပေးအယူလုပ်ဖို့ဆိုကာ တရားခံကို ငွေညှစ်သည်။ ယုံကြည်ကျေနပ်လောက်အောင်လည်း တရားခံကို မြင်သာသော နေရာတွင် ထား၍ တရားသူကြီးအခန်းတွင် းသို့ အကြောင်းရှာကာ ဝင်ချည်ထွက်ချည်ပြုသည်။

နောက်ဆုံးတော့ တရားရုံးမှ အဂတိတရားလေးပါး ကင်းစင်စွာ အာမခံဖြင့် အချုပ်လွတ်ထုချေခွင့် ပြုလိုက်လျှင်၊ အလျော့ပေါ့နိုင်ဆုံး

အပြစ်ဒဏ်ဖြင့် သက်သက်ညှာညှာ
စီရင်ချက်ချလိုက်လျှင် ဟန်သိန်းတို့ အောင်မြင်ပြီ။
လူ့သတင်းလူချင်းဆောင်ကာ ဤနည်းဖြင့် ဟန်သိန်းတို့
စားလာခဲ့သည်မှာ လည်း အံ့တိုး၍ နေပြီ။

ဒါကို တရားရုံးကလည်း သိတော့သိသည်။
သက်သေသက္ခာဟနှင့် ၊ အထောက်အထား အခိုင်
အလုံနှင့် လက်ပူးလက်ကြပ်မမိသည်သာရှိသည်။ သို့
ကြောင့် ဟန်သိန်းနှင့် ဆိုလျှင် သတိကြီးစွာ ထား၍
အလုပ်လုပ်ကြရသည်။ အမှု နှင့် ပတ်သက်၍
ဟန်သိန်းရှေ့မှာ အမှတ်မဲ့ စကားဦးမသန်းမိအောင်
ထိန်း သိမ်းနေကြရသည်။

ယင်းနာမည် ကျော် ကိုဟန်သိန်းတို့
ဘာစာရင်းဝင်ရှုပ်လာပြန်သည်မသိ။

"ဟို တက်ပွားဆိုတဲ့ ကောင်းလေးဗျာ။

သက်သေမစုံ၊ ဘာမစုံနဲ့ ရုံးလာတင်ထားတာ။ ပြီးတော့ ကောင်လေးက ရောဂါ သည်။ ပန်းနာရှိက်ကုန်းလေးဗျ။ တစ်ခါတစ်ခါ ပန်းနာထရင် အသက်ပါတော့မ တတ်၊ ကြည့်ရတာ နည်းနည်း မှ မြင်မကောင်းဘူး။ အမှု ကလည်း ခင်ဗျားသိတဲ့အတိုင်းဗျာ။ အာမခံပေးကို ပေးရမယ့်ကိစ္စ။ အဲဒါကို တက်ပွားအမေ့ဆီက ငွေညှစ်သတဲ့။ လုပ်ကိုင်မစားနိုင်တော့ဘဲ မှဆိုးမအဘွား ကြီးဗျာ။ မခံချင်တဲ့လူက သေသေချာချာကို သတင်းပို့တာ။ ဒါပေမဲ့ အဘွားကြီးက အမှန်ကိုမပြောဘူးဗျ။ ဘူးချည်းကွယ်နေတော့ ဘာမှလုပ်လို့ကိုင်လို့ မရဘူးပေါ့။ ကျွန်တော် လည်း ဒေါသထွက်ထွက်နဲ့ ဒီလိုဆို ရင် အာမခံမပေးဘူး။ ဆက်ချုပ်ထားမယ်လို့ ပြောလိုက်မိတယ်။ နာယကကြီးက တားတယ်ဗျ။ ဒီလူက တော့ တကယ့်ဘုရားအလောင်း။ ဘယ်ဗျာ . . . မဟုတ်တာ။

ဒီကောင်မျိုး ဆင်တဲ့အကွက်ကို ကျွန်တော် တို့က စင်းစင်းကြီး ဝင်ပေးရမှာ လား။ ကျွန်တော် သဘောတော့ ဒီကောင့်အကြံအဖန်တွေ အကုန်ပျက် အောင် နှစ် မှု ၊ သုံးမှု လောက် ဆန့်ကျင်ဘက်ချည်း လုပ်ပစ်လိုက်ချင်တယ်"

အမွှန် မျက်လုံးပြူး သွားမိလေသည်။ ကိုခင်ဇော်ဦးကမူ စကားအရှည်ကြီး ပြောနေသည်။ သူ့ဇော နှင့် ထက်သန်ကာ မမောနိုင်ဘဲရှိ၏ ။ သူ ဆန္ဒစောလွန်းနေသည့် အ ဖြစ်ကိုလည်း သူ့ဘာသာ မရိပ်စားနိုင် ဘဲ ရှိသည်။

"ဒီလိုချည်း လုပ်ပစ်လို့လည်း ဘယ်ဟုတ်ဦးမလဲ ကိုခင်ဇော်ဦးရယ်"

"အို . . . ဘာလို့မဟုတ်ရမှာ လဲဗျ၊ ဒီလိုမှ မလုပ်ရင် ဒီလိုအမှု ပွဲစားတွေ ဘယ်တော့ ရှင်းနိုင်တော့

မှာ လဲ။ ခင်ဗျားတို့လိုသာ ပျော့စိပျော့ညက်လုပ်နေရင် မကြာဘူး။ ကျုပ်တို့၊ ခင်ဗျားတို့အားလုံး ရောင် း အစားခံရမှာ လဲ”

သိပ်ထက်သန်လာလျှင် ကိုခင်ဇော်ဦးက ထုံးစံအတိုင်း စကားပြောလောကြီးမြဲတည်း။ စကားလုံး ကိုပင် မဆင်ခြင်နိုင်။ “ခင်ဗျား” လုံး၊ “ကျုပ်” လုံးတွေ ရိုက်လာတတ်လေသည်။

အမွန်သည် ဖြုန်းခနဲမာနစိတ်တို့ နိုးကြားလာ၏ ။ စောစော ကတော့ ကိုခင်ဇော်ဦးကို အမွန်ကပင် မိမိစားပွဲသို့ လာပါရန် တခုတ်တရမှာ မိသည်။ ကိုခင်ဇော်ဦးကို ဆန္ဒစောမှု ၊ စကားပြောလောကြီးမှု တို့နှင့် ပတ်သက်၍ အေးအေးဆေးဆေး ဆွေးနွေးအကြံပြုမည် လို့ ကြံရွယ်ခဲ့သည်။

ပင်ကိုစိတ်ရင်း မှန်ကန်ပါလျက်၊

စေတနာစင်ကြယ်ပါလျက်၊ အပြုသဘော ထက်သန်ပါလျက် ရန်သူပတ်လည်ဝိုင်းလာတတ်သော အ ဖြစ်မျိုး မကြုံရစေချင်။ ခုဆိုလျှင် ကိုခင်ဇော်ဦးကို စာအုပ်ကြီး သမား၊ တရားသေဝါဒသမား၊ တစ်ဇွတ်ထိုး တဇောက်ကန်းသမား ဟူ၍ ပင် စကားတင်းဆိုသံများ ကြားနေ ရပေပြီ။ ကိုခင်ဇော်ဦးမှာ တရားဥပဒေနှင့် နိုင်ငံရေး စာအုပ်စာတမ်းများ ကြားတွင် လူလားမြောက်လာသူ ပီပီ သူ့ကိုယ်သူ ယုံကြည်မှုတော့ ပြင်းထန်နေ၏ ။

အတွေ့ အကြုံနှင့် လေ့လာမှု

ဗဟုသုတလုံးဝမရှိဘဲ ဖြုန်းခနဲ တရားခွင်ပေါ် ကြောင်စီစီရောက်လာ ကြသော ပုဂ္ဂိုလ်များ ထဲတွင်တော့ ကိုခင်ဇော်ဦးက တရားရေး ဝန်ထမ်းနှင့် ပင် အတိုက်အခံပြုဝံ့သူတည်း။ သို့ သော် လေ့လာမှု

ဆိုသည်မှာ တစ်စုံတစ်ရာသော
လမ်းညွှန်ချက်အောက်တွင် ဖွံ့ဖြိုး သင့်သည်ဟု အမွှန်
က ယုံစားသည်။

ကိုခင်ဇော်ဦးတို့ လေ့လာမှု က
အညွှန်အပြမရှိ။ တစ်ကိုယ်တော် လေ့လာမှု ဖြစ်၍
မိမိပင်ကို စိတ် ကူးစိတ်သန်းရှိသလောက်သာ ဖွံ့ဖြိုး
သည်။ ထိုက်သင့်သလောက် မကြွယ်ဝနိုင်ချေ။
သည်တော့ မိမိ အကြိုက်၊ မိမိစရိုက်ကို လိုက်ပြီး အတွေ
းအခေါ်ကောက်ချက်တို့မှာ
တစ်ဖက်စွန်းရောက်တတ်သည်။ ဆန္ဒာဂတိ လွန်ကျူး
မိတတ်သည်။

ခုလည်း ကြည့်။

*

ဥပဒေမျက်စိဖြင့် ကြည့်မှသာ မြင်မည် ။

ဟန်သိန်းလို အမှု ပွဲစား တစ်ယောက် ကို ဆုံးမရန်အတွက် တရားဥပဒေကိုပင် အရွဲ့တိုက်ဖို့ ကြံနေ ပေပြီ။ သည့်ထက်မိုက်မဲတာ ရှိမည် မထင်။

"ကိုခင်ဇော်ဦးရေ . . . ရှင့်ကို ဒါတွေနဲ့ပတ်သက်လို့ပဲ ပြောချင်ဆိုချင်နေတာ ကြာပြီ။ ရှင့်ကို အမွှန် ခင်ပါတယ်။ အမွှန်နဲ့ ပတ်သက်လို့ အကူအညီတွေ အများ ကြီးပေးခဲ့တာလည်း အမှတ်တရပါပဲ။ ဒါကြောင့် ရင်းရင်းချာချာ စကားပြောကြမယ်လို့ ရှင့်ကိုခေါ်တာ။ ခုတော့ ရှင်ကချည်း ဒေါသတွေ တစ်ဖက်သတ်"

ကိုခင်ဇော်ဦးက ဒေါသမျက်နှာကို ကြိုးစားပမ်းစား လျှော့သော် လည်း ကျဲမြီးတို့ဆဲရှိသည်ကို မဖုံး ဖိနိုင်။

"ဒေါ်သ မဟုတ်ပါဘူးဗျာ။ ပျော့ညံ့တာကို အားမရလို့ပါ။ ကျွန်တော် က လုပ်ပြီးပြော့ဆို အပြတ် အသတ်လုပ်ပစ်ချင်တာ"

"အမှန်ကလည်း ထောက်ခံပါတယ်။ အဲဒီ အပြတ်အသတ် လုပ်ပစ်ချင်တယ်ဆိုတဲ့ စိတ်ဓာတ်မျိုး ကို။ ဒါပေမဲ့ လုပ်နည်းလုပ်ဟန်က ရှိသေးတယ် ကိုခင်ဇော်ဦးရဲ့ ။ တရားသူကြီး တစ်ယောက် ရဲ့ လုပ်နည်း လုပ်ဟန်ဆိုတာ ကတော့ သိမ်မွေ့ဖို့ လိုမယ်ထင်တယ်။ ဥပမာ ရှင် စောစောကလို ဟန်သိန်း နောင်ကြဉ် သွားစေချင်တာနဲ့ပဲ အာမခံပေးရမယ့် တရားခံကို ဆက်ချုပ်ထားတာမျိုး တော့ မလုပ်သင့်ဘူးပေါ့။ ဒါ ဒေါ် သဂတိ ဖြစ်သွားပြီလေ"

"ဟာ . . . ဘယ်ဟုတ်မလဲဗျ။ အပြစ်ရှာချင်ရင်တော့လည်း ခင်ဗျားသုံးသွားတဲ့ စကားလုံးတွေ မှန်မှာ ပေါ့။ ဒါပေမဲ့ အမူ တစ်ခုကို

စီရင်ဆုံးဖြတ်တဲ့ တရားသူကြီး တစ်ယောက် အနေနဲ့ ရဲရင့်ပြတ်သားဖို့လို တယ်။ ကျွန်တော် ကတော့ အခြေအနေပိုကောင်းလာဖို့ လုပ်တဲ့နေရာမှာ လုပ်သင့်လုပ်ထိုက်တာကိုတော့ စွန့်ချလိုက်ချင်တယ်"

"စွန့်ပေါ့ရှင်။ ရဲရင့်ပါ။ ပြတ်သားပါ။ ဒါပေမဲ့ တရားသူကြီးဆိုတာ တရားဥပဒေရဲ့ လက်အောက်ခံ ဖြစ်တယ်ဆိုတာတော့ မေ့လို့မရဘူးနော်။ အမွှန် ဒါတွေ ပြောပိုင်ခွင့်၊ စွက်ဖက်ပိုင်ခွင့်လည်း မရှိဘူး။ အမွှန် က သာမန်ဥပဒေဝန်ထမ်းပါ။ ကိုခင်ဇော်ဦးကို အမွှန်က တရင်းတနှီးသဘောပိုက်ပြီး တမင်အခွင့်အရေး ယူတယ်လို့ပဲ သဘောထားပေါ့ရှင့်။ ကျွဲမြီးလည်း မတိုပါနဲ့"

ကိုခင်ဇော်ဦးက ပွင့်ပွင့်လင်းလင်းပင် ရယ်လိုက်လေသည်။ သူ့မျက်နှာမှာ အပြုံး တလက်လက်ဖြင့် ကြည်လင်လာ၏ ။

"မတိုပါဘူး မမွန်ရယ်။ ဒေါ်သဆိုတာလည်း ခင်ဗျားရှေ့မှာ ဒါလောက် လွတ်လွတ်လပ်လပ် ထွက်ဝံ့တာပါဗျာ။ ခင်ဗျားရှေ့မှာ ရင်ထဲရှိတာ ဖွင့်ချလိုက်ရရင် နေသာထိုင်သာ ရှိလွန်းလို့ပါ"

အမွန့် ရင်ထဲမှာ နွေးခနဲ လှိုက်ခုန်သွားမိလေသည်။ ဘာကြောင့် ရယ်တော့ နားမလည်။ ကြည်နူး ကျေနပ်တာလား၊ ယုံကြည်ခင်မင်မှု တိုးပွားလာလေသလား။

"တစ်ခါတစ်ခါ ကျွန်တော် တို့ တရားစီရင်ရေး အဖွဲ့မှာ ကျွန်တော် တစ်ယောက်တည်းနဲ့ အတိုက် အခံ ဖြစ်ရတယ်၊ သဘောကွဲရတယ်။ ကြာတော့လည်း အားမရဘူး မမွန်ရယ်။ အဲဒီ တော့ အလိုလို စိတ်တို ချင်နေတယ်။ ဒေါသထွက်ချင်နေတယ်"

အမွန်က အကြာကြီးငြိမ်၍

စဉ်းစားနေမိသည်။ တစ်စုံတစ်ခုကို ပြောသင့်၊ မသင့်

အပြန်ပြန်အလှန် လှန် ချိန်ဆပြီးမှ -

"ကိုခင်ဇော်ဦးဘက်က

ဆန္ဒသိပ်စောလွန်းနေတာလည်း ဖြစ်နေပါဦးမယ်နော်။

တစ်ခါတစ်ခါတော့ လည်း ကောင်းစေချင်လွန်းတဲ့

စေတနာထက်သန်ပြီးတော့ အမှု ကို တရားသူကြီးက

ဆုံးဖြတ်တာမျိုး ဖြစ် ဖြစ်သွားတတ်တယ်။ နာယကကြီး

အမြဲတမ်းပြောလေ့ရှိတဲ့ စကားတစ်ခွန်းတော့

အမွန်သိပ်သဘောကျတာပဲ။ တရားသူကြီးဆိုတာ

အမှန်တရားကို ရှာဖွေသူသာ ဖြစ်တယ်တဲ့။ အမှု ကို

ဆုံးဖြတ်တာ ကတော့ တရားဥပဒေနဲ့

သက်သေအချက်အလက်ကသာ ဆုံးဖြတ်တယ်တဲ့"

"ဒါတော့ဒါပေါ့ မမွန်ရယ်။ ဒါပေမဲ့

အဆိုအမိန့်ဆိုတာ တရားသေမှတ်ထားလို့လည်း မ

ဖြစ်သေးဘူး ဗျ။ ကျွန်တော် တို့ စီရင်ထုံးကိုးကားတဲ့

နေရာတွေ မှာ ပဲကြည့်။ အလားတူအမှု မျိုးဆိုပေမယ့်

အချိန်ကာလ အားဖြင့် ၊ နေရာဒေသအားဖြင့်

ယဉ်ကျေးမှု ဓလေ့ထုံးစံအားဖြင့် ခြားနားချက်တွေ

ရှိနေရင် တစ်မျိုးထွင်း ဖောက်ယူရတာ ပဲ မဟုတ်လား။

ဒီလိုပေါ့။ တရားစီရင်ရေး အာဏာကို ကိုင်စွဲထားရင်

ထိုးထွင်းတွေ းခေါ် ခြင်း၊ ရဲရင့်စွာနဲ့စားစွာ

ဆုံးဖြတ်ချက်ချမှုခြင်းတွေ ရှိရမှာ ပဲ”

အမွန်က ပင့်သက်ကို မသိမသာ ခိုး၍

ရှိုက်မိလေသည်။

ကိုခင်ဇော်ဦး ကတော့ သူ့အတွေ

းအခေါ်နှင့် သူခိုင်မြဲနေ၏ ။ သူ့အယူအစွဲနှင့် သူ

စောဒကတက်ရင်း ဟိုတစ်ဖက်စွန်းမှာ

ရပ်မြဲရပ်နေသည်။

“တော် တော် ခေါင်းမာတဲ့လူ”

ကိုခင်ဇော်ဦး၏ ပါးလျှားပိရိသော နှုတ်ခမ်းများ နှင့် ပြန့်ကားသော မေးရိုးအကျတို့ကို ငေးစိုက် ကြည့်ရင်း အမွန်စိတ်ထဲက မှတ်ချက်ချလိုက်ပါသည်။ ဟိုစဉ်က ကိုခင်ဇော်ဦး၏ လုပ်ရပ်များ ကိုလည်း ပြန် ၍ တရိပ်ရိပ်မြင်ယောင်လာသည်။

တစ်ခါက တရားရုံးသို့ နှစ် ဦးသဘောတူ လက်မှတ်ထိုး သစ္စာနံ့ကြမည့် မင်္ဂလာစုံတွဲ တစ်တွဲ ရောက်လာသည်။ သတို့သား၊ သတို့သမီးနှစ် ဦးစလုံးမှာ မြီးကောင်ပေါက်လာသော အရွယ်ရောက်သည် ဆိုနိုင်ရုံမျှ၊ ခေတ်လူငယ်ကလေးများ ပီပီ ဝတ်စားဆင်ယင်မှု ကလည်း နှစ် ဆယ်ရာစုခေတ် နောက်ဆုံးပေါ် ပုံစံမျိုး ။

သတို့သားက ခေါင်းလောင်းဘောင်းဘီနှင့် ။

ချုပ်ရိုးကြောင်းတွေ ၊ အိတ်ကပ်တွေ တစ်ထည်လုံး မွစာကြဲနေသော ရှပ်အင်္ကျီပုံစံဆန်းနှင့် ပခုံးအောက် နစ် လက်မခန့် ရှည်လျားသော ဆံပင်ဖားလျားနှင့် ။

သတို့သမီးကလည်း ပခုံးဆက်မှ ဖားဖားဝေဝေ တွန့်ပွကျလာသော အင်္ကျီလက်ကို လက်ကောက် ဝတ်မှာ နပတ်ပြားကြီးကြီးတပ်၍ စည်းထားသော နပိုလီယံရှပ်ပုံဆန်းနှင့် ။ ခရေခွဲဆံပင်ကို ကြွက်ကိုက် သလို တစ်ထစ်ပြီးတစ်ထစ် သုံးဆင့်တိတိ အဖျားဘက်သို့ ရှူး ၍ ကိုက်ဖြတ်ထားသော ကျောတစ်ဝက် ဆံပင်ဖားလျားနှင့် ။ ခြောက်ထောင့်ပါသော နေကာမျက်မှန် မျက်နှာတစ်ဝက်ဖုံးနှင့် ။

နစ် ယောက် စလုံးကို ကြည့်လိုက်လျှင် ထူးခြားဆန်းပြားသော အသွင်အပြင်တို့

ထင်းထင်းပေါ်နေ သည့်တော့ အမှန်ပင်။ မဆီမဆိုင် အမွန်ပင်လျှင် မိမိအခန်းဝမှ လှမ်း၍ အာရုံစူးစိုက်စွာ ကြည့်ငေးနေမိခဲ့ လေသည်။

သက်သေပါလာသူ အဖော်တစ်သိုက်ကလည်း သူတို့နည်းတူ ဖလဲတွေ ၊ ဘဲလိတွေ ကြောင်ကြောင် ကျားကျားနှင့် မို့ တရားရုံးဝန်းကျင်မှာ ရှိနေသမျှ လူအားလုံးက သူတို့အုပ်ကို အာရုံစိုက်ကာ သူတို့အနားမှာ အုတ်အုတ်ကျက်ကျက် ဖြစ်လာသည်။

ဝတ္ထုရားအရ စစ်ဆေးကြည့်ပြန်တော့ သည်စုံတွဲ မှာ အလုပ်အကိုင်မရှိ။ ဘွဲ့ရပြီးစ မိန်းကလေးနှင့် စာမေးပွဲနှင့် နပန်းလုံးဆဲ ဆယ်တန်း (ခ) မင်းသားတို့ဇာတ်လမ်း ဖြစ်နေ၏ ။ နှစ် ယောက် စလုံး အသက် တော့ ပြည့်ကြပြီ။ အသက်ပြည့်လျှင်၊ နှစ် ဦးနှစ် ဖက် သဘောတူညီမှု ရှိလျှင်၊ အသိသက်သေ

လုံလောက် လျှင်၊ ဘာသာရေး ပြဿ နာမရှိလျှင်
တရားစီရင်ရေး အဖွဲ့ အနေနှင့် တခြားဘာတစ်ခုမျှ
မေးမြန်းစပ်စုနေဖို့ အကြောင်းမရှိ။ လက်ထပ်စာချုပ်ကို
တရားဝင် အသိအမှတ်ပြုလက်မှတ်ရေး ထိုးပေးလိုက်
ရုံသာ ရှိသည်။

သို့ သော် အဆုံးအမဩဝါဒ
ထက်သန်လှသော နာယကကြီးက လက်မှတ်မရေး
ထိုးမီ လူကြီးပီပီ အမှာ စကားတွေ ပြောကြားနေချင်၏
။ သူ့စိတ်ထဲမှာ ဤမျှငယ်ရွယ်သော စုံတွဲ အား
အလုပ်အကိုင်မရှိသေး ဘဲ လက်ထပ်ပေးရမည် ကို
ဘဝင်မကျချင်။

"မင်းတို့နှစ် ယောက် လုံး
တကယ့်အငယ်ကလေးတွေ ရှိကြသေးတာပဲကွာ။
တူမောင်ကလည်း ဆယ်တန်းအောင်အောင်ဖြေပြီး
တက္ကသိုလ်မတက်ချင်တော

အလုပ်ကလေးအကိုင်ကလေးရအောင်
ရှာကြည့်ပါဦးလား။ ပြီးတော့ ဒီသမီးကလည်း
ဘွဲ့ရပြီးနေမှပဲ။ အလုပ်ပါ ရတဲ့အထိစောင့်လိုက်ရင် ပိုမ
ကောင်းဘူးလား။ သိပ်လည်း ကြာကြာစောင့်ရတော့မှာ
မှ မဟုတ်ဘဲ။ ညည်းတို့က ဘာကြောင့် များ ဒီ လောက်
အလျင်စလိုလက်ထပ်ချင်ရတာ လဲကွယ်"

နာယကကြီး၏ လေသံမှာ
ပြေပြေပြစ်ပြစ်နှင့် သာယာချင်စွာ မေတ္တာရပ်ခံနေပုံမျိုး
း ဖြစ်သည်။ မျက်နှာထားကလည်း မိဖသားချင်း
တစ်ယောက် ၏ စာနာကြင်နာသော
ပကတိစေတနာရိုးကို ပေါ်လွင်နေ စေ၏ ။

ဒါကို မင်္ဂလာစုံတွဲ က သိပ်ပြီး မကျေနပ်ချင်။
မဆီမဆိုင် လူတစ်ဖက်သား၏ ကိုယ်ရေး ကိုယ်တာကို
ဝင်စွက်ဖက်သည်၊ လျှာရှည်သည်ဟု
စိတ်ခုသွားပုံရသည်။ သတို့သား ဖြစ်သူက မျက်နှာထား

ရှုတင်းတင်း နှင့် ။

“ဒါဟာ ကျွန်တော် တို့အကြောင်းနဲ့ ကျွန်တော် တို့ပါဦး။ အလုပ်လက်မဲ့ ဖြစ် ဖြစ်၊ ဘာပဲ ဖြစ် ဖြစ် မိန်းမ တစ်ယောက် ကို ကောင်းကောင်းကျွေးနိုင်လို့ ယူတာပေါ့”

လေသံက အငေါ်တူးတူး၊ မာချဉ်ချဉ်။

နာယကကြီး ကတော့ အတွေ့အကြုံများ အရ ဒီအသက် ဒီအရွယ်၊ ဒီလိုလူငယ်မျိုး တွေ ၏ သဘော မနောကို နားလည်လှပြီ။ လုံးဝစိတ်ကွက်ခြင်းမရှိ။ ဆရာလုပ်မခံချင်သော ၊ ကိုယ်ထင်ရာ ကိုယ့်ဘာသာ စိုင်းပစ်လိုက်ချင်သော လူငယ်တို့၏ ကြွပ်ဆတ်ဆတ် မာကျောကျော်အထာကို သိထားနှင့် သည်။

မပြုံး မရယ် ပကတိကြည်လင်နေသော

ပင်ကိုမျက်နှာထားနှင့် . . . ကြည့်ဖြူကြတယ်ဆိုလည်း မင်းတို့ နှစ် ယောက် စလုံးအဖုံ ဘာအခက်အခဲမှ မရှိနိုင်ဘူးပေါ့ကွာ။ ကဲ . . . လာ . . . လာ။ မတ်တတ်ရပ်၊ ကတိသစ္စာဆိုရအောင်"

အလိုက်အထိုက်ပြော၍ စကားစကို ဖြတ်ပစ်လိုက်သည်။ သို့ သော် သတို့သားက လျှာရှည်ချင်တဲ့ အဘိုးကြီးတို့၊ စပ်စပ်စုစုအဘိုးကြီးဟု ခုနေသော စိတ်မှာ တော် တော် နှင့် မပြေ။

တရားခွင်ရှေ့မှာ အပြောအဆို၊ အပြု အမူများ က ထောင့်မကျိုး ၊ အချိုး မကျရုံမက ရိုင်းရိုင်းပျပျ ဖြစ် နေ၏ ။ ကတိသစ္စာဆိုသည်ကအစ တိုင်ပေးသမျှကို မဆိုချင်သလို ဆိုချင်သလိုနှင့် နှုတ်ခမ်းလှုပ်ရုံ လှုပ် နေသည်။ မတ်တတ်ရပ်ပုံကလည်း တောင့်တောင့်တင်းတင်း၊ ဖြောင့်ဖြောင့်စင်းစင်းမရှိ။ ကုလားထိုင် ခြေ ထောက်တန်းပေါ်တွင်

ခြေတစ်ဖက်တင်၍ ငုံးငှက်များ လို ခြေတစ်ပေါင်ကျိုး ဟန်ဖြင့် ရပ်နေ၏ ။ ဒါကို အား လုံးက ဘဝင်မကျလှသော် လည်း မသိကျိုး ကျွန် မမြင်ဟန်လွှဲနေလိုက်ကြသည်။ သို့ သော် ကိုခင်ဇော်ဦးက မရ။

"ဒီမှာ သတို့သား၊ သတို့သမီးတို့ရဲ့ ။ မင်းတို့ရဲ့ မင်္ဂလာအချိန်ကို အနှောင့်အယှက်တော့ မ ဖြစ်စေ ချင်ပါဘူး။ ဒါပေမဲ့ မင်းတို့ သိသင့်သထိုက်တာ ကလေးတစ်ခုတော့ ပြောလိုက်ရဦးမယ်။ မင်းတို့ကို လူပုဂ္ဂိုလ်အရ မုန်းသည် ဖြစ်စေ၊ ချစ်သည် ဖြစ်စေ၊ တရားရုံးရောက်လာတဲ့အခါမှာ တော့ တရားရုံးကို ရှိသေ လေးစားရမယ်ကွ။ မထီမဲ့မြင်ပုံစံမျိုး နဲ့ တို့ရုံးက ဘယ်တော့မှ လက်ထပ်မပေးနိုင်ဘူး။ နောက်ကို ရုံးခန်းထဲ ကို အဝင်မခံဘူး။ ဟုတ်လား ဒါပဲ။ ကဲ . . . သွားကြတော့"

ဘယ်သူကမျှ ခေါင်းတစ်ချက်
မညိတ်သည့်ပြင် အခြေအနေက ပို၍
တင်းမာလာသည်။ သတို့သား၊ သတို့သမီးသာမက
သူတို့တစ်ဖွဲ့လုံး ကြွက်စီကြွက်စီ မကျေမချမ်း ဖြစ်လာ၏
။

“ဒါ . . . ဘာဆိုင်လို့လဲ။ ဥပဒေရှိသလား။
အလကား ပိုနေတာ”

မကြားတကြား ပြောကြကာ
မထီတရီမျက်နှာများ ဖြင့် ရုံးဆင်းလျှင်
လမ်းကချောင်းရိုက်တော့မည့် ပုံစံများ ဖြစ်လာ၏ ။

အကင်းပါးသော နာယကကြီးနှင့် လူမှု
ဆက်ဆံရေး ပြေပြစ်သော ရှေ့ဖတ်စာရေး
ကလေးတို့က အခြေအနေကို
ဝိုင်းဝန်းထိန်းသိမ်းနိုင်ကြ၍ သာ တရားခွင်မှာ

ရုပ်ပျက်ဆင်းပျက် ဖြစ်မသွားခြင်းတည်း။

ကိုခင်ဇော်ဦးကမူ နာယကကြီးကိုပင် တိုင်တည်နေသေး၏ ။

"ဟုတ်တယ် အစ်ကိုကြီးရ။ ကျွန်တော်တို့ရုံးမှာ လာပြီး လက်ထပ်တဲ့အတွဲ တွေ နဲ့ ပတ်သက်လို့ အမိန့်တစ်ခု ထုတ်ထားရအောင်။ လက်ထပ်ဖို့လာတဲ့ စုံတွဲ မှန်သမျှ သိက္ခာရှိရှိ ဝတ်စားဆင်ယင်လာရမယ် လို့။ ယဉ်ကျေးမှု နဲ့ ဗီလာဆန့်ကျင်နေတဲ့ သရုပ်ပျက်ပုံစံမျိုး လုပ်လာရင် လုံးဝ လက်ထပ်မပေးဘူးဗျာ။ ပြန်အဝတ်လဲပြီးမှ လာခဲ့။ အဲသလိုကိုင်မှ ဒီခေတ်ကောင်တွေ က ရမှာ အစ်ကိုကြီးရဲ့ ။ ဒီလို တင်းတင်းကျပ် ကျပ်မှ မလုပ်ရင် ကြည့်လေ . . . . စောစောက ကောင်တွေ ဆို မိသားဖသား ပီပြင်တဲ့စရိုက်ကို မရှိတော့ဘူး။ စရိုက်ဆိုတာ ဝတ်စားဆင်ယင်မှု ပုံစံပေါ်မှာ အများ ကြီး

အခြေခံသွားတာ။ လူငယ်တွေ ရဲ့ သရုပ်ပျက်

စရိုက်ကိုတော့ ကျွန်တော် တို့ အတတ်နိုင်ဆုံး

ကြပ်မတ်ပြုပြင်သွားမှ ဖြစ်မယ်။ မဟုတ်ဘူးလား"

ကိုခင်ဇော်ဦးက အပြောတော့ ကောင်းလေသည်။ အရာရာကို သမာသမတ် ဖြစ်အောင် နှိုင်းနှိုင်းချိန်ချိန် သုခမိန်လို တွေးခေါ် ဆုံးဖြတ်နိုင်မြဲ ဖြစ်သည့် နာယကကြီးပင် အလွယ်တကူ သဘောတူပြီး ဖြစ်သွားရ၏ ။

ကျွန်တရားစီရင်ရေး အဖွဲ့ဝင်ဦးခွာလိန် တစ်ယောက် ကတော့ ပြောစရာ မရှိပြီ။ နာယကကြီးတို့၊ ကိုခင်ဇော်ဦးတို့က ကောင်းသည်ထင်လျှင်၊ မှန်ကန်သည်ဟု ဆုံးဖြတ်လျှင် အလွယ်တကူ ခေါင်းညိတ် ထောက်ခံဖို့ အသင့်ရှိသူ ဖြစ်သည်။

အနေးယာဉ်လုပ်သားဘဝက

ရုံးထိုင်တရားသူကြီး ဖြစ်လာရသည်ကိုပဲ သူ့ကိုယ်သူ မမျှော်မှန်း အပ်သော နေရာကို မတန်တဆ ရလိုက်သည်ထင်ကာ မရွံ့မရဲလည်း ဖြစ်၊ အကျေနပ်ကြီးလည်း ကျေနပ် နေသူတည်း။

ဗဟုသုတအရာတွင် တော့ လူတိုင်းကိုပင် ဆရာတင်သည်။ သူ့ကိုယ်သူ လုံးဝ မယုံကြည်။ သို့သော် စိတ်ကောင်းစေတနာထားသူ၊ အဂတိ မလိုက်စားသူ စသည့် ဂုဏ်ပုဒ်ကိုတော့ မကျိုးပဲ့ရအောင် မြတ်မြတ်နိုးနိုး စောင့်ထိန်းသည်။ တရားဥပဒေကိစ္စရော၊ အထွေထွေဗဟုသုတတွင် ပါ သူ့ကိုယ်သူ ခေါင်းပါးသည်ထင်ဆဲမို့ အကြံသစ်ဉာဏ်သစ်များ ထွက်ပေါ်တင်ပြလာတက်ကြသည့် နာယကကြီးတို့၊ ကိုခင်ဇော်ဦးတို့ကို အထင်တကြီး ယုံယုံကြည်ကြည်

ထောက်ခံမြဲပင်။

သို့နှင့် သည်ရုံးမှာ လက်ထက်ထိမ်းမြားခြင်းနှင့် ပတ်သက်၍

မှုကလေးတစ်ခု ဖြစ်တည်လာသည်။

ဤရုံးတွင် လက်ထက်လိုသူများ ယဥ်ကျေးမှု နှင့် ဖီလာဆန့်ကျင်သော သရုပ်ပျက် ဝတ်စားဆင် ယင်မှု လုံးဝရှောင်ရှားကြပါရန်။ ဤမေတ္တာရပ်ခံချက်ကို မလိုက်နာပါက ဤရုံးမှ လုံးဝလက်ခံလိမ့်မည် မဟုတ်"

အမွန် ကတော့ ဘဝင်မကျပေ။ တရားရုံးအနေနှင့် ဥပဒေပြင်ပကိစ္စတစ်ခုအတွက် ဤမျှ မတင်းမာသင့်ဟု ယူဆသည်။

တရားရေး ဝန်ထမ်းကလည်း လုံးဝ ဝင်ရောက်ဝေဖန်ခြင်း မပြုသည်မို့သာ အမွန်ငြိမ်၍ နေလိုက်ရ ၏ ။ ရင်ထဲမှာ တော့ အမုန်းခံ၍ ပင်

ကန့်ကွက်ပြောဆိုလိုက်ချင်သည့် ဆန္ဒများ တဖွားဖွားနှင့် အသည်းယား ၍ ပင်နေသည်။

ခက်သည်က တရားရေး ဝန်ထမ်းရှိသည်လို့ တစ်မှော င့်ပင်။ သည်ရုံးမှာ တရားရေး ဝန်ထမ်းရှိသည် လို့ ပြောနိုင်ရုံလောက်သာတည်း။ တက်တက်ကြွကြွ မရှိ။

ဖယ်ရှားပေးလိုက် သည့် မူလကုလားထိုင်ဟောင်းကို ပြန်ပြောင်းတသရင်း စိတ်မာတ်ကျနေသည့်ပုံ နှင့် ။ တရားစီရင်ရေး ကိစ္စနှင့် ပတ်သက်၍ ပင် ကြည်လင်သော အကြံဉာဏ်များ ကို ပေးချင်ပုံမရ။ ပညာပြ သည်။ တရားစီရင်ရေး အဖွဲ့ခေါင်းရှုပ်အောင်၊ အချိန်ပုပ်အောင် ဝိနည်းရှောင်၍ မျက်လှည့်ပြချင်သည်။

တရားရေး ဝန်ထမ်းဆိုသည်မှာ

တရားစီရင်ရေး အဖွဲ့ လက်အောက်ခံ။ သို့သော် သူက နောက်က လိုက်ချင်ပုံမရ။ ရှေ့ကသွားခွင့် မရတော့၍ သံပတ်လျော့နေဟန်။ ကျောင်းထိုင်ဘဝမှ ကိုရင်အဖြစ်သို့ပစ်ကျလာသူ ဖြစ်၍ စည်းရုံးရခက်သည်။ ပရိတ်ရွတ်ပြ၍ မရတော့သည့် ခင်ကြီးတစ္ဆေဝေလေလေ။

အမွန် ကတော့ အလုပ်ခွင် ဝင်ဝင်ချင်း တရားစီရင်ရေး တစ်ဖွဲ့လုံးနှင့် ပေါင်းစပ်၍ ရသည်။ ဥပဒေဝန်ထမ်းဗီဗီ ကိုယ့်တာဝန်ကလေး တစ်ခုတည်းကွက်ကြည့်ကာ ဘာသိဘာသာနေ၍ ဖြစ်သော် လည်း၊ တရားစီရင်ရေး အဖွဲ့က တရင်းတနီး ဆွေးနွေးတိုင်ပင်လာသမျှကိုတော့ တက်တက်ကြွကြွလက်ခံ ညှိနှိုင်းလေ့ရှိခဲ့သည်။ သို့ကြောင့် သည်ရုံးမှာ တရားရေး ဝန်ထမ်းနှင့် နှိုင်းစာလျှင် အမွန်ကမှ တရားစီရင ရေး အဖွဲ့နှင့် ရင်းနှီးနေသေး၏ ။

သို့သော်

သည့်ထိမ်းမြားလက်ထက်ခြင်းကိစ္စနှင့် ပတ်သက်၍ အမှန်က လုံးဝဝင်မစွက်ဖက်ဘဲ နေလိုက်သည်။ ကြားကြားသမျှလူသူလေးပါးကမူ ကျေနပ်သည်လည်း ရှိ၊ မကျေမနပ်နှင့် စောင်းမြောင်း ဝေဖန်သည်လည်း ရှိ။

ဘာပဲ ဖြစ် ဖြစ် ကိုခင်ဇော်ဦးကိုသာ၊ ဘဝင်မကျဖြစ်မိလေသည်။ ဆန္ဒဂတိနှင့် ယှဉ်၍ စီရင်ဆုံးဖြတ် တက်သူ၊ ဆန္ဒစောတက်သူ၊ ဆန္ဒစောတက်သူ ဟူ၍ လည်း ကောက်ချက်ချထားမိပြီး ဖြစ်သည်။

*

ခုလည်း ကြည့်။ သူ့ဘာသာ ဆန္ဒစော၍ ဒေါသကုမ္ဘရ ဖြစ်နေလေသည်။ အလွယ်တကူ

ညှိနှိုင်း၍ လည်း မရ။

“ ကနေ့လည်း ကြည့်ဗျ။ ရွှေနဂါးတို့ ဘယ်လောက်လည်သလဲ ဆိုတာ ”

လာချေပြီ။ ပြဿ နာတစ်ခုကို စတင်လာပြန်ချေပြီ။

“ အမှု ကို ဆွဲချင်တော့ ရှေ့နေမလာဘူးဗျာ။ ဒါ ထားဦး။ တရားလိုပြ သက်သေတွေ ပါ မလာဘူး။ ဒါက သက်သက်စည်းရုံးထားတာဗျာ ”

“ ကိုခင်ဇော်ဦးရယ်။ ဘာ ဖြစ်လို့ ဒါလောက် စိတ်ပင်ပန်းခံချင်ရတာ လဲ။ တရားခံဘက်က ပျက်ကွက်တာကို တရားရုံးကလည်း ဥပဒေဘောင်အတွင် းကပဲ ခွင့်ပြုထားတာ မဟုတ်လား။ ခွင့်ပြုနိုင်ရင် ပြုမယ်။ သို့မဟုတ်ရင် ဥပဒေအရ အရေး ယူမယ်။ ဒါပဲ ရှိတာ ”

အမွန်က အတိုက်အခံလုပ်ချင်သည်မို့ အပြေချောဆုံး စကားလုံးကိုပဲ သုံးရသည်။

" မမွန် ကတော့ စာအုပ်ထဲက ပိုးဟပ်လို ဖြစ်နေပြီ။ ဒါဆို ဒါပဲ။ လူမှု ရေး ကိုလည်း လှမ်းကြည့်ဦးမှ ပေါ့ဗျ။ ခင်ဗျားရဲ့ ကြွေတို့ဆိုရင် အဘွားကြီးက ခုထိ လွမ်းမိုးထားတုန်းနော်။ ရုံးချိန်းမလာတာ အဘွားကြီးရဲ့ ပယောဂ။ ရှေ့နေမအားလို့ ရုံးချိန်းရွှေ့ယူမယ်၊ စစ်ဆေး ဖြစ်မှာ မဟုတ်ဘူး၊ မလာနဲ့လို့ သညာပေးပြီး သား ဖြစ်မှာ ပေါ့။ ရွှေနဂါးတို့ ကတော့ဗျာ။ ပန်ကာ့ထိပ်သီးမှ ထိပ်သီး "

" ဒါတော့ရှင်။ တရားရုံးနဲ့ မဆိုင်ပါဘူး "

ကိုခင်ဇော်ဦးက ရယ်လေသည်။ ပြီး အင်္ကျီ အိတ်ထဲမှ ဖြူ ဆေးပေါ့လိပ်ကို ထုတ်၍ မီးညှိသည်။ ဆေးလိပ်မီးခိုးများ ထဲမှ အမွန့်မျက်နှာကို မျက်မှော

ငိုက်ကုတ်၍ ကြည့်လေသည်။

" မမွန်ရယ်။ ခင်မျှားကို ကျွန်တော် သိပ်နမြောတာပဲ "

" အရှင် ... ဘာ ဖြစ်လို့ "

အမွန်က မျက်ခုံးနှစ် ဖက်ကို ပင့်ချီရင်း အသက်ရှုပင် မှား မိတော့သည်။

" အတွေ းကျဉ်းမြောင်းလွန်းလို့ပါ။ ခင်မျှားလေ ရဲရင့်တာ၊ ထက်မြတ်တာ၊ ပွင့်လင်းတာတွေ နဲ့ သိပ်လိုလားအပ်တဲ့ မိန်းကလေး "

မျက်နှာ၊ ပါးပြင်များ ပူနွေးလာသည်။ သူ ကတော့ ခပ်တည်တည်။ ဆေးလိပ်မီးခိုး ရှုပ်ပွေပွေထဲမှ စူးစူးရဲရဲပင် ကြည့်နေသည်။

" ဒါပေမဲ့ ခင်မျှားအတွေ းအခေါ်တွေ က ပို့ချချက်သင်ခန်းစာတွေ ထဲက ထိုးမဖောက်နိုင်ဘူး။

ဘောင်ထဲက ရုန်းမထွက်နိုင်ဘူး။ ဒါတွေ ကို ကျွန်တော် သိပ်နှမြောတယ် မမွန်ရယ်။ ထက်မြက်ပွင့်လင်းတဲ့ မိန်းကလေး တစ်ယောက် အနေနဲ့ ခင်ဗျားကို လူတန်းစားအမြင် သိပ်ပြတ်သားစေချင်တာပဲ ”

“ လူတန်းစားအမြင် ”

အမွန်က သံယောင်လိုက်မိသည်။ အမွန့်အသံမှာ စိတ်လှုပ်ရှားမှု ဖြင့် တုန်ယင်နေ၏ ။

“ လူတန်းစား အမြင်ဆိုတာ ခင်ဗျာ့အတွေ းအခေါ်ထဲမှာ တော့ ဘယ်လိုခံယူထားမယ် မသိဘူး။ ဒါပေမဲ့ ရေရေရာရာ ခံယူချက်မရှိဘူးဆိုတာတော့ သေချာပါတယ်။ဟုတ်လား မမွန်။ ခုထိ လူတန်းစားအမြင်နဲ့ ပတ်သက်လို့ ပိုင်းပိုင်းပြတ်ပြတ် ရပ်တည်မှု ဘက်လိုက်မှု မှ မရှိသေးဘဲ ’

ကိုခင်ဇော်ဦးနှင့်

ကြာကြာစကားပြောရသည်မှာ လေးအီသော
သဘောတရားရေး ကျမ်းစာအုပ် ကြီးကို ဖတ်ရသလို
ဖြစ်နေ၏ ။ ဖြုန်းခနဲ့ အလွယ်တကူ
သဘောမပေါက်နိုင်။ သူပြောသမျှစကားလုံးများ
ကိုလည်း အတော် ကြီး စူးစူးစိုက်စိုက် နားထောင်ပြီးမှ
ခက်ခက်ခဲခဲ အဓိပ္ပါယ်ကောက်နေရလေသည်။
ဝေါဟာရများ မှာ အမွှန့် နားထဲသို့ လျှောခနဲ့
လျှောခနဲ့မဝင်။ နားနှင့် မှတ်၍ စိတ်ထဲက ထပ်ဆင့်
ဘာသာပြန်ကြည့်နေရသည်။

`` ဘာကိုပဲလုပ်လုပ်၊ ကိုယ်ရေး
ကိုယ်တာကိစ္စ ဖြစ် ဖြစ်၊ အစိုးရတာ ဝန်ဝတ္တရားပဲ ဖြစ်
ဖြစ် တစ်ခုခုလုပ်တော့မယ်ဆိုရင်
လူတန်းစားရပ်တည်မှု တော့ ရှိမှ ဖြစ်မယ် မမွှန် ´

ကျောင်းဆရာလေသံက အမွှန်နားထဲကို
ထောင့်ထောင့်ကြီး ဝင်လာသည်။

`ခု ရွှေနဂါးရဲ့ ကေ့စ်ကို ခင်ဗျားကိုင်ထားတယ် မဟုတ်ဘူးလား။ ဘယ်လို လူတန်းစားအမြင်နဲ့ ခင်ဗျားဘက်လိုက်ရပ်တည်မလဲ ဆိုတာကိုခံယူချက် ရှိမထားဘူးလား မမွန်။ ဟင် ´

အမွန် ခေါင်းရှုပ်သွားလေသည်။ ဘာလဲ … လူတန်းစားအမြင်နဲ့ဘက်လိုက်ရပ်တည်မှု ဆိုတာ။

`ဘာကို ဆိုချင်တာလဲ ကိုခင်ဇော်ဦးရယ်။ တရားဥပဒေအမြင်နဲ့ ပဲ အမွန် ကြည့်တက်ပါတယ်။ ဘာကို ဘက်လိုက်ရဦးမှာ လဲ။ အမှန်လို့ ယုံကြည်တဲ့ဘက်ကို ဘက်လိုက်ရမှာ ပေါ့ ´

ကိုခင်ဇော်ဦးက ခေါင်းကိုခပ်လေးလေး ခါယမ်းလိုက်သည်။

`မဟုတ်ဘူး။ မဟုတ်ဘူး။ မမွန် နားထွေးနေပြီ။ အမှန်တရားဆိုတာ ဥပဒေပေတံနဲ့

ချည်း တိုင်းတာလို့ မရဘူးလေ။ လူတန်းစားအမြင်နဲ့ ကြည့်တက်ရသေးတယ်။ ခုရွှေနဂါးဆိုရင် မိတ်ဆွေလား၊ ရန်သူလား၊ ကွဲပြားရမယ်။ ခင်ဗျား ဘယ်လိုမြင်လဲ။ ဒါ ပြောတာ ´

` အို .. ဘယ်လိုမြင်ရမှာ လဲရှင့်။ ရွှေနဂါးဟာ မိတ်ဆွေလည်း မဟုတ်ဘူး။ ရန်သူလည်း မဟုတ် ဘူး။ အမှု သည်ပဲ။ အရှင်းဆုံးပြောရရင် ရာဇဝတ်မှု ကျူး လွန်တယ်လို့ အစွပ်အစွဲခံနေရသူ တစ်ယောက် ။ အမွှန်နားလည်တာတော့ ဒါပဲ ´

` ဒါက တရားဥပဒေမျက်လုံး တစ်ခုတည်းနဲ့ကြည့်တဲ့ ကျဉ်းမြောင်းတဲ့အမြင်ဗျ။ လူတန်းစားအမြင် နဲ့ ကြည့်ရင် ရွှေနဂါးဟာ ရန်သူ။ ခင်ဗျားတို့၊ ကျွန်တော် တို့ရဲ့ ရန်သူ ´

` တရားစီရင်ပိုင်ခွင့်အာဏာကို

ကိုင်စွဲထားတဲ့ ပုဂ္ဂိုလ် တစ်ယောက် အနေနဲ့ ဒါ ကတော့ မရှိအပ်တဲ့ အဂတိတစ်ပါးပဲ ကိုခင်ဇော်ဦးရယ်။ ဒေါသအာဃာတဆိုတာ ရှင်နားလည်ပါတယ်။ ပုဂ္ဂိုလ် တစ်ယောက် အပေါ်မှာ ပဲ ဖြစ် ဖြစ်၊ လူတန်းစားတစ်ရပ်အပေါ်မှာ ပဲ ဖြစ် ဖြစ် စွဲလမ်းနေတဲ့ အာဃာတဒေါသကို ဘာ ဖြစ်လို့ မွေးမြူချင်ရတာ လဲ ´

ကိုခင်ဇော်ဦးက မီးခိုးများ ကို စိတ်ပျက်လက်ပျက် မှုတ်ထုတ်လိုက်လေသည်။

` ခင်ဗျား စဉ်းစားပါဗျာ။ ဘဝတူအမျိုးသမီးတွေ က သွေးသားကို ရင်းပြီး ရှာဖွေရတဲ့ အကျိုးစီးပွားကို မတရားခေါင်းပုံဖြတ်နေတဲ့ မိန်းမကြီး၊ ဘဝတူမိန်းမသားချင်း ဘယ်လောက်စာနာမှု ကင်းသလဲ။ ဒါကို ခင်ဗျားမေ့ထားလိုက်နိုင်သလား။ ကျွန်တော် တော့ ဒီအချက်နဲ့ ပဲ ခွင့်မလွှတ်နိုင်ဘူး ´

ဟော ... ပြောရင်းဆိုရင်း ရှင်

သိပ်စကားပြော လောကြီးတာပဲကိုခင်ဇော်ဦးရယ် ။

တကယ်ခက်ပါ လား။

ဆွေးနွေးပွဲသည် အတိုက်အခံ ဖြစ်လာရာက

တစ်စတစ်စ အခြေအနေ တင်းမာလာ၏ ။

ကိုခင်ဇော်ဦးက ခေါင်းမာသည်။ သူ့ယုံကြည်ချက်ကို

မလျှော့။ အမှန်ကိုပင် ပညာပေးစည်းရုံးဖို့ ကြိုး

စားနေလေသည်။

အမွန်ကလည်း သူ့ယုံကြည်မှု ကို

တစ်ထပ်မလျှော့နိုင်။ သူ့ယုံကြည်မှု အတွက်

သူ့အယူအဆနှင့် သူ ခိုင်လုံနေလေသည်။

ကိုခင်ဇော်ဦးကို အတက်နိုင်ဆုံး ညှိနှိုင်းဖို့ ကြိုး

စားနေသည်။ အမှန်တော့ နှစ် ယောက် စလုံးမှာ

တစ်နေရာစီက ပြိုင်၍ ဆွဲလာသော မျဉ်းပြိုင်ဖြောင့်နှစ်

ကြောင်းလို ဖြစ်နေ၏ ။ ဆုံစည်း မိဖို့မလွယ်။

ဘယ်နေရာရောက်ရောက် တစ်ဦးနှစ် တစ်ဦး ပခုံးချင်းယှဉ်လျက်သား ဖြစ်နေလေသည်။ ကိုခင်ဇော်ဦးက ဆေးလိပ်ကိုသာ မီးခိုးထောင်းထောင်း ထအောင်မဲ၍ ဖွာနေသည်။

`မိန်းမတွေ ဟာ စာနည်းနည်း တက်လာရင် အပေါင်းရအသင်းရကျပ်လာတာပဲ။

ကိုခင်ဇော်ဦး ကတော့ အမွှန်ရလာသည့် ဥပဒေဘွဲ့ကို အပြစ်ရှာချင်နေလေသည်။ သည်မိန်းကလေးသာ တက္ကသိုလ်ဥပဒေဘွဲ့တွေ ဘာတွေ မရခဲ့ဘဲ သာမန်လုပ်သားပြည်သူထဲက ဝါသနာ ယုံကြည်ချက်နဲ့ အရွေးချယ်ခံလာရတဲ့ ပြည်သူ့ကိုယ်စားလှယ် တစ်ယောက် ဖြစ်လာမယ်ဆိုရင် ဘယ့်လောက် ကောင်းလေမလဲ။ အမွှန်၏ ရိုးစင်းပွင့်လင်းမှု၊ ထက်မြက်ခိုင်ကျည်မှု တို့ကို သူ သံယောဇဉ်ရစ်တွယ်မိနေပြီဆိုတာ သူ့ဘာသာ

နားလည်နေသည်။ ဘွဲ့ရဥပဒေဝန်ထမ်းမဟုတ်ဘဲ

ပြည်သူ့တရားစီရင်အဖွဲ့ဝင် တစ်ယောက် နေရာမှာ

သာ ရှိမည် ဆိုလျှင် အမွန့်ကို သူသည့်ထက်အားမရနိုင်

မည် ထင်သည်။ အမွန့် အတွေ းအခေါ်တွေ လည်း

တစ်မျိုးတစ်ဖုံပြောင်းလဲလာကောင်းလာမည် ။ ပြီးတော့

သူနှင့် သဘောထားခဲ့ယူ ချက်ချင်း

တစ်ထပ်တည်းမကျအောင်

တစ်လမ်းတည်းအတူသွား၍ ဖြစ်သည့်ထိ တော့

ညှိနိုင်မည် ထင်သည်။

ခုတော့ အမွန်ဆိုသည့် မိန်းကလေးကလည်း

ကျောင်းသင်ခန်းစာပို့ချချက်နှင့် သဘောတရားရေး

သင်တန်းတို့ကြားမှာ လူလားမြောက်စ ထောင့်ချ

းမကျတကျ ဖြစ်နေသေး၏ ။ ပညာတက်အရှိန်နှင့်

ကိုယ့်ကိုကိုယ်သာယုံတက်သော အတ္တစွဲ

ထက်သန်ဆဲပါတကား။ တွေ းရင်းတွေ းရင်း

ကိုခင်ဇော်ဦးက လိပ်ပြာငယ်ချင်လာလေသည်။

ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ပြန်တော့ အမွန့်လို မိန်းကလေး တစ်ယောက် အထင်ကြီးစရာ ဘာတစ်ခုရှိမည် လဲ။ နေတော့စားတော့ ဘုံရိပ်သာ။ ပညာကလည်း ဆုံးခန်းမတိုင်ခဲ့။ စတီရီယိုအဆိုတော် တစ်ဦး အတ္တုပ္ပတ္တိရေး သလို `မြန်မာလိုနည်းနည်း ရေး တက်ဖက်တက်တယ်။ အင်္ဂလိပ်လို နည်းနည်း ရေး တက်ဖတ်တက်သည်။ အင်္ဂလိပ် နည်းနည်း ရေး တက်ဖတ်တက်တယ်။ ဂဏန်းသည် နည်းနည်း တွက်တက်တယ် ´ လို့ပင် ပြောရပေမည်။

ဆယ်တန်းအောင်ပြီးကတည်းက ကိုယ့်ဘဝ ကိုယ့်ရုန်းခဲ့ရသည်။ တက္ကသိုလ်မြေမှာ ခြေမချဖူး။ သို့ သော် ဝါသနာ ယုံကြည်ချက်ဖြင့် အင်္ဂလိပ်-

မြန်မာစာပေကို လောဘတကြီး

လေ့လာလိုက်စားရင်းနိုင်ငံ ရေး

နှင့်ဘောဂဗေဒကျမ်းကြီးများ ကို အခက်အခဲမရှိ လေ့လာနိုင်လာသည့်အ ဖြစ်ကိုတော့ ကိုယ့်ကိုယ်ကိုယ် အားရနေလေသည်။ မိမိအတွေ့ အကြုံ၊ အတွေ :အမြင်များ က ကျောင်းသင်ခန်းစာနှင့် တော့ မနှိုင်းယှဉ်သာပြီ။

`ဟား ... ဟား ... အမွန့်လို မိန်းကလေး တစ်ယောက် ကိုတော့ အသာကလေး ဦးဆောင်မှု ပေးနိုင် ပါရဲ့ ။

ကိုခင်ဇော်ဦးသည် အတွေ :ထဲမှာ ပင် ပြန်လည်အားတက်လာ၏ ။ ဒေါ်သ၊မာနတို့ ပြေလျော့သော မျက်နှာကြည်ကြည်ဖြင့် အမွန့်ကို ပြုံး ၍ စိုက်ကြည့်လိုက်လေသည်။

`ဟိုကိစ္စ ကတော့ ဘယ်နှယ်လဲ မမွန်။ ခင်မျှားရဲ့ ကြွေက ဘာပြောသလဲ ´

အမွန်သည် ခပ်တွေ တွေ ငေးစိုက်နေရာမှ ဖျိုးဖျိုးဖျတ်ဖျတ်အမူအရာဖြင့် ကိုခင်ဇော်ဦးကို မော့ကြည့်လိုက်သည်။ ပြီးနောက် မျက်တောင်ကော့များ စင်းကျသွားသည့်အထိ မျက်လွှာချပစ်လိုက်ကာ ပင့်သက်ကို ခပ်မှျဉ်းမှျဉ်းကလေး ရှိုက်နေလေသည်။

`ကြွေကိုတော့ စည်းရုံးလို့ကို မရတော့ပါဘူး ကိုခင်ဇော်ဦးရယ်။ သူ့အပြစ်နဲ့သူ ရှိပါစေတဲ့။ ဒီလိုပဲ နေမြဲနေပါရစေတဲ့။ နဂိုက အမွန်သူ့အပြစ်နဲ့သူ ရှိပါစေတဲ့။ ဒီလိုပဲ နေမြဲနေပါရစေတဲ့။ နဂိုက အမွန်မျှော်လင့်ထားသမျှတွေ ဟာ ကြွေနဲ့ တွေ့လိုက်ရတော့ အားလုံး ဆန့်ကျင်ဘက်ချည်း ဖြစ်ကုန်တာပဲ။

`ဘာလဲ။ သူက ဟိုဘဝမှာ ပျော်နေပြီတဲ့လား။

`ဟင့်အင်း ... ပျော်လို့တော့လည်း

မဟုတ်ဘူးရှင့်။ အကြောင်းကြောင်းတွေ ပေါ့လေ။ ဒီလောကမှာ ကျွန်မတို့ မသိတာတွေ ၊ မထင်တာတွေ လည်း အများကြီး ရှိနေတာကိုး။ ပြီးတော့ ...'

အမွန်က စကားဖြတ်ကာ အပြုံး ယဲ့ယဲ့ဖြင့် ကိုခင်ဇော်ဦးကို မော့ကြည့်လိုက်သည်။

'ပြီးတော့ ရှင်က အန္တရာယ်ကို မြင်ထားတဲ့ ရွှေနဂါးကို ကြွေကလေး သူတော် ကောင်းမကြီးတဲ့ရှင့်

'ဟာ ... မဟုတ်တာဗျာ '

# အခန်း (၁၀)

`အို ... မဟုတ်တာရှင့်´

အမွှန်က ကုလားထိုင်နောက်သို့ ကိုယ်ကို ယို့ပစ်လိုက်တာ ခါးခါးသီးသီး ငြင်းနေ၏ ။ ရှေ့စားပွဲပေါ်တွင် ဖွင့်လျက်ချထားသော နှစ်လက်မပတ်လည်စက္ကူကတ်ဘူးကလေးထဲမှ စိန်နားကပ်ရောင် နှင့် အပြိုင် အမွှန်မျက်လုံးများ မီးဝင်းဝင်းတောက်နေသည်။

`လက်ခံပါ´ အမွှန်ရယ်။ အန်တီမေက ကျေးဇူးတင်လွန်းလို့ အမွှန့်ကို ဘယ်လိုကျေးဇူးဆပ်ရမှန်း မသိလောက်အောင် ဖြစ်နေတာပါ။ အမွှန်ငြင်းမှာ စိုးလို့ ကြွေ့ကို တမင် တာဝန်ပေးလိုက် တာပါကွယ်´

`ဟုတ်ပါတယ်ခင်ဗျာ။ ဒါ စေတနာသန့်သန့်နဲ့ ကျေးဇူးဆပ်တာပါ။ ဆရာမ

လေးရဲ့ ကျေးရူးကို တန်ဖိုးဖြတ်ပြီး လာဘ်ထိုးတာမျိုး မဟုတ်ပါဘူးလို့လည်း အန်တီက တရရမှာ လိုက်ပါတယ်။ လက်ခံပါဗျာ´

ကြွေနှင့် အတူပါလာသူ `ကေလုဝင်း´ ဆိုသူက အလည်အမွှတ်။ တော် ရုံလူ ညိတ်ခနဲ့ ညွှတ်လောက်အောင် စကားကိုလှလှပပ တန်ဆာဆင်၍ ပြောတက်နိုင်လွန်းသည်။ အမွှန်က နှစ်ယောက် စလုံးကို စူးစူးရဲရဲ စိန်းစိန်းစိုက်စိုက် ကြည့်ပစ်လိုက်မိလေသည်။

`နေကြပါဦးလေ။ ဘာ ဖြစ်လို့များ မရှိဖူးတဲ့ ကျေးရူးတွေ ကို ဗွတ်တရွတ်လာဆပ်နေကြပါလိမ့်။ ရှင်တို့အန်တီမေကို ကျွန်မကလည်း ဘာကျေးရူးမှ မပြု ခဲ့ရ။

`အို … အို … ဒီလိုတော့

မပြောလိုက်ပါနဲ့ခင်ဗျာ။ ဆရာမ လေးအနေနဲ့ အာမခံကိစ္စမှာ လုံးဝ ဝင်မကန့်ကွက်ဘဲ ချောချောမောမော ဖြစ်အောင် လုပ်ပေးလိုက် တာကို က ဆပ်မကုန်နိုင်လောက်တဲ့ ကျေးဇူးတရားတွေ ပါ´

`ဟုတ်ပါတယ် အမွှန်ရယ်။ ကြွေလည်း ပြောဖူးပါတယ်။ အန်တီမေသော တစ်ခုခု ဖြစ်သွားရင် ကြွေ တို့ဘဝတွေ လည်း အားကိုးစရာလျော့ပါပြီဆိုတာ။ ခုလို ...

`တော် ... တော် တော့ ကြွေ´...

အမွှန်က ကြွေစကားတစ်ဝက်တစ်ပျက်တွင် အတင်းဝင်ဖြတ်ပစ်လိုက်ကာ ကရုဏာဒေါသမာန်ဖြင့် ခပ်ထန်ထန်ကလေးငေါ်လိုက်သည်။

`ဒီကိစ္စ ကြွေ ဝင်မပါနဲ့။ ဒါတွေ ကို ကြွေ နားမလည်ဘဲကြားက ဝင်ပြီး တန်ဆာခံမလုပ်နဲ့

သိလား။

ကေလှဝင်း၏ မျက်နှာချိုသွေးဟန်ကို မြင်ရသော် အမွန်ပို၍ ဒေါသထွက်လာ၏ ။ ကေလှဝင်းတဲ့။ ဘာလဲ။ ကက်နက် (သ်) လှဝင်းတဲ့လား။ ဘာပဲ ဖြစ် ဖြစ် အမွန် ဂရုမစိုက်တော့ချေ။

`ဒီမှာ ဦးလှဝင်း။ ရှင့်တို့ပစ္စည်းကို ခု ချက်ချင်း ပြန်ယူ သွားပါရှင်ပြောပြပါ။ ရှင်တို့ရဲ့ အန်တီမေကို လာဘ်ထိုးတာ ဖြစ် ဖြစ်၊ မေတ္တာလက်ဆောင်ပေးတယ်ပဲဆိုဆို ဒါမျိုးတွေ ကို ကျွန်မဘယ်နည်းနဲ့ မှ လက်မခံပါဘူးလို့။ ပြီးတော့ အာမခံကိစ္စမှာ ဝင်မကန့်ကွက်တာကလည်း တရားဥပဒေလမ်းကြောင်းပေါ်က သာမန်လုပ်ရိုးလုပ်စဉ်တစ်ခုပါလို့။ ဒေါ်တင်မေအတွက်ရယ်လို့ သီးခြားကျေးဇူးပြု လိုက်တာ မဟုတ်ဘူးဆိုတာ

နားလည်အောင်ပြောပြလိုက်ပါရှင်။ ဟုတ်လား ... ကဲ....

ကြွေလည်း ပြန်ပါ။ ပြန်ယူသွားစမ်းပါတော့ကွယ်။ အဲဒီ

ဥစ္စာကြီးကို မြန်မြန်`

ကြွေက ကယောင်ကတမ်းနှင့်

စိန်နားကပ်ဘူးကို လှမ်း၍ ဆွဲယူလိုက်သည်။

ကေလှဝင်းကမူ သိပ်ပြီး မျက်နှာမပျက်လှ။ ထပြန်ခါနီး

မှပင်တစ်ခွန်းပြော ဖြစ်အောင် ပြောသွားလိုက်သေး၏ ။

`သိပ်ဝမ်းနည်းတာပါပဲခင်ဗျာ။ ခုလို

စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်မိတာကို။

အန်တီမေ သိရရင်လည်း တော် တော် စိတ်ထိခိုက်မှာ

ပါ။ ဒီလို လုပ်ပါ။ ဆရာမ လေး လိုအပ်တဲ့အကူအညီများ

ရှိရင် အချိန်မရွေးပြောပါ။ ခိုင်းပါနော် ´

`မလိုပါဘူးရှင်။ မလိုပါဘူး ´

အမွှန်က အပြတ်ပြောလိုက်ကာ သူတို့

အိမ်ပြင်မရောက်မီ အိမ်ထဲသို့ သုတ်ခနဲ့ ထဝင်လာခဲ့သည်။ ရင်ထဲမှာ ရက်ဒေါသဖြင့် ဗလောင်ဆူနေ၏ ။ နားကပ်လည်း မရှိ။ နားပေါက်လည်း လုံးဝမရှိတော့သော မိမိနားရွက်ဖျားနှစ် ဖက်ကို အမှတ်မထင် လက်ဖြင့် စမ်းကြည့်လိုက်မိသည်။

တော် တော် လာတဲ့ အဘွားကြီး။

အဖိုးတန်စိန်နားကပ်ကိုမှ ပေးတက်ပေလေသည်။ မက်မောလောက်စရာမို့ ရက်ရက်ရောရော ပေးဝံ့သည်ထင်၏ ။ ပြီးတော့ အမွန့်မှာ နားကပ် လုံးဝမရှိသည်ကိုလည်း အားနည်းချက်သဖွယ် ဆုပ်ဖမ်းကြည့်လိုက်ဟန် တူသည်။

ရန်ကုန်သို့ ရောက်လာစနှစ် ။

မွေးကတည်းက အမေဆင်ထားသော သုံးပွင့်ဆိုင်ပုလဲနားကပ် ကလေးကို အမေ့ထံ

ပြန်ပို့လိုက်သည့်အချိန်ကစ၍ မိမိနားမှာ နားကပ်မရှိတော့သည့် အ ဖြစ်ကို အလျှင်းသတိမရခဲ့။ နားပေါက်များ သည်ပင်လျှင် အသားနုတက်၍ ပိတ်ကုန်ကြလေပြီ။

ကိုယ်ဘာသာကိုယ် လုံးဝအရေး မစိုက်ခဲ့သော ကိစ္စတစ်ရပ်ကို အရေး တယူ ဂရုပြု မိသူတွေ လည်း ရှိနေတက်ပါသလား။ အမွှန်က နှုတ်ခမ်းထောင့်စွန်းကလေးများ ကော့ပျံတက်သွားအောင် ပြုံး လိုက် မိသည်။

သည်ကိစ္စကို ရင်ထဲမှာ တနုံ့နုံ့တွေ းရင်း မခံချိမခံသာ ဖြစ်လှသည်။ ဖြောင့်မတ်စင်ကြယ်သော ကိုယ်ကျင့်သိက္ခာကို အလွယ်တကူ ထိပါးတို့ကစားချင်သူတွေ ဘယ်လောက်များများ ရှိနေသည်မသိ။ အမွှန်ငယ်သေးသည်။ အမွှန် မစုံမက်သော ကျောက်ခဲသလဲများ တွင်

ကျယ်နေသည်ကို နားမလည်။

အမွန်က နာယကကြီး၏ မျက်နှာကို ပြေး၍ မြင်ယောင်သည်။ ပြီးတော့ ခုနေ ကိုခင်ဇော်ဦး တစ်ယောက် အနားမှာ ရှိလျှင် ကောင်းမည် ။ ရင်ထဲက အစိုင်အခဲတွေ ကို ဖွင့်အန်ပစ်လိုက်ချင်သည်။ သို့သော ခုလိုညနေပိုင်းမျိုးမှာ ကိုခင်ဇော်ဦးကို အလွယ်တကူရှာတွေ့ဖို့မလွယ်။ မြို့လုံးပတ်လည် ခြေစကြာဖြန့်နေမည့် လူစား။

အမွန်သည် စိတ်နှလုံးကို တုံးတုံးချလိုက်တာ နာယကကြီးနှင့် ချက်ချင်း သွားတွေ့ရန် ပြင်သည်။ ဖွင့်၍ မှ မပြောလိုက်ရလျှင် သည်ညအဖို့အိမ်၍ ပျော်နိုင်တော့မည် မထင်။

မရောက်ဖူးသော ရပ်ကွက် ဖြစ်ရသည့်အထဲ နှုတ်ကလည်း ခပ်လေးလေး။ တောရုံနှင့်

မေးမြန်းစပ်စုရမည် ကို အားနားလှသည်မို့
နယကကြီး၏ အိမ်ကို အတော် ကြီးကို
ရှာလာခဲ့ရလေသည်။ လမ်းသွယ်တစ်ခုမှဖြာ၍
ခွဲဆင်းသွားသော လမ်းမြွှားလမ်းကျဉ်းကလေးမို့ တော်
တော် နှင့် မတွေ့နိုင်။ တွေ့မည့် တွေ့တော့လည်း
သည်လမ်းမြွှာကလေးထဲက
နာယကကြီးအိမ်ဆိုသည်မှာ မယုံကြည်နိုင်
လောက်အောင်ပါတည်း။

ခနိမိုး၊ ထရံကာ၊ အပေါက်အဖာကျုုးတိုးကျဲတဲနှင့် သုံးပင်နှစ် ခန်းတွဲ
မြေစိုက်တဲကလေးသာသာမျှ၊ အိမ်ဆိုမှ အိမ်လို့
ခေါ်နိုင်ရုံရှိလေသည်။

အိမ်ဝမှာ ကတည်းက မီးခိုးက အူသည်။
မီးခိုးမှိုင်းများ ဖြင့် မှောင်ပိန်းနေသော အိမ်တွင်းကို
ဘယ်လိုကြည့်ကြည့် သဲသဲကွဲကွဲမမြင်ရ။ ခဏကြာမှ

အိမ်ပေါက်ဝ ဖိနပ်ချွတ်ကပြင်မှာ လွှစာမီးဖိုနှစ် လုံးချ၍ ကြက်ဥခေါက်မုန့်လုပ်နေသူတစ်ဦးကို မီးခိုးများ ကြားက ရှာ၍ တွေ့တော့သည်။

`မမကြည်ရေ ...

အမွှန်ကပင် စတင်အသံပြုလိုက်ရ၏ ။ သူ့အလုပ်နှင့် သူ ဇျာများ နေသော နာယကကြီးဇနီးက မီးခိုးအူနေသော မီးဖိုနှစ် လုံးကို မီးပြောင်းဖြင့်ကုန်းမှုတ်ရင်း မျက်လွှာပင့်၍ ကြည့်လိုက်သည်။ လွှစာများ ကို မီးစွဲ၍ မီးတောက်အရှိန်ရလာမှ မီးဖိုတစ်ဝိုက်တွင် မီးခိုးများ တစ်စတစ်စ ရှဲသွားလေသည်။

`ဟင် ... မမွှန်ပါလား။ ကြည့်ပါဦးတော။ မီးဖိုကလည်း ဒုက္ခပေးလိုက် တာမှ လွန်ရော။ မီးခိုးတလုံးလုံးနဲ့မို့ ရုတ်တရက် လူလုံးတောင်မကွဲတော့ဘူး။ လာ လာ ... အိမ်ပေါ်တက်။ တက်ပါ ညီမရဲ့ ။

နာယကကြီးဇနီးသည် တရွှဲရွှဲကျနေသော မျက်ရည်တို့ကို လက်ဖမိုးဖြင့် ကတိုက်ကရိုက်သုတ်ရင်း ခနော်ခနဲ့ အိမ်ကလေးပေါ်တွင် ဝုန်းဝုန်းဒိုင်းဒိုင်း အလုပ်များ သွား၏ ။ ဘုရားစင်အောက်တွင် လိပ်ထောင် ထားသော သင်ဖြူး တစ်လိပ်ကို ဆွဲ၍ ခင်းလိုက်ပြီး လက်ထဲမှ အသင့်ကိုင်ထားသော လက်နှီးစုတ်ဖြင့် တ ဖုတ်ဖုတ် ပုတ်ခါရသေးသည်။

`လာပါ မမွန်ရေ။ ဒီမှာ ထိုင်ပါဦး

ပြောပြောဆိုဆို မီးဖိုဆီသို့ ပြန်ပြေးကာ ခေါက်မုန့်ဒယ်အိုးများ ကို ဟိုဘက်သည်ဘက် လှန်ပေး နေ၏ ။ အမွန်သည် ဖိနပ်ကို လှေကားရင်းတွင် ချွတ်ရနိုးနိုး၊ ကျပ်ခိုးစွဲ၍ အစိုပြန်နေသော သဲတရှပ်ရှပ် ဖိနပ်ချွတ်အထိစီးတက်ရကောင်းနိုးနိုးနှင့် ကြောင်တောင်တောင်ယောင်အအ ဖြစ်နေသေး၏ ။ နောက်မှ လှေကားထိပ်တွင် ချွတ်ပစ်ခဲ့ကာ မီးဖိုနားမှာ

ပင် ဝင်၍ ထိုင်လိုက်သည်။

`နာယကကြီး မရှိဘူးလား မမကြည် ´

`စောစောကပဲ ကောင်စီဥက္ကဋ္ဌဆီကို သွားတယ် မမွန်ရဲ့။ အမယ်လေး ... ကိုအေးဖေတို့ပ အာဖြစ် များ တော့ ပြောပဲမပြောချင်တော့ပါဘူးကွယ်။ နေရင်းထိုင်ရင်း ပြဿ နာအိမ်ပေါ်တက်လာလို့။ မမကြည်တို့ ဒုက္ခတွေ ရောက်ကြတော့မလို့သိလား။ ကံကြီးပေလို့ ကိုအေးဖေလည်း မခံမရပ်နိုင် ဖြစ်ပြီး ပါတီဥက္ကဋ္ဌဆီ တန်းပြေးတော့တာပဲ။ ဩော် ... ကဲ ... မမွန်လည်း အားနာစရာကောင်း ဖြစ်နေပြီ။ ဖျာပေါ်လည်း မထိုင်ဘူးကွယ်´

`ရပါတယ် မမကြည်ရဲ့။ ဒီမှာ ပဲ ထိုင်ပါ့မယ်။ ကဲ ... ပြောပဲပြောစမ်းပါဦး။ ဘာပြဿ နာတွေ တက်လာလို့လဲဆိုတာ ´

အမွန်က မီးဖိုနားရှိ သစ်သားတုံးတစ်တုံးကို ဆွဲယူလိုက်ပြီး အကျအန ပိပိပြားပြား ထိုင်ချလိုက်လေသည်။

`အေးကွယ်။ ဖင်ထိုင်ခုံလည်း ကလေးတွေ ဘယ်ယူဆော့ကုန်မှန်းကို မသိတော့ဘူး။ အားနာစရာ ´

`မလိုပါဘူး မမကြည်ရယ်။ တခြားလူတွေ မှ မဟုတ်ဘဲဟာ။ အမွန်လာလို့ အလုပ်တော့ မပျက်စေနဲ့။ ပြောစရာရှိတာသာ ပြောပါ။

မမကြည်၏ လက်ကလည်း တစ်ချက်ကလေးမှ အငြိမ်မနေ၍ မရပေ။ ကျက်စပြုလာသည့်မုန့်များ ကို သံယောက် မနှစ် ချောင်းဖြင့် ဘြိုက်ပုံ ဖြစ်အောင် ခေါက်ချိုးညီညီ လေးခေါက်ခေါက်ရသည်။ ပြီးမှ အသား ကျအောင် ဟိုဘက်သည်ဘက်လှန်၍ အနီးရှိ

ကြွေသုတ်လင်ဗန်းထဲသို့ ကော်ထည့်လိုက်သည်။

တစ်ဆက်တည်းပင် အသုံးပြုပြီးသော ဒယ်အိုးကင်းကို ဆီဝတ်ဖြင့် ပွတ်တိုက်ပြီး မုန့်ရည်အသစ် ထည့်ရသည်။ ပြီးမှ အဖုံးကို ပြန်ချ၍ သည် ဘက်တစ်အိုးကို ဆက်ကိုင်ရပြန်သည်။ မီးဖိုကို မီးညီ၊ မညီငုံ့ကြည့်ကာ စိတ်ချရပြီဆိုမှ အမွှန့်ဘက်သို့ လှည့်ကြည်အားတော့၏ ။

`ဒီလို မမွှန်ရေ။ နေ့လယ်ပိုင်း ရုံးဆင်းလို့ ထမင်းစားပြီးရုံရှိသေး။ လက်တောင် မသွေ့သေးဘူး။ အိမ်ကို လူနှစ် ယောက် ရောက်လာတယ်။ ခု ... ကိုအေးဖေတို့ကိုင်နေတဲ့ ဟိုအမှု ကလေ။ ရွှေနဂါးဆိုတာ..

`ဟောတော့ ... ဒီကိုလည်း လာတယ် ´

အမွှန်က မျက်လုံးပြူး မျက်ဆန်ပြူး နှင့်

တအံ့တသြ ဖြတ်မေးလိုက်မိတယ်။

`အင်းလေ ... အဲဒီ က

လွှတ်လိုက်တာတဲ့ကွယ်။ အထည်စတွေ ထင်ပါရဲ့။ အထုပ်ကြီးတစ်ထုပ်နဲ့ ဖောင်တိန်တစ်ချောင်းလည်း တွေ့လိုက်ပါရဲ့။ ကျေးဇူးဆပ်ချင်လို့ပါဆိုပြီး အတင်းပဲ ရှေ့ချကန်တော့ တော့တာပါပဲ။ ပြီးတော့ နာယကကြီးအိမ်ကလည်း ပြင်ဖို့ကောင်းနေပါပြီတဲ့။ အဲဒါတာဝန်ယူပြီး ပြင်ပေးည ပါရစေဆိုလား မမကြည်ဖြင့် မှတ်တောင်မမှတ်မိတော့ပါဘူးကွယ်။ ပြောလိုက်တာတွေ လည်းရှွန်းရှွန်းဝေလို့၊ ကိုအေးဖေတောင် ရုတ်တရက် ဘာမှပြန်မပြောနိုင်သေးဘဲ အံ့အားကြီးသင့်နေသေး တယ်။ နောက်မှ သူလည်းဒေါသထွက်ထွက်နဲ့ပ တအားကိုပိတ်ပြောပစ်လိုက်တာ ဘာရစရာရှိမလဲ။ ဟိုလူနှစ် ယောက် လည်း မျက်နှာအပျက်ပျက်နဲ့ကို

ပြန်ပြေးရရော။ မှတ်ထား´

`မှတ်ထား ´ ဆိုသည့်စကားကို မမကြည်က သူကိုယ်တိုင်နှံ့လွှတ်ရသလို ပယ်ပယ်နယ်နယ်ကြီး ပြောချလိုက်လေသည်။

`ဟုတ်တယ် .... ဘယ့်နှယ်ကွယ်။ လူတစ်ယောက် ရဲ့ ကိုင်ကျင့်သိက္ခာကို နည်းနည်းကလေးမှ မစုံစမ်းမမေးမြန်းဘဲ လာစော်ကားရတယ်လို့။ ကိုအေးဖေ ပြောလွှတ်လိုက်ဦးမှ။ ခုတော့ အပြတ်ပဲ။ ခုလည်း သိသင့်သိထိုက်သူတွေ ကို အသိပေးမယ်။ နောက်တစ်ခါဆိုရင် လာဘ်ပေးမှု နဲ့ အရေး ကို ယူပစ်မယ်လို့ ပြောလွှတ်လိုက်တယ်။ တော် တော် အတင့်ရဲတဲ့ လူတွေ တော့်။ ကိုအေးဖေအကြောင်း တစ်မြို့ နယ်လုံးက သိပါတယ်။ သူတို့မို့ မစုံစမ်းမမေးမြန်းဘဲ လာမှလာရဲပလေ ´

မမကြည်က ဒေါ်နှင့် မောနှင့် ပြောရင်း ခေါက်မုန့်ဒယ်များ ကို လက်ကိုင်ရိုးမှ ကိုင်၍ ငွပ်ခနဲ့ ငွပ်ခနဲ့ ပြောင်းပြန်လှန်ချလိုက်သည်။ မမကြည်၏ ဟန်ပန်မူရာကို နားထောင်ရင်း `တော် ဝင်မိန်းမဆိုတာ ဒါမျိုးထင်ရဲ့´ လို့ အမွန်က စိတ်ချလက်ချတွေးနေလေသည်။ မမကြည်မှာ နာယကကြီးအဖို့ ပါရမီဖြည့် ဖက် ဇနီးကောင်း ဇနီးမြတ်တည်း။

တရားရုံးသို့ တစ်ခါတစ်ရံ လာဖူး၍ အမွန်နှင့် ခင်မင်ရင်းနှီးနေသည်မှာ ကြာပြီ။ မျက်နှာအဆီပြန် ပြန်နှင့် အဝတ်အစား သပ်ရပ်သည်ဆိုရုံမျှဝတ်ကာ နာယကကြီးအတွက် ထမင်းဘူးကို သူကိုယ်တိုင် တစ်ခါတစ်ရံလာပို့တက်သည်။

`နံနက်က ခေါက်မုန့်အော်ဒါတွေ ကျနေတာနဲ့ပဲ ကိုအေးဖေကို ထမင်းမကျွေးလိုက်နိုင်ဘူး

မမွန်ရေ။ ခုနေ့ခင်းမှ မုန့်ကြိတ်လည်း
ထွက်ရင်းထမင်းလာပို့ရတယ် ´

ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းပင်
ပြောတက်ဆိုတက်လေရာ မမကြည်ကို အမွန်
တစ်ခဏအတွင်း ရင်းနှီးမိလေသည်။ သို့သော်
အိမ်သို့ တစ်ခါတစ်ရံမျှမရောက်ခဲ့ဖူးသည်မို့
နာယကကြီးတို့ စီးပွားရေး အခြေအနေ၊ လူမှု
အဆင့်အတန်းတို့ကို အမွန် မရိပ်စားမိခဲ့။

ခုမှပင် မယုံကြည်နိုင်လောက်အောင်
ဆိုးရွားသော နာယကကြီးတို့မိသားစုအခြေအနေကိုပင်
တအံ့တသြတွေ့ရတော့သည်။ ခုမှပင် နာယကကြီး၏
ကျော်ကြားလှသော ကိုယ်ကျင့်သိက္ခာတရားနှင့်
ပတ်သက်၍ ပိုပြီးလေးစားမိတော့သည်။

မမကြည် ယုံသလိုပင် နာယကကြီး၏

အကြောင်းကို တစ်မြို့နယ်လုံးအသိ။ သမာသမတ်ရှိသည်။ ဖြောင့်မတ်တည်ကြည်သည့် စသည့်ဂုဏ်ပုဒ်များ သာမက တံစိုးလက်ဆောင်ကင်းရှင်းသူ၊ ကိုယ်ကျိုးကို လုံးဝစွန့်ပယ်သူ၊ အခွင့်အရေး ကို လုံးဝမမျှော်ကိုးသူ စသော ဝိသေသများ လည်း အထင်ရှား၊ အများ မျက်မြင်။

ရိုးသားသည့်နေရာတွင် လည်း နှစ် ယောက် မရှိ။ သမဝါယမခွဲတမ်းက မဲပေါက်သော တန်ဖိုးကြီးပစ္စည်း အချို့ဆိုလျှင် `မဝယ်နိုင်၊ မသုံးနိုင်ဆိုကာ ဆိုင်သို့ပြန်အပ်စမြဲ။ ဆိုင်ရှေ့လက်တစ် ကမ်းအကွာတွင် အသင့်ရှိနေသော မှော င်ခိုကောက်သူထံ ရိပ်ခနဲ့လက်ပြောင်းလက်တွဲ လုပ်ရုံမျှနှင့် အမြတ်အစွန်းရနိုင်သည့်ကိစ္စ။ ဒါကို ရှိသေစွာ ခွဲတမ်းပြန်အပ်သည်ဆိုတော့

ကြားကြားသမျှလူသူအပေါင်း က
လက်ဖျားဆတ်ဆတ်ခါ ကုန်သည်။

ပြီးတော့ မမကြည် ခေါက်မုန့်လုပ်သည်မှာ နှစ် နှင့် ချီ၍ ကြာလှပြီ။ နာယကကြီး ပြည်သူ့တရားသူကြီးအဖွဲ့ဝင်မ ဖြစ်မီ သတင်းစာတိုက်၊ စာပြင်ဆရာဘဝကတည်းက ခေါက်ပြန်ပေးကြွေးယူ စတင်ခဲ့သည့် ခေါက်မုန့်လုပ်ငန်း။ တံဆိပ်မပါသော ခေါက်မုန့်ဆိုလျှင် တစ်မြို့နယ်လုံးအသိ။

ဒါကို လုပ်ငန်းရှင်မှတ်ပုံတင်လိုက်လျှင် ဆားဆိုဒါကလေး၊ သကြားကလေး မ ဖြစ်စလောက်မှအစ ရေနံ့ဆီကို အမိကကုန်ကြမ်းအထိ ရနိုင်သည်။ ဘာပဲ ဖြစ် ဖြစ် ရေနံဆီဆိုသည်က ရှားပါးကုန်ပစ္စည်း။ သမ ဝါယမဈေးနှုန်းနှင့် သာ ရမည် ဆိုလျှင် မလုံလောက်ဦးတော့၊ ခုသာခံသာရှိသည်။ စရိတ်ကျဉ်းသလောက် လူသက်သာသည်။

သို့သော် နာယကကြီးက သူ့တရားသူကြီးသက်တမ်းတစ်လျှောက်မှာ မမကြည် လုပ်ငန်းရှင် မှတ်ပုံတင် မလျှောက်ရဟု တစ်ချက်လွှတ်အမိန့်ချထားလေသည်။ သည်အခွင့်အရေး ကို ယူ၍ ဘယ်သူနှင့် မျှ အပေးအယူမလုပ်နိုင်ဟု ယတိပြတ်ဆိုသည်။ တရားသူကြီး ကုလားထိုင်ပေါ်မှ ဘယ်သူ့ကိုမျှ အောက်ကျိုးပြုံး ဖြင့် သမာဓိအပွန်းအပဲ့ခုကာ မဆက်ဆံပါရစေနှင့် ဟု ဆိုသည်။

`ရေနံဆီလောက်တော့ နားလည်မှု နဲ့ တစ်လ သုံးပုံးယူပါ ´ ဟု ရပ်ကွက်သမလူကြီးများ က စေတ နာထားသည်ကိုလည်း လက်မခံ။

`မလုပ်ပါနဲ့ဗျာ။ ဘဝတူလုပ်ငန်းရှင်တွေ မရဘဲ ကျုပ် တစ်ယောက် တည်း ကွက်ယူရင် ဘယ်တရားပါ့မလဲ ´

လင်ယောက်ျား၏ အယူအဆမှန်သမျှကို
သစ္စာတရားဟု ယုံကြည်မြဲ။ သူဖြူလျှင် ဖြူ၍ သူမည်
းလျှင် မည် း မီးသွေးခဲ ထင်တက်မြဲ။ မမကြည်ကလည်း
တစ်ခွန်းတစ်ပါဒမျှ စောဒကမတက်ခဲ့။

ပြီးပြတ်သွားသော အမှု အတွက်
ကန်တော့သည် ပစ္စည်းဆိုလျှင် လည်း လုံးဝလက်မခံ။
တချို့ကလည်း နာယကကြီးအကြောင်း
သိထားကြသည်မို့ လူကိုယ်တိုင်မလာ။ ပစ္စည်းသာ
အိမ်ပေါ် အရောက် ပို့တက်ကြပြန်ရာ၊
ထိုထိုပစ္စည်းတို့မှာ တရားသူကြီးအဖွဲ့ မျက်မှော
က်မှတစ်ဆင့် ကာယကံရှင်ထံသို့
အရောက်ပြန်ရစမြဲတည်း။

သို့နှင့် ဤအကြောင်းရပ်တွေ မှာ
အံ့ဖွယ်သုတ ဖြစ်ခဲ့သည်မှာ ကြာပြီ။

ခုလို အမိုးအကာ ထရံကာကျိုးကျဲနှင့် တဲသာသာအိမ်ကလေးကို တွေ့လိုက်ရတော့ အမွန့်အဖို့ နာယကကြီးကို ပို၍ လေးစားစရာ ဖြစ်သွားတော့သည်။

ကြည့်။ ဘုရားစင်အောက်မှာ ဧည့်သည့်အတွက် တခုတ်တရ ခင်းပေးသည့် ဖျာကပင် စုတ်လှပြီ။ အနားပြေကာ အစတွေ ထိုးထိုးထောင်ထောင် ထွက်နေသည်။ တစ်အိမ်လုံး လှည့်ပတ်ကြည့်လိုက်လျှင် ဘုရားစင်အောက်တည့်တည့်က ဗေဒင်ဆရာစားပွဲပေါ် အစီအရီတင်ထားသော လမ်းစဉ်ပါတီထုတ်စာ အုပ်များ၊ တရားရေး ရာစာစောင်များ မှအပ သားသားနားနား ပစ္စည်းပရိဘောဂဟူ၍ မတွေ့ရသလောက် တည်း။

တစ်အိမ်လုံး ကြမ်းပြင်မှာ ကျပ်ခိုးစွဲ၍ အစိုပြန်နေသည်။ မြင်ရသမျှ အိမ်သုံးပစ္စည်း

ပန်းကန်ခွက် ယောက် များ မှာ လည်း ကျပ်ခိုးမှု

င်းစွဲနေကြလေသည်။ နေထွက်ကနေဝင်

ခေါက်မုန့်ဒယ်နားက မခွာရ သော အိမ်ရှင်မအနေနှင့်

လည်း သည်အိမ်ဂေဟာကို ဘယ်နည်းနဲ့မျှ

သပ်ရပ်သန့်ရှင်းအောင် သနေချိန်ရမည် မဟုတ်။

သားသမီးရှစ်ယောက် ၏ အသုံးအဆောင်များ ကလည်း

တစ်အိမ်လုံး မွစာကျဲနေသည်။

`အမေ့။ မုန့် ´

ကလေးသံကြောင့် အမွှန့် အတွေ းများ

ကပွားကလျား လွင့်ပြယ်သွားကာ လေ့ကားဆီသို့

လှည့်ကြည့်လိုက်မိသည်။

`ဩော် ... ပူစူးမ။ လာ ...လာ ယူလေ သမီး ´

သုံးနှစ် အရွယ်ကလေးမ ကလေး

တစ်ယောက် သည် အဆမတန်ကျယ်ပွသော

ဂါဝန်ကြီးဖားလျား နှင့် လေှကားမှ ဖိုသီဖတ်သီတက်လာ၏ ။

`ဩော် ... သမီးကလေးရယ်။ တစ်ကိုယ်လုံးလည်း ပေရေလို့။ မှန်း ... လာစမ်း ဒီနားကို။ နပ်တွေ သုတ်ရအောင်။ ဟဲ့ ... အမယ်လေးတော် ။ ကြည့်စမ်း ကြည့်စမ်း။ နှင့်အစ်ကို ဦးထုပ်ကို ယူထား လိုက်တာ ပစ်ရပါပြီဟယ်။ ဟိုက ပြန်လာရင် ဒေါ်သူ့ပုန်ထတော့မှာ ပဲ။ ငါ့နယ်နော်။ ပေးသမီး။ ညည်း လောက်စာလုံးတွေ ကို တခြားဟာနဲ့ ထည့်မှပေါ့။ ရော့ ...ဟောဒီစက္ကူအိတ်နဲ့ ထည့်။ ကဲ ... ရော့ရော့ မုန့်နှစ် ခု။ သွား ... ကောင်းကောင်း ကစား။ သိပ်ဝေးဝေး လျှောက်မလည်နဲ့ နော် ´

မမကြည့်သည် ပါးစပ်ကရော၊ လက်ပါ တရစပ်အလုပ်ရှုပ်သွားတော့၏ ။ ရွံ့စာလုံးမခြောက်တခြောက်တွေ ထည့်လာသည့်

ကြက်ခြေနီတံဆိပ်တပ် ရှေးဦးသူနာပြု ဦးထုပကိုတစ်ချက်နှစ် ချက်ပုတ်ခါပစ်လိုက်ပြီး မီးဖိုနားက ထရံတွင် လှမ်းချိတ်လိုက်သည်။

`တစ်နေ့တစ်နေ့ အဲဒီ လိုပဲ မမွန်ရေ။ ကလေးကိစ္စ၊ အိမ်ကိစ္စနဲ့။ တစ်ယောက် တည်း ရှုင်ခြေလည် နေတာပဲ။ ကိုအေးဖေကလည်း အလုပ်များ တဲ့လူ၊ တာဝန်ကြီးတဲ့လူဆိုတော့ အိမ်ထောင်ကိစ္စအတွက် ထပ်ပြီးဦးနှောက်မရှုပ်စေချင်တော့ဘူး။ မမကြည်ဘာသာပဲ ဖြစ်သလို စခန်းသွားနေရတာ ။ ညှိသည့်လာ ရင်လည်း ခုလိုပဲ။ စကားပြောရတာ ဟိုရောက်ဒီရောက်နဲ့ ´

`ဒီလိုပေါ့ မမကြည်ရယ်။ ကလေးများ တဲ့ အိမ်ဆိုတာ။ ဒါပေမဲ့လေ မမကြည်တို့ကို ဒါလောက် အလုပ်များ ကြလိမ့်မည် လို့ အမွန် မထင်မိဘူး။ ´

အမွန့် စကားသွားကို ရိပ်စားမိသော မမကြည်က အားပါးတရရယ်လိုက်လေသည်။

`ဟဲ ... အထင်ကြီးနေတာ မဟုတ်ဘူး အစက။ ခုမှ အမွန်တို့ နာယကကြီး ဘယ်လောက်ချမ်းသာတယ်ဆိုတာ လက်တွေ့သိလိုက်ရပြီ မဟုတ်လား။

မမကြည်က ပွင့်လင်းလွန်းတော့လည်း အမွန်မျက်နှာမထားတတ်အောင် အားနာသွားမိလေသည်။

`အမွန်က အိမ်မှမရောက်ဖူးတာကို။ မောင်ခင်ဇော်ဦးဆိုရင် အမွန်နဲ့ တစ်ရပ်ကွက်တည်း နေတာမဟုတ်လား။ သူတော့ ဒီမှာ စားအိမ်သောက်အိမ် ဖြစ်နေပြီးပေါ့။

စားအိမ်သောက်အိမ်ဆိုလို့ မမကြည့် ကြွားရာ တောင်

ကျသွားပြန်ပြီ။ သူ ဒီမှာ လာစားရရင် အကောင်းဆုံးက ပဲဟင်းတစ်ခွက်ပါကွယ်။ မမကြည်ရဲ့ အိမ်က ကန်စွန်းရွက်နဲ့ ငါးပိရည် အစဉ်အလာပါ။ အဲ ... မောင်ခင်မောင်ဦး ကတော့ ကလေးတွေ ကျောင်းစရိတ်၊ စာအုပ်ဖိုးကအစ လိုရင်လိုသလို ဝင်ဝသ်ထောက်နေတာ။ အားတောင်မနာ နိုင်တော့ပါဘူး မမွန်ရယ် ”

ဩော် ...

အမွန်သည် “ ဩော် ” တစ်လုံးမှတစ်ပါး စကားထောက်စရာရှာမတွေ့တော့ချေ၊ ရုံးမှာ ကိုခင်ဇော် ဦး တစ်ယောက် လက်ဖက်ရည်ကအစ ချွေတာနေတာကို ချက်ချင်း သတိရလိုက်သည်။ အဝတ်အစား ဘယ်တော့မှ တောက်တောက်ပြောင်ပြောင် မရှိသည် ကတော့ ရိုးနေပြီ။ သည်လိုလူက တောက်တောက်

ပြောက်ပြောက် မရှိသည့် ကတော့ ရှိနေပြီ။ သည့်လိုလူက တစ်နေရာမှာ ကုသိုလ်ကောင်းမှု တွေ တခုတ်တရပြုလျက်ပါတကား။

ကိုယ်ရေး ကိုယ်တာကို အချို့တဲ့ခဲ၍ တစ်ရံဆီ၏ သားသမီးများ ကို တက်အားသရွေ့ ထောက်ပံ့နေ သည်ဆိုတော့ အမွန်အံ့သြခြင်းမက အံ့သြမိသည်။ သြော် ... ကိုခင်ဇော်ဦးတဲ့။ တကယ့်လူ။

" ကိုခင်ဇော်ဦးနဲ့ မမကြည်တို့ ဒါလောက် ရင်းနှီးမှန်းတောင်အ မွှန် မသိဘူးရှင့် "

" ဒီက ကလေးတွေ ဆိုးတဲ့အကြောင်း တစ်ခါမှ ပြောမပြဘူးလား။ အမယ်လေး .. ဒီက ကလေးတွေ လား။ မောင်ခင်ဇော်ဦးများ ဖြင့် နိုင်မှနိုင်၊ သူတို့ တစ်ခုခုလိုချင်လာရင် အဖေ၊ အမေပြောလို့ သိပ်မလွယ်မှန်းသိတော့ မောင်ခင်ဇော်ဦးကိုချည်း

အရင်ဆုံး ပြေးပြေးအပူကပ်တာပဲ။ ကိုအေးဖေက
အင်မတန်ကြပ်မတ်နိုင်လွန်းလို့တော် တော့ရယ်။
အေးလေ .... မောင်ခင်ဇော်ဦးကလည်း လူတစ်မျိုး၊
အပွင့်လည်း မကားတက်ဘူး။ သူ့ဘာသာ
ကုပ်ကုပ်နေပြီး သူ့ထင်ရာစွတ်လုပ်တက်တဲ့
လူစားဆိုတာ လူတွေ့တိုင်း ပြောရတာ ။
မောင်ခင်ဇော်ဦးကျေးဇူးတွေ က မမကြည်တို့အပေါ်
မနည်းတော့ဘူး။ မမွန်ရဲ့ ”

မမကြည်က ဒယ်အိုးကင်းကို
ပြောင်သည်ထက်ပြောင်အောင် ဆီဝတ်ဖြင့်
အထပ်ထပ် သုတ်နေ လေသည်။

“ ကိုခင်ဇော်ဦး
စိတ်ကောင်းစေတနာကောင်းရှိတယ်ဆိုတာတော့
အမွန်လည်း သိပါတယ် ”

“ အိုး .. စိတ်ကောင်းရှိတာတော့ ပြောမနေနဲ့ မမွန်ရေ။ ကိုယ်ကျိုးစွန့်နိုင်တာ၊ ရပ်ကျိုးရွာကျိုးသယ်ပိုးချင်တာတွေ ့ ကတော့ ကိုအေးဖေနဲ့ နင်လားငါလားတော်.။ သူ တရားသူကြီးတာဝန်ကိုတော့ ဒီထက် လခနှစ် ပြန်သာတဲ့ ရှိရင်းအလုပ်ကိုစွန့်ပစ်ခဲ့တာ ကြည့်ပါလား။”

“ ဟုတ်လား။ ကိုခင်ဇော်ဦးက နဂိုက ဝန်ထမ်းလားဟင် ”

အမွန့်မျက်လုံးကလေးများ ဝိုင်းဝိုင်းလည်ကာ မျက်ခုံးများ မြင့်တက်သွားတော့၏ ။

“ အင်းလေ ... မမွန် မသိဘူးလား။ ဖွတ်ကော်မရှင်နာမှာ ဆိုလား။ မခေါ်တက်ပေါင်။ အဲဒါမှာ လုပ်တယ်လေ။ လခခြောက်ရာကျော်တယ်ထင်ပါရဲ့ ။ မနည်းဘူး မမွန်ရဲ့

”

“ဟုတ်လား ”။ ဒါတွေ အမှန်တော့
မသိပါဘူး မမကြည်ရယ်” သရွေ့တော့ မိခင်ဌာန
ရာထူးလစာ ထက် အခြေအနေအခွင့်အလမ်း
ပိုကောင်း၍ သာ ပြောင်းလာကြသူများ ချည်း။

“ မောင်ခင်ဇော်ဦးက
တကယ့်လူထူးလူဆန်းနော်။ ခုတရားသူကြီးဘ၀မှာ
ရသမျှလစာဆိုရင် လည်း သူ့ တစ်ယောက် တည်း
သုံးလို့တော့ ဘယ်ကုန်နိုင်မလဲ မမှန်ရဲ့ ။ ဒါပေမဲ့
ပရိဟိတတွေ က များ တယ် လေ။ သူနဲ့အတူနေကြတဲ့
သူငယ်ချင်းတွေ ဆိုရင်လည်း သူကချည်း
မျှကျွေးနေရတာ ။ ဒါမျိုးတွေ ကြောင့် ရသမျှ ကုန်တာပဲ။
သူ့မှာ သာ ပြောင်ပြောင်ရောင် ရောင် မရှိတာ ”

“ စားရတာ လည်း ချိုချိုတဲ့တဲ့ပါပဲ” ဟု

အမွှန်က ဖြည့်၍ တွေ းနေလေသည်။ တစ်ခဏအတွင်
းပင် ကိုခင်ဇော်ဦးကို ပို၍ ယုံကြည်လာမိသည်။ လူ
တစ်ယောက် အနေနှင့် ဤမျှကိုယ်ကျိုးစွန့်ဝံ့လာလျှင်
သစ္စာကြီးမားတက်မြပင်။

ဖျတ်ခနဲ့ ခြံဝသို့ လှမ်းကြည့်လိုက်မိသည်။
မျက်မှော င်ကို အစဉ်အမြဲကုတ်ထားသော် လည်း
တက်ကြွခြင်းများ ဖြင့် သွက်လက်ဖျတ်လတ်နေသော
ကိုခင်ဇော်ဦး အသွင်သဏ္ဍာန်က အားတက်သဖွယ်
ရှိလှသည်။ တိုက်ပုံအင်္ကျီကြီးဖားဖားလျားလျားနှင့် ခြံတွင်
းသို့ လေတိုက်သံသလို ရွေ့လျားဝင်လာသည်။

ရတ်တရက်ဝှေ့၍ လာသော လေပြည်က
အမွှန့်ပါးပြင်နှများ ကို ရှိန်းမြစေ၍ ရင်ထဲ
အသည်းညာထိ တိုင် နွေးခနဲ ဖြစ်အောင်
ဝှေ့ခတ်သွားလေသည်။

# အခန်း (၁၁)

အမွှန့်ရင်ထဲမှာ ဒိန်းခနဲ့ သွေးတစ်ချက် ဆောင့်ခုန်သွားလေ၏ ။

ပူလောင်ဆူပွက်နေသော ရင်ဝကို လက်ဖြင့် ဖိထိန်းရင်း ပြာဝေဆဲမျက်လုံးဖြင့် သတင်းစာကို အားစိုက်ကြည့်ရသည်။

“ မနုနုကြွေ တုန်ခိုက်နေလေသည်။ ကိုခင်ဇော်ဦးကမူ အမွှန့်စားပွဲရှေ့မှာ ကျောက်ရုပ်လို မလှုပ်မ ယှက်ထိုင်ကာ ဆေးလိပ်ကိုသာ မဲ၍ ဖွာနေ၏ ။

“ သာတီးဒီနဲ့ ဆွဲတာဆိုတော့ ထောင်ကိုပဲပို့မှာ ကိုခင်ဇော်ဦးရဲ့ ။ ဒါ အစဥ်အလာပဲ။ ဂေဟာနဲ့ မဆိုင်သလိုလည်း ဖြစ်သွားပြီ။ ကြည့်ပါလား .. ဒီမှာ ။ ထောင်ဒဏ်တစ်လကျခံစေရန် ယနေ့ အမိန့်ချမှတ် လိုက်သည်”တဲ့။ ဆိပ်ကမ်းတရားရုံးက

ချတာ ”

“ ဒါပေ့ါ။ ဒီအမှု မျိုး ကတော့ ယက်စ်အော်နီးပဲ။ အကျဉ်းနည်းနဲ့ စစ်တာကိုး။ အပြစ်ရှိတယ် ဝန်ခံရင် “ သွား” ပေ့ါ။ ခုကာလက ရန်ကုန်တစ်မြို့ လုံး ဒုစရိုက်မှု တွေ ကို အပြတ်နှိမ်နေတာ။ နေဦး။ ကြွေကို တွေ့ တာဘယ်မှာ ။ ကမ်းနားလမ်းနဲ့ ဆိပ်ကမ်းသာလမ်းထောင့် ဟုတ်လား။ မြနန္ဒာပန်းခြံနားမှာ ပေ့ါ။ သာတီးဒီဆိုတာတော့ ခင်ဗျားလည်း သိသားပဲ မမွန်ရယ်။ ရရာကြိုး နဲ့ ဖမ်းတုပ်သွားတာ နေမှာ ပေ့ါ။”

အမွန်က ပင့်သက်ကို တနင့်တပိုးကြီး ရှိုက်သွင်းပစ်လိုက်မိလေသည်။ သာတီးဒီဟု ရေပန်းစားနေ သော ရန်ကုန်ရဲ့ ပုဒ်မ ၃၀ (ဃ) ကိုတော့ အမွန် ဘဝင်မကျချင်။

လုယက်မှု ၊ ဖောက်ထွင်းမှု ၊ ခိုးမှု စသည့် ရာဇဝတ်မှု များ ကျူး လွန်ရန် ကြံစည်ကြောင်း၊ မသင်္ကာဖွယ်တွေ့ ရသူများ ကို ဝရမ်းမပါဘဲ ဖမ်းဆီးချုပ်နှောင်ထားနိုင်သည့် ပုဒ်မများ ဖြစ်သည်။ မူလရည်ရွယ်ချက်မှာ မှုခင်း တင်ကြိုကာကွယ်ရန်မျှသာ။

ငြိမ့်သည်ရှာရန်အလိုငှာ မှော ငရိပ်ခိုနေသော ပြည့်တန်ဆာမှန်း သိသာထင်ရှားပါလျက် ပြည့်တန် ဆာမှု ၊ မြူဆွယ်မှု နှင့် အရေး မယူဘဲ ယင်းရန်ကုန်ရဲပုဒ်မများ နှင့် ပြီးစလွယ် အရေး ယူနေခြင်းမှာ ဦးတည် ချက်ကို လမ်းလွဲစေသည်ဟု အမွှန် ယူဆလေသည်။

ရန်ကုန် ရဲအက်ဥပဒေပုဒ်မအရ အပြစ်ပေးခံရလျှင်လည်း အမြင့်ဆုံးပြစ်ဒဏ်မှာ သုံးလသာ ရှိ သည်။ ဤမျှတိုတောင်းလှသော ကာလအတွင်း ၊ ပြစ်ဒဏ်ကျခံလာသူ တစ်ဦး

တစ်ယောက် ကို မည် သည့် အကျဉ်းဌာန၊ မည် သည့်ဂေဟာကမျှ စာရိတ္တမြှင့်တင်ရေး ၊ လူမှု အသိဉာဏ်ဖွံ့ဖြိုး ရေး တို့အတွက် ထိရောက် အောင် ပြု ပြင်ပေးနိုင်စွမ်း ရှိမည် မဟုတ်။

ပြီးတော့ ပြည့်တန်ဆာ တစ်ယောက် အဖို့အဓိကပြုပြင်ရမည့် အချက်မှာ ကျန်းမာရေး ဖြစ်လေသည်။ သက်ဆိုင်ရာဂေဟာမှ ဆေးစစ်၍ လိုအပ်သလို ဆေးဝါးကုသပေးရန် တာဝန်ရှိသည်။ ပြည့်တန်ဆာ နှိပ်ကွပ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက် ဖြစ်၍ ယင်းကိစ္စကို ဂေဟာတစ်ခုခုကမှ တရားဝင်ဖိဖိစီးစီး ဆောင်ရွက် ပေးနိုင်သည်။

အမှန် ကတော့ ပြည့်တန်ဆာကို ပြည့်တန်ဆာပုဒ်မဖြင့်သာ ရေး ယူစေချင်သည်။ ရန်ကုန်ရဲ ပုဒ်မ များ ဖြင့် ပြီးစလွယ်အရေး ယူခြင်းမှာ စနစ်တကျကုသရမည့် လူမှု ရေး ရောဂါ

ဆိုးတစ်ရပ်ကို ဆေးမြီးတိုတစ် ခွက်တစ်ပွဲတိုး
တိုက်ကျွေးသည်နှင့် တူသည်ထင်၏ ။

"ကြွေ ကတော့ သံသရာလည်တော့မှာ
ထင်ပါရဲ့ ဗျာ။ ဒါအစပဲ။ ကျော်စောသတင်းကလည်း
ရှိနေတော့ အချိန်မရွေး ပြန်ဆွဲလို့ ရနေတာကိုး။ တချ
့ဆိုရင် သာတီးဒီနဲ့ တစ်လကျလိုက်၊ ထွက်လာ တော့
အလုပ်ပြန်လုပ်ရင်း လမ်းပေါ် မှော င်ရိပ်ခိုလိုက်။
သာတီးဒီနဲ့ ပြန်အဆွဲခံရပြီး သုံးလကျလိုက်။ ဒီလိုနဲ့
သံသရာလည်နေတာ။ မမွန် ပြောသလိုပဲ
ပြည့်တန်ဆာပပျောက်ရေး ဦးတည်ချက်နဲ့တော့
လမ်းလွဲသထက် လွဲပြီးပေါ့ဗျာ "

" စိတ်ညစ်တယ် ကိုခင်ဇော်ဦးရယ်။
ကြွေ့ကိစ္စကလည်း ဖြစ်ထားတော့ ခုတစ်လော
အမွန်လေ စိတ်ကူးသစ်တွေ တောင် ရနေတယ်။
မြန်မာပြည်မှာ အမျိုးသမီးစောင့်ရှောက်ရေး

ဂေဟာတွေ အများ ကြီး ပေါ်ပေါက်လာအောင်
လူထုနည်းနဲ့ အကောင်အထည်ဖော်ကြည့်စေချင်တယ်။
မြန်မာပြည်မှာ လွယ်ပါ တယ် ကိုခင်ဇော်ဦးရဲ့ ။
မအေးအေးငြိမ်းနှင့်
အိအိငြိမ်းတို့အမြွှာညီအစ်မအတွက်တောင်
ရက်ရက်ရောရော လှူကြတဲ့ စေတနာရှင်တွေ
ပေါလို့ဟာ။ ဒီထက်မက ကျယ်ပြန့်တဲ့ လူမှု ရေး
ကိစ္စတစ်ရပ်ကို သဘောပေါက် အောင်သာ
စည်းရုံးလှုံ့ဆော်နိုင်ရင် အမှန်တို့မြန်မာလူမျိုးတွေ
မနေတတ်ပါဘူး။ စိတ်ချ။ ပြည့်တန်ဆာပပျောက်ရေး
ဆိုတာ ဖွံ့ဖြိုး စတိုင်းပြည်တစ်ပြည်အတွက်
အဓိကလုပ်ဆောင်ရမယ့် လူမှု ရေး ကိစ္စမဟုတ်လား။
ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းသလို မီးဘေး၊
လေဘေး၊ ရေဘေးစတဲ့ မမျှော်လင့်ဘဲ သဘာဝ
အန္တရာယ်သင့်သူတွေ ကို

ကယ်ဆယ်စောင့်ရှောက်သလို တန်းတူထားပြီး အာရုံစိုက်သင့်တယ်လို့ အမွန် တော့ ယူဆတာပဲ။ အမွန်လေ နမ်းတစ်လုံးနဲ့ ဆီမ ဖြစ်မှန်းတော့ သိပါရဲ့ ။ ဒါပေမဲ့ ချွေးနဲ့စာနဲ့ စုဆောင်းပြီး ဂေဟာတစ်ခု သိပ်ဖွင့်ချင်တာပဲ။ ရင်းနှီးတဲ့ မိတ်ဆွေတွေ က စိတ်တူကိုယ်တူ လက်တွဲ လာကြမယ်ဆိုရင် တော့ အတိုင်းထက်အလွန်ပေါ့။

" ကျွန်တော့် ကို သွယ်ဝိုက်ပြီး စည်းရုံးနေတာပေါ့လေ "

ကိုခင်ဇော်ဦးက မျက်မှောင်လျော့ဖြေ၍ ခပ်တွေ တွေ ပြုံး စိုက်ကြည့်ရင်း ဖျတ်ခနဲ့ ကောက်မေး လိုက်၏ ။ အမွန်သည် အသက်ရှူဖို့ပင် မေ့ထားတော့သလို စိတ်ပါလက်ပါပြောနေရာမှ အားပါးတရ ရယ် လိုက်၏ ။

“ မသွယ်ဝိုက်ပါဘူး။ တိုက်ရိုက်ဆွဲခေါ်မှာ ပေါ့။ တကယ်အကောင်အထည် ဖော်တော့မယ်ဆိုရင် ”

စိတ်ထဲရှိသလို ပွင့်ပွင့်လင်းလင်းကြီး ပြောလိုက်မိပြီးမှ ရုတ်ခြည်းသတိရသည်။ ရဲတင်းလွန်းရာကျသွားပြီလား မသိ။

ဘာပဲ ဖြစ် ဖြစ် ကိုခင်ဇော်ဦးရှေ့မှာ တော့ သိပ်ပြီး ဟန်လုပ်ဖို့ မလိုဟု အမွန်က ယုံကြည်ရဲဝံ့နေလေ သည်။ မိမိရင်ထဲမှာ ဘာရှိသည်ဆိုသည်ကိုလည်း ကိုခင်ဇော်ဦး မြင်တက်စေချင်သည်။ မျက်မှော င်ကုတ် ၍ ကြည့်သည်တိုင် တောက်ပစူးရှလှသည့် ကိုခင်ဇော်ဦး၏ နက်ရှိုင်းသော အကြည့်ကိုတော့ အမွန် သိနား လည်နိုင် လေသည်။

ကိုခင်ဇော်ဦးက အပြုံး လက်လက်ဖြင့်...

" ဒါဖြင့် ကျွန်တော် ငွေစုရတော့မှာ ပေါ့။ "

" ရှင် ... "

" ဩော် ... မမှန်ပြောတဲ့ ဂေဟာကြီးတစ်ခု အတူတူဆောက်ကြဖို့လေ "

နှစ် ယောက် စလုံး ပြုံ
င်တူရယ်မောမိကြသည်။ ရယ်မောရင်းက ရင်ထဲမှာ တစ်သိမ့်သိမ့် ကြည်နူး လာမိသည့်ထင်၏ ။ မျက်နှာများ ဝင်းပလာသည်ကို နှစ် ဦးစလုံးက
အတုံ့အပြန်သိနေသည်။

" ဂေဟာကြီး ခဏထားပြီး ကြွေ့အတွက် တစ်ခုခုလုပ်ရဦးမယ် ကိုခင်ဇော်ဦးရယ် "

"ဆို"

ကိုခင်ဇော်ဦးလေသံက
စည်းစည်းလုံးလုံးရှိလှသည်။ ရင်းနှီးသည့် သဘော။

လိုက်လျှောချင်သည့် စေတနာဖြင့် ဩဇာအပြည့်အဝ ပါနေ၏ ။

"ထောင်ထဲနေတုန်း ကြွေ့ကို ဘယ်သူကြွေ့ကို ဘယ်သူကူညီမယ့်သူရှိမလဲ မသိ။ သူ့အဆက် အသွယ်တွေ ပတ်သက်ရာပတ်သက်ကြောင်းတွေ လည်း လာချင်လာကြမှာ ပေါ့လေ။ ဒါပေမဲ့ အမွန်က တော့ ကြွေ့ကို အတတ်နိုင်ဆုံး ပြုစုချင်တယ်။ တစ်လဆိုတာ ဘာမှမကြာပါဘူးဆိုနိုင်ပေမဲ့ အကျဉ်းခံရသူ အဖို့ တစ်ကမ္ဘာမက ထင်တာ။ စုံစမ်းပြီး လိုက်ရအောင် ကိုခင်ဇော်ဦးရယ်။ အင်းစိန်မှာ ပဲ ရှိမယ်ထင်ပါရဲ့ "

ကိုခင်ဇော်ဦးက ဆေးလိပ်မီးကို မီးခြစ်ဖြင့်ဖိ၍ ငြိမ်းသတ်လိုက်တာစက္ကူတစ်ရွက်ဖြင့် ပတ်ပြီး တိုက်ပုံအင်္ကျီအိတ်ထဲသို့ ထည့်နေသည်။

“ ကဲ .. ဘယ်လိုက်ရမယ် ဆိုတာ စုံစမ်းဦးမယ်လေ။ မကြာပါဘူး။ တွေ့တာ ကတော့ တနင်္ဂနွေနေ့ ကလွဲရင် တွေ့ရပါတယ်။ အင်းစိန်ပဲ ဖြစ်မှာ ပေါ့ မမွန်ရဲ့။ ကျွန်တော် လိုက်ပို့ပါမယ် ”

“ လိုက်ပို့မယ်တဲ့လား ကိုခင်ဇော်ဦးရယ်။ လိုက်ခဲ့မယ်။ ဒါမှမဟုတ် နှုတ်မှထွက်သွားတော့၏ ။ ဆိုးနွဲ့တက်သော နှမငယ် တစ်ယောက် ၏ လေသံဟန်ပန်ကို ကိုခင်ဇော်ဦးက ကျေကျေနပ်နပ် ပြုံး စိုက် ကြည့်နေရင်း ....

“စကားလုံး နောက်ကိုချည်း လိုက်ပြီး ကောက်ချက်မဆွဲရဘူးလေ ဥပဒေဆရာမ ကြီးရဲ့ ။ ဂေဟာ ကြီးတစ်ခုလုံးကိုတောင် အတူတူလိုက်ဆောက်ပါ့မယ်လို့ ကတိပေးထားခဲ့ပြီပဲ။ ကျန်တဲ့အသေးအဖွဲ့ လောက်တော့ ဘာအထူးပြောစရာလိုမှာ လဲ။ တစ်ယောက် သဘော

တစ်ယောက် သိလောက်ရောပေါ့ ”

# အခန်း (၁၂)

အစ ကတော့ အမွန်သည်

မိမိအလှည့်ရောက်လာမည့် အချိန်ကိုသာ

တထိတ်ထိတ်နှင့် စောင့်နေခဲ့ ရ၏ ။

ပထမဦးဆုံး နာယကကြီးကို

အရင်ခေါ်သည်။ တစ်နေကုန် ပြန်မလွှတ်။

ရုံးဆင်းချိန်အထိ ပြန်ရောက်မလာတော့တစ်ရုံးလုံး၊

တစ်ဖွဲ့လုံးထိတ်ထိတ်ပျာပျာနှင့် သို့လောသို့လောတွေ

းတောစပြုလာ၏ ။

ရုံးဆင်းခါနီး မှာ တရားရေး ဝန်ထမ်းကို

လာခေါ်သွားသည်။ အကြောင်းတစ်စုံတစ်ရာမျှ ရေရေ

လည်လည်မသိရသေးခင် သွေးပျက်မတက်

အကြောက်လွန်သူတွေ ဏ္ဍြေမဆည်နိုင် ဖြစ်ကုန်၏ ။

ညကျတော့ မြန်မာ့အသံအစီအစဉ်များ

ပြီးဆုံးခါစ ကိုးနာရီသာသာခန့်မှာ နာယကကြီး၏ သားအကြီးကောင်
မောင်ဖေအောင်ကလေးမောကြီးပန်းကြီး ပေါက်ချလာ၏ ။

နာယကကြီး အိမ်ပြန်ရောက်လာပြီတဲ့။ ကိုခင်ဇော်ဦးကို ခေါ်ယူစစ်ဆေးနေဆဲ ဖြစ်သည်တဲ့။ အမွှန်. ကိုလည်း ခေါ်ချင်ခေါ်လိမ့်မည် မို့ အသင့်ပြင်ထားလျှင် ကောင်းမည် တဲ့။ သို့သော် စိုးရိမ်ပူပန်စရာမ ရှိ။ ဟိုရောက်လျှင် သိရလိမ့်မည် ဟု နာယကကြီးက မပိုမလိုသတင်းပို့သည်။

အမွှန် တစ်ညလုံး မအိပ် ဖြစ်။ ထလိုက် ထိုင်လိုက်၊ လမ်းလျှောက်လိုက်၊ မသေချာမရေရာသော တစ်စုံတစ်ခုကို စောင့်မျှော်လိုက်နှင့် တချောက်လိုက်၊ မသေချာမရေရာသော တစ်စုံတစ်ခုကို စောင့်မျှော်လိုက်နှင့် တချောက်ချောက် ယောက် ယက်ခတ်နေခဲ့၏ ။

မိုးလင်း၍ ရုံးသို့ စောစောစီးစီးထွက်လာမိပြန် သော
လည်း မိမိ တစ်ယောက် တည်းဝီရိယပိုနေမိသည့်အ
ဖြစ်နှင့် ကြုံပြန်သည်။ ဘယ်သူမျှမရောက်လာ
ကြသေး။ ကြောင်စီစီယောင်နနနှင့် ထိုင်ကာ တစ်ချက်၊
နှစ် ချက်မျှ အိပ်ငိုက် ဖြစ်လိုက်သည်။

နာယကကြီးကမူ ဘာတစ်ခုမျှ

ပြောင်းလဲခြင်းမရှိ။ ခါတိုင်းလိုပင် ၁၀ နာရီတိတိမှာ
ဆေးပြင်းလိပ် ကြီးခဲ၍ အချိန်မှန်ရောက်လာသည်။
ဣန္ဒြေခပ်ပျက်ပျက် ဖြစ်နေသော အမွှန်ကို တစ်ချက်မျှ
ငဲ့ကြည့်ကာ တရားသူကြီးခန်းထဲသို့ လိုက်လာရန်
လက်ရိပ်ပြသွား၏ ။ အမွှန် အပြေးတစ်ဝက်နှင့်
လိုက်ဝင်သွားမိကာ နာယကကြီးနှင့်
မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ရင်း
ဆေးပြင်းလိပ်မီးညှိနေသည်ကို မနည်းကြီး သည်းခံ၍
စောင့်ရသည်။

" အားလုံး ပြီး သွားပါပြီ မမွန်။ မောင်ခင်ဇော်ဦးလည်း ပြန်ရောက်လာပြီ "

အမွန့်ရင်ထဲမှာ သွေးခုန်နှုန်း တစ်ဝက်မျှ လျော့သွားသည်ထင်၏ ။ ထွေပြားလှုပ်ရှားနေသော စိတ်အာရုံတည်ငြိမ်စပြုလာသည်။

"ကျော်စိုးကို ဆွဲသွားပြီ။ ခုံရုံး တင်လိမ့်မယ် "

" ရှင် " ...

နာယကကြီးက ဆေးပြင်းလိပ်ကို နှစ် ဖွာ၊ သုံးဖွာဆက်၍ ရှိုက်နေသည်။ ပြီးမှ ....

"ကျော်စိုးမွေးတဲ့ မီးတွေ ပေါ့ကွယ်။ တို့ရော၊ ကောင်စီဥက္ကဋ္ဌရော တရားခံတွေ ဖြစ်နေတာ။ နေ့စွဲနဲ့ အချိန်ကာလနဲ့ အကြောင်းအချက် သက်သေအခိုင်အလုံနဲ့ တိုင်တဲ့လူက စနစ်တကျ တိုင်ထားတော့ ဘယ် ဒီလူငြင်းနိုင်တော့မလဲလေ "

" ဘာတွေ များ လျှောက်လုပ်ပါလိမ့်နော်။ ဒီလူကလည်း ... "

" ယူနစ်ဥက္ကဋ္ဌဆိုစိတ်အညစ်ရဆုံးပေါ့။ သူနဲ့ကလည်း နီးစပ်နေတာကိုး။ ကျော်စိုးက အရန်ပါတီဝင်တောင် မဟုတ်သေးပါဘူးတဲ့။ တို့ဖြင့် အစက တင်းပြည့်လောက်တောင် ထင်နေမိတာ။ ပါတီဝင်အဖြစ် အဆိုပြုလွှာ တင်ထားဆဲ ပါတီမိတ်ဆွေပေါ့လေ။ အဟားဟား ...တော် တော် လည်တဲ့လူ။ သူက မယားခိုးမှု နဲ့ အလုပ်က ထုတ်ထားတဲ့ ဝန်ထမ်းဆိုကိုး။ ခုမှ သိရတာ ။ သူနဲ့ ဟိုတုန်းက မျက်မှန်းတန်းဖူးတဲ့ လူကြီး နာမည် တွေ ရွှတ်ပြပြီး ဟိတ်ထုတ်နေတာ။ ပြီးတော့ တံတားကလေးပြန်တဲ့။ ကောင်းရော။

ကောင်စီရုံးတို့၊ ယူနစ်ရုံးတို့မှာ သူ့သဘောနဲ့သူ ဝင်ချည်ထွက်ချည်လုပ်ပြီး သူက တစ်ဖက်သတ် ချည်းကပ်နေတာကိုး။ နောက်ပြီး

ဘယ်သူကမှလည်း တာဝန်မယူဘဲ သူ့ဘာသာ ဟန်ရေးပြ ဟိတ်ထုတ် နေတာ။ ဥပမာ လမ်းကြုံလို့ ဥက္ကဋ္ဌက "ကိုကျော်စိုးရေ၊ စီးကရက်တစ်ဘူးလောက်ဆွဲခဲ့စမ်းပါ" လို့မှာ ရင် တစ်ခါတည်း သမဝါယမအသင်းဆိုင်မှာ အခွင့်ကောင်းယူတော့တာတဲ့။ ဥက္ကဋ္ဌကြီးကဆိုပြီး စီးကရက်ကို အတောင့်လိုက်လေးငါးခြောက်တောင့် အနည်းဆုံးဆွဲသွားတာဆိုပဲ။ များ လာတော့ ဘေးကရိပ်မိလာတာ ပေါ့လေ။ ဒါ အသေးအဖွဲ့။ သည့်ထက်ကြီးမားတဲ့ အလွဲသုံးစားမှု တွေ တစ်သီကြီးလုပ်ထားတာ။ တံဆိပ် တု၊ လက်မှတ်တုတွေနဲ့ မြို့ နယ်အသင်း ပြက္ခဒိန်ရိုက်ဖို့ အကြောင်းပြပြီး စက္ကူ လိမ်ထုတ်တာတို့၊ ရပ်ကွက် ဘောလုံးကွင်းပြင်ဖို့ ရန်ပုံငွေရှာသလိုလိုနဲ့ ဒူးယားတွေ မှော င်ခိုရောင်းစားတာတို့။ အို ... စုံလို့"

" နာယကကြီးတို့နဲ့ ကျတော့

ဘယ်လိုပတ်သက်နေလို့လဲ "

"ဟား .. ဟာ ... ဟာ ... "

နာယကကြီးက ဆေးပြင်းလိပ်ကို ပါးစောင်မှ ချွတ်တာ အားပါးတရ ရယ်လေသည်။

"ဟား ... ဟား ...။ ဟိုကောင် ခင်ဇော်ဦးက ဟန်သိန်းလောက်ကို စောင့်ကြည့်နေတာ။ ဟား ဟား ... ကိုကျော်စိုးတို့က စားသွားတာပေါ့ဗျာ။ စားတာမှ အကြီးအကျယ်ကို စားသွားတာ။ ကျုပ်တို့နာ မည် သုံးပြီး ငွေယူရုံဘာကမလဲ။ အိမ်တောင်ပြင်ခိုင်းတာတဲ့။ အမှု သည်တွေ ကပဲ ညံ့သလား။ ကျုပ်တို့ကပဲ သောက်သုံးမကျလွန်းသလား။ ဒီကောင်ကပဲ လည်လွန်းသလား။ တစ်ခုခုပေါ့လေ။ ကျုပ်တို့တွေ ကလည်း ဘိလပ်မြေအိတ်တွေ ၊ သံဆန်ခါတွေ ၊ အိမ်ရိုက်သံတွေ မတရားကိုယ်ကျိုးသုံးထားတဲ့

တရားခံတွေ ဖြစ်တော့မလို့ ဟား ... ဟား ..."

နာယကကြီးက ပြောရင်းဆိုရင်း သူ့အ ဖြစ်သူ သဘောတွေ့ကာ အားပါးတရ ရယ်မဆုံးနိုင် ဖြစ်နေ၏ ။ အမွန်ပါ ခုမှပင်ရောနှော၍ ပြုံး နိုင်ရယ်နိုင် ဖြစ်လာသည်။

" အမယ်လေး ... တော် ပါသေးရဲ့ နော်။ အမွန်ဖြင့် ဘာကိုမှ အစကောက် မတွေးတက်ဘဲနဲ့ တစ်ညလုံးလည်း မအိပ်ခဲ့ရဘူး။ "

နာယကကြီးက ဆေးပြင်းလိပ်ကို ပါးစောင်တွင် ပြန်ခဲလိုက်ကာ သူ့တိုက်ပုံအင်္ကျီ အတွင်းအိတ်ထဲ မှ သတင်းစာတစ်စောင်ကို ဆွဲထုတ်လိုက်သည်။

" မမွန်ဒီနေ့သတင်းစာ မဖတ်ရသေးဘူး ထင်တယ် " ....

အမွန်က သွက်သွက်လက်လက်ပင် ခေါင်းခါ၍ ဖြေလိုက်လေသည်။

" ဒီနေ့အဖို့ ကတော့ စိတ်နဲ့လူနဲ့ အတူတူ မရှိသလောက်ပါပဲနာယကကြီးရယ်။ သတင်းစာ မပြောနဲ့။ ကိုယ့်မျက်နှာတောင် ကိုယ်မှန်ထပြန်မကြည့် ဖြစ်ခဲ့ဘူး။

" ကဲ ... ရော့ရော့။ ဟောဒီကျောဖုံးသတင်းကို အရင်ဖတ်ကြည့်စမ်း "

" ဒုစရိုက်မှု မျိုးစုံ ကျူး လွန်သူ၊ အထူးခုံရုံးမှ ထောင် ၁၀ နှစ် ချ " စိတ်မဝင်စားလှ။ သတင်းစာထဲမှာ မပြတ်တွေ့နေကျ သတင်းမျိုးမို့အဆန်းတကြယ်လည်း မဟုတ်လှပါပေ။ နာယကကြီး တကူးတကန့်ဖတ် ခိုင်းသည်မို့သာ ဆက်၍ ဖတ်လိုက်ရသည်။

ဒုတိယဗိုလ်မှူး ကြီးထွန်းမြင့် ဥက္ကဋ္ဌအ ဖြစ်

ဆောင်ရွက်သည့်အထူးခုံရုံးအမှတ် ၂မှ ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၅(၁)၊ ၇(၁)(ဂ) (င)၊ ၈ (၁) တို့အရ ဒုစရိုက်လုပ်ငန်းများ အလို့ငှာ ခိုးသူများ နှင့် ပြည့်တန်ဆာ များ ကို လက်ခံကာကွယ်စောင့်ရှောက်ပေးလေ့ရှိခြင်း၊ ပြည့်တန်ဆာအလို့ငှာ အမျိုးသမီးများ အား သွေးဆောင်ဖြားယောင်း ဖျက်ဆီးခြင်းတို့အပြင် နိုင်ငံခြားသား ခရီးသည် ဧည့်သည်များ ကို လက်ခံပေါင်း သင်း၍ ပြည့်တန်ဆာများ ဖြင့် ဒုစရိုက်မှု များ လက်ခံပြုလုပ်ခြင်း၊ ရပ်ကွက်ငြိမ်ဝပ်ပိပြားရေး ကို ထိပါးစေသည့် လုပ်ငန်းများ ကျူး လွန်ခြင်း၊ အားပေးခြင်းများ ပြုလုပ်စေသော ပြစ်မှု တရားခံ၊ ကမ်းနားလမ်း တိုက်အမှတ် ( )၊ တတိယထပ်၊ လက်ဝဲခန်းနေ “ တမာရိပ် ” တည်းခိုခန်းပိုင်ရှင် ဒေါ်တင်မေ (၆၁) နှစ် ၊ (အဘ ဦးလှမောင်) အား

ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန်
ယနေ့အမိန့်ချမှတ်လိုက်သည်။

"ဟောတော့... ပွဲဦးထွက် ထောင်ကျသွားပြီး
"

အမွှန်သည် သတင်းကို
တစ်ပိုင်းတစ်ပြတ်နှင့် ရပ်ကာ နာယကကြီးမျက်နှာကို
တအံ့တသြ လှမ်း မော့ကြည့်လိုက်၏ ။

"အဘွားကြီးက ဒီခေတ်ကို
သဘောမပေါက်လို့ပါ။ ဟိုတုန်းက အရှိန်တွေ နဲ့
အတင့်ရဲနေတာ။ ခုလို ခုံရုံးတင်လိုက်တော့
ဘာတက်နိုင်သေးလဲ။ ရိုးရိုးတရားရုံးအသီးသီးမှာ
ရင်ဆိုင်ဆဲ ပြစ်မှု ပေါင်း ရှစ်မှု ရှိသတဲ့။ ရွှေနဂါးဟိုတယ်
ချိတ်ပိတ်လိုက်ပေမဲ့ မြို့ ထဲမှာ သူ့တည်းခိုခန်းတွေ က
လက်ညိုး ထိုးမလွဲနိုင် အောင် ပွနေတာ "

" အာဂအဘွားကြီးနော်။ အသက်ကလည်း ခြောက်ဆယ်တောင်ကျော်နေပြီ "

" ဒါ ကတော့ အစဉ်အလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကိုး မမွန်ရဲ့။ ဒီလုပ်ငန်းနဲ့ အရွယ် ရောက်လာပြီး ဒီလုပ်ငန်းနဲ့ ကြီးပွားလာတာ။ အလွယ်တကူ စွန့်ပစ်နိုင်ဖို့ ခက်သားပဲ။

အမွန်က ခေါင်းညိတ်ထောက်ခံရင်း သတင်းကို ဆက်၍ ဖတ်ကြည့် လိုက်သည်။ အဆိုပါ တမာရိပ်တည်းခိုခန်းတွင် ဒေါ်တင်မေနှင့် အတူ ဖမ်းဆီးရမိခဲ့သော အမျိုးသမီးလေးဦး ဖြစ်သည့် အမာညို(၂၆)၊ မကျင်အေး (ခ) မအေးအေး (ခ) အေးမိစံ (၂၁)နှစ် ၊ မဝင်းဝင်းရွှေ (၂၁)နှစ၊ သူဇာ (၁၇)နှစ် တို့ကို မြို့ နယ်ပြည်သူ့တရားရုံးက ဆက်လက်စစ်ဆေး ဆုံးဖြတ်ရန် အထူးခံ့ရုံးမှ အမှု တွဲ တို့ကို လွှဲပြောင်းပေးပို့

လိုက်သည်။

အမွှန်က သတင်းစာဖတ်ရင်း မျက်မှောင်ကုတ် စဉ်းစားလိုက်မိသည်။

" သူဇာ " တဲ့။ ကြွေ ပြောပြဖူးသည့် ဉမမည်စာမပြောက် ဖြီးကောင်ပေါက်မကလေးပေလား။ ထိုသို့ဆိုလျှင်ဖြင့် သူဇာ့လို ငယ်ရွယ်နုနယ်သူမိန်းကလေးတစ်ယောက် ကို ဂေဟာက အသစ်ပြန်လည် ဖွားသန့်စင်ပေးနိုင်ကောင်းမည် ထင်ပါသည်။

" ဟိုအမျိုးသမီးတွေ ရဲ့ အမှု တွဲ ကို ခုံရုံးကမြို့ နယ်တရားရုံးကို ပြန်လည်လွှဲပို့လိုက်တယ်ဆိုတော့ "

"ဒါပေါ့ မမွှန်။ တို့လည်း ကြားနာလက်စဒေါ်တင်မေအမှု တွဲ ကို ခုံရုံးကိုပဲ ဆက်ပြီးလွှဲပို့ရလိမ့်မယ်။ ဒီကိစ္စလေးတော့

ဦးစားပေးလုပ်လိုက်ကြရအောင် ”

ဖြူဟွာဦးခေါင်းကို လက်ပြောင်းရတော့မည်မို့ အမွှန့်ရင်ထဲမှာ တစ်ဝက်မက ပေါ့ပါးသွားလေသည်။ တရားရေး ဝန်ထမ်းနှင့် ညှိနှိုင်းရန်အတွက် အသင့်ပြင်ဆင်ရန် လိုအပ်သော စာရွက်စာတမ်း ပုံစံဇယားတို့ ကို မဆိုင်းမတွပင် ရှာဖွေစုစည်းလိုက်သည်။

ညက တစ်ညလုံး မအိပ်ခဲ့ရသည့်အ ဖြစ်ကို မေ့လျော့သွားသည်အထိ အမွှန့်အာရုံမှာ အလုပ်ထဲတွင် နစ်နာလေတော့သည်။

# အခန်း (၁၃)

"ကြွေ"

အမွန်က ဝမ်းသာအားရ

အော်ခေါ်လိုက်သည်။သံဆန်ခါနှစ် ထပ်၏ ဟိုမှာဘက်တွင် နံရံကို နွဲ့မှီရပ် နေသော ကြွေက ရှတ်ခြည်းပြုံး ပြက်လာသော မျက်လုံးလက်လက်ဖြင့် ရှေ့ဘက်သို့တိုးကပ်လာသည်။

သံဆန်ခါကို မျက်နှာအပ်ရင်း ကြွေသည် နှုတ်ခမ်းလှိုင်းတွန့်ကလေးများ ဘောင်ဘင်ခတ်သွားအောင် ဖျိုးဖျိုးဖျက်ဖျက် ပြုံး လိုက်၏ ။ အမွန့်ဘေးမှာ ယှဉ်ရပ်နေသော ကိုဇော်ဦးကို မျက်လုံးဝေ့ကြည့်လိုက်.....

"ကိုခင်ဇော်ဦးလည်း လိုက်လာတယ်နော်"

ကြွေ့အသံက စိတ်လှုပ်ရှားခြင်းအတိဖြင့်

တုန်ယင်အက်ကွဲနေ၏ ။ တို့ရုံးမှာ လည်း ခုတစ်လောမှ အရေး ပေါ်ကိစ္စတွေ ပုံကျနေလို့ ဘယ်လိုမှ မထွက်နိုင်အောင် ဖြစ်နေတာ။ ဒီကတွေ့ခွင့်ပြုထားတဲ့ အချိန်နဲ့ ကျွန်တော် တို့ ထွက်လာနိုင်တဲ့အချိန်ကလည်း လုံးဝမကိုက်ဘူးဆိုတော့"

ကိုခင်ဇော်ဦး တရင်းတနှီးပြောနေပုံကို အမွန်ကျေနပ်နေလေသည်။ တွေ့အပေါ် ကိုခင်ဇော်ဦး ဘဝင်မကျဖြစ်မည် ကိုသာ အမွန်စိုးရိမ်သည်။

"ခုတောင် အမွန်တို့ အခွင့်အရေး ယူလိုက်ရတယ်လေ တွေ့ရဲ့ ။ ခွင့်ပြုချိန်လွန်နေပြီ မဟုတ်လား။ အကျိုးအကြောင်းပြောပြပြီး မေတ္တာရပ်ခံရတာ ပေါ့။ ဒီလိုမှ မလုပ်ရင်လည်း တွေ့လွတ်တဲ့အထိ တွေ့ ဖြစ်ရဖို့ မလွယ်ဘူး။ ခုတောင်...."

“ဆယ့်ခြောက်ရက် ရှိပြီပေါ့။ ဒီနေ့နဲ့ဆိုရင်”

“ဟုတ်ပါရဲ့ ကွယ်။ ကြည့်စမ်း ကြွေ လွတ်ရက်တောင် နီးပြီပဲ။ ဆယ်ရက်လောက်ပဲ နေရတော့မှာ ”

“အနည်းဆုံး ဆယ်ရက်ကြီးများ တောင် လိုပါသေးတယ် အမွန်ရယ်”

အမွန်က ကြွေ့ကို အားနာသွားလေသည်။ ‘ဆယ်ရက်လောက်ပဲ’ ဟု ပေါ့ပါးစွာ တင်စားမိသည်ကို ကြွေက ချက်ချင်း ပင် ‘ဆယ်ရက်ကြီးများ တောင်’ ဟု လေးနက်စွာ ပြောင်းလဲဆင်ခြင်ပေးလိုက်သည်။ အစစအရာရာ စာနာစိတ်နှင့် ကြည့်နေသည့်ကြားက ဝိရောဓ ဖြစ်နေသည့် ခံစားချက်များ ရှိရသေးသည်။

“ကြွေ့ နေကောင်းတယ် မဟုတ်လား။ ဘာလိုချင်သလဲဟင်။ အမွန့်ကို ပြောစမ်းပါ။

အားမနာနဲ့”

"အို ... ဘာမှမလိုပါဘူး အမွှန်ရယ်။ ကြွေ့က နေလို့ ဖြစ်ပါတယ်”

ငြင်းဆိုသော် လည်း ဝမ်းသာခြင်း ပီတိရိပ်များ လျှင်းခတ်ပါလာသော ကြွေ့အသံကို အမွှန်နားလည်ခံစားလိုက်မိသည်။

သေသေချာချာကြည့်သော် ကြွေသည် သိသိသာသာ ဖျော့တော့နွမ်းလျော့နေ၏ ။ ဟိုတုန်းက စံကားဝါနုရောင် စိုဝင်းသော ကြွေ့အသားအရေကို မှတ်မှတ်ရရရှိထားသူမို့ ခုတွေ့နေရသည့် ကြွေ့ အသားရောင် ဝါညစ်ညစ်ကို အမွှန်အားမရချင်။ သည့်အဝါရောင် မျိုးကို အမွှန်စိတ်မချ။ ရောဂါ လက္ခဏာ တစ်ခုခု ပြနေသည့်အဝါ။

ဝါညစ်ညစ်အသားပေါ်မှာ

ခြင်ကိုက်ဖုလေးတွေ အစီအရီရှိနေပုံကလည်း မတရားများ လွန်းသည်။ ကြွေ့မှာ ခြင်ထောင်မရှိဘူးထင်ရဲ့။ အမွန်က အကျဉ်းထောင်ဗဟုသုတအနည်းငယ်ကို နားစွန်နားဖျား လောက် ကြားဖူးထားသူမို့ သူ့အထင်နှင့် သူ စွတ်ရွတ်မေးမိလေသည်။

"ခြင်ထောင်လိုသလား ကြွေ့။ နေရာထိုင်ခင်းကော အဆင်ပြေရဲ့ လား။ အိပ်ရာလိပ် ပို့ခိုင်းလိုက်မယ်လေ"

"မပို့နဲ့ အမွန်ရယ်။ ရတယ်။ ကြွေ့မှာ စောင်ရှိတယ်။ လက်မောင်းခေါင်းအုံးပြီး စောင်ခေါင်းမြီးခြုံအိပ်လိုက်တာပဲ။ ဒီထဲမှာ ခြင်သိပ်မကိုက်လှပါဘူး အမွန်ရဲ့ "

အမွန်က နှုတ်ခမ်းပါးကလေး

တအားကွေးညွတ်သွားအောင် မဲ့ရွဲ့ပစ်လိုက်ကာ ခေါင်းကို သွက်သွက်ကြီး ယမ်းလိုက်သည်။

"ဟွန်း ... အားနာပါးနာ ညာမနေစမ်းပါနဲ့ ကြွေ့ရာ။ ဒါလား ခြင်သိပ်မကိုက်တာ။ သူ့တစ်ကိုယ်လုံးဖြင့် နူတောင်နူတော့မယ်"

"ဟော့..." ကိုခင်ဇော်ဦးက 'ဟော့' တစ်လုံးဖြင့် စကားကို အတင်းဝင်ဖြတ်လိုက်ပြီး အမွှန့်လက်မောင်းတစ်ဘက်ကို ခပ်ဆောင့်ဆောင့် လှမ်းဆွဲလိုက်သည်။

ရုတ်တရက် အမွှန်နားမလည်။

ဖြုန်းခနဲပင် ကြွေ့သည် သံဆန်ခါကို ခေါင်းတိုက်ကာ မျက်နှာလက်ဝါးနှင့် အုပ်၍ ကျုံကျုံ ပါအောင် ငိုချလိုက်၏ ။ တစ်ခုခုတော့ မှာ းသွားပြီကို အမွှန်သိလိုက်သည်။ ပဟေဠိမဖြေနိုင်သော

မျက်လုံးများ ဖြင့် ကိုခင်ဇော်ဦးကိုသာ အားကိုးတကြီး မော့ကြည့်နေမိသည်။

"တိတ်တိတ်ပါ ကြွေ့။ အမှန်ဘာမှမသိဘဲ ပြောလိုက်တာ။ ဒီမှာ ဆရာဝန်ကို ပြောမပြဘူးလား"

ကိုခင်ဇော်ဦးက လေသံကိုနှိမ့်၍ ဖျောင်းဖျောင်းဖျဖျမေးလိုက်သည်။ ကြွေသည် ပခုံးကလေးများ သိမ့်သိမ့်ခါနေသည်အထိ တရှိုက်ရှိုက်ငိုနေရင်းက ခေါင်းကို ခပ်လေးလေးယမ်း၍ အဖြေပေးလိုက်၏ ။

"ဩော်ဗျ ... ဆရာဝန်ရှိရဲ့ သားနဲ့ဟာ။ ဆရာဝန်ကို ပြောပြမှပေါ့။ ဒီအဖုကလေးတွေ ထွက်နေလိုက်တာကော ကြာပြီလား"

ကြွေက

မျက်ရည်မခြောက်တခြောက်မျက်နှာကို

ခပ်ဖြည်းဖြည်းမော့ကာ ရီဝေအုံ့မှိုင်းသော မျက်လုံးညို့ညို့ ဖြင့် ကိုခင်ဇော်ဦးကို ခပ်စိုက်စိုက်ကြည့်လိုက်သည်။

"ဟင့် ... ဟင့်အင်း။ မကြာသေးပါဘူး။ ဒီထဲရောက်ပြီး လေးငါးခြောက်ရက်လောက်နေမှ ဒီအဖုလေးတွေ ပေါ်လာတာ။ အပြင် ...အပြင်မှာ တုန်းကလည်း ကြွေ ဆေးမထိုး ဖြစ်ခဲ့တာ တစ်နှစ်လောက်ကြာသွားတယ်။ ဒီထဲမှာ တော့ ပြောမပြချင်ဘူးလေ။ ပြဿ နာတွေ ရှုပ်ကုန်မှာ စိုးလို့"

တစ်ချက်တစ်ချက် ရှိုက်သံစွက်၍ ကြွေပြောပြနေသည်များ ကို နားထောင်ရင်း အမွှန် တစ်ဝက်တစ်ပျက် နားလည်စပြုလာ၏ ။

"အင်းပေါ့လေ။ ဒီအထဲမှာ နေရက်ကလည်း သိပ်ကြာတော့မှာ မှ မဟုတ်တော့ဘဲဟာ။

အစားအသောက်၊ အနေအထိုင် နည်းနည်း ဂရုစိုက်လိုက်ပေါ့။ ကျွန်တော် တို့လည်း အားဆေးလေး ဘာလေး လာပို့ပေးမယ်"

"အို... ကိစ္စမရှိပါဘူး ရှင်ရယ်"

ကိုခင်ဇော်ဦးကို စိုက်ကြည့်နေသော ကြွေ့မျက်လုံးများ မှ မျက်ရည်ဝိုင်းစိုလာကြပြန်သည်။ ကြွေ့ အသံမှာ လည်း သိသိသာသာပင် တုန်ခိုက်လှိုက်လှဲနေ၏ ။

"ကိစ္စမရှိဘူးဆိုတဲ့ စကားမျိုးမပြောနဲ့လေ ကြွေရဲ့ ။ ဒီလိုဆိုရင် အမွှန်တို့ လာတွေ့တယ်ဆိုတာ ဘာအဓိပ္ပါယ်ရှိတော့မှာ လဲ။ ကဲ... မငိုနဲ့ကွယ်။ ကြွေ ဘာမှစိတ်မညစ်နဲ့။ လွတ်ရက် နီးနေပြီပဲ။ လွတ်ရင် စနစ်တကျ ကုပစ်လိုက်တာပေါ့ ကြွေ။ ဟုတ်လား။ အမွှန်တို့ကလည်း ကြွေမလွတ်ခင် လာကြဦးမှာ ပေါ့"

ခုမှပင် အမွှန်က ထောင်ဝင်စာလာတွေ့သူ တကယ်ပီသနေတော့သည်။ အရေး တကြီး ပြောချင်စရာ၊ မှာ ချင်စရာတွေ ကို တိုတိုကျဉ်းကျဉ်းနှင့် တောက်လျှောက်ကြီး ပြောချလိုက်၏ ။

"ကြွေ့အတွက် စားစရာနည်းနည်း ယူလာခဲ့တယ်။ သူတို့ စစ်တုန်းဆေးတုန်းထင်ပါရဲ့ ။ ကြွေ ထမင်းစားလို့ ဖြစ်အောင် ငါးပိကြော်နဲ့ ချက်ဟင်းပါခဲ့တယ် ကြွေ။ ဘီစကွက်လည်း ငါးပေါင်ထုပ်ကြီးကို ဆွဲလာတယ်။ ဒီထဲမှာ ကြွေသုံးချင်တာ သုံးရအောင် စီးကရက်ငါးဘူးနဲ့ နွားဆေးလိပ်က တစ်ရာ"

"များ လိုက်တာ အမွှန်ရယ်။ မုန့်တွေ ဘာတွေ မလိုချင်ပါဘူး။ ချက်ဟင်းပါလာတာတော့ ကျေးဇူးကမ္ဘာပဲ အမွှန်ရေ့။ ဒီအထဲမှာ ကြွေထမင်းစားလို့ကို အလျှင်းမရဘူး။ တခြားဟာ

နေလို့ ဖြစ်တယ်။ အစားအသောက်ကျတော့ ကြွေတို့က စိတ်ရှိတိုင်း ထင်တိုင်းကြဲလာတာမဟုတ်လား။ လုံးဝမျ မကျဘူးကွယ်။ တစ်ခါတစ်လေ ကြွေမိတ်ဆွေတချ ့ထောင်ဝင်စာလာတဲ့အခါ ခေါက်ဆွဲလေး၊ ဒံပေါက်လေး ပါလာမှပဲ ဆို့ဆို့ပိတ်ပိတ် ရှိတော့တယ်"

ကြွေသည် ပြန်၍ သွက်လာ၏ ။ အမွန်က ကြွေစကားကို နားထောင်ရင်း ခက်ဆစ်အမိပ္ပါယ် ပြန်ရှင်းနေမိသည်။ 'ခေါက်ဆွဲတွေ ၊ ဒံပေါက်တွေ နဲ့ ထောင်ဝင်စာလာတွေ ့တတ်တဲ့ ကြွေမိတ်ဆွေတချ ့ဆိုတာ ဘယ်လိုလူတွေ များ လဲကွယ်'။

အနီဖုများ နှင့် ပါးလျော့ဖျော့တော့လှသော ကြွေရုပ်ဆင်းသဏ္ဍာန်ကို ငေးစိုက်ကြည့်ရင်း အမွန့် ရင်ထဲမှာ ဆူပူပွက်စပြုလာသည်။ ကြွေ့ကို အမှော င်ရိပ်ထဲသို့ ပြန်ဆွဲသွင်းဦးမည့် အပေါင်းအသင်း ဟောင်းတွေ ဖြစ်မည် ဆိုတာ သေချာလှပေသည်။

ကြွေ့ကို အမွှန် အမှော င်ထဲမှ မရအရ ဆွဲထုတ်ပစ်လိုက်ချင်စမ်းဘိသည်။ ကြွေ့ကို အမွှန်အသစ်ပြန်လည် ဖွားသန့်စင်လိုက်ချင်စမ်းဘိသည်။

*

ကြိုး စားကြည့်တာပေါ့ မမွှန်။ လူဆိုတာ ပတ်ဝန်းကျင်ပေါ်မှာ လိုက်ပြီး ဖြစ်တည်သွားတတ်တာ မျိုး ဗျ။ ကြွေ့ကို ပတ်ဝန်းကျင်က ဖျက်ဆီးနေတာ။ ဒါကို ပြောင်းလဲပေးနိုင်ရင် မမွှန် ပြောသလို ကြွေဟာ အသစ်ပြန်လည်မွေးဖွားလာမှာ ပေါ့။ အဓိက ပတ်ဝန်းကျင်ဗျ”

“အိုး…”

အမွန့်၏ 'အိုး'မှာ ဆန့်ကျင်လိုသော၊
အတိုက်အခံပြုလိုသော သဘောအဓိပ္ပါယ်ဖြင့်
ပြတ်ပြတ်တောက်တောက်ကြီး အသံထွက်သွား၏ ။
ကိုခင်ဇော်ဦး၏ မျက်မှော က်ကုတ်ဟန်၊
မျက်လုံးအကြည့်စူးရှလက်ပဟန်တို့ကို
အမွန်လေးစားသော် လည်း တစ်ခါတစ်ရံတော့ ခုလိုပင်
ကိုခင်ဇော်ဦး၏ တက်ကြွ ပြင်းထန်သော
သဘောတရားတို့ကို အကြီးအကျယ်
တိုက်ခိုက်ချင်စိတ်ပေါ်သည်။

'တည်ငြိမ်လေးနက်ပါလျက်နဲ့
တစ်ချက်တစ်ချက်မှာ တစ်ဖက်စွန်းပေါ်
စုံမိုတ်တွယ်ချင်တဲ့လူ' ဟု အမွန်စိတ်ထဲမှာ ကျိတ်၍
စွပ်စွဲခဲ့ဖူးပေါင်း များ လှပြီ။

"ဟုတ်တယ် မမွန်။ 'လူ တစ်ယောက် ရဲ့
ဖြစ်တည်မှု ဟာ ပတ်ဝန်းကျင်အဓိကပဲ'

အဆိုအမိန့်တစ်ခုကို မမွန် ကြားဖူးမှာ ပေါ့။ ကျန်းမာသန်စွမ်းတဲ့ ကလေးငါးယောက် ကိုသာ ပေးပါ။ ဆရာဝန် ဖြစ်ချင်သလား၊ အင်ဂျင်နီယာ ဖြစ်ချင်သလား၊ အနုပညာသည် ဖြစ်ချင်သလား။ ဖြစ်စေချင်တဲ့ ကလေးကို ဖြစ်စေချင်သလို ဖြစ်အောင် မွေးပြနိုင်တယ်တဲ့"

"အို ...ဒါဟာ အခိုင်အမာ မယူဆနိုင်ပါဘူး ကိုခင်ဇော်ဦးရယ်။ နှစ် ဖက်မျှမကြည့်ဘဲ တစ်ဖက်စွန်းက စုံမိတ်ကြွေးကြော်တာမျိုးတွေ နားထဲမှာ အူလှပါပြီ။ လူ တစ်ယောက် ရဲ့ ဖြစ်တည်မှု ဟာ ပတ်ဝန်းကျင်အပေါ်မှာ ချည်း အဓိကမကျနိုင်ပါဘူး။ ဗီဇနဲ့ပတ်ဝန်းကျင်ဟာ တန်းတူညီမျှ အရေး ပါ အရာရောက်တယ်လို့ အမွန်ပြောရဲတယ်။ စိမ်းလန်းနုညက်တဲ့ မြက်ခင်းပြင်ဟာ မြက်ကြိုက်တဲ့ ဗီဇရှိတဲ့ နွားတစ်ကောင်ကိုသာ မွေ့လျော်အောင်

ဆွဲဆောင်နိုင်မှာ ပေါ့။ ဒါပေမဲ့ အသားကိုမှ ခုံမင်တဲ့ ခြင်္သေ့ တစ်ကောင်အဖို့တော့ အလကားပဲ။ ဘယ်လောက်စိမ်းမြ နုညက်နေပေစေ ဘယ်တော့မှ မြက်မစားဘူး ကိုခင်ဇော်ဦး။ ခြင်္သေ့နဲ့ နွား ဗီဇချင်း မတူသလို စွဲမြဲမွေ့လျော်ချင်တဲ့ ပတ်ဝန်းကျင်ချင်းကလည်း ဘယ်နည်းနဲ့မှ မတူနိုင်ဘူး မဟုတ်ဘူးလား။ သတ္တဝါတစ်ခုရဲ့ ဖြစ်တည်မှု ကို ပတ်ဝန်းကျင်ကချည်း မလွှမ်းမိုးနိုင်သလို ဗီဇကိုချည်း ပုံချဖို့လည်း မသင့်ဘူးပေါ့"

ကိုခင်ဇော်ဦးက ရယ်မောလေသည်။ အရွယ်မရောက်တရောက်ကလေးမ တစ်ယောက် တစ်ဇွတ် ထိုးပြောနေသည်ကို ခွင့်လွှတ်ပြုံး ရယ်ရပုံမျ ုးနှင့် မို့ အမွန်က ပိုပြီး မခံချိမခံသာ ဖြစ်ရသည်။

"ဟုတ်တယ် ကိုခင်ဇော်ဦးရဲ့ ။ စာရိတ္တပျက်စီးနေတဲ့ မိန်းကလေး တစ်ယောက် ကို ပြု

ပြင်ဖို့အတွက် ပတ်ဝန်းကျင်ပြောင်းပေးရုံနဲ့ မရသေးဘူး။ သူရဲ့ ပင်ကိုဗီဇအတွေးအခေါ် အယူအဆတွေ ကိုပါ ပဲ့ပြင် ယူရဦးမှာ ။ နတ်ရေကန်ထဲ ပစ်ချသလို ချက်ချင်း လူလားမမြောက်ဘူးရှင့်။ စိတ်ရှည်လက်ရှည် အသစ်ပြန်မွေးဖွားပေးရမယ့်ကိစ္စ၊ ရေရှည်လုပ်သွားရမယ့်ကိစ္စ"

ကိုခင်ဇော်ဦးက ဆေးလိပ်မီးခိုးများ ကို ခပ်ပြင်းပြင်း မှုတ်ထုတ်ရင်း အမွန့်မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ခေါင်းမာချင်သော မိန်းကလေးကို စိတ်အရှည်ဆုံး ထားနိုင်အောင် ကြိုးစားနေသည့်ပုံ နှင့် ။

"မမွန်ကလေ အယူအဆတစ်ခုကို ဘယ်တော့မှ အတွေးမျှဉ်းမပြတ်ဘူး။ ဟိုဘက်ဒီဘက်ခွာပြီး အမြဲတမ်း ဝိုးတိုးဝါးတား လုပ်ချင်တယ်"

သည့်လို ဆူပူကြိမ်မောင်းဟန်၊ ပိုင်စိုးလို့သည့် လေသံကိုတော့ အမွှန့်ရင်ထဲမှာ လှိုင်းထသွား အောင် ကျေနပ်သည်။

"ရှင်းပြတ်နေတဲ့ ကိစ္စပါ၊ မိန်းကလေးတွေ ပျက်စီးရတဲ့ အကြောင်းရင်းဟာ ခေတ်ကြောင့် ၊ စနစ်ကြောင့် ဒါပဲ။ ချစ်ရေး ပျက်တာ၊ စီးပွားရေး ပျက်တာ၊ အိမ်ထောင်ရေး ပျက်တာ၊ ဒီအချက်အလက်တွေ အားလုံးရဲ့ အခြေခံသဘောတရားဟာ ခေတ်နဲ့ စနစ်ပဲ။ ခေတ်နဲ့ စနစ်ဆိုတာ လူ့ပတ်ဝန်းကျင်၊ မိန်းကလေးတွေ ပျက်စီးရတာ ဟာ အဲဒီ လူ့ပတ်ဝန်းကျင် နေသားတကျ မဖြစ်သေးလို့ပဲ။ ဒါကိုဘာကြောင့် လက်မခံနိုင်ရတာ လဲ မမွှန်ရယ်။ အယူအဆတစ်ရပ်ကို ပြတ်ပြတ်သားသား ကိုင်စွဲလိုက်စမ်းပါ"

သည့်လိုဆိုပြန်တော့လည်း

အမွှန့်မာနထိပ်ဖျားချွန်ကလေးကို ချိုးဖဲ့ရန်
ကြံသည်ထင်ကာ အမွှန့် ပါးပြင်များ
သွေးရဲရဲနီလာသည်။ မျက်လုံးများ စူးစူးလက်လက်
အရောင် တွေ ထွက်လာသည်။

" အယူအဆ ပြတ်တယ်ဆိုတာနဲ့
တစ်ဖက်စွန်းရောက်တာဟာ တခြားစီပါ ကိုခင်ဇော်ဦးရဲ့
။ ခေတ်နဲ့ စနစ်။ တစ်နည်းအားဖြင့်
ပတ်ဝန်းကျင်ပေါ့လေ။ ဒါကိုချည်း
လက်ညှိုးငေါက်ငေါက်ထိုးပြီး အပြစ်ပုံ ချနေတာဟာ
လောကကြီးကို ဒေါသပုန်ထနေကြတဲ့
စာအုပ်ကြီးသမားတွေ ရဲ့ အယူအဆပဲ။ ဟော ...
ကိုခင်ဇော်ဦး ကျွံမြီးတိုသွားပြီ။ အမွှန်
ရှင်းရှင်းပြောမယ်နော်။ အမွှန့်ကို ဝန်မခံချင်နေပါ။ အဲဒီ
အယူအဆ ဟာ ကိုခင်ဇော်ဦးလူ့ဘဝမှာ တိုးတိုက်
ထိခိုက်ရင်း သိလာရတာ မှ မဟုတ်ဘဲ။ စာအုပ်ကြီးတွေ

ထဲက မှတ် လာတဲ့ အယူအဆ။ ဟော ... ဟော ....
ကြည့်။ ကိုခင်ဇော်ဦး တကယ်စိတ်ဆိုးလာပြီ။
သူ့ပြောတော့ မခံနိုင်။ သူများ ကျတအားပြော ”

အမွန်က ရယ်ရွှင်ပြုံး ထေ့ဟန်ကလေးဖြင့် စကားစသတ်လိုက်၍ သာ ကိုခင်ဇော်ဦးက မျက်နှာထားကို ကသီကရိပြင်လိုက်ရ၏ ။ သို့ သော အခြေပျက်သွားသော အမူအရာကို ပိရိအောင် မဖုံးဖိလိုက်နိုင်။ ကို ခင်ဇော်ဦးမျက်နှာမှာ ဟန်ဆောင်၍ မလွယ်သော မျက်နှာမျိုးတည်း။ သူ့ရင်ထဲ ဘာရှိသည်ကို သူ့မျက်နှာ က အစဉ်ဖော်ပြနေသည်။

ကိုခင်ဇော်ဦး သည်လို ဖြစ်လာလျှင် အမွန်က အလိုလိုရယ်ချင်လာသည်။ သည်တစ်ခဏမှာ တော့ ကိုခင်ဇော်ဦးထက် များ စွာ ကြီးရင့်သွားပြီလို့အမွန်က သူ့ကိုယ်သူ ထင်သည်။ အလွယ်တကူ ခွင့်လွှတ် ရယ်မောပစ်ရန်သာ

အသင့်ရှိနေလေသည်။

ကိုခင်ဇော်ဦးကလည်း သူ့ကိုယ်သူ ရင့်ကျက်နိုင်အောင် ကြိုး စားရင်း အမွန်နှင့် အတူ ရောနှောရယ် မောလာပါ၏ ။ သို့ သော် ခြောက်ကပ်သော ရယ်သံအက်အက်မှာ ကြည်ကြည်လင်လင်မရှိ။ တင်းမာနေ သော အကြောစိုင်များ ၊ ဖွဲ့စည်းထားသည့် နှုတ်ခမ်းများ လွန့်လျောလှုပ်ရှားဟန်မှာ ပြုံး ရိပ်မပီပြင်။

သူက အသံကို ထိန်းကာ ...

" ဘာစိတ်ဆိုးစရာရှိလဲ မမွန်ရယ်။ အယူအဆချင်း အတိုက်အခံပြင်းကြခဲ့ကြတာပဲဟာ။ ဒါပေမဲ့ စကားလုံးတစ်ခုတော့ မကျေနပ်ဘူးဗျာ။ ကျွန်တော် ကို စာအုပ်ကြီးသမားလို့ဆိုတာ။ ဒါတော့ မမွန် မတရား သက်သက်စွတ်အုပ်ထည့်လိုက်တာပဲ။

ခင်ဗျားလေးကလားဗျာ ... ကျွန်တော့် အယူအဆကို
ကျုတော့ စာအုပ်ကြီးထဲက မှတ်ထားတဲ့ အယူအဆတဲ့။
ခင်ဗျားလေး အယူအဆ ကတော့ ဘယ်လိုလူ့ဘ
ဝထဲမှာ တိုးဝင်ထိတွေ့ ရုန်းကန်ရှာဖွေလာခဲ့တဲ့
အယူအဆမို့တဲ့လဲ။ ပြောစမ်းပါဦး ခင်ဗျား။ ပူပူနွေးနွေး
တက္ကသိုလ်ဘွဲ့ယူလာစ ဥပဒေပညာရှင်မကလေးက
ဘယ်လိုအချိန်က လူ့ဘဝထဲ တိုးဝင်ရုန်းကန်လာ
ခဲ့တယ်ဆိုတာ ”

ကိုခင်ဇော်ဦး၏ ငေါ့တော့တော့လေသံကို
အမွန်က အပြုံး မပျက်နားထောင်နေလိုက်သည်။
အမွန်က သူ့ရင်ထဲမှာ သန္ဓေစွဲလာသည့်
အကျိတ်အခဲပေါင်းစုံကို ဖွင့်ချဖို့
မောင်းတင်လိုက်လေသည်။

စားပွဲပေါ်တွင် ချထားလိုက်သည့် မှုခင်း
ဇယားကို ဖိုင်တွဲ တစ်ခုထဲပြီးစလွယ် ဆွဲညှပ်လိုက်ကာ

ကိုခင်ဇော်ဦးမျက်နှာကို စေ့စေ့ကြည့်မိသည်။ လူရှင်းတိတ်ဆိတ်လေ့ရှိတက်သော စနေနေ့မို့ ကိုခင်ဇော် ဦးနှင့် စကားစပ်မိသည်မှာ အဆင်သင့်လှပါဘိ။

"ကိုခင်ဇော်ဦးကလေ ..."

အမှန်သည် စကားကို တောက်လျှောက်မဆက် ဖြစ်ဘဲ စကားလုံးများ ကို စဉ်းစဉ်းစားစား ရွေးချယ်နေမိ၏ ။ စိတ်လှုပ်ရှားခိုက်မို့ အလွန်အကျွံပြောမှား ဆိုမှား ဖြစ်မည် ကို ဆင်ခြင်နေရသည်။

"ကိုခင်ဇော်ဦးကလေ အမွှန့်ကို အထင်ကြီးတာလား၊ အထင်သေးတာလားမသိ။ အမှန်တော့ အထင်လွဲနေတာပဲ။ တက္ကသိုလ်က ဘွဲ့ယူလာစမို့ ခုမှ တကယ့်လူ့ဘဝထဲ ရင်ဆိုင် ထိတွေ

့နေရတယ် မထင်ပါနဲ့။ ကနေ့အနေအထားက
အမွန့်အဖို့ အမွန့်ဘဝတစ်လျှောက်မှာ
သက်သာအနေအထားပါ ကိုခင် ဇော်ဦးရဲ့ ။
ကိုခင်ဇော်ဦး မျက်စိနောက်နေတဲ့
ဥပဒေဘွဲ့ဆိုတာလည်း အမွန့်အဖို သက်သော
င့်သက်သာ နဲ့ ရလာခဲ့တာ မဟုတ်ပါဘူး။
ဆယ်တန်းဖြေကတည်းကစပြီး နေစရိတ်၊
စားစရိတ်ရော၊ ကျောင်းစရိတ်ပါ ကိုယ့်ဘာသာ
ဝန်းဒိုင်းကြဲအောင်ပြေးလွှားရှာပြီး ဝါသနာပါတဲ့
ဘွဲ့ကလေးတစ်ခုရအောင် ခက်ခက်ခဲခဲ ယူ ခဲ့ရတာ ပါ။
အမွန်တစ်ခု ပြောချင်တယ်။ ကိုခင်ဇော်ဦး
စိတ်တော့မရှိပါနဲ့နော် ”

“ ပြောပါဗျာ ... ပြောပါ ”

ဆေးလိပ်ကို နှုတ်ခမ်းတွင် ချိန်ရင်း
ပြောလိုက်သည့် ကိုခင်ဇော်ဦးအသံက မပွင့်တပွင့်။

“ လူ့ဘဝကို ရှန်းတယ်၊ ကန်တယ်၊ ထိတွေ့တယ်ဆိုတာဟာ စတန့်ထွင်လုပ်လို့ကြည့်ကောင်းတဲ့ ကိစ္စလေးပါ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်ဘဝကိုယ် ဖန်တီးနေတယ်ဆိုရင် ဘယ်လိုနည်းနဲ့ဖြစ် ဖြစ် ဒါဘဝကို ရင်ဆိုင်နေတာပဲ၊ ထိတွေ့နေတာပဲ၊ ရှန်းကန်နေတာပဲ မဟုတ်ဘူးလား။

ကိုခင်ဇော်ဦးကို အမှန်တိုက်ရိုက်ပြောချင်တာ တစ်ခုရှိတယ်။ ခု လက်ရှိ ကိုခင်ဇော်ဦးရဲ့ အနေအထားပေါ့။ ပရဟိတကို အားသန်တယ်။ တက်နိုင်သလောက် ကိုယ်ကျိုးစွန့်ပြီး လူတစ်ဖက်သားကို ကူညီတယ်။ ဒါတွေ ဟာ လုပ်နိုင်ခက်ခဲ့တဲ့အလုပ်တွေ ပါ။ အမှန် တကယ်လေးစားတယ် ”

“ အဲ … ရေရေလည်လည် အုပ်တော့မယ် ထင်တယ် ” ကိုခင်ဇော်ဦး တစ်ဖက်စွန်း

ရောက်လွှန်းနေတာသိလား။ စုပေါင်းရိပ်သာတဲ့။ ခေါ်လို့တော့ အင်မတန်ကောင်းတဲ့ နာမည် ။ အဲဒီ မှာ အရောရောအနှောနှော စည်းမရှိကမ်းမရှိ နေလို့စားလို့ ပျော်စရာပေါ့လေ။ ကိုခင်ဇော်ဦးပြောဖူးတဲ့စကား။ တစ်ယောက် ဝတ်၊ တစ်ယောက် အိပ်ရာ တစ်ယောက် အိပ်နဲ့ သာတူညီမျှ ခံစားနေတယ် ဆိုပါတော့။ ဒါအမှန် စိတ်ဝမ်းကွဲစေချင်လို့ ကြားဝင်ငေါ့တာ မဟုတ်ဘူးဆိုတာ ယုံပါ။ ကိုခင်ဇော်ဦး တစ်ယောက် တည်းက ရှာဖွေနေတဲ့ လုပ်စာကို တစ်ပြုံး တစ်မကြီး ဝိုင်းစားနေရအောင် အဲဒီ လူတွေ က ကမ္ဘာကျော်ရူးရှင်ကြီးတွေ လား။ ကိုခင်ဇော်ဦး တစ်ယောက် တည်းက ရှာဖွေနေတဲ့ လုပ်စာကို တစ်ပြုံ တစ်မကြီး ဝိုင်းစားနေ ရအောင် အဲဒီ လူတွေ က ကမ္ဘာ့ကျော်ရူးရှင်ကြီးတွေ လား။ ကိုခင်ဇော်ဦးပြောမှာ အမှန် သိပါတယ်။ ရဲဘော် ရဲဘက်တွေ ပေါ့ ဟုတ်လား။

ထား ... အဲဒီ ရဲဘော်ရဲဘက်တွေ က
ဘာလုပ်နေကြလို့လဲ။ ကျောင်းတက်နေ တာလား။
ဒါဆိုရင် ကူညီစောင့်ရှောက်ရမှာ ပေါ့။ ဒါပေမဲ့
အမွန်သိသလောက်တော့။

တောက်တောက်ရှရှ လက်ပနေသော ကိုခင်ဇော်ဦး၏ မျက်လုံးများ ရီဝေတွေ စိုက်လာသည်ကို အမွန် သတိထားမိသည်။ တိုက်ရိုက်ကျလွန်းသော အမွန့်စကားများ နှင့် ပတ်သက်၍ ထောင်းခနဲ ဒေါသ မထွက်သည်ကိုပင် ကျေးဇူးတင်ရသေး၏ ။ သူက ဆေးလိပ်ကို တစ်ချက်ပြင်းပြင်းရှိုက်ဖွာလိုက်ပြီးမှ ...

" တစ်ခုတော့ ကျွန်တော် ဖြေရှင်းမယ်ဗျာ။ မမွန်ရဲ့ စေတနာကို နားလည်မိလို့လည်း ခုလိုဖြေရှင်း ရတာ ပါ။ ကျွန်တော့် ရဲဘော်တွေ က ဘဝကို ရင်ဆိုင်ရုန်းကန်ရင်း မအောင်မြင်သေးသူတွေ ပါ မမွန်။ အောင်မြင်မှု မရသေးတဲ့ အလားအလာများ စွာ ရှိသော

ပါရမီရှင်တွေ လို့ ပြောရရင် ကိုယ့်ငါးချဉ်

ကိုယ်ချဉ်လွန်းရာ ကျသွားမယ်ထင်ပါရဲ့ ။ တကယ်ပါ ။

စာပေအနုပညာရှင်တွေ ပါ။ အမှန်တော့ မမွန်ရေ့ ...

ကျွန်တော် ကလည်း ကိုယ့်အားနည်းချက်နဲ့ ကိုယ်ဗျ။

ကိုယ်တိုင် တစ်ချိန်က စာရေး ဆရာသိပ် ဖြစ်ချင် ရင်လို့

သိပ်ကြိုး စားကြည့်ဖူးခဲ့တယ်။ အမျိုးမျိုးပဲ။ ဒါပေမဲ့

မအောင်မြင်ဘူးဗျ။ ခုဆို လျှော့လိုက်ပြီ။ ဘဝက လည်း

လမ်းကြောင်း ပြောင်းသွား ပြီ။ အဲဒီ အငုံ့စိတ်၊ အဲဒီ

စာနာစိတ်နဲ့ ကျွန်တော့်ရဲဘော်တွေ ကို အတက် နိုင်ဆုံး

အားပေးအားမြှော က်ပြုနေတာ။

ဗုဒ္ဓအလိုအားဖြင့်တော့ ပါရမီဖြည့်ဆည်းတာပေါ့ဗျာ ”

“ ဟုတ်ပါပြီ ကိုခင်ဇော်ဦးရဲ့ ။

အမွန်ပြောတာက အဲဒီ ပါရမီရှင်ကြီးတွေ

ကိုယ်စွမ်းကိုယ်စ နည်းတာ ကိုပါ။ ကိုယ့်ဝါသနာရေး

ရာကိစ္စ၊ ယုံကြည်ချက်ရေး ရာကိစ္စတွေ အတွက် ဘာ

ဖြစ်လို့ လူတစ်ဖက်သားကို လွယ်လင့်တကူ
မှီခိုအားထားချင်ရတာ လဲ။ အမွန် ယုံတာ ကတော့လေ
ဒီကိစ္စတွေ ကို သိပ်ပုံကြီးမချဲ့စေ ချင်ဘူး။
ဝါသနာကြီးမားတာ၊ ယုံကြည်ချက် ကြီးမားတာတွေ ဟာ
ကိုယ်ရေး ကိုယ်တာသက်သက်ပဲ ကိုခင် ဇော်ဦးရဲ့ ။
အောင်မြင်လာဦးတော့ ပြည်သူကို ကိုယ်စားပြုတယ်၊
ပြည်သူ့အနုပညာရှင် ဖြစ်တယ်၊ ဘာတယ်ညာတယ်နဲ့
သိပ်ကြီးကျယ်လာရင် အမွန်စက်ဆုပ်တယ်။
ထားပါလေ။ အမွန် ပြောချင်တာက ဒီ ဝါသနာ
ယုံကြည်ချက်ကိစ္စတွေ ကို ရှန်းကန်လုပ်ဆောင်ရာမှာ
ပုံကြီးချဲ့ပြီး သိပ်အခွင့်အရေး ယူဖို့ မသင့် တာကိုပါ။
ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရင်း၊ ရှင်းရှင်းပြောရရင်
ကိုယ့်စားဝတ်နေရေး ကို ကိုယ်ဘာသာ
တာဝန်ယူဖြေရှင်းသွားရင်း တစ်ဖက်က မဆုတ်မနစ်ကြို
း စားရမယ့်ကိစ္စမျိုး။ မဟုတ်ဘူးလား ”

ကိုခင်ဇော်ဦးက အပြုံး လျော့လျော့ဖြင့် ...

" လန့်စရာကြီးပါလား မမွန်ရယ်။ ဒီအယူအဆတွေ ကို ကျွန်တော် ရှေ့မှာ ပဲ ပြောဗျာ။ တခြားဘက် မှ ထပ်မပြောဖို့ မေတ္တာရပ်ခံပါရစေ။ မမွန်အတွက် သိပ်အန္တရာယ်ကြီးနိုင်တယ် "

အမွန့်ရယ်သံက စီစီညံ့ညံ့ကလေး လွင့်ထွက်လာသည်။ အမွန့်နှုတ်ခမ်းများ က ရဲရင့်သော အပြုံး ဖြင့် ထည်ဝါဝင့်ကြွားနေလေသည်။ မိမိယုံကြည်မှု အတွက် ဘာကို ဂရုစိုက်နေရဦးမည် လဲ မမှု ။ တစ်လောကလုံးကို အမွန်မမှု ။

" စိတ်ချ၊ ဘယ်မှာ မှ ထပ်ပြောစရာအကြောင်းလည်း မရှိပါဘူး။ ဒါ ကိုခင်ဇော်ဦး တစ်ယောက် နဲ့ သာ ပတ်သက်ပြီး အမွန့်ရင်ထဲက ပြောချင်ဆိုချင် ဖြစ်လာရတဲ့ကိစ္စ။

ဒါလောက်တောင် ကိုယ်ရေး ကိုယ် တာတွေ ကို စွန့်လွှတ်ပြီး ပါရမီဖြည့်နေရသတဲ့လား။ ကိုခင်ဇော်ဦးရယ်။ အမှန်တော့ ကိုခင်ဇော်ဦး ဆန္ဒ စောနေတာပါ။ အဓိကက ကိုယ့်ကိုယ်ကိုယ် အရင်ဆုံးပြည့်စုံအောင် ဖန်တီးရဦးမှာ ။ တကယ်ပါ။ ကိုခင်ဇော်ဦးမှာ ကနေ့အဝတ်တစ်စုံ၊ ဖိနပ်တစ်ရန် သီးခြားကိုယ်ပိုင်ရှိရင် အမွန် ဒါလောက် ပြောမနေပါ ဘူးရှင် ”

“ ကျွန်တော် အဖို့တော့ ရပါတယ်ဗျာ။ အဆောင်အယောင်တွေ ဒါလောက်လည်း မလိုချင်ပါဘူး”

“ အဆောင်အယောင် မဟုတ်ဘူးရှင့်။ အသုံးအဆောင် .. အသုံးအဆောင်။ လူ တစ်ယောက် အဖို့ မရှိမ ဖြစ် အမှန်တကယ် လိုအပ်နေတဲ့ လူ့အသုံးအဆောင်ကို ပြောတာ။ လူဆိုတာဟာ

စည်းနဲ့ကမ်းနဲ့ ကိုယ်ပိုင်သီးခြားအသုံးအဆောင်နဲ့ နေတက်ထိုင်တက်ရမယ့်သတ္တဝါမျိုးပါ ကိုခင်ဇော်ဦးရဲ့ ။ အမှန် ပြော တာကို လက်ပေါက်ကတ်ပြီး မတွေ:ချင်ပါနဲ့။ ဖဲမွေ့ရာ၊ ရွှေကော်ဇောမလိုပါဘူး။ ဒါပေမဲ့ လူမှန်ရင် မြေကြီး ပေါ် အိပ်လို့မ ဖြစ်ဘူး။ ခင်းစရာ၊ ခြုံစရာ၊ ခေါင်းအုံးစရာရှိရမယ်။ မဟုတ်ဘူးလား။ စားဖို့အတွက်အိုးခွက် ပန်းကန်လိုတယ်။ အိုးနဲ့ချက်ပြီး အိုးထဲတစ်ခါတည်း နှိုက်စားလည်း ဖြစ်တာပေါ့။ ဒါပေမဲ့ လူဆိုမှတော့ ပန်း ပန်နဲ့ ထည့်စားတက်ရမယ်။ အနည်းဆုံး ရေသောက်တာက အစရှင်။ လမ်းဘေးဘုံပိုင်မှာ လက်ခုပ်နဲ့ ခံ သောက်လည်း ဖြစ်တော့ ဖြစ်တာပေါ့။ ဒါပေမဲ့ ကိုယ့်အိမ်ထဲက သောက်ရေအိုးမှာ သန့်စင်ကြယ်လင် အောင် အထပ်ထပ်စစ်ပြီးမှ သောက်တယ်ဆိုတာက လူ့စရိုက်ပဲ။ ဒါကို ခမ်းနားကြီးကျယ်တယ်၊ တစ်

ဆောင်တစ်ယောင်လုပ်တယ်လို့ ဝေဖန်ရင် မှား မှာ ပေါ့။ ရေခဲသေတ္တာထဲက ရေပုလင်းအစီအရီကို အိပ် မက်ချင်တာမျိုးမှ မဟုတ်ဘဲရှင့်။ အမွှန် ကတော့ ဒီသဘောကို ကိုခင်ဇော်ဦး မေ့လျော့နေတယ် ထင်လို့ ပြောတာပါ။ လက်ခံတာ၊ မခံတာထားပေါ့။ ဒါက တစ်ပိုင်း "

"ဟဲ့ ဟဲ .... ပြောပါဗျာ။ ကျွန်တော့် အဖို့ ကတော့ မိန်းကလေး တစ်ယောက် ရဲ့ စရိုက်ဖော်ပန်းချီ ကားတစ်ချပ်ကို ထိုင်ကြည့်နေရသလို ပါပဲ "

အမွှန့်ရင်ထဲမှာ ထိတ်ခနဲ လှိုက်ခုန်သွားလေသည်။ တလှပ်လှပ်ဝမ်းသာကြည်နူးရိပ်များ လှိုင်းလိပ် တက်ကြွလာ၏ ။ ကိုယ့်ရင်ထဲမှာ ဘာရှိသည်ကို သူ သိနှင့် စေချင်သည်။

" အမွန် ရယ်စရာပြောနေတာတော့
မဟုတ်ဘူးနော်။ ကျန်တဲ့တစ်ပိုင်းက ပထမကိစ္စကို
ပြန်ကောက်ကြရအောင်။ အမွန်ပြောတဲ့ မရှိမ
ဖြစ်အမှန်တကယ်လိုအပ်တဲ့ လူ့အသုံးအဆောင်တွေ
ပြည့်စုံ ဖို့က လူတိုင်းမ ဖြစ်မနေ
ရှန်းကန်ဖန်တီးယူရမယ့်ကိစ္စ။ အဲဒီ ထက်ကျော်လွန်ပြီး
အနုအညက် အမွေး အကြိုင် အလှအပကို
မတန်တဆလို့လား တက်လာရင်တော့
ဒါဖောက်ပြန်တယ်လို့ ရဲရဲကြီးစွပ်စွဲရမှာ ပေါ့။ ဒါပေမဲ့
ပင်ကိုဗီဇကိုက အဲဒီ လိုဖောက်ပြန်လာတဲ့
လူတန်းစားတစ်စားရှိတယ်။ ဒါကို ကိုခင်ဇော်ဦး
လက်ခံမလား။ ရှင်းရှင်းပြောမယ်။ ကြွေ့ကို
စသိလာကတည်းက ကြွေဟာချို့ချို့ငဲ့ငဲ့အတန်းအစား
မဟုတ်ခဲ့ဘူး။ မကြောင့် မကြနေနိုင်တဲ့ဘဝ။ အဲဒီ
တုန်းက အမွန်ဆိုရင် မရေရာတဲ့ အနာဂတ်ကို မှန်းဆပြီး

ရုန်းကန်နေရတဲ့ ဘဝပါ။ ဒါပေမဲ့ အမွန်တို့လို မိန်းကလေးအများ စုက စားဝတ်နေရေး ၊ ဘဝရှေ့ရေး အ တွက် ပင်ပန်းကြီးစွာ ရုန်းကန်နေရချိန်မှာ စားဝတ်နေရေး ကြောင့်ကြ စရာလိုတဲ့ ကြွေက ဘာကြောင့် ပျက်စီးခဲ့ရသလဲ ”

“ ဒါ ပတ်ဝန်းကျင်ကြောင့် ပေါ့ မမွန်။ အဆောင်အယောင်ပကာသနထုံမွမ်းတဲ့ ပတ်ဝန်းကျင်က ကြွေ့ကို လွှမ်းမိုးသွားတာကိုး ”

ကိုခင်ဇော်ဦးက ကောက်ကာငင်ကာမဆိုင်းမတွ ဖြေလိုက်သည်။

“ ဒီလိုလည်း ကွက်ကျော်မတွေ းနဲ့ရှင်။ ကြွေတို့ ၊ အမွန်တို့ လူလားမြောက်လာရတဲ့၊ ဘဝ အလှည့်အပြောင်းတွေ ဖြစ်ပေါ်လာရတဲ့ ကာလအခိုက်အတန့်ပါ။ အဲဒီ တုန်းက

ဘော်ဒါဆောင်မှာ မိန်းကလေး

လေးငါးဆယ်နေကြတာ ကြွေ့လို မကြောင့် မကြဘဝမျ
းနဲ့ ဘဝရည်းမှန်ချက်အများ စုဟာ ချို့ ချို့ငဲ့ငဲ့နဲ့ပဲ
နေထိုင်သွားကြတာ။ အလုပ်လုပ်ရင်း စာသင်လို့
ဘွဲ့ရသွားသူတွေ လည်း ရှိရဲ့။ ခုထိ စာမေးပွဲ
တဖုတ်ဖုတ်ကျတုန်းမို့ ဇောချွေးပြန်အောင်
ကုန်းရုန်းရှာရင်း စာကျက်နေရတဲ့ မိန်းကလေးတွေ
လည်း ရှိရဲ့။ တချို့အလုပ်အကိုင်မရှိဘဲ အိမ်က
ထောက်ပံ့တဲ့ ကျောင်းစရိတ်ကလေး မလောက်မငကို
ခြစ်ခြုတ် သုံးပြီး စာကျက်နေရတဲ့ မိန်းကလေးတွေ
လည်း ရှိရဲ့။ အဲဒီ မိန်းကလေးအများ စုထဲမှာ ကြွေ
တစ်ယောက် သာကွက်ပြီး ဘာကြောင့်
လေလွင့်ခဲ့ရသလဲရှင်။ ကြွေရဲ့
အနီးစပ်ဆုံးပတ်ဝန်းကျင်က ကြွေကို ဘာကြောင့်
မလွှမ်းမိုးနိုင်ခဲ့သလဲ။ ဒါ ဗီဇချင်း မတူလို့ပေါ့။ မြက်ခင်း

ဘယ်လောက်စိမ်းစိမ်း၊ ဘယ်လိုနုနု
သားရဲတိရစ္ဆာန်အတွက်တော့ ဘယ်လိုမှ ဆွဲဆောင်မှု
မရှိတဲ့သဘောပေါ့။ မဟုတ်ဘူးလား။ ”

“ ဒါဖြင့်မိန်းကလေးတွေ
ပျက်စီးရတဲ့အကြောင်းအရင်းကို မမွန်က ဗီဇကြောင့် လို့
ဆိုချင်တာပေါ့”

“ မဟုတ်ဘူး။ ဗီဇကြောင့် ဆိုတာလည်း
တစ်ဖက်စွန်းရောက်တဲ့ အယူအဆ ကိုခင်ဇော်ဦးရဲ့ ။
ဗီဇ ရော၊ ပတ်ဝန်းကျင်ရော
တန်းတူအမိကကျတယ်လို့ပြောရမှာ ။
ကိုခင်ဇော်ဦးတို့ကအစ ပတ်ဝန်းကျင်ကို ချည်း
မဲပြီးပုံချနေကြလို့ အမွန်ဒါလောက်
အတိုက်အခံပြောရတာ ။ ခေတ်ကြောင့် စနစ်ကြောင့် ၊
မခိုင်မာ တဲ့ စီးပွားရေး စနစ် အိမ်ထောင်ရေး
စနစ်ကြောင့် ဘာကြောင့် ညာကြောင့် နဲ့

ပတ်ဝန်းကျင်ကိုချည်း လက်ညှိုး ထိုးပြနေကြတော့ ကျန်တဲ့ပြဿ နာဟာ လုံးဝမြုပ်နေတယ်။ ကာယကံရှင်တွေ ကလည်း ကိုယ့်ရဲ့ ချွတ်ယွင်းချက်ကို ပြု ပြင်ဖို့ သတိမရတော့ဘူး။ ကိုယ့်အားနည်းချက်တွေ ကို ကိုယ်ပြန်မမြင်နိုင်တော့ဘူး။ မိမိကိုယ်သာ သနားစရာအကောင်းဆုံးအလွမ်းမင်းသမီးလေးတွေ အ ဖြစ် လျှော့ထွက်လာတက်ကြရော့။ ပတ်ဝန်းကျင်ရဲ့ သားကောင်ပါလို့ ဖွဲ့နွဲ့တင်စားသူတွေ ရှိလာပြန်တော့ သူတို့ကိုယ်သူတို့ တော် လှန်ရေး ကာလ စတေးခံတပ်သားကောင်တွေ အထင်ရောက်လာပြန်ရော။ ဒါကြောင့် ပတ်ဝန်းကျင်ကိုချည်း လက် ညှိုး ထိုးပြနေတဲ့ဝါဒကို အမွန်က စိုးရိမ်တာ။ လမ်းလွဲရောက်နေသူကို လမ်းမှန်ညွှန်ပြရာ မရောက်တော့ဘဲ ချောက်ထဲ လိမ့်သထက်လိမ့်အောင် တွန်းချနေတာနဲ့ တူတယ်။ မှာ

းနေတဲ့လူဆိုတာ သူ့အမှား ၊ သူ့အားနည်းချက်ကို ထိထိရောက်ရောက် ထောက်ပြမှ သူ့အမှား သူမြင်တက်မှာ ပေါ့ ကိုခင်ဇော်ဦးရဲ့ ”

“ ဟုတ်ပြီလေဗျာ။ ဗီဇပါနိုင်တယ်ဆိုတာလည်း ကျွန်တော် ငြင်းဖို့ စိတ်မကူးပါဘူး။ ဒါပေမဲ့ ဗီဇ ထက် အရေး တကြီး ထောက်ပြထိုးနှက်ရမယ့် ပစ်မှတ်က ပတ်ဝန်းကျင်မဟုတ်ဘူးလား။ အနည်းမထိုင် နိုင်သေးတဲ့ခေတ်နဲ့ စနစ်ကို အဓိကပစ်မှတ်လို့ မယူဆနိုင်ဘူးလား။

အမွန်က မရယ်မပြုံး တော့ပါ။ ကိုခင်ဇော်ဦးမျက်နှာကို စေ့စေ့ကြည့်ရင်း ....

“ လေသေနတ်နဲ့ တိုက်မနေကြပါစို့နဲ့တော့ ကိုခင်ဇော်ဦးရယ် ”

ဟုန်းခနဲ့ ကိုခင်ဇော်ဦး၏ မျက်လုံးများ မီး၀င်း၀င်းတောက်လာသည် ထင်ပါ၏ ။ ရဲခနဲ့ မီးလက်လာ သော ဆေးလိပ်တိုကို ပြန်ချွတ်လိုက်ကာ အမွှန့်ကို စူးစူး၀ါး၀ါးကြည့်သည်။

" မမွှန်။ ခင်ဗျား ... ခင်ဗျား "

ကိုခင်ဇော်ဦးသည် စကားမဆုံးမီပင် နှုတ်ခမ်းကို တင်းတင်းကိုက်ပစ်လိုက်ကာ ၀ုန်းခနဲ ထိုင်ရာမှ ထသည်။ သည့်နောက် ပင့်သက်ကိုတနင့်တပိုးကြီး ရှိုက်သွင်းပစ်လိုက်ပြီး ချုပ်တည်းထိန်းသိမ်းထားရ သော လေသံကျိတ်ကျိတ်ဖြင့် ....

" ရန်သူမ ဖြစ်ချင်ဘူး။ မမွှန်ရယ်။ ခင်ဗျားနဲ့ပ ရန် ဖြစ်ရရင်လည်း ကလေး တစ်ယောက် နဲ့ ဖက်ပြိုင် ရသလို ့ကျွန်တော် ပဲ နောင်တရနေရမှာ ပါဗျာ။ ကဲ ...

ကျွန်တော် တော့ ပြန်မယ်။ ရုံးဆင်းချိန်ရောက်ရင် ကားကျပ်လို့ကြက်ဥတွေ ကွဲကုန်မှာ စိုးရတယ်။ မမွန် ဘာနဲ့ထည့်ထားသလဲ ”

အမွန်သည် ရင်ထဲမှာ မရှင်းလင်းလှသော လည်း ဘာတစ်ခွန်းမျှ ပြန်မပြောမနေတော့ဘဲ စားပွဲအံဆွဲ ထဲမှ စက္ကူ
သေတ္တာရှည်တောက်တောက်ပြားချပ်ချပ်ကလေးတစ်ဘူး သတိကြီးစွာ ဆွဲထုတ်ယူလိုက်၏ ။

“ အံ့မယ် ... စက္ကူသေတ္တာတွေ ဘာတွေ နဲ့ပါလား။ ဒါဆို တော် တော် ဆုံ့မယ် ”

အမွန်က စက္ကူသေတ္တာကို ကိုခင်ဇော်ဦးလက်သို့ လှမ်းထည့်ပေးရင်း ...

“ ကြက်ဥ သုံးဆယ်အတိပဲ။ စက္ကူစတွေ နဲ့ ညှပ်ထည့်ထားတယ်။ ဘူးက သမဝါယမဆိုင်က

တောင်းလာရတာ လေ။ ခေါင်းလိမ်းဆီဘူးတွေ ထည့်တဲ့ကော့စ် ထင်ပါရဲ့ "

" ကောင်းတယ်။ အင်းစိန်လိုင်းဘတ်(စ်)နဲ့ ဒီဘူးနဲ့မှ လိုက်တာ။ ကဲ ... ကျွန်တော် သွားပြီး မမွန် "

ကိုခင်ဇော်ဦးသည် ပြောပြောဆိုဆိုပင် သူ့ထုံးစံအတိုင်း ကတိုက်ကရိုက် လှမ်းထွက်သွားတော့၏ ။ အခန်းထဲမှာ လေတိုက်သလို လွင့်ထွက်သွားသော ကိုခင်ဇော်ဦး၏ နောက်ပိုင်းကို လှမ်းကြည့်ရင်း မပြီး ပြတ်သေးသော အလုပ်ကိစ္စများ အတွက် တစ်ယောက် တည်း ချန်ရစ်ရသည့်အ ဖြစ်ကို စိတ်မောလာသည်။

စနေနေ့မို့ ကိုခင်ဇော်ဦးနှင့် အတူ ကြွေ့ထံ သွားဖို့ရှိလေသည်။

သို့သော် အမွန် မလိုက်နိုင်ခဲ့။ မနက်ဖြန်

ရောက်လာမည့် လုပ်ငန်းစစ်ဆေးရေး အဖွဲ့ကို ရင်ဆိုင်ရန် အသင့်ပြင်ဆင်စရာများ ရှိနေလေသည်။

အမွန်သည် စောစောက ဗိုင်တစ်ခုကြားတွင် ထိုးညှပ်ထားခဲ့သော မှုခင်း ဇယားကို ပြန်ဆွဲထုတ်လိုက်၏ ။ မိမိကိုင်တွယ်ခဲ့ရသော အမှုကြီးသုံးဆယ့်ငါးမှု ရှိသည်။ သည်တစ်မြို့ နယ်လုံးမှာ ဥပဒေဝန်ထမ်း တစ်ယောက် တည်းနှင့် မနိုင်မနင်းဖြစ်နေသည်တို့ကိုတော့ အတက်နိုင်ဆုံး တင်ပြရဦးမည် ။ ဝန်နှင့် အားမမျှခြင်းကြောင့် " မှန်မှန် နှင့် မြန်မြန် " တည်းဟူသော ပြည်သူ့တရားစီရင်ရေး ဦးတည်ချက်အနှစ် သာ ရကို နှောင့်နှေးစေသည် မဟုတ်ပါလား။

စနေမှအပ ကျန်ရုံးတက်ရက်များ တွင် ဆိုလျှင် အမွန်သည် နေကုန်နေ့ခန်း ချွေးပြိုက်ပြိုက်ကျအောင် တစ်ခန်းဝင်တစ်ခန်းထွက် ပြေးလွှားနေရစမြဲ

ဖြစ်၏ ။ တရားစီရင်ရေး အဖွဲ့သုံးဖွဲ့က တစ်နေ့တာ ရုံးထိုင်စစ်ဆေးသမျှ အမှု ပေါင်းစုံကို ဥပဒေဝန်ထမ်း တစ်ယောက် တည်းက ထောင့်စေ့အောင်လိုက်၍ ရုံး ထိုင်ပေးရသည်မှာ မလွယ်။ မလွယ်သည့်ကိစ္စတို့ကို ထိုင်စိတ်မောနေရုံမျှနှင့် မပြီးနိုင်သည်မို့ အမွှန်က အတွေ :လက်စကို သိမ်းရင်းမှုခင်း ဇယားကြမ်းကို ငုံ့ဖတ်လိုက်သည်။

ပုဒ်မ - ၆(၁) ပြည်သူ့ပစ္စည်း ခိုးမှု

၃၄ မှု

ရာ - ၃၂၅ ရိုက်မှု

၅၁ မှု

၁၄၅/ ၁၄၇ တရားမဝင် အစည်းအဝေးပြုမှု

၂ မှု

၃၆၃ အသက်မပြည့်သူကို

ခိုးယူပေါင်းသင်းမှု

၃ မှု

ရာ - ၃၇၆ မုဒိမ်းမှု

၅ မှု

သမဝါယမမှု ဇယား - ၂ အပိုဒ် - ၆

၃ မှု

၃၂၁ ကလေး ဗိုက်ထဲတွင် သေခြင်း

၁ မှု

၃၀၂ လူသတ်မှု

၅ မှု

၁၇၀ အစိုးရအမှု ထမ်း ဟန်ဆောင်မှု

၂မှ

၅(၁) ပြည့်တန်ဆာမှု

၁၃ မှ

အမွှန်က မျက်လုံးများ ကို စုံမှိတ်ပစ်လိုက်လေသည်။ သို့သော် မျက်စိထဲမှာ တဝဲဝဲတရစ်ရစ် ဝေ့လည်နေ၏ ။

ပြည့်တန်ဆာမှု ။ ပြည့်တန်ဆာမှု ။

# အခန်း (၁၄)

စွန်းထင်း၍ အကွက်အကွက်ထနေသော အဖြူအိုရောင် အိပ်ရာခင်းဝါညစ်ညစ်ကို အမွန်စိတ်မသန့်ချေ၊ သို့သော် ထိုင်စရာမရှိ၍ သည်အိပ်ရာပေါ်မှာ ပင် ရွှန်မှိတ်ထိုင်ချလိုက်ရ၏ ။

အခန်းထဲတွင် မှန်နှင့် အလှပြင်ကိရိယာ တောက်တိုမည် ရများ တင်သော စားပွဲဟောင်းတစ်လုံး၊ ခေါက်ကုလားထိုင်တစ်လုံးနှင့် ပက်လက်ကုလားထိုင်ကြမ်းတစ်လုံးသာ ရှိလေသည်။

ပက်လက်ကုလားထိုင်မှာ ဇာတ်ပွဲထဲတွင် တစ်လုံး သုံးကျပ်နှင့် ငှားသော ကုလားထိုင်မျိုးမို့ ထိုင်၍ ဖြစ်ရုံရှိသည်။ လက်တန်းမပါ။
ထိုပက်လက်ကုလားထိုင်မှာ ကိုခင်ဇော်ဦးက ထိုင်၍ ခေါက်ကုလားထိုင်ကို ဒေါက်တာကျော်ဇင်ဦးအတွက်

ဦးစားပေးရသည်။ ကိုခင်ဇော်ဦး၏ သူငယ်ချင်းဆရာဝန်မို့ ဆရာဝန်က လည်း ဟိတ်ကြီးဟန်ကြီးတော့ လုံးဝမရှိ။ အိပ်ရာခေါင်းရင်း ပြတင်းပေါက်ကိုပင် သူ့ဘာသာ တွန်းဖွင့် လိုက်သေးသည်။

ကျဉ်းမှော င် ပိတ်လှောင်၍ မွန်းကျပ်ကျပ် ဖြစ်နေခဲ့ရာ ပြတင်းဖွင့်လိုက်တော့မှပင် အနည်းငယ် အသက်ရှူချောင်သွားသည့် ထင်၏ ။ သို့ သော သည့်အခန်းထဲမှာ အသက်ရှူမဝချင်။ အနံ့အသက်များ ကို အမွှန်မနစ် မြို့ ။

ကြွေ ကတော့ ဘာမှ မသိသလိုပင် အိပ်ရာပေါ်မှာ ပက်လက်မှိန်းနေသည်။ ဆေးထိုးပြီးစမို့ ဆေးရှိန်နှင့်မှိန်း၍ အိပ်ပျော်နေသည်ထင်၏ ။

“ အပေါ်ယံကြည့်ရင်တော့ ရောဂါ က

ဒုတိယအဆင့်လောက်ရှိတယ်ထင်ရတာ ပဲ။ ဒီအနီဖုလေး တွေ က တစ်လလောက်ကြာရင် ဆေးမကုဘဲနေတောင်မှ သူ့အလိုလို ပျောက်ကုန်မှာ ပါ။ ဒါပေမဲ့ ရောဂါ ပိုး ကတော့ အထဲမှာ တစ်စတစ်စ အဆောက်အအုံကြီးထွားနေတာပေါ့လေ။ သူ့ကို သွေးထပ်စစ်ကြည့်ချင် သေးတယ်ဗျာ။ ကျွန်တော် ကြုံ ဖူးတာတွေ ရှိတယ်။ ဟိုတစ်လောက နီးနှောဖလှယ်ပွဲမှာ လည်း စာတမ်း ဖတ်သွားတာပဲ။ ခုမြန်မာပြည်ထဲမှာ ဆစ်ဖလစ်ပိုးတစ်မျိုး ပျံ့နှံ့စပြုနေတယ်ဗျ။ ဟိုဘက်နိုင်ငံနဲ့ ဥဒဟိုကူး နေကြတဲ့ မှော င်ခိုသမားတွေ ဆီက တစ်ဆင့်ပါလာပြီး ပြန့်ပွားလာတယ်လို့ သိရတာ ပဲ။ အဲဒီ ပိုးက သိပ်ဆိုး တာ။ ပင်နီဆီလင်ထိုးလိုက်ရင် အရိုးထိအောင်တိုးဝင်ပြီး အထဲမှာ လှိုက်စားတော့တာပဲ။ ပင်နီဆီလင်ကို မဖြို တဲ့သဘောပေါ့ဗျာ။ ဦးနှောက်ထဲကို

အရောက်မြန်တယ်။ သာမန်အားဖြင့် ဒီ ရောဂါ စွဲပြီး အနှစ် နှစ် ဆယ်လောက်ကြာမှ ဦးနှောက်ထဲကို ဆစ်ဖလစ်ပိုးရောက်တဲ့ အဆင့် ဖြစ်တက်တာ မဟုတ်လား။ ခု ဆစ်ဖလစ်ပိုးက သိပ်မြန်တယ် ”

ဒေါက်တာကျော်ဇင်ဦး စိတ်ရှည်လက်ရှည် ပြောပြနေသည်ကို နားထောင်ရင်း အမွှန်သည် ကျောထဲမှာ စိမ့်လာ၏ ။

အမှတ်မထင် ကြွေ့ကို ငုံ့ကြည့်မိသော် ဖျော့တော့ဝါရော်သော ဆင်းသွင်သဏ္ဍာန်ကို အားလျော့ စဖွယ်မြင်ရသည်။ ကိုယ်ခန္ဓာပေါ်က အနီဖုများ မှာ ရေကျောက်ဖုများ လို အသည်းယားစဖွယ် မွစာကျဲနေ ၏ ။ ဒေါက်တာကျော်ဇင်ဦးပြောသည့် မော င်ခို ဆစ်ဖလစ်ပိုးများ ကြွေ့သွားကြောထဲမှာ ပျံ့နှံ့နေပြီလား ကွယ်။

အိမ်ရှင် ကိုချစ်အောင်နှင့်
မော်လီတို့လင်မယား
လားရှိုးဘက်သွားကြသည်ဆိုသည့်ကိစ္စက အမွှန့်ကို
ပို၍ သံသယရနံ့မကင်း ဖြစ်စေသည်။

မော်လီကို လင်မယားကား မှော
င်ခိုဂိုဏ်းများ နှင့် ဆက်သွယ်နေသူ၊ မှော
င်ခိုအကြီးစားများ နှင့် ဆက်ဆံနေသူဟူ၍
ကြွေပြောပြဖူးသည်များ ကို ပြန်သတိရလေသည်။
ခုလည်း လင်မယားနှစ် ယောက် စလုံး
ခရီးထွက်နေကြလေသည်။ အိမ်မှာ ကြွေ တစ်ယောက်
တည်း။

ထောင်မှ လွတ်သည့်နေ့ကလည်း ကြွေ
တစ်ယောက် တည်းပင်။ ကိုခင်ဇော်ဦးပင် မသိလိုက်။
ကြွေ့ဘာသာကြွေလည်း ကြိုသိမထားသည်မို့ ဖြုန်းခနဲ
အိမ်ပြန်ရောက်လာတော့ အိမ်ထဲဝင်ဖို့ပင် ခက်နေ

သည်။ နောက်မှ ခြေရင်းအိမ်က သော့ထွက်လာပေး၍ တော် တော့သည်။

ကိုယ့်ဘဝနှင့် ၊ကိုယ်ပြဿ နာနှင့်ကိုယ်မို့ မော်လီတို့ လင်မယားကိုလည်း အဆိုးမဆိုသာပေ။ ကြွေ့ကို တကူးတကန့်လာတွေ့ ၍ နှုတ်ဆက်အကြောင်းကြားမသွားနိုင်သည့်တိုင် ခြေရင်းအိမ်မှာ သော့ အပ်ထားခဲ့သည်ကိုပဲ ကျေးဇူးတင်ရသေး၏ ။

ကိုခင်ဇော်ဦး နောက်ဆုံးတစ်ခေါက် ထောင်ဝင်စာသွားတွေ့တော့ ကြွေ လွတ်သွားပြီ ဖြစ်လေ သည်။ သတင်းစုံစမ်း၍ အိမ်ကို လိုက်ရသည်။

ခုတော့ ကြွေသည် ဗုန်းဗုန်းလဲသည့် အခြေအနေမျိုးမဟုတ်သည့်တိုင် ရောဂါ ဒဏ်ကို ဆိုးဆိုးရွားရွား ခံစားနေရ၏ ။ အကျဉ်းသားဘဝမှာ

စိတ်ဓာတ်ရော၊ ကျန်းမာရေး ပါ သိသိသာသာ ကျဆုံးခဲ့လေသည်။ ဖြူလျော့ဖျော့တော့၍
အားအင်ကုန်ခန်းနေသော ကြွေ့အသွင်အလျာမှာ အားလျော့စဖွယ် တည်း။

" ကိုခင်ဇော် .. ကိုဇော်၊ ကိုဇော်ရေ "

အမွှန် ရင်ထဲမှာ ဖျတ်ခနဲ့ လှုပ်သွားသည်။ ကိုခင်ဇော်ဦး ပက်လက်ကုလားထိုင်မှ ဆတ်ခနဲ ကိုယ်ကို မတ်လိုက်သည်ကို မြင်၏ ။

ကြွေ့နှုတ်ခမ်းများ မပွင့်တပွင့် လှုပ်ရှားလာကာ မပီမသ ညည်းနေသည်။ ကိုခင်ဇော်ဦး၏ နာမည် ကို အဖျားဆွတ်ကာ ယောင်ယမ်းတမ်းတခေါ်နေ၏ ။ မျက်လုံးများ ပွင့်မလာ။ ခဏအတွင်း ; ပြန် လည်ငြိမ်သက်လေသည်။ အသက် မှန်မှန်ရှူနေ၏ ။

" အိပ်ပျော်နေပြီ "

ဒေါက်တာကျော်ဇင်ဦးက

တစ်ခွန်းပြောလိုက်ကာ ပြန်ဖို့ပြင်သည်။ အမွန်ရင်ထဲမှာ တစ်စုံတစ်ခု ကြောင့် လှုပ်ရှားလိုက်ခုန်နေ၏ ။ ကိုခင်ဇော်ဦးကို ဖျတ်ခနဲလှမ်းကြည့်လိုက်မိသော် သူလည်း စိတ်လှုပ်ရှား နေသည်ထင်၏ ။ မတည်ငြိမ်သော အနေအထားနှင့် မရှုံ့မရဲလှမ်းကြည့်နေသော မျက်လုံးများ ကို တွေ့ ရသည်။

မကြာသေးသော အချိန်ကာလအတွင်း :မှာ ပင် ကြွေက ကိုခင်ဇော်ဦးကို ငြိတွယ်ခဲ့လေပြီ။ ကိုခင်ဇော်ဦးကကော။

" မရွှေစင်မွန်။ ကျွန်တော့် ကို ခွင့်ပြုပါဦး "

" သြော် သြော် ...ဟုတ်ကဲ့ရှင် ကျေးဇူး

ဒေါက်တာ ”

ကိုခင်ဇော်ဦးက ဆေးအိတ်ကိုဆွဲကာ အခန်းထဲမှ အရင်ဆုံး ထွက်သွားသည်။ သူ ဒေါက်တာ ကျော်ဇင်ဦးကို ကားဆီလိုက်ပို့နေဆဲ ခြေရင်းအိမ်မှ အဒေါ် ရောက်လာလေသည်။

“ဩော် ... အဒေါ်လာပါ။ အတော် ပဲ။ ကျွန်မတို့လည်း ပြန်ကြတော့မလို့။ ချက်ပြု တ်ပြီးခဲ့ပြီလား အဒေါ် ”

အဒေါ်ကြီးက နဖူးဆံစပ်မှ ချွေးများ ကို အင်္ကျီလက်မောင်းဖြင့် ပင့်သုတ်ရင်း ခေါက်ကုလားထိုင်မှာ ဝင်ထိုင်သည်။

“ ဆိုပါတော့ ဆရာမ ရယ်။ အိမ်အလုပ်ဆိုတာကလည်း တမင်မလုပ်ဘဲ ဖြတ်ထားမှ ပြီးတာမျိုး။ နို့ မဟုတ်ရင် တစ်ခုပြီးတစ်ခု

လုပ်စရာဆိုတာ ဇယ်ဆက်နေတာကလား။ အဒေါ်တို့လို
မပြည့်စုံတဲ့လူက သာဆိုးတာပေါ့လေ။ ချက်ဟဲ့ပြု
တ်ဟဲ့ဆို ဂိုးဂွပ်နဲ့ ထပြီး ထုထောင်းလုပ်နိုင်တာမျ
ိုးမှမဟုတ်ဘဲ။ ဆီရှာရ၊ ငရုတ်သီးရှာရ၊ တစ်ခါတစ်ခါ
နံနွင်းမှုန့် ကုန်လို့နံနက်တစ်ထပ်၊ ညတစ်ထပ်
ထမင်းစားနေရတာ ဆရာမ ရေ။ ဒီကြားထဲအကြွေ့ကို
စိတ်မချလို့ ကူးကူးလာရတာ ”

“ ဟုတ်ပါတယ်ရှင်။ ကျွန်မက အဒေါ်ကို
သိပ်ကျေးဇူးတင်နေတာ။ နို့မဟုတ်ရင် သူ တစ်ယောက်
တည်း ဒုက္ခ။ ကျွန်မတို့ကလည်းရုံးသမားတွေ ဆိုတော့
လာကြည့်မပေးနိုင်နဲ့။ လက်စနဲ့ အဒေါ်ပဲ တက်နိုင်
သလောက် စောင့်ရှောက်ပါရှင်။ ပြီးတော့လေ ကြွေ
ဘာစားနိုင်မလဲ။ အဲဒါလေး သူပြောရင်းပြောသလိုပေါ့
လေ။ အဒေး တာဝန်ယူလုပ်ပေးပါလို့ ”

အမွှနက ပြောပြောဆိုဆို စားပွဲပေါ်မှာ

သူ့လက်ကိုင်အိတ်ကို ထယူလိုက်သည်။

"ရပါတယ်။ အဒေါ်တို့မှာ အိမ်နီးချင်းဝတ္တရားရှိပါတယ် ဆရာမ ရဲ့။ အကြွေ့ကျေးဇူးတွေ လည်း အဒေါ်တို့မှာ အများ ကြီး ရှိခဲ့ဖူးပါတယ်ကွယ်။ ခုနေခါမှာ စောင့်ရှောက်ပြု စုခွင့်ရတာ ကိုပဲ ကျေနပ်လှပါပြီ"

"ကဲ ... ရော့ပါ အဒေါ်။ ကြွေ့အတွက် သုံးရအောင် ငွေတစ်ရာယူထားပါ။ ကြွေ့ကို ပြုစုစောင့် ရှောက်နေရတဲ့အချိန်မှာ အဒေါ့်အနေနဲ့တခြားအလုပ်အကိုင်တွေ ပျက်မယ်ဆိုတာ ကျွန်မသိပါတယ်။ ရှာရဖွေရတဲ့ဘဝကို ကျွန်မ ကိုယ်ချင်းစာပါတယ်ရှင်။ ဒါကြောင့် ဟောဒီတစ်ရာက အဒေါ်အတွက်သက် သက် ကျွန်မကန်တော့ပါတယ်။ ကြွေ့ကိုတာဝန်ယူထားရတုန်း

အဒေါ်တစ်ဖက်တစ်လက်က အနည်းအကျဉ်း စိတ်အေးရအောင်ပါ”

“ အို .. ... အို ... နေပါစေ ဆရာမ ရယ်။ နေပါစေ။ အဒေါ်ကစေတနာသက်သက်ပါ။ အကြွေ့ အတွက် လုပ်ကိုင်စောင့်ရှောက်ပေးရတဲ့ ကိစ္စမှာ ဘာတစ်ခုမှ ရရကောင်းစ သဘောမထားပါဘူးကွယ်။ နေပါစေ ”

အဒေါ်ကြီးက ရိုးရိုးသားသားပင် ခါးခါးသီးသီးငြင်းနေ၏ ။ အမွန်က ပို၍ ကရုဏာသက်သွားမိကာ အဒေါ်ကြီးလက်ထဲသို့ ငွေစက္ကူ များ ကို အတင်းထိုးထည့်ပေးရသည်။

“ယူပါ အဒေါ်ရယ် ... ယူပါ။ အဒေါ့်စေတနာကို ကျွန်မလေးစားပြီးသားပါ။ ယုံပါတယ်။ ကျွန်မရဲ့ စေတနာကိုလည်း

အဒေါ်အသိအမှတ်ပြုဦးမှပေါ့။ မဟုတ်ဘူးလား။

အဒေါ်ကြီးက ငွေစက္ကူများ ကို တုန်တုန်ယင်ယင်ဆုပ်ကာ ဘာစကားမှ မပြန်နိုင်တော့ဘဲ မျက်ရည်တဝဲဝဲ ဖြစ်လာ၏ ။ အမွန်က အလိုက်တသိ စကားဖြတ်လိုက်ပြီး လက်ကိုင်အိတ်ကိုဆွဲကာ အခန်းထဲမှ ထွက်ခဲ့သည်။

ကိုခင်ဇော်ဦးက လှေကားထိပ်မှာ ရပ်နေလေသည်။

" ပြန်ကြရအောင် မမွန် "

" ကြွေ့ကို ဝင်မကြည့်တော့ဘူးလား။ အိပ်တော့ အိပ်တုန်းပဲ "

ကိုခင်ဇော်ဦး၏ မျက်လုံးအကြည်များ ၊ ကတိမ်းကပါး၊ အခြေပျက်သွားသည်ကို အမွန် သတိထား မိလိုက်သည်။ သို့သော် သူက

ရုတ်ခြည်းမျက်နှာထားပြင်လိုက်ကာ …

" သူ အိပ်ပျော်နေလိမ့်ဦးမယ် မမွန်။ ကျော်ဇင်ဦးက ပြောသွားတယ်။ ထိုးပေးခဲ့တဲ့အားဆေးက နှစ် နှစ် ဖြိုက်ဖြိုက်ကြီး အိပ်ပျော်ပါလိမ့်မယ်တဲ့။ အိပ်မပျော်နိုင်တာ၊ စိတ်ကယောင်ချောက်ချား ဖြစ်တာက သူ့ ခွန်အားရှိစုမဲ့စုကလေးကို ဖြုံပစ်သလို ဖြစ်နေတာတဲ့။ သွေးထပ်စစ်ဖို့လည်း ပြောသွားတယ်။ ကဲ … လာလာ။ လမ်းလျှောက်ရင်း ပြောစို့။ ဩော် … အဒေါ်ကျွန်တော် တို့ ပြန်ဦးမယ် "

ရေနွေးဇလုံနှင့် အဝတ်ဟောင်းတချို့ကို ထုပ်ယူသိမ်းဆည်းလာသည့် အဒေါ်ကြီးအား အမွန်ကပါ နှုတ်ဆက်လိုက်ပြီး လှေကားမှ ပြိုင်တူဆင်းလာခဲ့ကြလေသည်။

ကျဉ်း၍ မှော င်သော

မြေနီလမ်းကလေးပေါ်မှာ နှစ် ဦးသားတိတ်ဆိတ်စွာ လျှောက်လာခဲ့ကြသည်။ လမ်းပေါ်မှာ ကလေး၊ လူကြီးတွေ ့သမျှသည် အမွန်တို့နှစ် ယောက် ကို ပေါက်ထွက်မတတ် စူးစူးဝါးဝါး ဝိုင်းကြည့်ကြ၏ ။

" နောက်ဆိုရင်တော့ ဒီအိမ်ကို မမွန်လိုက်လာလို့ မ ဖြစ်ဘူး။ "

ကိုခင်ဇော်ဦးက တိတ်ဆိတ်ခြင်းကို စတင်ဖြို ခွင်းလိုက်သည်။ အမွန်က ပတ်ဝန်းကျင်ကို လုံးဝဂရုမပြု မိဟန်နှင့် ...

"အို ... ဘာ ဖြစ်လဲ ကိုခင်ဇော်ဦးရဲ့ ။ ကိုယ့်ကိစ္စနဲ့ကိုယ် လာကြတာပဲ "

" မဟုတ်ဘူးလား။ ဒီအိမ်မျိုးဆိုတာက အမွန့်လို မိန်းကလေး တစ်ယောက် ဝင်ထွက်သွားလာဖို့

လုံးဝမသင့်လျော်ဘူး။ ဒါက တစ်ပိုင်း။

ပြီးနောက်တစ်ခုက ကြွေ့ ရောဂါ နဲ့ပတ်သက်ပြီး

မမွန်အတွက် စိတ်မချဘူးလေ။ ဒါမျိုးက

လက်ပွန်းတတီးနေလွန်းရင် ကူးစက်နိုင်သည်။

စောစောက ကြွေ့အိပ်ရာပေါ် မမွန်ဝင်ထိုင်လိုက်တာ

တွေ့ရတော့ ကျွန်တော် ရင်ထဲမှာ တထိတ်ထိတ်ပဲဗျာ ”

အမွန့်ရင်ထဲမှာ နွေးသွားပြန်လေသည်။

အမွန်က ကြည်ကြည်နူးနူးကလေး ပြုံး လိုက်ကာ ...

“ ဒါလောက်လည်း

စိုးရိမ်စရာမရှိဘူးထင်ပါရဲ့ ကိုခင်ဇော်ဦးရယ် ”

“ မဟုတ်ဘူး မမွန်၊ ခင်ဗျား မသိပါဘူး။

ကျော်ဇင်ဦးက ကြွေ့ ရောဂါ ကို သိပ်အားမရဘူးဗျ။

စိတ် ကယောင်ချောက်ချား ဖြစ်နေတာကိုက

ဆစ်ဖလစ်ပိုး ဦးနှောက်ထဲဝင်နေပြီလားလို့

သံသယရှိစရာ ဖြစ် နေ တယ်။ ကျောရိုးကိုဖောက်ပြီး စစ်ရဦးမယ်ဆိုလား။ ကြွေ နည်းနည်း အားပြည့်လာရင် ကာလသား ရောဂါ အထူးကုဆေးရုံကို ခေါ်ထားရမယ်။ ဒါတွေ အားလုံးကျွန်တော် နဲ့ ဆက်လုပ် သွားမယ်။ မမွန် အဝေးမှာ နေ။ ကြွေ့အနားမှာ လက်ပွန်းတတီး နေလို့တော့ လုံးဝမ ဖြစ်ဘူး ”

“ဟင် … ကိုခင်ဇော်ဦး ကတော့ အနားမှာ နေမယ်။ ဘာထူးလဲ ”ဗျာ။ ဖြစ်လာတောင် ပင်နီဆီလင် နိုင်နိုင်ထိုးရုံပေါ့။ ကျွန်တော် ဘာ ဖြစ် ဖြစ် အရေး မကြီးဘူး ”

“ အို … မဟုတ်တာ၊ ကိုခင်ဇော်ဦးတောင် စွန့်စားနိုင်ရင် အမွန်က ဒီထက် စွန့်စားသင့်တာပေါ့။ ကြွေက အမွန်နဲ့ အမိကပတ်သက်နေတာပဲဟာ ”

“ ဩော် .. ပြောရတာ လည်း

နားဝေးပါကလား မမွန်ရယ်။ ခင်ဗျားပုံစံ နုနုဖပ်ဖပ်
နင်းဆီပွင့်ချပ်က လေးလိုနေတဲ့ မိန်းကလေးက
ကျွန်တော် လိုကောင်ကို တုပြီး အတင့်ရဲလို့ မရဘူးဗျ။
ခင်ဗျာလေးကို လုံးဝ အငြိအစွန်း
အထိအခိုက်မခံနိုင်လို့ပြောနေရတာ ”

ကိုခင်ဇော်ဦး၏ ဒေါသက အမွန့်ရင်ထဲကို
အေးမြအောင် လွှမ်းရစ်သွားလေသည်။ ကားမှတ်တိုင်
တွင် နှစ် ယောက် သား ပြို
င်တူရပ်လိုက်ရင်းနှုတ်ဆိတ်သွားကြပြန်၏ ။
အတန်ကြာမှ အမွန်ကစ၍ ခပ်ဖြည်း
ဖြည်းညည်းလိုက်မိသည်။

“ကိုခင်ဇော်ဦး ကတော့ အမွန့်အတွက်
မားစားခံ ဖြစ်နေရပြီနော် ”

ကိုခင်ဇော်ဦးက ယဲ့ယဲ့ကလေး ပြုံး

နေသည်။

“ အစ ကတော့ လူသွားလမ်းပေါ်ကျနေတဲ့ ဆူးခက်တစ်ခက်ကို ဆွဲဖက်သလောက်ပဲ အောက်မေ့ခဲ့တယ်ပေါ့လေ။ ခုတော့ မမွန်ရဲ့ စေတနာဆန္ဒကို လေးစားအားရမိလို့ စိတ်ပါလက်ပါ လိုက်လုပ်ရင်း ကျွန်တော့် ကိုယ်ရေး ကိုယ်တာလို ဖြစ်နေပြီဗျ။ နောက်ပြီး ကြွေကိုလည်း နှမငယ် တစ်ယောက် လို ကရုဏာသက်နေမိတယ်။ စမိတဲ့နောက် ဆုံးခန်းတိုင်အောင်လုပ်ရမှာ ပေါ့ဗျာ။ ကျွန်တော် တို့ ဆက်လုပ် ရဦး မယ့် နောက်ဆက်တွဲကိစ္စတွေ တစ်ပုံကြီး ကျန်သေးတယ်နော် ”

ဘတ်စ်ကားတစ်စီးတလေ၏ အရိပ်အယောင်ကိုမျှ အရိပ်အယောင်ကိုမျှ မမြင်ရသေးပေ။ အဝေး တစ်နေရာသို့ မှန်းဆမျှော်ငေးရင်းမှတ်တိုင်တွင်

အကြာကြီးတိတ်ဆိတ်စွာ ရပ်နေမိကြ၏ ။

# အခန်း (၁၅)

" ဟင် "

အမွန်သည် ငယ်ထိပ်တည့်တည့်ကို လက်ပစ်ဗုံးနှင့် ပစ်အခွဲခံလိုက်ရသလို ဦးခေါင်းတစ်ခုလုံး အစိတ်စိတ်အမွှာမွှာ ကွဲအက်ကြေမွသွားပြီးထင်၏ ။ အသိဉာဏ်အာရုံခံစားမှုလည်း ဘာတစ်ခုမျှမရှိတော့ မျက်စိထဲမှာ မှော င်အတိကျနေသည်။ ရင်ထဲမှာ လည်း ဗလာ။

" ယုံနိုင်စရာတော် မရှိပါဘူး မမွန်ရယ်။ အံ့ရော အံ့ရော "နားထဲသို့ စူးစူးရှရှ တိုးဝင်လာသော မမကြည်အသံက ဖြုန်းခနဲလွင့်စဉ်ပြေးသွားသော အမွန့်လိပ်ပြာကို ပြန်လည်ခေါ်ယူလိုက်သည်။

ပထမဆုံးရင်ထဲမှာ ဆောက်တည်ရာမရအောင် ကြေကွဲလှုပ်ခါနေသည်ကို

သိသည်။ တစ်စုံ တစ်ခု ပြောလိုက်ချင်သော် လည်း ဘယ်လိုပြောရမည် မသိနိုင်လောက်အောင် သတိလက်လွတ် ဖြစ်နေကာ နှုတ် ခမ်းများ တရှုရှု တုန်ယင်နေသည်ကို အားမလိုအားမရ ဖြစ်နေသည်။ မဲ့ရွဲ့ငိုရှိုက်ပစ်လိုက်စိတ်သာ များ နေ၏ ။

သို့ သော် မျက်ရည်ရစ်ဝိုင်းလာသော မျက်လုံးအစုံကိုပင် မျက်တောင်ရှည်များ ဖြင့် ပုတ်ခတ် ဖုံးကွယ်ပစ်လိုက်နိုင်လေသည်။

" တ ... တကယ် ယူလိုက်တယ်နော် "

အမွှန့်လေသံမှာ အားပျော့ရုံမက တုန်ခိုက်နေ၏ ။ မမကြည်က သူ့အင်္ကျီရင်ဖုံးကြားတွင် ညှပ် ထည့်လာသော စာတစ်စောင်ကို ဆွဲထုတ်ယူလိုက်သည်။

"ကိုယ်နား ကိုယ်တောင်

မယုံချင်စရာကောင်းတဲ့ အ ဖြစ်မျိုးပါကွယ်။ ကိုအေးဖေ ပြန်ရောက် ရောက်ချင်း မမကြည်လည်း မမွန်ဆီပြေးလာတာ။ ရင်ထဲမှာ ခံစားရလွန်းလို့။ ပြောချင်ဆိုချင်လွန်းလို့ ”

မမကြည်က ပြုတ်ထွက်သွားသော ရင်ဖုံးအင်္ကျီကြယ်သီးကိုပြန်တပ်လိုက်ပြီး အမွန့်ကို စာလှမ်း ပေးလိုက် သည်။

“ ရော့ .. အဲဒါ အမွန့်ကို အကျိုးအကြောင်း အစုံအလင်သိရအောင်စာနဲ့ရေး ပြီး ပြောလိုက်ပါတယ် တဲ့။ ညနေက ကိုအေးဖေကို အခေါ်လွှတ်လိုက်သွားရတယ်။ ကောင်စီဝင်လူကြီး လေး၊ငါး ခြောက် ယောက် ကိုပါဖိတ်ပြီး လက်ဖက်ရည် တိုက်သတဲ့။ အသိပေးတဲ့ သဘောပေါ့လေ။”

အမွန်က ကိုခင်ဇော်ဦးထံမှစာကို တော်

တော် နှင့် ဖွင့်မဖတ်ရဲလောက်အောင်
စိတ်လှုပ်ရှားနေသေး၏ ။
လက်ဖျားတဆတ်ဆတ်တုန်နေသည်ကို ဖုံးကွယ်မရ။

" အဲဒါ မမွန်ရဲ့ သူငယ်ချင်းဆို။
ကောင်းကောင်းလည်း မမာဘူးဆို။
ကိုအေးဖေပြောတော့ ရုပ်တောင် နည်းနည်း
ပျက်ချင်သလိုလိုပဲတဲ့ "

" အမွန်တော့ အံ့သြလွန်းလို့ ဘာတွေ
ပြောပြရမှန်းတောင် မသိတော့ပါဘူး မမကြည်ရယ်"

မမကြည်က စားပွဲပေါ်မှ သတင်းစာကို
လှမ်းဆွဲလိုက်ပြီး တဖျပ်ဖျပ် ယပ်ခတ်ရင်း
အမောဖြေနေ၏ မမကြည်တစ်ကိုယ်လုံး ချွေးတို့ဖြင့်
ရွှဲနစ်ကာ မောလှိုက်နေသည်။

" နားပါဦး မမကြည်။ ညစာစားပြီးမှပဲ

ပြန်ပါတော့နော်။ အမွန်လည်း ချက်ပြုတ်ပြီးလို့ ခဏနားစပဲ ရှိသေးတယ် ”

မမကြည်က ကုလားထိုင်နောက်မှီတွင် ခေါင်းတင်၍ မျက်လုံးများ ကို မှေးစင်းထားလေသည်။

“ သိပ်မှော င်တဲ့ အထိတော့ နေလို့မ ဖြစ်ဘူး မမွန်ရဲ့ ”

“ အို .. အစောကြီး ရှိသေးတာပဲ။ မမကြည် အမောပြေရင်ထမင်းစားကြတာပေါ့။ ကဲ ... နားလိုက် ဦးနော် ”

အမွန်က စာရေး စားပွဲရှိရာသို့ ထလာခဲ့ပြီး မမကြည်ကို ကျောပေးထိုင်ကာ ကိုခင်ဇော်ဦး၏ စာကို မောပန်းတကြီး ဖွင့်ရသည်။ ခပ်မြန်မြန်သော့ ရေး ထားသော အဆွဲအငင် အပင့်အရစ်တို့ကို မျက်ရည်သီသီ ဝေ့ဝဲလာသော မျက်လုံးများ က

အားစိုက်ကြည့်ရလေသည်။

ညီမငယ်အမွန်

အမွန်အမြတ် တန်ဖိုးထားအပ်တဲ့ ညီမငယ် တစ်ယောက် လိုခဲ့ယူရှုယ်စူးပြီး ဒီစာကို ရေး လိုက်ပါတယ်။ မနက်ဖြန်ကစပြီး ကျွန်တော် ခွင့်တစ်လတိတိ ယူရပါမယ်။

ကနေ့ ကျွန်တော် ကြွေ့ကို

လက်ထက်လိုက်ပါတယ်။ အမွန့်ကို လုံးဝ မတိုင်ပင်ခဲ့ဘဲ ခုချိန်ကျမှ အကြောင်းကြားရတာ ကိုတော့ ကျွန်တော်လည်း စိတ်ထိခိုက်ရပါတယ် အမွန်။ ဒါပေမဲ့ အမွန့်ကိုအစဉ် ထာဝရ အမွန်အမြတ် လေးစားမြဲရှိလျက်ပါဆိုတာကိုတော့ ယုံပါ။ ပြီးတော့ ကျွန်တော့်ကို နားလည်ပါ။

ကြွေ့ကို ကျွန်တော်

လက်ထက်လိုက်တယ်ဆိုတာနဲ့ ပတ်သက်ပြီး အမွန်
နားမလည်နိုင်အောင် များ ဖြစ်နေဦးမှာ လားဗျာ။
အမွန်အချိန်ကုန်ခံပြီး ဦးနှောက်မခြောက်ရအောင်
ကျွန်တော် နည်းနည်း ရှင်းပြ ပါ့မယ်။

ကြွေ့ရဲ့ ကျန်းမာရေး ကို
ပြန်လည်ထူထောင်ဖို့ကိစ္စနဲ့ ကြွေ့ဘဝကို အမှော
င်ရိပ်က လုံးဝလွတ် မြောက်ရေး ကိစ္စအတွက်
လုံးပန်းရင်း ကျွန်တော့် အပေါ်မှာ ကြွေ တစ်ယောက်
သံယောဇဉ်ဘယ်လောက် အထိ
ငြိတွယ်ရစ်ဖွဲ့လာခဲ့တယ်ဆိုတာတော့ အမွန်လည်း
ရိပ်မိတန်ကောင်းပါရဲ့ နော်။

ကျွန်တော် အခြေအနေအရပ်ရပ်ကို
အတက်နိုင်ဆုံး ထိန်းခဲ့ပါတယ် မွန်။ ပထမဆုံး အရေး
တကြီးလုပ်ခဲ့တဲ့ အစီအစဉ်နံပါတ်တစ် ကတော့ အမွန်နဲ့
ကြွေ မနီးစပ်ရေး ပါပဲ။ အမွန်နဲ့ ကြွေ လက်ပွန်း

တတီးမရှိရအောင် ကျွန်တော် ကြားဝင်ခဲ့တယ်။
လောက မှာ ကျွန်တော် ဖြစ်ချင်တဲ့ အရေး အကြီးဆုံး ဆန္ဒ ဟာ ကြွေ့အရိပ်အမည် းကြီးနဲ့ အမွှန်လုံးဝကင်းရှင်းစေချင်တဲ့ ဆန္ဒပါပဲ။
ကြွေ့ဘဝလက္ခဏာအရိပ်မှော င် ကြီး အမွှန့်အပေါ် နမ်းစေ့တစ်ထောင်မျှပဲ ဖြစ်စေ ထိုးအကျမခံနိုင်ဘူး အမွှန်။

ကျန်းမာရေး အရလည်း ဒီ ရောဂါ ဘယ်အထိခ ပြင်းထန်ဆိုးရွားတယ်ဆိုတာသိထားလို့ အမွှန့်အတွက် အင်မတန်စိုးရိမ်မိခဲ့ပါတယ်။
တစ်စက်တစ်ပြောက်ကလေးသော် မျှ အစွန်းအထင်း မခံနိုင်ခဲ့ ပါဘူး။

နောက်ကိစ္စ ကတော့ ကြွေကို ဒီဘဝထဲက ဆွဲထုတ်ဖို့ ကြိုး စားမိတာပါပဲ။

အမှန်တော့ ကြွေဟာ အသက်ရှည်ရှည်နေရမယ့် မိန်းကလေးမဟုတ်ဘူးဆိုတာ ကျွန်တော် သိထားပါပြီ အမွန်။ ဆစ်ဖလစ်ပိုးဟာ ဦးနှောက်ထဲ ဝင်စပြုနေပြီ။ ကြွေဟာ သတိလက်လွတ်စိတ်က ယောင်ချောက်ချား ဖြစ်စပြုနေပြီ။

တစ်သက်လုံး ကြွေ ခပ်ပေါ့ပေါ့နဲ့ အားကိုးပြု လာခဲ့တဲ့ ပင်နီဆီလင်ကလည်း ကြွေ့ ရောဂါ အဆောက်အအုံကြီးကို မထိုးဖောက် မဖြို ဖျက်နိုင်စွမ်းတော့ပါဘူး။

စိတ္တဇဆေးရုံကလည်း ကြွေ့အသက်ကို အာမခံချက် မပေးနိုင်တော့ပါဘူး။ အတက်နိုင်ဆုံး လူ့ဘဝမှာ အချိန်ကြာကြာနေရဖို့ တစ်ခုသာ ကြိုး စားကြည့်စရာရှိပါတော့တယ် အမွန်။

ကြွေ့ရဲ့ လက်ရှိကျန်းမာရေး

အခြေအနေဟာ သူ့အရင်အလုပ်ကို ဆက်လုပ် နိုင်မယ့် အခြေအနေ မျိုး လုံးဝမရှိတော့ဘူး အမှန်။ သူတို့လောကစကားလုံးမျိုးသုံးပြီး ပြောရရင်တော့ “ အကျနာခဲ့ပါပြီ။ မော ် င်နိုဆစ်ဖလင်ပိုး ” က ကြွေ့ဘဝကို စောစောစီးစီးဝါးမျိုးဖျက်ဆီးပစ်လိုက်ပါပြီ။ ရှင်းရှင်းပြောရရင် ကြွေဟာ အိမ်ထောင်ပြုနိုင်တဲ့ မိန်းမလေး တစ်ယောက် လည်း မဟုတ်တော့ပါဘူး။ ပျပျကလေးလင်းတော့ တဲ့ ငြိမ်းခါနီး ဖယောင်းတိုင်ပါ။

ဒါပေမဲ့ ကျွန်တော် ကြွေ့ကို လက်ထပ်လိုက်တယ်။

ကြွေက ပြောတယ်။ သူတစ်သက်မှာ မကြုံခဲ့ဖူးတဲ့ ကရုဏာတရားနဲ့ သစ္စာတရားကို ကျွန်တော့်ဆီမှာ တွေ့ရပါပြီတဲ့။ အဲဒီ လိုပြောလိုက်တော့ ကျွန်တော့်ရင်ထဲမှာ လှုပ်သွားတယ်။

အိမ်ထောင်ပြုတယ်ဆိုတဲ့ကိစ္စဟာ ချစ်ခြင်း၊ မြတ်နိုးခြင်း၊ ယုံကြည်ခြင်းစတဲ့ အခြေခံအနှစ် သာရ မပါဘဲ ဖြစ်နိုင်လိမ့်မယ်လို့ ကျွန်တော် လုံးဝမခံယူခဲ့ပါဘူး အမွှန်။

ခုတော့ဒါတွေ လုံးဝမပါလည်း အိမ်ထောင်ကျနိုင်ကြတယ်ဆိုတာ ကျွန်တော် သဘောပေါက်သွား ပါတယ်။ တကယ်တော့ ကရုဏာတစ်ခုတည်းနဲ့ ကြွေ့ကို ကျွန်တော် လက်ထက်လိုက်တယ်ဆိုတာ ကျွန်တော် အသိဆုံးပါ။ ကြီးကြီးကျယ်ကျယ် ဂုဏ်ယူရရင်တော့ ကြွေ အထင်ကြီးသလို သစ္စာတရားကြီး မားတဲ့ ယောက်ျားကောင်း တစ်ယောက် ပေါ့လေ။

သေသေချာချာ တွေးကြည့်တော့ အဲဒီ စိတ် .... ကျွန်တော့် ကိုယ်ကျွန်တော် ကျေနပ်ကြည်နူးတဲ့စိတ်က ကျွန်တော် ရင်ထဲမှာ

လုပ်ခါနေတာပါပဲ။

ကြွေ အားကိုးတကြီး၊ မျှော်လင့်တကြီးနဲ့ ကျွန်တော့် အပေါ်နွဲ့မှီယုံစားနေတဲ့ အ ဖြစ်မှာ ကျွန်တော် စိတ်ဝင်စားလာမိတယ်။

ကြွေ့ဘဝကို ကျွန်တော် တစ်ယောက် လုပ်ကိုင်လွှမ်းမိုးလာတယ်ဆိုတာ အလိုလို သိလာတယ်။

အမှန် ကြားမိမလားတော့ မဆိုနိုင်ဘူးလား။ သတင်းစာတွေ ဘာတွေ ထဲမှာ တော့ မပါသေးဘူး။ ကြွေအိမ်ရှင် မော်လီတို့ပ လင်မယားလည်း ဘိန်းဖြူ လက်ဝယ်ထားရှိမှု နဲ့ အဖမ်းခံရတယ်။ ဒါတွေ ပြောပြ နေရင်လည်း သံသရာရှည်တော့မယ်။

တိုတိုပြောရမှာ က ကြွေ့ဘဝမှာ တွယ်ရာမဲ့ပါ။ အမှန်။ ဒီအချိန်မှာ ကျွန်တော် နှင့်

ပြန်ဝေးရင် သူ့အရင်ဘဝထဲ ဖြစ်ချင်ရာ ဖြစ်ပြန်သွားမှာ ဘဲ။ လမ်းဘေးမှာ၊ ရပ်ရှင်ရုံအောက်မှာ လူမြင်မကောင်းအောင် ရုတ်ရုတ်ရက်ရက် ဖြစ်နေတတ်လေ့ရှိတဲ့ တစ်ကျပ်တန်၊ ငါးမူးတန် အတန်းအစားဘဝ နေ့ချင်းညချင်း ရောက်ပြီး ပစ်စလက်ခတ် သေရမှာ ပဲ။

ကျွန်တော် ကတော့ လူ့ဘဝမှာ နေရတုန်း ခဏပဲ ဖြစ် ဖြစ် လူ့သစ္စာတရားကိုတော့ တွေ့စေချင်တယ်။ ကြွေ့နောက်ဆုံးအချိန်တွေ ဟာ အကြည်လင်ဆုံး ဖြစ်သွားစေချင်တယ်။

အမှန်ရယ် ပြောချင်တာတွေ ကတော့ အများကြီးပါပဲ။ ဒါပေမဲ့ ပြောတတ်တဲ့စကား၊ ပြောလိုက်တဲ့ အကြောင်းအရာတွေ တော့ ဒါလောက်ပဲ ရှိတယ်ထင်ပါတယ်။ ဒါလောက်ပဲ ပြောပါရစေတော့ အမှန်။

ကျွန်တော် တို့အိမ်ကို အမွှန် လာမတွေ့ပါနဲ့ဦး။ ကြွေ့အခြေအနေ ဒီထက်စိတ်ချရတဲ့ အချိန်မျိုးမှာ ကျမှ ကျွန်တော် အကြောင်းကြားပါမယ်။

ကံစောင့်မလို့ (ကံတရားတစ်ခုသာ မျှော်လင့်စရာရှိတော့တယ်) ကြွေ့ အသက်ရှည်ဦးမယ်ဆိုရင်တော့ကျွန်တော် လည်း တရားသူကြီးသက်တမ်းကုန်အောင် နေတော့ဘဲ အငြိမ်းစားယူလိုက်တော့မယ် စိတ်ကူးထားပါတယ်။ မြစ်ဝကျွန်းပေါ်ဘက်မှာ ငှက်ပျောခြံလေးတစ်ခြံ ဖြစ်ဝယ်ပြီး ကြွေ့ဘဝကို အသစ်ပြန်လည်မွေးဖွားဖို့ အခိုက်အတန့်အားဖြင့် ဇာတ်မြှုပ်ရဦးမယ်လေ။

ဒါပါပဲ အမွှန်

ကျွန်တော် ဘယ်နေအခုထားမှာ ပဲရှိရှိ အမွှန်ဟာ ကျွန်တော့် အတွက် အမွှန်အမြတ်တန်ဖိုး၊

ထားရာ၊ လေးစားမြတ်နိုးရာဖွယ်ရာ ညီမငယ်

တစ်ယောက် အ ဖြစ် ခံယူထားလျှက်ပါပဲဆိုတာ အမ

န်ယုံပါ။

ချမ်းမြေ့ပါစေ

ခင်ဇော်ဦး

အရှည်အလျားတဖွဲ့တန္တဲ့ ရေး ပြလိုက်သော

ကိုခင်ဇော်ဦး၏ စာမှာ လေလွင့်တိမ်နယ်

ကပွားကလျားနိုင်လှသည့် ထင်၏ ။

ဖြစ်စဉ် ဖြစ်ရပ်တို့က

ကစဥ့်ကရဲနိုင်သလောက် အတွေ

းအယူအဆတို့ကလည်း ဗယောက် ဗယက်

ဘောင်ဘင်ခတ်နေသည်။

သည့် ဖြစ်ရပ်တို့ကို အမွန်နားလည်၍

မရပေ။ ရင်ထဲမှာ ဘဝင်မကျ။
ကြေကွဲခြင်းတစ်ခုတည်းဖြင့် သည်းသည်းခိုက်ခိုက် နာကျင်နေရသည့်အ ဖြစ်ကိုသာ မိမိဘာသာ သိတော့သည်။

အမှန် စာဖတ်ပြီးချိန်မှာ စောစောကထက်တော့ တည်ငြိမ်စပြုလေပြီ။ စာကို ခေါက်သိမ်းကာ အတက်နိုင်ဆုံး ထိန်းချုပ်ဆောက်တည်ဖို့အားတင်းကြည့်လိုက်သည်။

" ခွင့်တစ်လ ယူတယ်ပြောတာပဲ။ တောပြန်ပြီး ဒြဲလုပ်စားမယ်လည်း ပြောတယ်တဲ့။ ဒီမိန်းကလေးနဲ့က ဒီပတ်ဝန်းကျင်မှာ ဆက်နေသွားဖို့ ဆိုတာလည်း မလွယ်ဘူးလေ။ ဒါပေမဲ့ ကိုအေးဖေက ပြောပါလား မမွန်ရဲ့ ။ မိန်းကလေးပုံပန်းက သက်ဆိုးရှည်မယ့်ပုံ မပေါ်ဘူးတဲ့။ မောင်ခင်ဇော် ဦးကတော့ လူမမာပြုစုဖို့ မိန်းမယူတာမျိုး ဖြစ်နေပြီ။

တစ်သက်လုံး အဆန်းတကြယ်တွေ လုပ်ကိုင်နေ
ထိုင်လာတယ်မှတ်တာ။ ခုတော့ လက်ဖျားခါရပြီလေ။
သူ မိန်းမယူပုံလောက် ပဟေဋ္ဌိဆန်တာ မရှိတော့ပါ ဘူး
”

အရိပ်အခြည်ကို
စောင့်ကြည့်နေဟန်တူသော မမကြည်က
အမွန်နောက်ဘက်မှ လှမ်း၍ စကားစ လိုက်လေသည်။

အမွန်က အသံကို ထိန်းရင်း ...

“ အမွန်တော့ ဘာလုပ်ရမှန်းတောင်
မသိတော့ပါဘူး။ မမကြည်ရယ်။
အခင်မင်ဆုံးသူငယ်ချင်းနဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေ
ဖြစ်ပြီး စိမ်းစိမ်းကားကားကြီး
အလှမ်းကွာသွားရသလိုပဲ။ ကိုခင်ဇော်ဦးက
လည်းလေဟိုတုန်းကလည်း ကြွေ့ဆီကို

မသွားနဲ့မသွားနဲ့ ဆိုပြီး တားလိုချည်းနေခဲ့တာ။ ခုလည်း သူတို့ ဆီ မလာပါနဲ့တဲ့။

"ဪ ... ဟုတ်တယ်လေ မမွန်ရဲ့ ။ ကိုအေးဖေတောင် ပြောသေးတယ်။ ရောဂါ ကူးမှာ စိုးလိုတဲ့။ မမွန်က သူငယ်ချင်းလည်း ဖြစ်၊ မိန်းကလေးချင်းလည်း ဖြစ်တော့ တရင်းတနှီး ပူးပူးကပ်ကပ် မေးလား မြန်းလား၊ ကိုင်တွယ်ပြုစုထား လုပ်မှာ စိုးလို့တဲ့ကွယ်။ ဒါ ဟုတ်တာပေါ့။ အဝေးကပဲ အကူအညီပေးစရာ ရှိ ပေးပေါ့ "

အမွန်က ပြတင်းမှ ငေးကြည့်နေလေသည်။ အပြင်တွင် အမှော င်ထု သိပ်သည်းစပြုလာ၏ ။ ဝါကြင်ကြင် ကျိုးတိုးကျဲတဲ လင်းနေသော လမ်းမီးရောင်များ က စိတ်အာရုံကို ပို၍ မှု န်ပျသီဝေစေသည်ဟု အမွန်ခံစားမိသည်။

မြင်ကွင်းသည် တစ်ခုမျှ ရှင်းရှင်းလင်းလင်းမရှိ။ ရင်တွင်းမှာ လည်း တစ်ခုမျှ ရှင်းရှင်းလင်းလင်းမရှိ။

*

တစ်အိမ်လုံး ရှုပ်ယှက်ခတ်နေလေသည်။ ငြိမ့်သည်နားနေစရာ ငြိမ့်ခန်းမရှိ။ လှေကားမှ တက်တက်ချင်း ရှုပ်ပွေပွရောင်းနေသော အိပ်ရာလေးငါးခုကို တက်မနင်းမိစေရန် အရင်ဆုံး သတိထားလိုက်ရသည်။

“ လာ ... လာပါ အမွှန်။ ဒီနောက်ဘက်မှာ ”

မကြားရတာ ကြာပြီ ဖြစ်သော အသံ။ နားထဲမှာ စွဲထင်နေသော အသံ။ ပထမဆုံး

ပြန်ကြားလိုက်ရ တော့ ရင်ထဲမှာ သိမ့်ခနဲ စိမ့်ဝင်ရိုက်ခတ်သွားသည်။

အိမ်နောက်ဘက်ကျကျ အဝတ်လိုက်ကာနှင့် စာအုပ်ဗီရိုများ မလုံ့တလုံ့ကာရံထားသော အခန်း ထောင့်တစ်နေရာမှာ ရပ်၍ စောင့်ကြိုနေသော ကိုခင်ဇော်ဦးကို တွေ့ရလေသည်။

မမြင်ရတာ ကြာပြီ ဖြစ်သော မျက်နှာ။ နားထင်ချောင်၍ သွေးခြောက်ပါးလျားသော မျက်နှာ။ စိတ် သော ကနှင့် နွမ်းနယ်ရိပ်တို့သည် သူ့မျက်နှာပေါ်မှာ ကောက်ကြောင်းထင်နေ၏ ။

" ဒေါက်တာကျော်ဇင်ဦး ခုပဲ ပြန်သွားတယ် "

ညို့ ငယ်ဖျော့တော့သော နှုတ်ခမ်းများ လှုပ်ဟာရုံ တိုးညင်းဖွဖွပြောလေသည်။

" ကြွေ သတိရပြီလား "

သူက ခေါင်းကို ခပ်လေးလေး ယမ်းလိုက်သည်။

" အစတည်းက သတိလုံးလုံး မေ့နေတာမျိုး မဟုတ်ဘူး။ တစ်ချက်တစ်ချက် သတိလစ်ပြီး ကယောင်ချောက်ချားတွေ ပြောနေတာ။ အမူအရာလည်း သိပ်ပျက်လာတာပဲ "

အမွန်က အဝတ်လိုက်ကာကို ဘေးသို့ ပင့်၍ မလိုက်ပြီး အခန်းထဲသို့ ကိုယ်ကိုယို့၍ ဝင်လိုက် သည်။

တစ်ယောက် အိပ်ခုတင်ကလေးပေါ်တွင် ကြွေသည် စောင်ပုံထဲမှာ မြုပ်နေ၏ ။ မျက်ခွံများ ကို မပွင့် တပွင့် မေးစင်းကာ အသက်ပြင်းပြင်းရှူ၍ မြုပ်နေ၏ ။ မျက်ခွံများ ကို မပွင့်တပွင့် မေးစင်းကာ အသက် ပြင်း ပြင်းရှူ၍ ငြိမ်သက်နေသည်။ အခန်းထဲသို့

လူဝင်ရောက်လာသည်ကို သိဟန်မတူ။ မပွင့်တပွင့်
မျက်လုံး များ ကလည်း မြင်ပုံမရ။

“ဂနာမငြိမ် ဖြစ်လွန်းလို့ သူ့ကို
အိပ်ဆေးထိုးပေးသွားတယ် ” ...

အမွှန်က ကြွေ့ရင်ညွှန့်ပေါ် လက်ဖဝါးကို
ခပ်ဖွဖွတင်ကြည့်လိုက်သည်။

“ ရင်ခုန်တာကလည်း သိပ်ပြင်းတာပဲ။
မြန်လည် မြန် ”

“ စိတ်ဂနာမငြိမ်တဲ့လူဟာ ဒီလိုပဲလေ။
အသက်ရှူသံကိုက ဘယ်လောက်ကြောက်စရာ ကောင်း
သလဲ။ မရတော့ပါဘူးလေ ”

မျက်လုံးမပွင့်တပွင့်နှင့် အသက်ရှူပြင်းထန်
မြန်ဆန်လွန်းသည်မှာ စိတ်မသက်သာစဖွယ် ရှိလေ
သည်။ ပြတင်းကို ဖွင့်ထားသော် လည်းလေနှင့်

အလင်းရောင် ကောင်းစွာ မရ။ ဘေးချင်းကပ်အိမ်နံရံက လက်တစ်ကမ်းမှာ ပိတ်ဆို့ကာဆီးနေလေသည်။

လူကောင်းပကတိပင် အခန်းထဲမှာ လေးလေးလံလံ ဖိအုပ်ထားသော စောင်အဝတ်များ ကို ခွာ လှပ်ပေးမိသည်။ စောင်ပါးကလေးတစ်ထပ်တည်းခြေဖျားမှသည် ရင်ညွန့်ပေါ်အထိ လုံလုံခြုံခြုံလွှမ်းတင် ပေးလိုက် ၏ ။

ဖောသွပ်စပြုနေသူလို ကြွေ့အသားအရေများ ပွတတရှိလှသည်။ နူတ်ခမ်းတွဲ တွဲကလေးမှာ ပုံပျက်ပန်းပျက် ထူအမ်းနေလေပြီ။ အထက်နူတ်ခမ်းမှာ ဆက်ခနဲ ဆန်ခနဲ တွန့်၍ ကော့ပျံတက်လာ သည်။ မေးနှစ် ခွအလယ်မှ မဲ့နက်ကလေးမှာ မျက်နှာဖြူရော်ပေါ်တွင် အမည်းစက်စွန်းထင်းသလို ရုပ် ဆင်းကို ပျက်စေသည်လို့ပင် အမွှန်က ထင်လာ၏ ။

ယင်တစ်ကောင်စ၊ နှစ် ကောင်စ ကြွေ့မျက်နှာနားမှာ တဝီဝီပျံဝဲစပြုသည်ကို အမွန်က လန့်ဖျပ် သွားကာ ဖြန်းခနဲ့ ထ၍ လက်ဖြင့် ဝှေ့ယမ်းခြောက်လှန့်လိုက်မိသည်။

အမွန့်ခြေထောက်များ က ခုတင်အောက်ရှိ အဝတ်သေတ္တာကို ထိခတ်မိကာ သေတ္တာပေါ်မှာ အောက်သို့ တဝုန်းဝုန်း လျှောကျကုန်၏ ။

အမွန်က ကတုန်ကယင် ငုံ့ကြည့်ဆဲမှာ ကိုခင်ဇော်ဦးက အနားသို့ သွက်သွက်လက်လက် ရောက်လာသည်။ လျှော့ကုကုန်သော ပစ္စည်းများ ကို ကုန်းကောက်ပြီး အိပ်ရာဘေးစားပွဲပေါ်သို့ တစ်ခုစီ တင်နေလေသည်။

“ ဟင် ... ခေါက်ထီးတွေ အများ ကြီး ”

အမွန့်နှုတ်မှ လွှတ်ခနဲ ထွက်သွားတော့၏ ။

အနီ၊ စိမ်းပြာ၊ ငှဝါ၊ မရမ်း၊ ခွားနို့နှစ် ရောင် အိုး ...
အရောင် ကိုပင် မခေါ်တက်တော့ပြီ။ ခုနစ်ချောင်း၊
ရှစ်ချောင်းခန့်ပင် ရှိမည် ထင်၏ ။

" ကြွေ့ပစ္စည်းတွေ လေ။
စုံစုံမက်မက်ရှိလွန်းလို့ဗျာ။ ဒါလည်းစိတ္တဇတစ်မျိုး
ထင်ပါရဲ့ "

အမွန်က စားပွဲပေါ်ပုံထားသော
ခေါက်ထီးရောင် စုံကို ငေးကြည့်ရင်း
ဟိုးစံရိပ်ငြိမ်ဘော်ဒါတုန်းက ကြွေက
အိပ်ရာခုတင်ဘေးက နံရံမှာ သံငှတ်တွေ
တစ်သီကြီးရိုက်ကာ ခေါက်ထီးရောင် စုံ အစီအရီချိတ်ခဲ့
သည်ကို အမှတ်တရမြင်ယောင်လာ၏ ။

ကြွေ .. အလှကြိုက်မကလေးရယ်။
စုံမက်နှစ်သက် လွန်းလိုက်ပါတဲ့ ခေါက်ထီး။

"ခေါက်ထီးဆိုတာ အလှသက်သက်ပါ ကွေ့ရယ်။ တကယ်တမ်းနေပူ၊ မိုးသည်းလာတဲ့အခါကျ တော့ တို့များ အတွက် မလုံခြုံစွမ်းပါဘူး"လို့ပင် ကွေ့ကို ပြောမိခဲ့သေးသည်။ သည်တုန်းက ကွေ့သည် သူ့ နဂိုဟန်မူရာအတိုင်း မဲ့နက်ကလေး လိုင်းထအောင် မေးဖျားကလေးဆတ်ခနဲတော့၍ ခေါင်းမော့ကာ လှောင်ပြုံး ပြုံး ခဲ့လေသေး၏ ။

အလှမက်ခြင်း၊ အကောင်းကြိုက်ခြင်းတို့ကို ရှေ့တန်းတင်လွန်းသော မိန်းကလေး တစ်ယောက် အား ဘဝ၏ နောက်ဆုံးအချိန်မှာ အရုပ်အဆိုးဆုံး၊ အဖြစ်အဆိုးဆုံး လာတွေ့နေရလေသည်။

ကွေ့သည် ဆတ်ခနဲ လွန့်လူးလာ၏ ။ သွေးဆုတ်သည် ဆိုတာမျိုးလား မသိ။ မျက်နှာ၊ ပါးပြင်များ ကြည်လောင်လောင် ဖြစ်လာသည်။ မေးဖျားနှစ် ခွကလေး စောင်းရွဲ့ကာ

အသက်ရှူမမှန်တော့။

တစ်ချက်တစ်ချက် ဆောင့်၍ ရှိုက်နေသည်။

အမွန်က ကိုခင်ဇော်ဦးဒကို အထိတ်တလန့် လှည့်ကြည့်မိလေသည်။ " ဘာလုပ်ပေးကြမလဲ " ဟု မျက်လုံးများ က မေးမိသည်။

ဘဝတစ်လျှောက်လုံး ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့ကလေးတွေးတောခံစားလာသော ကြွေတစ် ယောက် ခုမှ ရန်းကန်ခြင်းစပြီထင်သည်။ သေမင်းကို ရုပ်ပျက်ဆင်းပျက် အန်တုနေလေသည်။

အမွန်သည် ဘယ်တုန်းကမှ အားကိုးတကြီး မရှုတ်ဖတ်ခဲ့ဖူး၍ မေ့လျော့နေပြီ ဖြစ်သော အနှစ် နှစ် ဆယ်ကျော်က ကျက်မှတ်လာသည့်ဘုရားစာများ ကို အရေး တကြီး ပြန်လည်စဉ်းစားမိပြန်သည်။

နှုတ်ခမ်းများ ကို ကြွေ့နားနားကပ်၍

ဘုရားဂုဏ်တော် ရွတ်ဖတ်မည် ကြံဆဲ ...

"ဟင့်အင်း ... ဟင့်အင်း "

ကြွေ့နှုတ်မှ တွန်းထိုးငြင်းဆိုသံများ ဝူးဝူးဝါးဝါး ထွက်ပေါ်လာသည်။

" တော် ပြီ။ မလာပါနဲ့ "

ကိုခင်ဇော်ဦးပါ ကြွေ့မျက်နှာနားသို့ ငုံ့ကပ်လာသည်။

" အစ်ကိုရေ ... ကို .... ကိုဇော် "

ကြွေ့မေးဖျားက မဲ့နက်ကလေး ဆန်ခနဲ့ လှုပ်သွားလေသည်။ မျက်နှာတစ်ဖက်သို့ စောင်းရွဲ့ကာ ရှုံးမဲ့လာပြီးမှ ဖျတ်ခနဲ့ ငြိမ်ကျသွား၏ ။ ကိုခင်ဇော်ဦးက သတိလက်လွတ် မ ဖြစ်လှပေ။ ခြုံစောင်ကို မေးဖျား အထိ ဆွဲတင်ပေးလိုက် ပြီး ...

“ မျက်နှာကို တစ်ခုခုနဲ့ အုပ်ရရင် ကောင်းမယ်အမွန်။ သိပ်ကြည့်မကောင်းလှဘူး ”

အမွန်က ကြွေလက်များ ကို တင်းကျပ်စွာ ဆုပ်ထားမိဆဲရှိသည်။ သေခြင်းတရားကို ဘယ်လိုနည်းနှင့် မျှ ပတ်သက်ဆက်စပ်၍ မမြင်တွေ့၊ မကြုံကြိုက်ဖူးသော အမွန်က ကြွေ့ကို ကြွေဟူ၍ ပင် ထင်မှတ်ဆဲ ရှိလေသည်။

အခန်းထဲမှာ ယောက်ယက်ခတ်အောင် လှုပ်ရှားနေသော ကိုခင်ဇော်ဦးကို မမြင်တစ်ဝက် မြင်တစ် ဝက်ရှိသည်။

သတိရလာတော့ ကြွေ့လက်များ ကို ဆုပ်ကိုင်ထားဆဲ ဖြစ်သော မိမိလက်ချောင်းများ ကို ကိုခင်ဇော်ဦးက ညင်ညင်သာသာ ဖြေလျော့နေလေသည်။ နွမ်းနင်ညှိုး လျှသော မျက်နှာမှ

ကရုဏာမျက်လုံးများ ကို မော့ကြည့်မိလျက်သားရှိ၏ ။

“ တောင့်လာတော့မယ် အမွန်။ ခုတည်းက အသားကျအောင် ပြင်မှ ”

ကြွေ့လက်များ အေးစက်တောင့်တင်းလာပြီကို ခုမှသတိထားမိသည်။ ဟုတ်ပါရဲ့ ။

“ ဟုတ်ပါရဲ့ ။ လက်နှစ် ဖက်ကို ရင်ဘတ်ပေါ်ယှက်ပြီး အမွန့်လက်ကိုင်ပဝါနဲ့ ပူးချည်ရမယ်။ ဖယ် ... ဖယ် အမွန် လုပ်တက်ပါတယ်။ ကိုခင်ဇော်ဦး အပြင်သွားတော့လေ။ အိမ်မှာ ဘယ်သူမှ မရှိတော့ဘူးလား။ လူတွေ ကို အကြောင်းကြားဦးမှပေါ့။ သွားတော့၊ သွားတော့ ”

အမွန်က ဩဇာသံအပြည့်ဖြင့် စီမံခန့်ခွဲစပြုလေသည်။ ကြွေ့အနားမှာ လျှပ်လက်သလို လှုပ်ရှား

နေမိ၏ ။ ပြုဖွယ်ကိစ္စတို့ကို မျက်စိထဲမြင်သလောက်၊ တွေ့သလောက် ဇယ်ဆက်သလို တစ်ခုပြီးတစ်ခု ကောက်လုပ်နေသည်။

လူတွေ ရောက်လာလျှင် ထိုက်သင့်သလို ဆီးကြို၍ အစီအစဉ်များ ဆွေးနွေးရဦးမည် ၊ စီမံခန့်ခွဲရပေ ဦးမည် ။ ကိုခင်ဇော်ဦး၏ ကိစ္စအားလုံးကို မိမိကိစ္စလို့သာ အမွန်က ယုံမှတ်လိုက်တော့သည်။

သည်ယုံမှတ်ချက်ကို ကိုခင်ဇော်ဦး ကတော့ ရင်ထဲက သိနှင့်ပေးမည် ။ ပတ်ဝန်းကျင်သိအောင် ကြေညာဖို့ ကတော့ အချိန်နည်းနည်း လိုဦးမယ် ထင်ပါသည်။

စမ်းစမ်းနွဲ့ (သာယာဝတီ)